ရန်ကုန်တိုင်း

ထိုက်ကြီးမြို့နယ်–ဥက္ကံမြို့

# ဘုရားကြီးကျောင်းတိုက်

နိုင်ငံတော်ဩဝါဒစရိယ

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိဇယ မဟာထေရ်

ဆရာတော်ဘုရားကြီး၏

# ဝိပဿနာအလုပ်ပြကျမ်း

(ပထမအကြိမ်)

သာသနာ = ၂၅၃၆ ကောဇာ = ၁၃၅၄

ခရစ် - ၁၉၉၂

ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်



အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိဇယ မဟာထေရ် ၏ ပုံတော်

၂၄၄၇၉

ရန် ကုန် တိုင်း

တိုက်ကြီးမြို့နယ်--ဥက္ကံမြို့

# ဘုရားကြီးကျောင်းတိုက်

နိုင်ငံတော်သြဝါဒစရိယ

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိဇယ မဟာထေရ်

ဆရာတော်ဘုရားကြီး၏

# ဝိပဿနာအလုပ်ပြကျမ်း

(ပထမအကြိမ်)

သာသနာ - ၂၅၃၆ ကောဇာ - ၁၃၅၄

ခရစ် - ၁၉၉၂

F-A

သာသနာတော်သက္ကရာဇ် .... ၂၅၃၆
ကောဇာသက္ကရာဇ် .... ၁၃၅၄
ခရစ်သက္ကရာဇ် .... ၁၉၉၂

(ပထမအကြိမ်)

အုပ်ရေ .... ၁၀၀၀

၁၉၉၂ ခု၊ အောက်တိုဘာလ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၄၉၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၂၆)

အဖုံးရိုက် သီဟဗာဟု အော့(ဖ်)ဆက်

**ထုတ်ဝေသူ**

ဦးထွန်းညာဏ် (ကင်းလွတ်ခွင့် အမှတ် ၁၃၄)
အမှတ် ဂ/၄၉၂၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့ က
ထုတ်ဝေ၏

**ပုံနှိပ်သူ**

ဒေါ်ခင်စောနွဲ့ မှတ်ပုံတင်အမှတ် (၀၂၂၇၉)
သီဟဗာဟုအော့(ဖ်)ဆက်၊
၁၀၂-က၊ ခမ္မစေတီလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

ဥက္ကံမြို့ ဘုရားကြီး ဆရာတော်ဘုရားအား
နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

# ရတနတ္တယ ပဏာမ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ဘာဝနာ နယုပဒေသံ၊ ညာဏဒဒံ ဝန္ဒာမဟံ။
ဟိတတ္ထာယ ဓမ္မေ သီနံ၊ ကဿံ ဝိပဿနာ နယံ။

အဟံ၊ ငါသည်။ ဘာဝနာနယုပဒေသံ၊ ပွားများအပ် ပွားများထိုက်သော ကုသိုလ်တရားတို့ကို ညွှန်ပြတော်မူတတ်ထသော။ ညာဏဒဒံ၊ အဝိဇ္ဇာမှောင်ပယ်ရှင်း ဝိဇ္ဇာဉာဏ်ရောင်အလင်းကို မေးသနားတော်မူတတ်ထသော မြတ်စွာဘုရားရှင်ကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဓမ္မေသီနံ၊ နိဗ္ဗာန်ထုတ်ခြင်း ဆောင်ကြဉ်းပေတတ် တရားမြတ်ကို မပြတ်ရှာမှီးကုန်သော သူတော်စင်အပေါင်းတို့၏။ ဟိတတ္ထာယ၊ ခုရော နောင်မါနှစ်ဖြာစီးပွား များပြားခြင်း အလို့ငှာ။ ဝိပဿနာနယံ၊ ဝိပဿနာနည်းကို။ ကဿံ၊ ရှေ့ဆရာမြတ်တို့ နည်းအစဉ်မှီးခါ ကောင်းစွာပြုစီရင်ပေတော့အံ့။

# နိဒါန်း

ဘုရားရှင်တို့ ပွင့်တော်မူမှသာ ရုပ်မှန်း နာမ်မှန်း နိဗ္ဗာန်မှန်းကို သိရပြီ။ ရုပ်သံ နာမ်သံ နိဗ္ဗာန်သံကြားရပြီ၊ ဘုရားရှင်တို့ မပွင့်သော သာသနာပအခါ၌ ရုပ်သံ နာမ်သံ နိဗ္ဗာန်သံကိုမျှမကြားရဘဲ ပညတ်အသံတွေကိုသာ နေ့ရောည့်ပါ အခါမစဲ ထပ်တလဲလဲ ကြားရလေသည်၊

သုံးဆယ့်တစ်ဘုံ သတ္တဝါတို့ ခိုလှုံနေတဲ့ လောကကြီးတွင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာရခြင်းသည် ငါတို့အတွက် အလွန်တရာ ကျေးဇူးဥပကာရ များလှပါပေသည်တကား။

ဗုဒ္ဓစန္ဒ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
တေသံ သဘာဝ ဓမ္မာနံ၊ နာမမတ္တံ နနာယတိ။

(ပရိဝါ-ပါ ၁၅၇)

ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းသည်၊ အနုဂ္ဂတေ၊ မပေါ်မထွက်လာသည်ရှိသော။ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်းဟူသော လမင်းသည်၊ အနုပ္ပန္နေ၊ မဖြစ်မပေါ်လာသည်ရှိသော်၊ တေသံ သဘာဝဓမ္မာနံ၊ ထိုအဟုတ်ရှိ အမှန်ရှိတဲ့ ပရမတ္ထသဘောတရားတို့၏။ နာမတ္တံ၊ အမည်မျှကိုသော်လည်း၊ န နာယတိ၊ မသိမမြင်ရတော့သည်သာလျှင်ကတည်း၊

ပရမတ်အစစ် အသားနှစ်ကို သိမြင်နိုင်သော ပရမတ်မျက်စိကား ဘုရားရှင်၏မျက်စိတော်တွင် ဖြစ်ပေသည်။ လောက၌ ဘုရားရှင်တို့၏ ပွင့်တော်မူလာရခြင်းသည်လည်း သတ္တဝါတို့အား ပရမတ်မျက်စိအလင်းကို ပေးတော်မူလိုသည့်အတွက် ပွင့်တော်မူလာရပေသည်၊

# နိဒါန်း

ပရမတ်မျက်စိဆိုသည်မှာလည်း ဘုရားရှင်တို့မှသာ ပေးစွမ်းနိုင်၍ သာသနာတော်တွင်းမှသာ ရယူနိုင်သော မျက်စိပေတည်း၊ ဘုရားရှင်တို့၏ အဆုံးအမ သာသနာတော်နှင့်ကင်း၍ သာသနာပအခါ လူပညာရှိကြီး နတ်ပညာရှိကြီး ဗြဟ္မာပညာရှိကြီးများပင် မရယူ မပေးနိုင်တော့ချေ။

မြတ်ဗုဒ္ဓဘုရားရှင်သည် (၄၅)ဝါ ကာလပတ်လုံး ဝေနေယျသတ္တဝါတို့ကို တရားသဘင် ဆင်ယင်ကျင်းပ၍ ကုဋေ (၂၀) ကျော် နိဗ္ဗာန်သောင်ကမ်း တဘက်ကြည်းကုန်းတက်သို့ မဂ္ဂင်ဖောင်ဖြင့် ပို့ဆောင် ကယ်တင်ပြီး၍ တကျော၏ကျွန် အနှောင်အဖွဲ့မှ မကျွတ်လွတ်သေးသော အကင်းအနု ဥလုသေးကွေး အထွေးဆုံး အငယ်ဆုံးဖြစ်ကြသော ပိုလ်ချေ ဝေနေယျသတ္တဝါတို့အတွက် ငါးထောင်သော သာသနာတော်မြတ်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ (၃)ပါးတို့တွင် ယထာနုလောမဟူသော သုတ္တန္တပိဋကသာသနာ၊ ယထာပရာဓ ဟူသော ဝိနယပိဋကသာသနာ၊ ယထာဓမ္မဟူသော အဘိဓမ္မာပိဋကသာသနာ (၃) ဖြာသော ပရိယတ္တိဓမ္မသည် သိက္ခာဘာသာဂုဏ်တော်နှင့် ပြည့်စုံခြင်း အရင်းမူလဖြစ်၍ ဆုတ်နစ်မမှု နည်းယူကျွန ဥဂ္ဂဟ မရိပုစ္ဆာ လေ့လာသင်ယူ ကြံစည်မှတ်သား ဆောင်ထားခြင်းသည် ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်သည်မည်၏။

ထိုထိုကျမ်းဂန် နည်းမှန်လမ်းပြ နာခံမှတ်သားရ၍ ဘုရားအဆုံးအမတော်ဖြစ်သော စတုပါရိသုဒ္ဓိသီလ သိက္ခာကို စာမရိယစ်မတို့ကဲ့သို့ အသက်စွန့်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပဋိပတ္တိသာသနာကို ထမ်းဆောင်သည်မည်၏။

ထိုသီလသိက္ခာ ဘာဝနာကို ကောင်းစွာမယုတ် အားထုတ်ရှင့်သန်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင် ရောက်ခြင်းသည် ပဋိဝေဓသာသနာတော်ကို ထမ်းဆောင်သည်မည်၏။

သီလသိက္ခာကို ဝိနယပိဋကတ်ဖြင့် အကျဉ်းချုံးတော်မူသည်။ သမာဓိသိက္ခာကို သုတ္တန္တပိဋကတ်ဖြင့် အကျဉ်းချုံးတော်မူသည်၊

ပညာသိက္ခာကို အဘိဓမ္မာပိဋကတ်ဖြင့် အကျဉ်းခြုံးတော်မူသည်၊ ထိုသိက္ခာ(၃)ရပ်သည် အလွန်တရာ အရေးကြီးကြောင်းကို မြတ်ဗုဒ္ဓဘုရားရှင်သည် ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၌ အကြိမ်ပေါင်း (၈) ကြိမ်တိုင်တိုင် နောက်ဆုံးဟောတော်မူ၏။

အို-ချစ်သားရဟန်းတို့ ဤကားသီလတည်း၊ ဤကားသမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ပွားများအပ်သော သမာဓိတရားသည် အလွန်တရာ ကျေးဇူးဥပကာရ များ၏၊ သမာဓိ၌တည်၍ ပွားများအပ်သော ပညာတရားသည် အလွန်တရာ ကျေးဇူး ဥပကာရများ၏။ ပညာ၌တည်၍ ပွားများအပ်သော မဂ်တရားသည် အာသဝေါတရားလေးပါးတို့မှ လွတ်၍ နိဗ္ဗာန်သို့ရောက်၏။

ဝိပဿနာဆိုတာ တနည်းနှင့် သဘောမပေါက်လျှင် တနည်းနှင့် သဘောပေါက်အောင် နည်းအမျိုးမျိုး အစားစားထား၍ ကြည့်ရှုမှတ်သား လေ့လာ ပွားများမှသာလျှင် သဘောမိတဲ့ အလုပ်မျိုး ဖြစ်သည်။ မိမိစိတ်ကို နိုင်နင်းအောင် အဆင့်အတန်း မြင့်တက်လာအောင် ဖြစ်ရိုး ဖြစ်စဉ်တွေ ထူးခြားလာအောင် နည်းအမျိုးမျိုး ဖြင့် အားထုတ်ရတဲ့ အလုပ်မျိုး ဖြစ်သည်။

ဓမ္မပဒ အဋ္ဌကထာလာ ပေါဋ္ဌိလ ရဟန်းတော်ကြီးမှာ စာပေ ကျမ်းဂန်တို့ကို လမ်းမှန်အောင် ပြောင်မြောက်စွာ ပြတော်မူသည့် စာပေ ပါရဂူကြီး တစ်ပါး ဖြစ်ငြားသော်လည်း ဝိပဿနာရှုပုံ နည်းလမ်း မကျနသဖြင့် တရားမရ ဖြစ်နေရှာသည်။

တိပိဋက စူဠနာဂ မထေရ် တစ်ပါးလည်း တစ်ဘက်ကမ်းခတ် စာပေတတ်မြောက်ငြားသော်လည်း ဝိပဿနာမကျွမ်းကျင်၍ မဟာ ဓမ္မရက္ခိတ အရှင်မြတ်ထံသို့ ချဉ်းကပ်ပြီး ဝိပဿနာတရား အားထုတ်ပုံ အားထုတ်နည်း နိဿျည်း ခံယူရကြောင်း ဝိသုဒ္ဓိမဂ်မှာ ပြဆိုထား ပါသည်။

မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ဝေနေယျသတ္တဝါတို့၏ အလိုစရိုက်ကိုလိုက်၍ သတိတရား တပါးတည်းသာဖြစ်သော သတိ

## နိဒါန်း

ပဋ္ဌာန်ကို ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် အားဖြင့် ရှုပုံ ရှုနည်း ပွားနည်းများ နည်း(၄)ပါး ခွဲခြား၍ ဟော ကြားတော် မူခဲ့ပါသည်၊

ထို့အပြင် ပရမတ္ထတရား လေးပါးတို့ကိုလည်း ခန္ဓာအားဖြင့် (၅)ပါး၊ အာယတနအားဖြင့် (၁၂)ပါး၊ ဓာတ်အားဖြင့် (၁၈) ပါး ခွဲခြား၍ ဟောတော်မူခြင်းသည်လည်း ဤသို့သော သဘောမျိုး ပင် ဖြစ်သည်၊ ဗုဒ္ဓဘာသာဝင်တို့၏ သူတော်ကောင်း တရားသည် အပြောလွယ်ပြီး လုပ်ငန်းကျတော့ ခက်ခဲပါသည်၊ ယုံကြည်ချက် ခံယူချက် အလွန်ပြင်းထန်၍ ထက်သန်သောဆန္ဒ ရှိမှသာ လိုရာပန်း တိုင်သို့ ရောက်နိုင်ကြပါသည်၊ ယုံကြည်သည်ဆိုတာလည်း အပြော ကောင်းတိုင်း၊ အဟောကောင်းတိုင်း ယုံကြည်လို့ မဖြစ်သေးပါ။ အာဂမယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိ ဤ (၃) မျိုး ညှိပြီး အကြောင်းအကျိုး ဆက်စပ်၍ ဟပ်မိမှ ယုံကြည်သင့်ပါသည်။

ဒီတော့ ဘုရားကို ယုံကြည်ရင် ဘုရားစကားနားထောင်ကြ၊ တရားကို ယုံကြည်ရင် တရားနှင့်အညီ ကျင့်ကြံ ကြိုးကုတ် အား ထုတ်ကြ၊ သံဃာကို ယုံကြည်ရင် သံဃာတော်များ ဟောကြား သည့်အတိုင်း လိုက်နာကြ။

ဟိုဟိုဒီဒီ မသွေဖီချင်ကြနဲ့၊

မကျွေ့မထောက် ဖြောင့်ဖြောင့်တရား အရှိသားနဲ့၊

မှားသည့်အရာ၊ မဟုတ်တာကို၊ လိုက်နာမူးမူး နင်မရူးနဲ့၊

ထူးသည့်မြတ်စွာ ရတနာကို ကောင်းစွာလိုက်စား၊ သတိ ထားလော့။

လောကမှလွတ်မြောက်ရန် လောက တစ်ရပ်လုံးထက် အမြတ် ဆုံး နိဗ္ဗာန်သို့ ရောက်နိုင်ရန် အမှန်ပင်ရခဲတဲ့ လူ့ဘဝကြီးကို ရလာ တဲ့အခါ၊ သာသနာတော်မြတ်ကြီး၏ အရိပ်ကြီးကို ကြုံတောင့်ကြုံခဲ ကြုံရတဲ့အခါ ဝိပဿနာတရား အလုပ်ကို ကြိုးစားအားထုတ်ကြဖို့ လိုသည်၊

# နိဒါန်း

ဘဝပေါင်း အသင်္ချေ မရေတွက်နိုင်တဲ့ သံသရာကြီးထဲမှာ ကျင်လည်နေကျရတာဟာ နှစ်နှစ်ခါခါ သေသေချာချာ စဉ်းစားကြည့်မည်ဆိုလျှင် အလွန်တရာ ပူးပြင်းလှစွာသော သဲကန္တာရကြီးထဲမှာ အထက်ကနေကပူ၊ အောက်က သဲကပူ အပူနှစ်ထပ် ညှပ်ထောက်ပြီး လမ်းလျှောက်နေရတဲ့ လူနှင့် တူသည်။

လူလောက သတ္တဝါတွေဟာ စိတ်ကပူ ကိလေသာလောဘ မီးကပူ လူ့ကိုယ်ကောင် အတွင်းက တေဇောဓာတ်ကပူ အပူကောင် လုံးလုံး အပူတုံး အပူခဲကြီး ဖြစ်နေသည်၊

ထို့ကြောင့် ကျေးဇူးတော်ရှင် ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဘုရားကြီးကျောင်းတိုက် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇယ မဟာထေရ်မြတ် ရေးသားအပ်သော ဝိပဿနာ အလုပ်ပြ အမှတ်(၁)၊ ဝိပဿနာအလုပ်ပြ အမှတ်(၂)၊ ဝိပဿနာအလုပ်ပြ အမှတ် (၃) ကျမ်းစာအုပ်က ကိလေသာအပူ မှန်သမျှ အေးမြသွားအောင် အမြိုက်ဆေးကို ကျွေးမဲ့ ဤဝိပဿနာ အလုပ်ပြကျမ်း စာအုပ်က သက်သေခံယူမည့်အကြောင်း ထပ်လောင်း၍ တင်ပြအပ်ပါသည်။

## ဤဝိပဿနာ ကျမ်းစာအုပ်၌ ထူးခြားချက်များကား

(၁) ပါဠိတော် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာများ ဖော်ပြထားခြင်း၊

(၂) အကိုးသာဓကများကို ဖော်ပြထားခြင်း။

(၃) ပိဋကတ်တော် စာမျက်နှာ နံပါတ်များကို ဖော်ပြထားခြင်း၊

(၄) ဝတ္ထုသက်သေတို့ဖြင့် ဖော်ပြထားခြင်း၊

(၅) ပိဋကတ် ပါဠိတော်ပါဌ်တို့ကို ဘာသာပြန်၍ အနက်ပေးထားခြင်း၊

(၆) အဓိပ္ပာယ် ပေါ်လွင်ထင်ရှားခြင်းများ ဖြစ်သည်။

# နိဒါန်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် သက်တော်(၇၅) နှစ်၊ ခုနှစ်ဆယ့်ငါးနှစ် အရွယ်၌ တပည့်ကြီးများနှင့် ဒါယကာများက တရားအားထုတ်လိုကြောင်း လျှောက်ထားသဖြင့် ကန္နီသိမ်တော် တောရဆရာတော်ကြီး၏ တပည့် အရှင်ထေရတိဿ မထေရ်၏ အထံမှ နာယူအားထုတ်ခဲ့ဘူးသောနည်းကို အခြေပြု၍ ဤဝိပဿနာအလုပ်ပြ ကျမ်း စာအုပ်ကို ရေးသားပါသည်။ ထိုကျမ်းစာအုပ်ကို မကျဉ်း လွန်း မကျယ်လွန်း သိသာထင်ရှားရုံ ပြင်ဆင်လျက် စာအုပ်အဖြစ် ရိုက်နှိပ်အပ်ပါသည်၊

ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ တပည့်
ဖလုံ ဃောသိတာရုံကျောင်းတိုက်
ဦးဃောသိတ၊

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဝိပဿနာအလုပ်ပြတရား | .... | ၁ |
| ၂။ | ဖောက်ပြန်ခြင်း စတုတ္ထအကျယ် | .... | ၁ |
| ၃။ | ဓမ္မတာရုပ်နာမ်တရားဖြစ်ပျက် | .... | ၃ |
| ၄။ | ဉဒယဗ္ဗယဉာဏ်၌ ဥပမာငါးမျိုး (၂) ချက် | .... | ၄ |
| ၅။ | အဒ္ဓါ အန္တတိ သမယ ခဏ (၄)မျိုး ခွဲခြားပုံ | .... | ၆ |
| ၆။ | သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန်ကိုသာ ရှုရပုံ | .... | ၆ |
| ၇။ | သမုတိသစ္စာအနေအားဖြင့် သတ္တဝါဟူ၍ ခေါ်ရမည် ပရမတ္ထသစ္စာအနေအားဖြင့် သတ္တဝါ ဟူ၍မရှိပုံ | .... | ၈ |
| ၈။ | စည်သံဥပမာ | .... | ၁၀ |
| ၉။ | အကြောင်းတရားသိမ်းဆည်းပုံ | .... | ၁၁ |
| ၁၀။ | တခ်ါပိဋကရဏ၏ အခြားမဲ့၌ သမ္မသနဉာဏ် သုံးသပ်ပုံ | .... | ၁၄ |
| ၁၁။ | အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးမျိုးတို့၌ အကြောင်း (၄) မျိုးစီပြခြင်း | .... | ၁၄ |
| ၁၂။ | အနိစ္စ အနိစ္စလက္ခဏာ ဒုက္ခ ဒုက္ခလက္ခဏာ အနတ္တ အနတ္တလက္ခဏာ ယောဂီအားထင်ရှားတဲ့ တရားဆိုတာ ရှုသင့်ပုံ | .... | ၁၆ |
| ၁၃။ | ပညတ်ပရမတ် (၂) မျိုး ခွဲခြားပုံ | .... | ၁၇ |
| ၁၄။ | တစ်နည်း ပရမတ်ပညတ် ယူဆပုံသဘော | .... | ၁၈ |
| ၁၅။ | အဆင်းရုပ်စသည်ကို ဉာဏ်၌ ပရမတ်ပညတ်သိပုံ | .... | ၁၉ |
| ၁၆။ | ပရမတ္ထသစ္စာ သမုတိသစ္စာ (၂) မျိုး ဟောပုံ | .... | ၂၁ |
| ၁၇။ | သခ်ိတပရမတ် အသခ်ိတပရမတ်ခွဲပုံ | .... | ၂၅ |
| ၁၈။ | ဇာတိဇရာမရဏ (၃) မျိုး ခွဲခြားပုံ | .... | ၂၆ |
| ၁၉။ | ယခုဘဝမင်္ဂဖိုလ်ကို မရနိုင်ပုံ | .... | ၂၇ |
| ၂၀။ | ပဇာနိယအင်္ဂါ (၅) ပါး | .... | ၂၈ |

# မာတိကာ


၂၁။ သောတာပန်ဖြစ်ရန် အင်္ဂါ (၄) ပါး ....

၂၂။ တရားကိုသာ ကျိုးစားသင့်ပုံ ....

၂၃။ ဝိပဿနာ အားထုတ်ခြင်း အလုပ်ဆိုသည်မှာ ....

၂၄။ မူလနှစ်ပါးသစ္စာ၌ တဏှာပဓာန ....

၂၅။ အနမတဂ္ဂိယသုတ် ဘဝပေါင်းအနန္တဖြစ်ပုံ ....

၂၆။ ဘုရားအလောင်းတော်မှတပါး ကြွင်းသော သတ္တဝါများ ဘဝမမြဲကြပုံ ....

၂၇။ သံဝေဂဝတ္ထု ....

၂၈။ အရှင်ကုမာရကဿပ၏ မယ်တော် ရဟန္တာမ သံဝေဂဖြစ်ပုံ ....

၂၉။ တရားတော်က အပါယ်ဘေး သံသရာဘေးမှ လွတ်စေပုံ ....

၃၀။ မဂ်ဉာဏ်ကြောင့် အပါယ်ဘေး၊ သံသရာဘေးမှ လွတ်မြောက်စေပုံအကြောင်း ....

၃၁။ သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏ အပါယ် စသည်တို့မှ လွတ်ပုံဝတ္ထုများ ....

၃၂။ သာသနာတော်ကြီး၏ နိယျာနိကဂုဏ် ကြီးမား ကြောင်းနှင့် အနာထပိဏ်သူဌေး၏သား ကာလဝတ္ထု ....

၃၃။ မိမိ၌ သာသနာမတည်က စိတ်မချရ သုပြဟ္မာနတ်သားဝတ္ထုနှင့် ဝက်မလေးဝတ္ထု ....

၃၄။ ဝိပဿနာကိုသာ သဒ္ဓါပညာဖြင့် ကျိုးစားထူထောင် ကြသင့်ပုံ ....

၃၅။ ယောဂီပုဂ္ဂိုလ်များ၏ အကျိုး (၅) ပါး ....

၃၆။ အပြောပရမတ် သဘောပရမတ် လက္ခဏာ လက္ခဏာဝန္တ ....

၃၇။ ရှိပညတ် မရှိပညတ်နှင့် ဃန (၄) မျိုး ....

၃၈။ နိယျာန (၈) ပါး နိယျာနာဝရ (၈) ပါး ခွဲခြားပုံ ....

၃၉။ ဘေးရန် (၆) ပါး ကုစားပုံ ....

၄၀။ ဣန္ဒြေရင့်ကျက်စေတတ်သော တရား (၉) ပါး ....

## မာတိကာ


၄၁။ ထေရီကာဝတ္ထု ... ၄၈
၄၂။ ကေသကာရီဝတ္ထု ... ၄၈
၄၃။ သင်္ခါရမှန်က အစိုးမရပုံ ... ၄၉
၄၄။ စိတ်ကိုထိန်းသိမ်းနိုင်မှ ချမ်းသာမည် ... ၅၀
၄၅။ ဣဒ္ဓိပါဒ် (၄) ပါး ... ၅၀
၄၆။ သုဝဏ္ဏကာရထေရဝတ္ထု ... ၅၁
၄၇။ သေခြင်းတရား မသိနိုင်ပုံ ... ၅၁
၄၈။ ကမ္မဋ္ဌာန်း(၂)မျိုး ပေသကာရီဓီတာဝတ္ထု ... ၅၂
၄၉။ မေတ္တာအကျိုးနှင့် ဥတ္တရာဝတ္ထု ... ၅၄
၅၀။ ဥတ္တရာက သီရိမာအား မေတ္တာခုတ်ထားပုံ ... ၅၅
၅၁။ သီရိမာနှင့်အသုဘကမ္မဋ္ဌာန်း ... ၅၆
၅၂။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွားများသင့်၏ ... ၅၇
၅၃။ အန္တရာယ်(၅)ပါးနှင့်အရိယူပဝါဒအန္တရာယ်ဝတ္ထု ... ၅၈
၅၄။ သီလဝိသုဒ္ဓိပိုင်း ဗာဟိယဝတ္ထု ... ၅၈
၅၅။ သီလဟူသည်အဘယ်နည်း ... ၅၉
၅၆။ လူများနှင့်ရဟန်းများထူးပုံ ... ၆၀
၅၇။ ပလိဗောဓ(၂)မျိုးခွဲခြားပုံ ... ၆၀
၅၈။ သီလသမာဓိပညာစုံမှကောင်းသည် ... ၆၁
၅၉။ ဂိရတိ(၃)မျိုးနှင့် သဘောဝတ္ထု(၂)ပိုဒ် ... ၆၁
၆၀။ စိတ္တဝိသုဒ္ဓိပိုင်း ... ၆၁
၆၁။ ကင်္ခါဝိတရဏဝိသုဒ္ဓိပိုင်း ... ၆၂
၆၂။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိပိုင်း ... ၆၃
၆၃။ ဝိပဿနုပက္ကိလေသအကျယ် ... ၆၄
၆၄။ ဝိပဿနာဉာဏ်၌ လက္ခဏာ(၃)ပါးရေတွက်ပုံ ... ၆၆
၆၅။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိပိုင်း ... ၆၇
၆၆။ နိဗ္ဗိန္ဒဉာဏ်ဖြစ်စေတတ်သော တရား(၅)ပါး ... ၆၈
၆၇။ မေဃိယသုတ် ... ၆၉
၆၈။ တရားမြင်က ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ... ၇၀
၆၉။ ယထာဘူတဉာဏ်အကျိုး ... ၇၀
၇၀။ စွဲလန်းခြင်းကြောင့်အထင်မှားပုံ ... ၇၁
၇၁။ ဉာဏဒဿနဝိသုဒ္ဓိ ... ၇၂

## မာတိကာ


၇၂။ သစ္စာဉာဏ်အခွဲနှင့် သစ္စာ(၄)ပါးသိပုံ .... ၇၃
၇၃။ ဣန္ဒြိယ သမ္ပန္နသုတ် သံဝရ(၅)ပါးက အသံဝရ (၅)ပါး ပယ်ပုံ .... ၇၃
၇၄။ ဖြစ်ပျက်အစဉ်မြင်က ဘဝမတောင့်တပုံ .... ၇၅
၇၅။ အဟောင်းသင်္ခါရကိုလည်းမနှစ်သက်နှင့် အသစ်ပဋိသန္ဓေကိုလည်း မတပ်မက်ပါနှင့် .... ၇၆
၇၆။ သန္တိ(၃)မျိုး မြတ်စွာဘုရား အငြိမ်းကြီးငြိမ်းပုံ .... ၇၈
၇၇။ ယောဂီများ မြတ်စွာဘုရားမြင်ပုံ .... ၇၈
၇၈။ လမ်းဟောင်းလမ်းရိုးကြီးလိုက်ရပုံ .... ၈၁
၇၉။ ဓမ္မကထိကခေါ်ပုံ .... ၈၁
၈၀။ ဓမ္မာနုဓမ္မပဋိပန္နဒ်ကျင့်သူဟုခေါ်ပုံ .... ၈၁
၈၁။ နိဗ္ဗာန်ရောက်သူဟုဆိုထိုက်ပုံ .... ၈၂
၈၂။ မိစ္ဆာဒိဋ္ဌိကင်းကွာပုံ .... ၈၂
၈၃။ လူ့ဘဝဒုက္ခများပုံ တကျော့ကျွန်ဖြစ်ပုံ .... ၈၃
၈၄။ အနုသယပယ်ပုံ .... ၈၃
၈၅။ သုဘာဇိဝ ကမ္မဝနိကာထေရ်ရီဝတ္ထု .... ၈၅
၈၆။ သုဝဏ္ဏကာယထေရ်ရဝတ္ထု .... ၈၆
၈၇။ ပေါဋ္ဌိလမထေရ်ဝတ္ထု .... ၈၉
၈၈။ သုပ္ပဋိပန္နေ ကောင်းစွာကျင့်သူ သာသနာတော်၌ကောင်းစွာကျင့်သူ .... ၉၃
၈၉။ ကောင်းမှုဟူသမျှ သူများထက်ဦးအောင်ပြုရမည် .... ၉၅
၉၀။ မနောဒွါရကနေပြီး သတိဖြင့်ရှုပွားရန် .... ၉၇
၉၁။ ဝေသာရဇ္ဇဉာဏ်ရတော်မူပုံ .... ၉၉
၉၂။ ဝေသာရဇ္ဇဉာဏ်(၄)ပါးအကျယ် .... ၁၀၀
၉၃။ သတိပဋ္ဌာန်တရားသာလျှင် မှီခိုအားထားရာဖြစ်ပုံ .... ၁၀၂
၉၄။ ဥပါဒါနက္ခန္ဓာတို့သာ ဝိပဿနာရှုပွားရမည် .... ၁၀၃
၉၅။ ခန္ဓာကိုယ်၏အပြစ်ကိုရှုသင့်ပုံ .... ၁၀၇
၉၆။ ယောနိသော မနသိကာရ အမြဲရှိသင့်ပုံ .... ၁၀၈
၉၇။ ဗုဒ္ဓုပ္ပါဒနဝမအခါ၌ အခွင့်ကောင်းကြုံခိုက် ကျိုးစားသင့်ပုံ .... ၁၀၉

## မာတိကာ


၉၈၊ ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါး၌ ငါပဲ သူပဲဟု အထင်မှားပုံ .... ၁၁၀

၉၉။ မိထွေးတော်ဂေါတမီအားဓမ္မအဓမ္မတရားဟောပုံ .... ၁၁၃

၁၀၀။ သူတော်ကောင်းများ လောကီစည်းစိမ်ကို မမက်မောပုံ .... ၁၁၆

၁၀၁။ သူတော်ကောင်းများဆီးနှင်းပေါက်၌သံဝေဂဖြစ်ပုံ.... ၁၁၇

၁၀၂။ သူတော်ကောင်းများ လောက၌ အပြစ်မြင်ပုံ .... ၁၁၈

၁၀၃။ ခန္ဓာ(၅)ပါးရုပ်နာမ်တရားတို့၌သုခအနည်းငယ် ရှိသော်လည်း ဒုက္ခမည်ပုံ .... ၁၂၇

၁၀၄။ ခန္ဓာကိုယ်ရုပ်ကိုယ်ကြီးဟာ မှန်ပြင်ကြီးနှင့်တူပုံ .... ၁၂၈

၁၀၅။ ပညတ်ဖုံးခြင်းကြောင့် ငါပဲ သတ္တဝါပဲဟု အထင်မှားပုံ .... ၁၂၈

၁၀၆။ တောင့်တလို့မရတဲ့တရား(၅)ပါး .... ၁၂၉

၁၀၇။ အမြဲဆင်ခြင်ရသောတရား(၅)ပါး .... ၁၃၀

၁၀၈။ အဘယ်အကျိုးထူးကိုစွဲ၍ ဆင်ခြင်အပ်ပါသနည်း ဟူမူ .... ၁၃၁

၁၀၉။ ဇမ္ဗူဒိတ်ကိုအစိုးရတဲ့ အသောကမင်းသော်လည်း သေခါနီး သောကဖြစ်ပုံ .... ၁၃၂

၁၁၀။ အသောကမင်း၏နောက်ဆုံးနေ့ .... ၁၃၃

၁၁၁။ သီလဝန္တသုတ် .... ၁၃၄

၁၁၂။ သစ္စာအနက်(၁၆)ချက် .... ၁၃၉

၁၁၃။ ခန္ဓဝိဘင်း ခန္ဓာ(၅)ပါးအကျယ် .... ၁၄၁

၁၁၄။ အာယတနဝိဘင်း အာယတန(၁၂)ပါးကို အဇ္ဈတ္တိကဗာဟိရခွဲပြီး အပါဏကောပမာ၊ ရွာဖုံးဆိုး ဥပမာ ရွာပျက်သူခိုးဥပမာ .... ၁၄၃

၁၁၅။ ဝိပဿနာ ပညာရှိမှ လမ်းဖြောင့်သည် .... ၁၄၄

၁၁၆။ သမိဒ္ဓိမထေရ်အား နတ်သမီးက ဖြားယောင်းပုံ .... ၁၄၅

၁၁၇။ ပညတ်မှပရမတ်ထုတ်နည်း .... ၁၄၈

၁၁၈။ သင်္ခါဝိတရဏ ဝိသုဒ္ဓိ .... ၁၅၀

၁။ ဥပါသကာဂုဏ်ရည်ကျမ်း၏တိုက်တွန်းပုံ ....
၂။ ဥပါသကာမည်ပုံ ....
၃။ အထူးမှတ်ဖွယ် ....
၄။ ဥပါသကာအင်္ဂါ ....
၅။ ဥပါသကာတို့ မရောင်းဝယ်အပ်သော ကုန်သွယ်ခြင်း
(၅)မျိုး ....
၆။ ဥပါသကာဂုဏ်ပျက်စီးပုံ ....
၇။ ဥပါသကာပျက်စီးပုံ အင်္ဂါ(၅)မျိုးကား ....
၈။ ထိုပြဆိုခဲ့ပြီးသောအကြောင်း(၅)မျိုးတို့အကျယ် ....
၉။ ဥပါသကာဂုဏ်တိုးပွားပုံ ....
၁၀။ ယင်းအင်္ဂါ(၅)မျိုးကား ....
၁၁။ ဥပါသကာဂုဏ်၏အကျိုးကျေးဇူး(၁၀)ပါးရပုံ ....
၁၂။ ဘုရားရှင်တော်ရှေ့၌ ဝပ်ချရှိခိုးပုံ ....
၁၃။ ဘုရားပင့်ရန် ....
၁၄။ ရတနာ(၃)ပါးကန်တော့ရန် ....
၁၅။ သီလတောင်းရန် ....
၁၆။ ဘုရားရှိခိုးရန် ....
၁၇။ သရဏဂုဏ်ဆောက်တည်ရန် ....
၁၈။ (၅)ပါးသီလဆောက်တည်ရန် ....
၁၉။ (၅)ပါးသီလအနက် ....
၂၀။ ဘုရားဂုဏ်တော်(၉)ပါး ....
၂၁။ တရားဂုဏ်တော်(၆)ပါး ....
၂၂။ သံဃာဂုဏ်တော်(၉)ပါး ....
၂၃။ ဘုရားဂုဏ်တော် မြန်မာပြန် ရှိခိုးပုံ ....
၂၄။ သံသရာစက်၏အကန့်ဆိုရာ၌ ....
၂၅။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ဝိဇ္ဇာ(၃)ပါးဟူသည် ...
၂၆။ ဝိဇ္ဇာ(၈)ပါးသရုပ် ....
၂၇။ စရဏ(၁၅)ပါးသရုပ်ကား ....
၂၈။ တရားဂုဏ်တော် မြန်မာပြန်ရှိခိုးပုံ ....
၂၉။ သံဃာဂုဏ်တော်မြန်မာပြန်ရှိခိုးပုံ ....
၃၀။ ဆုတောင်း ....
၃၁။ ကုသိုလ်အဘို့အမျှပေးဝေစေရန် ....
၃၂။ ဝဋ္ဋဝိဝဋ္ဋဒါနအကျိုး ....

၃၃။ လူကျင့်ဝတ်ကျင့်သူတို့၏ သွားရာလမ်း .... ၁၇၄
၃၄။ လောကဥ် ခဲယဥ်းစွာရအပ်သောတရား(၄)ပါး .... ၁၇၅
၃၅။ တစ်နည်း-ခဲယဥ်းစွာရအပ်သောတရား(၄)ပါး .... ၁၇၅
၃၆။ လျှော့က်ပတ်သောအမှု(၄)မျိုး .... ၁၇၆
၃၇။ ဗလိ(၅)မျိုး .... ၁၇၇
၃၈။ ချမ်းသာခြင်း(၄)မျိုး .... ၁၇၇
၃၉။ အကျိုးစီးပွားတိုးပွားကြောင်း(၆)ပါး .... ၁၇၈
၄၀။ အကျိုးစီးပွားဆုတ်ယုတ်ကြောင်း(၆)ပါး .... ၁၇၈
၄၁။ ဘုရားရှင်၏ စက္ခုတော် အဆင်း(၅)ပါး .... ၁၇၉
၄၂။ ဗလ(၄)ပါး .... ၁၈၀
၄၃။ ဘေး(၅)ပါး .... ၁၈၀
၄၄။ ဒါနဆိုင်ရာမှတ်ဖွယ် .... ၁၈၁
၄၅။ ဘုရားအဖြစ်ဝန်ခံပုံ .... ၁၈၂
၄၆။ ဒါနအကျိုးကြီးရန်အကြောင်း(၃)ပါး .... ၁၈၂
၄၇။ သတ္တဝါတို့ထက်လွန်ကဲသောပုဂ္ဂိုလ်ထူး .... ၁၈၃
၄၈။ ရတနာ(၃)ပါးသည်သာကိုးကွယ်ရာ .... ၁၈၃
၄၉။ အပြန်အလှန်ကျေးဇူးများပုံ .... ၁၈၄
၅၀။ ဗုဒ္ဓ၏ ပသာဒနီကဂုဏ် .... ၁၈၅
၅၁။ ပတိပုစိကာ၏ဆုတောင်း .... ၁၈၆
၅၂။ သေမင်း၏အလိုသို့သာ .... ၁၈၇
၅၃။ အသက်ရှည်ကြောင်းကောင်းမှုများ .... ၁၈၈
၅၄။ မှတ်ဖွယ်ရာပန်းပဲ့မောင်တိဿဝတ္ထု .... ၁၈၉
၅၅။ ကလျာဏတိဿမင်းအကြောင်း .... ၁၉၁
၅၆။ မဟာစေတီ တည်ဆောက်ရာ၌ အခကြေးငွေဖြင့် အုတ်သယ်သောမိန်းမ(၂)ဦးကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်သို့ရောက်ပုံ .... ၁၉၃
၅၇။ မဟာတိဿအမတ်အကြောင်း .... ၁၉၄
၅၈။ ကံ(၄)မျိုးအခွဲ .... ၁၉၅
၅၉။ တစ်နည်း ကံအမျိုးအစား .... ၁၉၆
၆၀။ လောကုတ္တရာဟူသော အကကျ အသုက္က ကံကို ပုထုဇဉ်တို့သည် မိမိတို့သန္တာန်၌ရရှိအောင် အားထုတ်နည်းအကျဉ်းချုပ်ကား .... ၁၉၇
၆၁။ အလယ်အလတ်နည်း .... ၁၉၇
၆၂။ သံသရာစက်ပြတ်နည်းအတိုချုပ် .... ၁၉၉

## ၁။ ဝိပဿနာ အလုပ်ပြ တရား

### အမှတ် (၁)

ဝိပဿနာအားထုတ်လိုသောပုဂ္ဂိုလ်များ ရှေးဦးစွာပွား ဝိပဿနာဉာဏ် (၃) ပါး ရင့်သန်အောင်–

ပထမ၊ ။ရုပ်၏ ဘာဝလက္ခဏာ၊ ဘူတရုပ်လေးပါး၏ သဘောလက္ခဏာ၊ နာမ်၏ သဘောလက္ခဏာများကို မြင်အောင် ဆင်ခြင်ပါ။

ဒုတိယ၊ ။(၁) နာမ်ရုပ် ပိုင်းခြားသောဉာဏ်။

(၂) အကြောင်း သိမ်းဆည်းသောဉာဏ်၊

(၃) အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ (၃) ပါး သုံးသပ်သောဉာဏ်၊ ဤဉာဏ်(၃)ပါး အမြင်သန်အောင် ဆင်ခြင်သုံးသပ် ပွားများ အားထုတ်ကြရပါမည်၊

တတိယ၊ ။ခဏိက သမာဓိဖြစ်အောင် အာနာပါနသတိ ထူထောင်ရမည်၊ ခဏိက သမာဓိဖြစ်သောအခါ ရင်ချိုင့်၌ စိုက်လျှက် တရှိန်ရှိန် တသဲသဲ တဖွဖွ ဟူသော ရှေ့ရုပ် အစဉ်နှင့် မတူသော နောက်ရုပ်အစဉ် ဖြစ်နေခြင်းဟူသော ဖောက်ပြန်ခြင်း သဘောကို ရှုမှတ်ရမည်၊ ဖြစ်ပျက်နေသော ရုပ်တရားပဲဟု ရှုလေ၊

## ၂၊ ဖောက်ပြန်ခြင်း စတုတ္ထ အကျယ်

စတုတ္ထ၊ ။ဖောက်ပြန်တတ်သော ဖြစ်ပျက်ဆိုသည်မှာ ရှေ့ အစဉ်နှင့်မတူဘဲ ဖြစ်နေသည်ကို ဆိုလိုသည်၊

ခဏေ ခဏေ အညတတ္တ ဒဿနတော။

(အာယတနပိဘင်း-အနုဋီကာ–၄၃)

ခဏတိုင်း ခဏတိုင်း ရှေ့အမူအရာနှင့် မတူဘဲ နောက် အမူအရာဟူသော ဖောက်ပြန်သည်ကို တွေ့မြင်ရခြင်း ကြောင့် သိရပါသည်။ ခဏတိုင်း ခဏတိုင်း တစ်မျိုးပြီး တစ်မျိုး ပြောင်းနေသည်ကို မည်သို့ သိရပါသနည်းဟု မေးခဲ့လျှင် အသင့်ယုတ္တိအားဖြင့် သိရပါ၏ဟု ဖြေ။

အသင့်ယုတ္တိကား။ ။အမူအရာအထူးကို သိရခြင်းကြောင့် တစ်မျိုးပြီး တစ်မျိုး ပြောင်းနေသည်ဟု ပစ္စက္ခ သိဒ္ဓိ မျက်မှောက် ကိုယ်တိုင် ကာယကံ ဖသာဖြင့် သိရပါသည်။

ထွက်သက် ဝင်သက်တို့၏ အပိုင်းအခြား မရှိခြင်းကြောင့် ၎င်းခန္ဓာကိုယ်၏ ပင်ပန်းခြင်းကြောင့် လည်းကောင်း၊ ရှေးအစဉ်နှင့် မတူဘဲ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေခြင်း အမူအရာကို သိရပါ သည်။ အလှည့်ကျအားဖြင့် ဖြစ်နေသောကြောင့် ဝင်သက်ဖြစ်ပြီး နောက် ထွက်သက်ဖြစ်ဖို့ အမူအရာ အထူးဖြစ်ပုံ၊ ထွက်သက်ဖြစ်ပြီး နောက် ဝင်သက်ဖြစ်ဖို့ အမူအရာ အထူးဖြစ်ပုံ၊ မျက်မြင်ကိုယ်တွေ့ ထင်ရှားလှပေ၏။

ဣရိယာပုထ် ပြောင်းရွှေ့ခြင်း စသည် မရှိပါက ကိုယ်၏ ပင်ပန်းပုံ ထင်ရှားလှပေ၏။

တထာ ဟိ သရီရဿ တာဝ အာနာပါနာနံ အနဝတ္ထာနတော ပရိဿမတော စ ဝိ သေသဂ္ဂဟဏံ။

(အာယတနဝိဘင်း-အနုဋီကာ-၄၃)

(**အနက်**) တထာတံ ဝစန့်၊ ထိုစကားသည်။ ဟိသစ္စ၊ မှန်၏။ တာဝ၊ ရှေ့ဦးစွာ။ သရီရဿ၊ ကိုယ်၏။ အာနာပါနံ၊ ထွက်သက် ဝင်သက်တို့၏။ အနဝတ္ထာနတော၊ အပိုင်းအခြား အကန့်အသတ် မရှိခြင်းကြောင့် လည်းကောင်း။ ပရိဿမတော စ၊ ပင်ပန်းခြင်းကြောင့် လည်းကောင်း၊ ဝိသေသဂ္ဂဟဏံ၊ ရုပ်တရားတို့၏ ဖောက်ပြန်ခြင်း အထူးကို ယူရခြင်းသည်(ဝါ)သိရခြင်းသည် ဟောတိ ဖြစ်၏။

အဆင်းအနံ့ အရသာ အတွေ့စသည်တို့၏ အထူးအားဖြင့် ခန္ဓာကိုယ်၌ အဆင်းစသည် ထူးပြား ခြားနားခြင်းကြောင့်လည်း ခဏတိုင်း ခဏတိုင်း ဖောက်ပြန်ခြင်းဟု သိရပါသည်။

အထဝေါ ရူပါဒိ ဘေဒတောဝိ ဝိသေသဂ္ဂဟဏံ။

(အာယတနဝိဘင်း-အနုဋ္ဌကာ-၄၄)

(အနက်) အထဝေါ၊ တနည်းကား၊ ရူပါဒိဘေဒတောဝိ၊ ရူပါရုံ အစရှိသည်တို့၏ ထူပြားခြင်းကြောင့် လည်းကောင်း၊ ဝိသေသဂ္ဂဟဏံ၊ ဖောက်ပြန်ခြင်းဟူသော အထူးကိုသိရခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၃။ ဓမ္မတာ ရုပ်နာမ် တရားဖြစ်ပျက်

ဓမ္မတာရုပ် ဖြစ်သော ကြောက်ခဲ စသည်တို့၏ သီတ ဥဏှ အတွေ့ထူးခြားခြင်းကြောင့် ဖောက်ပြန်ခြင်း အမူအရာ အထူးရှိသည် သာတည်း။ ရူပါရုံ စသည် ထူးပြားသည်ရှိသော် မှီရာမဟာဘုတ်၏ ထူးပြားခြင်း ရှိတော့သည်သာတည်း။

ဧဝံ တာဝ ရူပဓမ္မာနံ ဝိသေသဂ္ဂဟဏတော ခဏေ ခဏေ အညထတ္တံ၊ တဟောစ ဟုတွာ အဘာဝသိဒ္ဓိ။

(အာယတနဝိဘင်း-အနုဋ္ဌကာ-၄၄)

(အနက်) ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ ဝိသေသဂ္ဂဟဏတော၊ ဖောက်ပြန်ခြင်း ဟူသော အထူးကို ယူခြင်းကြောင့်။ ခဏေ ခဏေ၊ ခဏတိုင်းခဏတိုင်း။ အညထတ္တံ၊ ဖောက်ပြန်သည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တဟောစ၊ ထိုသို့ ခဏတိုင်းခဏတိုင်း ဖောက်ပြန်သည်၏ အဖြစ်ကြောင့်လည်း၊ ဟုတွာ၊ ဖြစ်ပေါ်လာပြီး၍။ အဘာဝသိဒ္ဓိ၊ မရှိခြင်း ပျောက်ပျက်ခြင်း၏ ပြီးစီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ရုပ်တရားတို့၏ အမူအရာ အထူးကို သိရခြင်းကြောင့် ခဏတိုင်း ခဏတိုင်း ဖောက်ပြန်ခြင်းရှိ၏၊ ထိုသို့ ဖောက်ပြန်ခြင်း တစ်မျိုးပြီးတစ်မျိုး ပြောင်းနေခြင်းကြောင့် ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားခြင်း ထင်ရှားလှပါ၏၊

## ၄။ ဥဒယဗ္ဗယဉာဏ်၌ ဥပမာ (၅) မျိုး (၂) ချက်

အရူပဓမ္မာနံ ပန အာရမ္မဏာ ဒိဘေဒေန ဝိသေသဂ္ဂဟဏံ။

(အာယတနဝိဘင်း-အနုဋီကာ-၄၄)

**(အနက်)** ပန၊ ထိုမှတစ်ပါး၊ အရူပဓမ္မာနံ၊ နာမ်တရားတို့၏၊ အာရမ္မဏာ ဒိဘေဒေန၊ ရူပါရုံစသော အာရုံစသည်တို့၏ အပြားအားဖြင့်၊ ဝိသေသဂ္ဂဟဏံ၊ သိခြင်းစသော အထူးကို ယူရခြင်းသည်၊ ဟောတိ၊ ဖြစ်၏။

အာရုံတို့၏ ထူးပြားခြင်းကြောင့် နာမ်တရားမှာလည်း ဖောက်ပြန်ခြင်း အမူအရာ အထူးရှိပုံသည် သိသာလှပေ၏။ အဆင်းစသော အာရုံတစ်ခုခု၌ ဖြစ်လာသော နာမ်တရားတို့သည် ထိုအာရုံ၌သာ ချုပ်ပျောက်ကြကုန်၏၊ အခြားအာရုံသို့ မပြောင်းပါ၊ အာရုံတရားတို့ကလည်း မိမိတို့၏ ဖြစ်တည် ပျက်ခဏမှ ပို၍ မတည်နိုင်ကြကုန် (ဆီမီး ဥပမာ စသည်ဖြင့် သိပါလေ)၊

ထို့အတူ နို့ရည် အရင် ကိုယ်၌ကျခြင်း၊ လေတိုက်ခတ်ခြင်း၌ အတွေ့ဖဿတို့ကိုလည်း သိပါလေ။ တခြားစီဖြစ်၏။

အထခေါ ဝိဏ္ဏူ ဥပဝိဏ္ဏူ ပုရိသဿစ တဇ္ဇံ ဝါယာမံ ပဋိစ္စ အဟုတွာ သမ္ဘောတိ၊ ဟုတွာ ပဋိဝေတိ၊ ဧဝံ သဗ္ဗေဝိ ရူပါ ရူပိနောဓမ္မာ အဟုတွာ သမ္ဘောန္တိ ဟုတွာ ပဋိဝေန္တိ။

(ဝိသုဒ္ဓိမဂ်-ဒု-၂၆၆)

(အနက်) အထခေါ၊ စင်စစ်သော်ကား၊ ဝီဏာဋ္ဌ၊ စောင်းကို လည်းကောင်း၊ ဥပဝီဏာဋ္ဌ၊ စောင်းကျက်သရေကို လည်းကောင်း၊ ပုရိသဿ၊ စောင်းသမား၏၊ တဇ္ဇံ၊ ထိုစောင်းအသံ ဖြစ်ခြင်းအား လျှော်ကပ်သော၊ ဝါယာမဉ္စ၊ စောင်းတီးခြင်းလုလ္လကိုလည်းကောင်း၊ ပဋိစ္စ၊ စွဲ၍၊ အဟုတွာ၊ ရှေးကမရှိမူ၍၊ သမ္ဘောတိ၊ ယခုမှဖြစ်၏၊ ဟုတွာ၊ ဖြစ်ပြီး၍၊ ပဋိဝေတိယထာ၊ အရှည်မတည် ချက်တပြုတ် ချုပ်ပျောက်ပျက်စီး၏သို့၊ ဧဝံတထာ၊ ထို့အတူ၊ သဗ္ဗေဝ၊ ခပ်သိမ်း ကုန်သော၊ ရူပါရူပိနော၊ ရုပ်နာမ်ဖြစ်ကုန်သော၊ ဓမ္မာ၊ တရားတို့ သည်၊ အတုတွာ၊ ရှေးကမရှိမူ၍၊ သမ္ဘောန္တိ၊ ယခုမှ ဖြစ်ကုန်၏၊ ဟုတွာ၊ ဖြစ်ပြီး၍၊ ပဋိဝေန္တိ၊ အရှည်မတည် ချက်တပြုတ် ချုပ်ပျောက် ပျက်စီးကုန်၏၊ ဣတိ၊ ဤသို့၊ ပဋိဇာနာတိ၊ သိ၏၊

ဧဝံ ကိရ နာမိမေဓမ္မာအနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာနိရုဇ္ဈန္တိတိ နိစ္စ နဝါဝ ဟုတွာ သင်္ခါရာ ဥပဋ္ဌဟန္တိ န ကေဝလဥ္စ နိစ္စ နဝါ သူရိယုဂ္ဂမနေ ဥဿာဝ ဗိန္ဒု ဝိယ ဥဒကပုဗ္ဗုဠ္ဌောဝိယ ဥဒကေ ဒဏ္ဍရာ ဇိဝိယ အာရဂ္ဂေ သာသပေါဝိယ ဝိဇ္ဇုပ္ပါဒေါဝိယစ မရိတ္တဋ္ဌာယိနော၊ မာယာမရီစိ သုဝိနန္တ အလာတစက္က ဂန္ဓဗ္ဗနဝရဖေဏ ကဒလိ အာဒယောဝိယ အဿာရာနိဿာရာတိ စာဝိ ဥပဋ္ဌဟန္တိ။

(ဝိသုဒ္ဓိမဂ်၊ ၄-ဒု-၂၆ဂ)

(အနက်) ဧဝံ၊ ဤသို့၊ ဣမေဓမ္မာ၊ ဤသင်္ခါရတရားတို့သည်၊ အနုပ္ပန္နပုဗ္ဗာ၊ ရှေး၌ မဖြစ်ဘူးကုန်သည် ဖြစ်၍၊ ဥပ္ပဇ္ဇန္တိကိရနာမ၊ ယခုမှ အသစ်ဖြစ်ကုန်သတတ်၊ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသောသင်္ခါရတရား တို့သည်၊ နိရုဇ္ဈန္တိကိရ၊ အရှည်မတည် ချက်တပြုတ် ချုပ်ပျက်ကုန် သတတ်၊ ဣတိ၊ ဤသို့၊ နိစ္စ နဝါဝ၊ အမြဲအသစ်တို့ သည်သာလျှင်၊ ဟုထွာ၊ ဖြစ်၍၊ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်၊ ဥပဋ္ဌဟန္တိ၊ ထင် ကုန်၏၊ ကေဝလဥ္စ၊ သက်သက်ကား၊ နိစ္စံ နဝါ၊ အမြဲအသစ်တို့သည် သာလျှင်၊ န၊ မဟုတ်ကုန်သေး၊ အထခေါ၊ အဟုတ်သော်ကား၊ သူရိ ယုဂ္ဂမနေ၊ နေထွက်သောကာလ၌၊ ဥဿာဝဗိန္ဒုဝိယစ၊ ဆီးနှင်းပေါက် ကဲ့သို့လည်းကောင်း၊ ဥဒကပုဗ္ဗုဠ္ဌောဝိယစ၊ ရေပွက်ကဲ့သို့လည်းကောင်း ဥဒကေ ဒဏ္ဍရာဇိဝိယစ၊ ရေ၌ တောင်ဝှေးဖြင့် သွားသောအရေး

ကဲ့သို့ လည်းကောင်း။ အာရက္ခေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါ ပိယစ၊ မုန့်ညှင်းစေ့ကဲ့သို့ လည်းကောင်း။ ဝိဇ္ဇုပ္ပါဒေါဝိယစ၊ လျှပ် စစ်ပျက်၏သို့ လည်းကောင်း။ ပရိတ္တဋ္ဌာယိနောတိစ၊ ထိုစွာသော ကာလမျှသာ တည်ခြင်းရှိကုန်၏ ဟူ၍လည်း။ ဥပဋ္ဌယန္တိ၊ ထင်ကုန်၏။ ကေဝလံ၊ သက်သက်။ နိစ္စနဝါ၊ အမြဲအသစ်တို့သည်သာလျှင်၊ နာ၊ မဟုတ်ကုန်သေး။ ပရိတ္တဋ္ဌာယိနောဝ၊ ထိုစွာသောကာလမျှ တည်ခြင်း ရှိကုန်သည်သာလျှင်၊ နာ၊ မဟုတ်ကုန်သေး။ အထခေါ၊ အဟုတ် သော်ကား။ မာယာမရီစိ သုပိနန္တ အလာတစက္က ဂန္ဓဗ္ဗ နဂရ ဖေဏ ကဒလီအာဒယောဝိယ၊ မျက်လှည့် တံလျှပ် အိပ်မက် ပတ်ပတ်လှည့် အပ်သော မီး စက် ဂန္ဓဗ္ဗနတ်တို့၏ မြို့တူးကစားလိုသော အလိုဖြင့် မြို့ကဲ့သို့ ကောင်းကင်၌ ထင်စေအပ်သော နတ်မြို့ ရေမြှုပ်စိုင် ငှက် ပျောတုံး စသည်တို့ကဲ့သို့၊ အသာရာ၊ အနှစ်ကင်းကုန်သည် ဖြစ်၍၊ နိဿာရာ၊ အနှစ်မဲ့ကုန်၏။ ဣတိစာဝိ၊ ဤသို့လည်း။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

(ဥဒယဗ္ဗယညာဏ်တိုင်အောင် ရှုကြပါလေ)

## ၅။ အဒ္ဓါ-သန္တတိ-သမယ-ခဏ (၄) မျိုးခွဲပုံ

အဒ္ဓါ၊ သန္တတိ၊ သမယ၊ ခဏ၊ (၄)မျိုးဖြင့် အတီတပစ္စုပ္ပန်၊ အနာဂတပစ္စုပ္ပန် ခွဲခြား၍ သိပါလေ။

အဒ္ဓါန သရ ပရမတ္ထဒီပကီ၌ ဘဝဖြင့်သာ ပိုင်းခြားအပ် သည် မဟုတ်သေး အထွက် နှစ် လ နံနက်စသော သမယတို့ဖြင့် ပိုင်း ခြားအပ်သော ရုပ်တရားကိုလည်း ရှုရမည်၊

## ၆။ သန္တတိ ပစ္စုပ္ပန်-ခဏ ပစ္စုပ္ပန်ကိုသာရှုရပုံ

ဥဒယဗ္ဗယညာဏ်၌ သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန် တရားကိုသာ ရှုရမည်။

(ဘဒ္ဒေကရတ္တသုတ္တံ ကို ထုတ်၍သိပါ၊)

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။
အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။
ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တ မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။ ။

(ဥပရိပဏ္ဏာသ-ပါ-၂၂၆)

**(အနက်)** အတီတံ၊ အတိတ်ဖြစ်သော၊ ယံ၊ အကြင်ခန္ဓာ ၅-ပါးသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအတိတ်ခန္ဓာ ၅-ပါးသည်။ ယသ္မာ၊ အကြင်ကြောင့်။ ပဟီနံ၊ ချုပ်ပျောက်ပြီ။ တသ္မာ၊ ထို့ကြောင့်။ အတီတံ၊ အတိတ်ဖြစ်သော ခန္ဓာ ၅-ပါးသို့။ နအန္ဝာဂမေယျ၊ တဏှာ ဒိဋ္ဌိတို့ဖြင့် မလိုက်ရာ။ အနာဂတံ၊ အနာဂတ်ဖြစ်သော၊ ယံ၊ အကြင် ခန္ဓာ ၅-ပါးသည်။ အတ္ထိ၊ ရှိ၏။ ကဉ္စ၊ ထိုအနာဂတ် ဖြစ်သော ခန္ဓာ ၅-ပါး သည်လည်း၊ ယသ္မာ၊ အကြင်ကြောင့်။ အပ္ပတ္တံ၊ မရောက်သေး။ တသ္မာ၊ ထို့ကြောင့်။ အနာဂတံ၊ အနာဂတ် ဖြစ်သော ခန္ဓာ ၅-ပါးကိုလည်း။ နပ္ပဋိကင်္ခေ၊ တဏှာဒိဋ္ဌိ တို့ဖြင့် မမျှော်လင့် မတောင့်တရာ။

ယော ဝိဒွါ၊ အကြင်ပညာရှိသော ရဟန်းသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ဓမ္မဉ္စ၊ ခန္ဓာ ၅-ပါး တရားကိုသာလျှင်။ တတ္ထ တတ္ထ၊ ထိုထိုခဏ ထိုထိုတရားအစုဉ်သာလျှင်။ ဝိပဿတိ၊ ရှု၏။ အသံဟီရံ၊ တဏှာဒိဋ္ဌိတို့သည် မဆွဲငင်အပ်သော။ အသံကုပ္ပံ၊ ပျက်စီးခြင်း မရှိသော။ တံ၊ ထိုဝိပဿနာဉာဏ်ကို။ သော ဝိဒွါ၊ ထိုပညာရှိ ရဟန်းသည်။ အနုဗြူဟယေ၊ ပွားများအားထုတ်ရာ၏။

အဇ္ဈတ္တ၊ ယနေ့မင်လျှင်၊ အာဒါပုံ၊ လုံးလကို၊ ကိစ္စံ ကာတဗ္ဗံ၊ ပြုအပ်၏။ ကော၊ အဘယ်မည်သောသူသည်၊ သုဝေ၊ နက်ဖြန်ကျမှ၊ မရဏံ၊ သေမည် ရှင်မည်ကို၊ ဇညာ၊ သိနိုင်ရာအံ့နည်း။ ဟိ၊ မှန်၏၊ နေ၊ ငါတို့အား။ မဟာသေနေန၊ များသော စစ်သည်ရှိသော၊ တေနမစ္စုနာ၊ ထိုသေမင်းနှင့်တကွ၊ သင်္ဂရံ၊ ချိန်းချက်ထားခြင်းသည်၊ နှ၊ မရှိ၊

ဧဝံဝိဟာရိံ၊ ဤသို့နေလေ့ရှိသော၊ အာတာပိံ၊ ကိလေသာကို ပူပန်စေတတ်သော လုံးလရှိသော။ အဟောရတ္တံ၊ နေ့ညဉ့် ပတ်လုံး၊ အတန္ဒိတံ၊ မပျင်းမရိသော၊ တံ၊ ထိုပုဂ္ဂိုလ်ကို၊ ဘဒ္ဒေကရတ္တောတိ၊ ဘဒ္ဒေက ရတ္တ ပုဂ္ဂိုလ်ဟူ၍။ သန္တော၊ ငြိမ်းအေးတော်မူပြီးသော။ မုနိ၊ မြတ်စွာဘုရားသည်။ အာစိက္ခတေ၊ မဟောကြားတော်မူခဲ့ပါပေ၏၊

## ၇။ သမုတိသစ္စာ အနေအားဖြင့် သတ္တဝါဟူ၍ ခေါ်ရမည် ပရမတ္ထသစ္စာ အနေအားဖြင့် သတ္တဝါပုဂ္ဂိုလ် မရှိပုံ အကျယ်

(က) ယထာဝိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ၊
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
(ဝိသုဒ္ဓိမဂ်-၄-ဒု-၂၂၈)

(ခ) ယထာ ပဋိစ္စ ကဋ္ဌာဒိံ၊ အဂါရန္တိ ပဝုစ္စတိ၊
ဧဝံ ပဋိစ္စ အဋ္ဌာဒိံ၊ သရီရံ တိ ပဝုစ္စတိ၊
(ဝိသုဒ္ဓိမဂ်-မှည်း သင်္ဂဟဂါထာ၊ သရုပတ္ထဘောဒနီ-၅၀၆)

(အနက်) အင်္ဂသမ္ဘာရာ၊ ဝင်ရိုးလှည်းဘီးစသော အစိတ်အဆောက်အဦးကြောင့်၊ ရထောတိ၊ ရထားဟူ၍၊ သဒ္ဒေါ၊ ခေါ်ဆိုခြင်း ဝေါဟာရပညတ်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့၊ ဧဝံတထာ၊ ထို့အတူ၊ ခန္ဓေသု၊ ခန္ဓာတို့သည်၊ သန္တေသု၊ ရှိကုန်လတ်သော်၊ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟူသော သမုတ်ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ကဋ္ဌာဒိံ၊ သစ်သားကြိမ်နွယ် သက္ကယ် မြေကျုန် ဟူသော အစိတ်ကို။ ပဋိစ္စ၊ စွဲ၍။ အင်္ဂါရန္တို၊ အိမ်ကျောင်းဇရပ် ဟူ၍။ ပဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အဋ္ဌာဒိံ၊ အရိုးအကြော အသားအရေ လေးထွေသော ကောဋ္ဌာသကို။ ပဋိစ္စ၊ စွဲ၍၊ သရီရံတံ ကိုယ်ဟူ၍၊ ပဝုစ္စတိ၊ ဆိုအပ်၏။

ဒုက္ခမေဝဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။

နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ၊

(ဝိသုဒ္ဓိမဂ်-၄-ဒု-၂၁၈)

**(အနက်)** ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဆင်းရဲသက်သက် သည်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာ ဖြစ်၏။ ဒုက္ခံ ဧဝ၊ ဆင်းရဲသည်သာလျှင်။ တိဋ္ဌတိ၊ ခဏဌီပဗန္ဓဌီအားဖြင့် တည်၏။ ဝေတိစ၊ ခဏနိရောဓ စုတိနိရောဓ အားဖြင့် ချုပ်လည်း ချုပ်၏။ ဒုက္ခာ၊ ဆင်းရဲကို။ အညတြ၊ ကြဉ်ထား၍၊ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ် သတ္တဝါ ခေါ်ဆိုဘွယ်ရာ တစ်စုံတစ်ခုသော တရားသဘောသည်။ န သမ္ဘောတိ၊ ဖြစ်သည်မရှိ။ ဒုက္ခာ၊ ဆင်းရဲမှ။ အညံ၊ တစ်ပါးသော။ ကိဉ္စိဓမ္မဇာတံ၊ တစ်စုံတစ်ခုသော အဖြစ်တရားသည်၊ န နိရုဇ္ဈတိ ချုပ်သည် မရှိ။

န ဝတ္ထာရမ္မဏာနာမံ၊ နာပိ စုတိန္နမန္တရာ။

ဟေတုံ ပဋိစ္စ သမ္ဘောတိ၊ သဒ္ဒေါ ပဟာတာယ ဘေရိယာ၊

(ပရမတ္ထ သရူပဘေဒနီ-၅၈၇)

**(အနက်)** ဝတ္ထာရမ္မဏာ၊ စက္ခု သောတ စသော မှီရာ ရူပ သဒ္ဒ စသော အာရုံမှ။ နာမံ၊ နာမက္ခန္ဓာ တရားသည်။ န သမ္ဘောတိ၊ ထွက်လာ၍ ဖြစ်သည်မဟုတ်။ ဥဘိန္နံ၊ ဝတ္ထု အာရုံ နှစ်ပါး စုံတို့၏။ အန္တရာပိစ၊ အကြားဌ်လည်း။ န သမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ပဟာတာယ၊ တီးခတ်ရိုက်နှက်အပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါ ယထာ၊ အသံကဲ့သို့။ ဟေတုံ၊ စက္ခု ရူပ အာလောက မနသီရ စသော အကြောင်းကို၊ ပဋိစ္စ၊ စွဲ၍။ သမ္ဘောတိ၊ အသစ်ဖြစ်ပေါ်လာ၏။

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ
အတ္တာ အဘဝိဿ န ဟိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊

(ခန္ဓဝဂ်၊ သံယုတ် ပါ-ဥပယဝဂ္ဂ၊ အနတ္တလက္ခဏသုတ်-၅၅)

(**အနက်**) ဘိက္ခဝေ၊ ရဟန်းတို့၊ ရူပံ၊ ရုပ်သည်၊ အနတ္တာ၊ အတ္တမဟုတ်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ကိသစ္စံ၊ မှန်၏၊ ဣဒံရူပဉ္စ၊ ဤရုပ်သည်လည်း။ အတ္တာ၊ အတ္တသည်၊ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဣဒံရူပံ၊ ဤရုပ်သည်။ အာဗာဓာယ၊ နာခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်ရာ၊

ကြိုးနှင့် ပေါင်းစုံမိခြင်းကြောင့် သစ်ယန္တရားရုပ်၊ သွား-ရပ်။ က-ခုံ-ဗျာပါ ရရှိပုံ ရာရာထင်အပ်သကဲ့သို့၊ အတ္တဇီဝ ဗျာပါရ ကင်းဆိပ်သော နာမ်ရုပ်နှစ်ပါးအချင်းချင်းပေါင်းဆုံကြ၍ ရာပိုက်လေးရပ်-လှုပ်ရှားတတ်သကဲ့သို့ ထင်ရ၏၊

(ကျူစည်းပမာ)။ ၊နာမ်ရုပ်နှစ်ပါးသည် အချင်းချင်းမှီ၍ တည်ကြရကုန်၏။ အကြောင်းကြောင့် ဖြစ်ပေါ်လာ၍ အကြောင်းတရားချုပ်သည်ရှိသော် ပျက်စီးကုန်ကြရ၏။

## ဂ။ **စည်သံ ဥပမာ**

ဝတ္ထုအာရုံ အားပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာကုန်၏၊

စက္ခုံ့စ ဘိက္ခဝေ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော။

(ဥပရိပဏ္ဏာသ-ပါ-၃၃၃)

(**အနက်**) ဘိက္ခဝေ၊ ရဟန်းတို့၊ စက္ခုံ့စ၊ စက္ခုပသာဒကို လည်းကောင်း။ ပဋိစ္စ၊ စွဲ၍- ရူပေစ၊ ရူပါရုံကိုလည်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ တိဏ္ဏံ၊ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဉ် (၃) ပါးကုန်သော တရားတို့၏၊ သင်္ဂတိ၊ ပေါင်းဆုံခြင်းကြောင့်။ ဖဿော၊ ဖဿသည်၊ ဟောတိ၊ ဖြစ်၏။

နာမ်ရုပ် (၂) ပါးသည် မိမိအစွမ်းဖြင့် မဖြစ်နိုင် မတည်နိုင် (သူဆွဲ သူကန်းပမာ) ဖြစ်၏။

ဤကား နာမ်ရုပ်ကို ပိုင်းခြားသော ဉာဏ်တည်း။

(ဒိဋ္ဌိ ဝိသုဒ္ဓိ)

## ၉။ အကြောင်းတရားသိမ်းဆည်းပုံ

နာမ် ရုပ် ပိုင်းခြားသိပြီး၍ အကြောင်းသိမ်းဆည်းပုံ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ ဤငါးပါးတို့သည် ရုပ်၏အကြောင်းတည်း။ ထိုတွင် အဝိဇ္ဇာ တဏှာ ဥပါဒါန်က အမိ၊ ကံက အဖ၊ အာဟာရကား နို့ထိမ်း (ဇနက ဥပတ္ထမ္ဘက) ဟူ၍လည်း ခွဲသိပါ။

စက္ခုအကြည်နှလုံးသွင်း စသည်တို့ကား နာမ်၏အကြောင်းတည်း ဟု သိမ်းဆည်းအပ်၏။ ဤပစ္စုပ္ပန် နာမ်ရုပ် နှစ်ပါးသည် အဝိဇ္ဇာ တဏှာ ဥပါဒန် ကံ အာဟာရ စက္ခု အကြည်အဆင်း နှလုံးသွင်း စသောအကြောင်းကြောင့် ယခုဖြစ်နေသကဲ့သို့ ရှေးရှေးဘဝ၌လည်း အကြောင်းကြောင့်ဖြစ်ခဲ့ဖူးလေပြီ၊ ခန္ဓာဇာတ်သိမ်း မငြိမ်းသေးသမျှ နောက်ကာလ၌ အကြောင်းကြောင့် ဖြစ်လေဦးမည်သာတည်။ ဤသို့ အတိတ် အနာဂတ်၌လည်းမြင်သော ယောဂီပုဂ္ဂိုလ်အား ယုံမှားခြင်း(၁၆)ပါး (၈)ပါးပျောက်ကင်း၍ အကြောင်းအကျိုးစပ်လျဉ်းလျက် ဖြစ်နေသော နာမ်ရုပ်ဘာရားမျှသာထင်၏။

အကြောင်းကိုပြုတတ် အကျိုးကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ မမြင်ပြီ၊ အကြောင်းကြောင့် အကျိုး ဖြစ်သည်ကိုပင် ပြုလုပ်တတ်သည်၊ ခံစားတတ်သည် ဟု အမည်မျှဖြင့် ပညာရှိတို့ ခေါ်ဝေါ်ပြောဆိုကြကုန်၏။ ဟူ၍ ကောင်းစွာသိမြင်၏။

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။
သုဒ္ဓမ္မော ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။
ဧဝံကမ္မေ ဝိပါကေစ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိ ကာနံဝ၊ ပုဗ္ဗာကောဋိ နနာယတိ။
အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ န ဒိဿတိ။

(ဝိသုဒ္ဓိမဂ်-၅-ဒု ၂၇၇)

(အနက်) ကမ္မဿ၊ ကံကို။ ဟာရကော၊ ပြုတတ်သောသူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ဝိပါက်ကို။ ဝေဒကော စ၊ ခံစားတတ်သောသူသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ သက်သက်သောနာမ်ရုပ်ဟုဆိုအပ်သော တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော။ ဧတံ ဒဿနံ၊ ထိုသို့သော အမြင်သည်သာလျှင်။ သမ္မာဒဿနံ၊ အဝိပရိဘဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သောအမြင်သည်။ ဟောတိ၊ ဖြစ်၏။

ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့သစ်ပင် စသည်တို့၏။ ပုဗ္ဗကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ နနာယတိ ဣဝ၊ မသိအပ်သကဲ့သို့။ ဧဝံကထာ၊ ထို့အတူ။ သဟေတုကော၊ အကြောင်းနှင့်တကွ။ ပဝတ္တမာနေ၊ ဖြစ်သော။ ကမ္မေ စ၊ ကံ၌လည်းကောင်း၊ ဝိပါကေ စ၊ ဝိပါက်၌လည်းကောင်း၊ ပုဗ္ဗကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ နာနာယတိ၊ မသိအပ်။ အတိတေ ယထာ၊ အတိတ်၌ကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အနာဂတေပိ၊ အနာဂတ်၌လည်း။ သံသရေ၊ ခန္ဓာနုဗ္ဗ ပဋိပါတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော သံသရာသည်။ သတိရှိလတ်သော်။ ကမ္မဝိပါကာနံ၊ ကံအကျိုးတရားတို့၏။ အပဝတ္တံ၊ မဖြစ်ခြင်းသည်။ နဒိဿတိ မထင်။

ဧဝံ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
ဂမ္ဘီရံ နိပုဏံ သုညံ၊ ပစ္စယံ ပဋိ ဝိဇ္ဈတိ။
ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ နဝိဇ္ဇတိ။
အညမညံ ဥဘောသုညာ၊ နစ ကမ္မံ ဝိနာဖလံ။
ယထာန သူရိယေ အဂ္ဂိ၊ န မဏိမှိ န ဂေါမယေ။
နသေသံ ဗဟိ သော အတ္ထိ၊ သမ္ဘာရေဟိစ ဇာယတိ၊
တထာ န အန္တော ကမ္မဿ၊ ဝိပါကော ဥပလဗ္ဘတိ။
ဗဟိဒ္ဓါပိ နကမ္မဿ၊ နကမ္မံ တတ္ထ ဝိဇ္ဇတိ။
ဖလေန သုညံ တံ ကမ္မံ၊ ဖလံ ကမ္မေန ဝိဇ္ဇတိ။
ကမ္မဉ္စ ခေါ ဥပါဒါယ၊ တတော နိဗ္ဗတ္တတေ ဖလံ၊
န ဟေတ္ထ ဒေဝေါ ဗြဟ္မာဝါ၊ သံသာရဿတ္ထိ ကာရကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရ ပစ္စယာ တိ။

(ဝိသုဒ္ဓိမဂ် ၄-ဒု-၂၃၈)

**(အနက်)** ဝေါ၊ ဤသို့။ မေ အတ္တံ၊ ထိုဆိုအပ်ပြီးသောအနက်ကို။ ဗုဒ္ဓဿ၊ သဗ္ဗညု ဘုရားရှင်၏။ သာဝကော၊ တပည့်ဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်၊ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိ၍၊ ဂမ္ဘီရံ၊ နက်နဲသောဉာဏ်၏ အာရုံဖြစ်သောကြောင့် နက်နဲစွာထသော၊ နိပုဏံ၊ သိမ်မွေ့သော ဉာဏ်၏အာရုံ ဖြစ်သောကြောင့် သိမ်မွေ့စွာထသော။ သုညံ၊ သတ္တ ဇီဝမှ ဆိပ်သော။ ပစ္စယံ၊ နာမ်ရုပ်၏ အကြောင်းကို။ ပဋိဝိဇ္ဇတိ၊ ထိုးထွင်း၍သိ၏။ ဝိပါကမှိ၊ ဝိပါက်၌။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။ ဝိပါကော၊ ဝိပါက်သည်၊ ကမ္မေ၊ ကံ၌။ နဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ ကံနှင့် ဝိပါက် နှစ်ပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိပ်ကုန်၏။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ နစ ပဝတ္တတိ၊ မဖြစ်သည်သာလျှင်ကတည်း။

သူရိယေ၊ နေ၌။ အဂ္ဂိ၊ မီးသည်၊ နအတ္ထိ၊ မရှိ။ မဏိမှိ၊ သူရိယကန်ကျောက်၌။ အဂ္ဂိ၊ မီးသည်။ နအတ္ထိ၊ မရှိ၊ ဂေါမယေ၊ နွားချေး၌၊ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ၊ သောအဂ္ဂိ၊ ထိုမီးသည်၊ တေသံ၊ ထိုနေစသည်တို့၏။ ဗဟိ၊ အပ၌၊ နအတ္ထိ၊ မရှိ။ သမ္ဘာရေဟိစ၊ နေပူအစရှိသောအကြောင်း အဆောက်အဦးတို့ကြောင့်သာလျှင်၊ အဂ္ဂိ၊ မီးသည်၊ ဇာယတိ တထာ၊ ဖြစ်သကဲ့သို့၊ တထာ၊ ထို့အတူ၊ ကမ္မဿ၊ ကံ၏၊ အန္တော၊ အတွင်း၌၊ ဝိပါကော၊ အကျိုးကို၊ နဥပလဗ္ဘတိ၊ မရအပ်၊ ကမ္မဿ၊ ကံ၏၊ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုဝိပါက်၌။ ကမ္မံပိ၊ ကံသည်လည်း။ န ဝိဇ္ဇတိ၊ မရှိ၊ တံကမ္မံ၊ ထိုကံသည်။ ဖလေန၊ အကျိုးမှ၊ သုညံ၊ ဆိပ်၏။ ဖလံ၊ အကျိုးသည်၊ ကမ္မေ၊ ကံ၌၊ န ဝိဇ္ဇတိ၊ မရှိ။

ခေါ၊ စင်စစ်။ ကမ္မဉ္စ၊ ကံကိုသာလျှင်။ ဥပါဒါယ၊ စွဲ၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ အကျိုးသည်၊ နိဗ္ဗတ္တတေ၊ ဖြစ်၏၊ ဟိ သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤသတ္တလောက၌၊ သံသာရဿ၊ သံသရာကို၊ ကာရကော၊ ပြုလုပ်ဖန်ဆင်းတတ်သော၊ ဒေဝေဝါ၊ နတ်သည်လည်းကောင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်လည်းကောင်း၊ န အတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ အကြောင်းအပေါင်းဟူသော အကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ သက်သက်သော နာရုပ်တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ **အဆက်ဆက် အဆင့်ဆင့် ဖြစ်ကုန်၏၊**

## ၁၀။ ကင်္ခါဝိတရဏ၏ အခြားမဲ့၌ သမ္မသနဉာဏ် သုံးသပ်ပုံ

အနိစ္စတာ နာမ ဥပ္ပတ္တိ မတော၊ ဥပ္ပါဒေါစ၊
ပစ္စယ စသေနာတိ အနိစ္စတာ၊ သိဋ္ဌမာနာ သင်္ခါရာနံ
သပ္ပစ္စယတံ သာဝေန္တို၊ ယထာဝုတ္တ သင်္ဂမာဏာယ
သံဝတ္တတီ တိ။

(မဟာဋီကာ ဒု-၃၀၄)

(အနက်) ဥပ္ပတ္တိမတော။ ဖြစ်ခြင်းရှိသော သင်္ခါရတရား၏၊ အနိစ္စတာ ဒိနာမ၊ မမြဲသောတရား၏ အပြစ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဥပ္ပါဒေါစ၊ သင်္ခါရ တရားတို့၏ ဖြစ်ခြင်းသည်လည်း။ ပစ္စယဝသေန၊ ကံစသောအကြောင်းနှင့် စပ်သဖြင့်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အနိစ္စတာ၊ မမြဲသည်၏ အဖြစ်သည်၊ သိဋ္ဌမာနာ၊ ပြီးလတ်သော်၊ သင်္ခါရာနံ၊ သင်္ခါရ တရားတို့၏၊ သပ္ပစ္စယတံ၊ ကံစသော အကြောင်းရှိသည်၏ အဖြစ်ကို။ သာဓေန္တီ၊ ပြီးစေလျက်၊ ယထာ ဝုတ္တကင်္ခါ ပဟာနာယ၊ အကြင် အကြင်ဆိုအပ်ခဲ့ပြီးသော ယုံမှားခြင်းတို့ကို ပယ်ခြင်းအလို့ငှာ။ သံဝတ္တတိ၊ ဖြစ်၏။

နာမ်ရုပ်တို့၏ အကြောင်းကို မြင်လျှင် အကြောင်းမရှိက မဖြစ်၊ အကြောင်းရှိမှ ဖြစ်သော သင်္ခါရတို့၏ ဖြစ်ခြင်းကို မြင်၏၊ ဖြစ်ခြင်းရှိက နိစ္စ စစ်စစ်ဖြစ်ရကား နာမ်ရုပ်တို့၏ အကြောင်းကို ကောင်းကောင်းကြီး မြင်သော ယောဂီသည် အကျိုးနာမ်ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းတိုင်အောင် မြင်နိုင်သည်ဖြစ်၍ ယုံမှားခြင်း (၁၆) ပါး (၈)ပါး လွန်မြောက်နိုင်သည် ဖြစ်လေသောကြောင့် ကင်္ခါဝိတရဏ၏ အခြားမဲ့၌ သမ္မသန ဉာဏ်ကို သုံးသပ်နိုင်လေသည်။

## ၁၁ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ (၃) မျိုးတို့၌ အကြောင်း (၄) မျိုးစီ ပြခြင်း

အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ အကြောင်း (၄) ချက် သိရပါမည်။

ဟုတွာ အဘာဝတ္တေန အနိစ္စန္တိ ဝေဒိတဗ္ဗံ
အပရေဟိ ပိ စတူဟိ ကာရဏေဟိ အနိစ္စံ ဥပ္ပါဒဝယ
ဝန္တတော ဝိပရိနာမတော တာဝကာလိကော နိစ္စပဋိက္ခေ
ပတော တိ၊ ဒဒဒဝ ပဋိပီဠနတ္တေန ဒုက္ခံ၊ ဆဘိန္န သမ္ပဋိပီဠန
တော ဒုက္ခမတော ဒုက္ခဝတ္ထုတော သုခပဋိက္ခေပတောတိ၊
ဣမေဟိ စတူဟိ ကာရဏေဟိ ဒုက္ခံ။ အ ဝသဝတ္တနတ္တေန
ပန အနတ္တာ၊ တသ္မာ သုညတော အသာမိကတော အကာမ
ကာရိယတော အတ္တမပဋိက္ခေပတောတိ ဣမေဟိ စတူဟိ
တာရဏေတိ အနတ္တာ။ (အာယတနဝိဘင်း-ဒု၄၅)

(အနက်) ဟုတွာ၊ ဖြစ်ပေါ်လာပြီး၍။ အဘာဝတ္တေန၊ ထင်ရှား မရှိခြင်း ပျောက်ပျက်ခြင်းဟူသော အနက်သဘောကြောင့်၊ အနိစ္စန္တိ၊ အနိစ္စဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ အပရေဟိပိ၊ တစ်ပါး လည်းဖြစ်ကုန်သော။ ဥပ္ပါဒပတာဝန္တတော၊ ဖြစ်ခြင်း ပျက်ခြင်း ရှိခြင်း ကြောင့်လည်းကောင်း။ ဝိပရိဏာမတော၊ ဖောက်ပြန်ခြင်းကြောင့် လည်းကောင်း၊ တာဝ ကာလိကတော၊ အခိုက်အတန့်အားဖြင့် ဖြစ်ခြင်းကြောင့်လည်းကောင်း။ အနိစ္စပဋိပက္ခတော၊ အနိစ္စ၏ ဆန့် ကျင်ဘက်ဖြစ်ခြင်းကြောင့် လည်းကောင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏။ တဒေဝ၊ ထိုခန္ဓာ ၅ ပါ ရုပ်နာမ်တရား နှစ်ပါးသည်သာ လျှင်။ ပဋိပီဠ နတ္တေန၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် မနှိပ်စက်ခြင်းဟူသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။

အဘိန္န သမ္ပဋိပီဠနတော၊ အမြဲမပြတ်ဖြစ်ခြင်း ပျက်ခြင်းတို့က နှိပ် စက်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခမတော၊ သည်းခံနိုင်ခဲခြင်းကြောင့် လည်းကောင်း။ ဒုက္ခဝတ္ထုတော၊ ဒုက္ခ၏ တည်ရာဖြစ်ခြင်းကြောင့် လည်းကောင်း။ သုခပဋိက္ခေပတော၊ သုခ၏ဆန့်ကျင်ဘက် ဖြစ်ခြင်း ကြောင့် လည်းကောင်း၊ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်၊ ဒုက္ခံ၊ ဒုက္ခမည်၏။

ပန၊ ထိုမှတစ်ပါး။ အဝသဝတ္တနတ္တေန၊ မိမိအလိုသို့ မလိုက် သော အနက်သဘောကြောင့်။ အနတ္တာ၊ အတ္တမဟုတ်။ တသ္မာ၊ ထို့ကြောင့်၊ သုညတော၊ အတ္တမှကင်းဆိပ်သောကြောင့်လည်းကောင်း။

အ သာဓိကဲတော၊ အစိုးရသူ ပိုင်ရှင်မဟုတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ အ ကာမ ကာရိယတော၊ အလိုအတိုင်းမပြုအပ် သောကြောင့်လည်းကောင်း။ အတ္တ ပဋိက္ခေပတော၊ အတ္တ၏ ဆန့် ကျင်ဘက်ဖြစ်ခြင်းကြောင့် လည်းကောင်း။ ဣတိ၊ ဤသို့၊ စတုဟိ၊ လေးပါးကုန်သော။ ဣမေဟိ ကာရဏေဟိ၊ ဤအကြောင်းတို့ကြောင့်၊ အနတ္တာ၊ အနတ္တမည်၏။

## ၁၂။ အနိစ္စ အနိစ္စလက္ခဏာ၊ ဒုက္ခ ဒုက္ခလက္ခဏာ အနတ္တ အနတ္တလက္ခဏာ ယောဂီအားထင်ရှားတဲ့ တရားတို့သာရှုသင့်ပုံ

အနိစ္စ ဒုက္ခ အနတ္တ (၃)ပုဒ်၏ ဝစနတ္ထကို သိရပါမည်။

အနိစ္စ အနိစ္စလက္ခဏာ၊
ဒုက္ခ ဒုက္ခလက္ခဏာ၊
အနတ္တ အနတ္တလက္ခဏာ

(၆)မျိုးကောက်ယူပုံသိပါ။ ၎င်းနောက်ဆုံး၌

ယေပိ စ သမ္မသနုပဂါ၊ တေသုယေ ယဿ ပါကဋာဟောန္တိ
သုခေန ပဋိဂ္ဂဟံ ဂစ္ဆန္တိ၊ တေသု တေန သမ္မသနံ အာရဘိတဗ္ဗံ ။
(ဝိသုဒ္ဓိမဂ်-၃-ဒု ၂၄၄)

(အနက်) စ၊ ဆက်၍ဆိုဦးအံ့၊ ယေပိ ရူပါရူပဓမ္မာ၊ အကြင်ရုပ်နာမ်တရားတို့သည်လည်း။ သမ္မသနုပဂါ၊ အနိစ္စစသော အားဖြင့် သုံးသပ်အပ်သည်၏အဖြစ်သို့ ကပ်ကုန်၏။ (ဝါ) အနိစ္စ စသောအားဖြင့် သုံးသပ်ခြင်းငှါ သင့်လျော်ကုန်၏။ တေသု၊ ထို တရားအပေါင်းတို့တွင်။ ယေရူပါ ရူပဓမ္မာ၊ အကြင်ရုပ်နာမ်တရားတို့ သည်။ ယဿယောဂိနော၊ အကြင်တရားအားထုတ်သော ယောဂီ အား။ ပါကဋာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သုခေန၊ လွယ်ကူသဖြင့် (ဝါ) ချမ်းသာသဖြင့်။ ပဋိဂ္ဂဟံ၊ သိမ်းဆည်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေသု ရူပါရူပေသု၊ ထို ရုပ်နာမ်တရားတို့၌၊ တေနယောဂိနာ၊ ထိုတရားအားထုတ်သောယောဂီ သည်။ သမ္မသနံ၊ သုံးသပ်ခြင်းကို။ အာရဘိတဗ္ဗံ၊ အားထုတ်အပ်၏။

ယောဂီအား ထင်ရှားသည့်ရုပ်တွင် တစ်ပါးပါး၊ နာမ်မှ တစ်ပါးပါးကို ရှုပွားရမည်။

သာပိကာနံ ပန စတုန္နမ္ပိ ခာတုနံ ကေဒေသေန ပဋိဂ္ဂဟေတုံ ဝတ္တတိ၊ (သာရတ္ထဋီကာ)

သာဝကာ ဟိ စတုန္နံ ခာတူနံ ဧကဒေသ မေဝ သမ္မာသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ (မူလပဏ္ဏာသ-ဋ္ဌ-ပ ၅၄)

(အနက်) ပန၊ ထိုမှတစ်ပါး။ သာဝကာနံ၊ သာဝကတို့အား၊ စတုန္နမ္ပိစ၊ လေးပါးလည်းဖြစ်ကုန်သော။ ခာတူနံ၊ ခာတ်တို့၏။ ကေဒေသေန၊ တစ်စိပ်မျှဖြင့်။ ပဋိဂ္ဂဟေတုံ၊ သိမ်းဆည်းခြင်းငှာ (ဝါ) ဝိပဿနာရှုခြင်းငှာ၊ ဝတ္တတိ၊ သင့်၏။

ဟိ၊ မှန်၏၊ သာဝကာ၊ သာဝကတို့သည်။ စတုန္နံ ခာတူနံ၊ လေးပါးသောခာတ်တို့၏။ ဧကဒေသမေဝ၊ တစ်စိပ်မျှကိုသာလျှင်၊ သမ္မာသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။

## ၁၃။ ပရမတ် ပညတ် (၂)ပါး ခွဲခြားပုံ

ပရမတ် ပညတ်(၂)ပါး ခွဲခြားသိရန် အားထုတ်သင့်ပုံ၊

ပရမော ဥတ္တမော အတ္ထော တိ ပရမတ္ထော၊ ဓမ္မာ ယထာဘူတ သဘာဝေါ သမ္မုတိ ပန လောကဿ သာမညာ မတ္တသိဒ္ဓိ၊

(အနက်) ဓမ္မာနံ၊ ပထဝီ ဖဿ စသောတရားတို့၏။ ယထာဘူတ သဘာဝေါ၊ ဟုတ်မှန်သော သဘောသည်။ ပရမတ္ထော၊ ပရမတ္ထမည်၏။ သမ္မုတိပန၊ သမ္မုတိသစ္စာသည်ကား။ လောကဿ၊ ကမ္ဘာဦးသူ လူပညာရှိတို့၏ (ဝါ) လူအပေါင်းတို့၏။ သာမညာ မတ္တသိဒ္ဓိ၊ သမုတ်အပ်သောအမည်ဖြင့် ပြီး၏။

ခက်မာခြင်းစတဲ့ သဘောအာရုံ၌ တွေ့ထိခြင်းစတဲ့ သဘောတရားကိုကား ပျောက်ပျက်သွားသော်လည်း အမည်မပျောက်၊ အမှန်ရှိတဲ့တရားသာ ပရမတ္ထပင်ဖြစ်၏။

ယသ္မိံ ဂိန္ဒေ ဗုဒ္ဓိယာ အဝယဝ ဝိနိဗ္ဘောဂေ ကတေနတံ သမညာ သာဃဋ္ဋ ပဋ္ဌာဒိပ္ပဘေဒါ သမ္မုတိ၊ တဗ္ဗိပရိယာယ တော ပရမတ္ထော၊ န ဟိ ကက္ခဠ ဖုသနာဒိ သဘာဝေ အယံ န်ယော လဘတိ၊

(သံယုတ်ဋီကာ-ဒု ၉၁)

**(အနက်)** ယသ္မိံ၊ အကြင်အိုး ပုဆိုးစသော သဘောသည် ဘိန္ဒေဝါ၊ ကွဲပြိုပျက်စီးလပ်သော် လည်းကောင်း။ ဗုဒ္ဓိယာ၊ အသိ ဉာဏ်ဖြင့်၊ အဝယဝ ဝိနိဗ္ဘောဂေ၊ အစိပ်စိပ်ခွဲခြမ်းခြင်းကို၊ ကတေဝါ၊ ပြုအပ်ပြီးသော်လည်းကောင်း။ တံသမညာ၊ ထို အိုး ပုဆိုးစသော အမည်သည်၊ နပဟောတိ၊ မထင်။

ဃဋပဋာဒိ ဒိပ္ပဘေဒါ၊အိုး ပုဆိုးစသော အထူးအပြားရှိသော သာသမ္မုတိ၊ ထိုသမုတ်အပ်သောပညတ်သာတည်း။ တဗ္ဗိပရိယာယ တော၊ ထိုပညတ်၏သဘောမှ ဖောက်ပြန်သောအားဖြင့်(ဝါ) ပြောင်း လဲသောအားဖြင့်။ ပရမတ္ထော၊ ပရမတ်မည်၏။ ဟိ၊ မှန်၏။ ကက္ခဠ ဖုသနာဒိ သဘာဝေ၊ ခက်မာခြင်း သဘောအာရုံကို တွေ့ထိခြင်း သဘော၌၊ အယံနယော၊ ဤဆိုအပ်ခဲ့ပြီးသော သဘောကို။နလဘတိ၊ မရအပ်။

သမ္မုတိသစ္စာဟူသော ပညတ်ကား၊ ကွဲပြားမယ် ပျက်စီးသွား မယ်ဆိုလျှင် ဝင်းအသိဉာဏ်ဖြင့် အစိပ်စိပ် ခွဲခြမ်းလိုက်လျှင် လည်း ကောင်း၊ အမည်ရင်းပျောက်သွားတတ်၏၊ အိုး ပုဆိုးစသောအမည် မျိုးကား ပညတ်ခေါ်၏။ ပရမတ္ထကား ဟုတ်မှန်သော အနက် သဘော (အချုပ် ဝိဏ္ဏတ္တကား) ရုပ်နာမ်တို့၏ ဟုတ်မှန်သော သဘောကား ပရမတ္ထလောက ဝေါဟာရအမည်မျှကား ပညတ်။

## ၁၄။ တစ်နည်း ပရမတ် ပညတ်ယှဉ်ဆပုံသဘော

ပရမော ဥတ္တမော အဝိပရိခတော အတ္တော တိ ပရမတ္ထော။

(ဋီကာကျော် ၁)

မဒေဖာက်မပြန် မှန်သော အနက်သဘောကား ပရမတ်၊ ပရမော ဥတ္တမော သတ္တ ပစ္စက္ခော အတ္တော တိ ပရမတ္တော၊
(ကထာဝတ္ထု အဋ္ဌကထာနှင့် အညီ)

ကိုယ်တိုင် တွေ့မြင်နိုင်သော အနက်သဘောကား ပရမတ်။ ပရမတ္ထောတိ မနုဿ ဝါဒိ ဝသေန အဂ္ဂဟေတဗ္ဗော ဥတ္တမတ္ထော၊
(ဇုင်းအဋ္ဌကထာ(၁၁၂)

တဆင့်ကြားအပ်သောအာရုံ၊ ကြံစည်စဉ်းစားတွေးဆအပ်သော အာရုံစသည်တို့ကား ပရမတ်မဟုတ်။

သမ္မုတိပညတ် သဏ္ဌာနပညတ်သာတည်း။

အကျယ်ကိုမူ ဝိပဿနာရှုနည်းကျမ်း-ပ-(၁၃၇)

## ၁၅။ အဆင်းရုပ် စသည်ဉာဏ်၌ ပရမတ် ပညာတ်သိပုံ

ရှေ့စိတ် နောက်စိတ် ထူးပုံကို ယောဂီပုဂ္ဂိုလ်တို့သာ ဉာဏ်ဖြင့် သိနိုင်ကြ၏။ ရှေ့စိတ် နောက်စိတ် ထူးခြားပုံမသိကြသော သာမန် ပုထုဇဉ်ပုဂ္ဂိုလ်တို့မှမူ တစ်ခါတည်းစိတ်တစ်ခုတည်းဖြင့် သိကုန်၏ဟု မှတ်ထင်ကြကုန်၏။

မျက်စိဖြင့် အဆင်းကိုမြင်သည်။ မြင်ပြီးသည်မှ နောက်၌ မနောဒွါရဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး၊ အရှည်အတို အလုံးအပြား ယောကျ်ားမိန်းမ စသည်ဖြင့် သိရ၏ ဆုံး ဖြတ်၏။

စက္ခုဝိညာဏဿ တိ ရူပေ အဘိနိပါတမတ္တံ ကိစ္စံ နအာဝိပ္ပါယ သဟဘူနေ လေန ဝိကာရဿ ဂဟဏံ။ စိတ္တဿ ပန လဟု ပရိဝတ္တိတာယ စက္ခုဝိညာဏ ဝိထိယာ အနန္တရံ မနောဝိညာ ဏေန ဝိညာတမ္ပိ လေန် စက္ခုနာ ဒိဋ္ဌံမိမညန္တိ၊ အဝိသေသ ဝိဒုနော။ (ဓမ္မသင်္ဂ မူလဋီကာ(၇၂)

**(အနက်)** ရူပေအဘိနိပါတမတ္တံ၊ အဆင်း၌ ရှေးရှုကြရုံမျှသည်(ဝါ) အဆင်းကိုမြင်ရုံမျှသည် စက္ခုဝိညာဏသဃာတိခံ၊ မြင်သောစိတ်ကိစ္စတည်း။ အဓိပ္ပါယ သဟဘာဝနော လေက္ခ ဝိဟာရ အလိုနှင့်တကွဖြစ်သော လှုပ်ရှားမှုအမူအရာအထူးကို။ ဂဟဏံ၊ ယူခြင်း၊ သိခြင်းသည်။ န၊ မြင်သောစိတ်၏ ကိစ္စမဟုတ်ပေ။

ပန၊ သို့သော်လည်း။ စိတ္တဿ၊ စိတ်၏။ လဟုပရိဝတ္တိတာယ၊ လျှင်သောအပြန်ရှိခြင်းကြောင့်၊ စက္ခုဝိညာဏ ဝိထိယာနန္တရံ၊ မြင်သောစိတ်အစဉ်၏ အခြားမဲ့၌။ မနောဝိညာဏေန ဝိညာဏံပိ စလနံ၊ ကြံစည်သော မနောဝိညာဏ်ဖြင့် သိအပ်သောလှုပ်ရှားမှုကိုလည်း၊ စက္ခုနာဒိဋ္ဌံ ဝိယ၊ မျက်စိဖြင့် မြင်အပ်သကဲ့သို့၊ အဝိသေသ ဝိဒူနော၊ ရှေ့စိတ်နောက်စိတ်အထူးကို မသိသော သာမန် ပုထုဇဉ်တို့သည်၊ မညန္တိ၊ ထင်ကုန်၏။

ဝဏ္ဏံ ပထမ စိတ္တေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။
သဒ္ဒံ ပထမ စိတ္တေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

(ပရမတ္ထ သရူပဘေဒနီ-ဒု(၃၀၃)

**(အနက်)** ဝဏ္ဏံ၊ ပစ္စုပ္ပန်ရူပါရုံကို။ ပထမစိတ္တေန၊ စက္ခုဒွါရိက ပထမစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အတီတံ၊ အတိတ်ဖြစ်သောရူပါရုံကို ဒုတိယစေတသာ၊ နှစ်ခုမြောက်သော တဒနုဝတ္တက မနောဒွါရဖြင့်၊ ဇာနာတိ၊ သိ၏။ နာမံ၊ အမည်ပညတ်ကို တတိယစိတ္တေန၊ သုံးခုမြောက်သော ယုဒ္ဓမနောဒွာရိကစိတ်ဖြင့်၊ ဇာနာတိ၊ သိ၏။

အတ္ထံ၊ သဒ္ဒပညတ်ကို၊ စတုတ္ထစေတသာ၊ စတုတ္ထမနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ၊ သိ၏၊ သဒ္ဒံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို၊ ပထမစိတ္တေန၊ သောတဒွါရိက ပထမစိတ်ဖြင့်၊ ဇာနာတိ၊ သိ၏။ အတီတံ၊ အတိတ်ဖြစ်သောသဒ္ဒါရုံကို၊ ဒုတိယစေတသာ၊ နှစ်ခုမြောက်သော တဒနုဝတ္တက မနောဒွါရရှိတ်ဖြင့် ဇာနာတိ၊သိ၏။ နာမံ၊ အမည်ပညတ်ကို၊ တတိယစိတ္တေန၊ သုံးခုမြောက် သုဒ္ဓမနောဒွါရိကစိတ်ဖြင့်၊ ဇာ

နာတိ၊ သိ၏။ အတ္ထံ၊ အတ္ထပညတ်ကို၊ စတုတ္ထစေတသာ၊ လေးခုမြောက် သုဒ္ဓမနောဒွါရိကစိတ်ဖြင့်၊ ဇာနာတိ၊သိ၏။

### ၁၆။ ပရမတ္ထသစ္စာ၊ သမုတိသစ္စာ(၂)မျိုးဟောပုံ

ပရမတ္ထသစ္စာ သမုတိသစ္စာ (၂)မျိုးခွဲ၍သိရမည်။
ဒုဝေ သစ္စာနိ အက္ခာသိ။ သမ္ဗုဒ္ဓေါ ဝဒ တံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။
(မူ-ပံ-ဌ၁၄၂)

**(အနက်)** ဝဒတံ၊ ဆိုတော်မူတတ်သော ပုဂ္ဂိုလ်တို့ထက်၊ ဝရော၊မြတ်တော်မူသော၊ သမ္ဗုဒ္ဓေါ၊ ဘုရားရှင်သည်၊ သမ္မုတိံ စ၊ သမုတိသစ္စာကိုလည်းကောင်း ပရမတ္ထဉ္စ၊ ပရမတ္ထသစ္စာ ကိုလည်းကောင်း၊ ဣတိ၊ဤသို့၊ ဒုဝေသစ္စာနိ- သစ္စာနှစ်ပါးတို့ကို၊ အက္ခာသိ ဟောကြားတော်မူလေပြီ၊ တတိယံ၊ သုံးခုမြောက်သောသစ္စာကို၊ နုပလဗ္ဘတိ၊ မရအပ်ပေ။

သင်္ကေတ ဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏာ၊
ပရမတ္ထ ဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတ ကာရဏာ။
(မူလ-ပံ-ဌ ၁၄၃)

**(အနက်)** ဟိသစ္စံ၊ မှန်၏။ လောကသမ္မုတိ ကာရဏာ၊ ကမ္ဘာဦးသူလူပညာရှိတို့သမုတ်အပ်သောအကြောင်းကြောင့်၊ သင်္ကေတ ဝစနံ၊ သင်္ကေတစကားသည်၊ သစ္စံ၊မှန်၏။ ဓမ္မာနံ၊ သဘောတရားတို့၏၊ ဘူတ ကာရဏာ၊ ဟုတ်မှန်သော အကြောင်းကြောင့်၊ ပရမတ္ထဝစနံ၊ ပရမတ်စကားသည်။ သစ္စံ၊မှန်၏။

သမုတိသစ္စာနယ်၌ ပုဂ္ဂိုလ် သတ္တဝါ စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုရာ၌ မုသားမဖြစ်။

ဇနပဒ နိရုတ္တိံ နာဘိနိဝေသေယျ သမညံ နာတိ ဓာဝေယျ။
(ဥပရိပဏ္ဏာသ-ပါ-အရဏဝိဘင်္ဂသုတ် ၂၇၃)

(အနက်) ဇနပဒ နိရုတ္တိံ၊ ဇနပုဒ်သားတို့၏ ဘာသာစကား သဒ္ဒါစကားကို။ နာဘိနိဝေသေယျ၊ မှားသောအားဖြင့် နှလုံး မသွင်းရာ။ သာမညံ၊ လောကသမုတိအမည်ကို။ နာတိဓာဝေယျ၊ လွန်၍မသွားစေရာ၊

ပစ္စတ္တပုရိသ ကာရဏာ၊ အသီးသီးသော ယောကျ်ားမြတ်တို့ ပြုလုပ်အပ်သော အားထုတ်မှု၏အကျိုးကို ပြဆိုခြင်း၌ (ဇနက္ကမင်း၊ ရှဉ့်မင်း၊မျောက်မင်း၊ ပဉ္စာဝုဓမင်းသား စသည်တို့ကို ထုတ်၍သိပါလေ)။

ဆောင်ပုဒ်။ ။ဟီနေ့ာတ္တပ၊ ကမ္မသကာ၊ ပစ္စတ္တာ၊ အာနန်-ပြဟ္မံ၊ ပုဗ္ဗေ ဒက္ခိဏေ သမ္မုတိ မှတ်ဘိ ပုဂ္ဂလ ဂါထာ ဟောကြောင်းတည်း၊

(ဤအကြောင်း (၈)ပါးပြ- ၎င်းမူလပဏ္ဏာသ အဋ္ဌကထာ ၁၄၃ အနက်နိသုတ်တွင်) ဟီရိ ဩတ္တပ္ပကို ပြရာ၌ လည်းကောင်း၊ ကမ္မသကတညာဏ်ကိုပြရာ၌ လည်းကောင်း၊ အနန္တရိယကံကို ပြရာ၌ လည်းကောင်း၊ ဗြဟ္မဝိဟာရ(၄)ပါးကိုပြရာ၌လည်းကောင်း၊ ပုဗ္ဗေ နိဝါသ အဘိညာဉ်ကိုပြရာ၌လည်းကောင်း၊ ဒက္ခိဏာဝိသုဒ္ဓိ (၄)ပါးကိုပြရာ၌လည်းကောင်း၊ လောကသမုတိကို မပယ်ခြင်း အကျိုးငှါ လည်းကောင်း ပုဂ္ဂလကထာကို ဟောတော်မူပါသည်။

တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ စိတ္တံ စေတသိက သင်္ခါတာ၊ စတ္တာရော အရူပိနောခန္ဓာ နိဗ္ဗာန ဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိစ နာမန္တိစ ပဝုစ္စတိ။

တတော အဝ သေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ ပညာပနတော ပညတ္တီတိစ ဒုဝိဓာ ဟောတိ။

ကထံ တံတံ ဘူတဝိပနာမာ ကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ သမ္ဘာရ သန္နိဝေသာ ကာရမုပါဒါယ ဂေဟ ရထ သကဋာဒိကာ၊ ခန္ဓပဉ္စက မုပါဒါယ ပုရိသ ပုဂ္ဂလာဒိကာ၊ စန္ဒာဝဋ္ဋနာဒိက မုပါဒါယ ဒိသာကာလာဒိကာ၊ အသမ္ဖုဋ္ဌာ ကာရမုပါဒါယ ကူပ ဂူဟာဒိကာ၊ တံ တံ

ဘူတာ နိမိတ္တံ ဘာဝနာ ဝိသေသဿ ဥပါဒါယ ဂသိကာ နိမိတ္တာ ဒီကာ စေတိ ဝေမာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇာမာနာပိ အတ္ထစ္ဆာ ယာကာရေန စိတ္တုပ္ပါဒါန မာရမ္မဏဘူတာ တံတံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟာရိယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ။

(အနက်) တတ္ထ၊ ထိုပညတ် နာမ်ရုပ်တို့တွင်။ ရူပဓမ္မာ၊ ရုပ်တရားတို့ဟူ၍၊ ရူပက္ခန္ဓောဝ ရူပက္ခန္ဓာဖြင့်သည်း၊ စိတ္တ စေတသိက သင်္ခတာ၊ စိတ်စေတသိက်ဟု ဆိုအပ်ကုန်သော၊ စတ္တာရော လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော၊ ခန္ဓာ၊ ခန္ဓာတို့လည်းကောင်း။ နိဗ္ဗာနံစ၊ နိဗ္ဗာန်လည်းကောင်း၊ ဣတိ။ ဤသို့။ ပဉ္စဝိဓမ္ပိ၊ ၅ ပါး အပြား ရှိသည်လည်း ဖြစ်သောတရားကို၊ အရူပန္တိစ၊ အရူပ ဟူ၍လည်းကောင်း။ နာမံဝိစ၊ နာမဟူ၍လည်းကောင်း။ ပဝုစ္စတိ၊ ဆိုအပ်၏။ တတော၊ ထိုရုပ်နာမ်မှ။ အဝသေသာ၊ ကြွင်းသော။ ပညတ္တိပန၊ ပညတ်သည်ကား။ ပညာပိယတ္တာ၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်၊ ပညတ္တိ၊ အတ္ထပညတ် လည်းကောင်း၊ ပညာပနတော၊ အပြားအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့်၊ ပညတ္တိစ၊ သဒ္ဒပညတ် လည်းကောင်း။ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါး အပြားရှိသည်၊ ဟောတိ၊ ဖြစ်၏။

ကထံ၊ ပညတ်နှစ်ပါး အဘယ်သို့ပြားသနည်း။

(၁) တံတံဘူတာ ဝိပရိနာမာကာရံ၊ ထိုထိုပထဝီ စသော မဟာဘုတ်တို့၏ အထူးထူး အဖုံဖုံထက် ဝန်းကျင် ညွတ်ကိုင်းလျှက် တည်နေပုံ အချင်းအရာကို၊ ဥပါဒါယ၊ ရှေ့ဦးစွာ ကပ်ယူ၍ (ဝါ) စွဲ၍၊ တထာ တထာ၊ ထိုထိုဘူမိ ပဗ္ဗတ၊ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော။ ဘူမိပဗ္ဗတာ ဒိကာ၊ ဘူမိ ပဗ္ဗ၊ အစရှိသော သဏ္ဌာန ပညတ် လည်းကောင်း။

(၂) သမ္ဘာရ သန္နိဝေသာကာရံ၊ သစ်သားစသော အဆောက် အဦးတို့၏ တည်နေပုံ အချင်းအရာကို၊ ဥပါဒါယ၊ စွဲ၍၊ တထာ

တထာ၊ ထိုထိုဂေဟ ရထ သကဋ၊ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ ခေါ်ဝေါ်ပညတ်၊ သမုတ်အပ်သော။ ဂေဟ ရထ သကဋာဒိကာ၊ ဂေဟ ရထ သကဋ၊ အစရှိသော သမူဟပညတ် လည်းကောင်း။

(၃) ခန္ဓပဉ္စကံ၊ ခန္ဓာ ၅ ပါး အပေါင်းကို၊ ဥပါဒါယ၊ စွဲ၍၊ တထာတထာ၊ ထိုထို ပုရိသ ပုဂ္ဂလ၊ အစရှိသော အပြားအားဖြင့်။ ပညတ္တာ၊ ခေါ်ဝေါ်ပညတ်သမုတ်အပ်သော။ ပုရိသ ပုဂ္ဂလာ ဒိကာ၊ ပုရိသ ပုဂ္ဂလ၊ အစရှိသော သတ္တပညတ် လည်းကောင်း။

(၄) စန္ဒာဝဋ္ဋနာဒိကံ။ လ နေ နက္ခတ်တို့၏၊ မြင်းမိုတောင်ကို လကျာရစ်လည်လျှက် ထွက်ပုံ ဝင်ပုံ အစရှိသည်ကို၊ ဥပါဒါယ၊ စွဲ၍။ တထာတထာ၊ ထိုထို ဒိသာ၊ ကာလအစရှိသော အပြားအားဖြင့် ပညတ္တာ၊ ပညတ်အပ်သော။ ဒိသာကာလာဒိကာ၊ ပုဗ္ဗဒိသာ အစရှိသော ဒိသာပညတ်၊ ပုဗ္ဗဏှ အစရှိသော ကာလပညတ် လည်းကောင်း။

(၅) အသမ္ဖုဋ္ဌာကာရံ၊ မဟာဘုတ်ခြင်း မထိမစပ်ပုံ အချင်းအရာကို။ ဥပါဒါယ၊ စွဲ၍။ တထာတထာ၊ ထိုထို ကူပ ဂူဟာ၊ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ၊ ပညတ်အပ်သော။ ကူပဂူဟာဒိကာ၊ ကူပ၊ ဂူဟာ အစရှိသော အာကာသ ပညတ်လည်းကောင်း၊

(၆) တံတံဘူတ နိမိတ္တံ၊ ပထဝီကသိုဏ်း အစရှိသော ထိုထို မဟာဘုတ် အာရုံကို လည်းကောင်း။ ဘာဝနာဝိသေသံ၊ ပရိကမ္မဘာဝနာ အစရှိသော ဘာဝနာအစဉ်အထူးကို လည်းကောင်း။ ဥပါဒါယ၊ စွဲ၍။ တထာတထာ၊ ထိုထို ကသိဏ နိမိတ္တ အစရှိသော အပြားအားဖြင့်၊ ပညတ္တာ၊ ပညတ်အပ်သော၊ ကသိဏနိမိတ္တာ ဒိကာစ၊ ကသိုဏ်း ပညတ် ပရိကမ္မနိမိတ် အစရှိသော နိမိတ္တပညတ် လည်းကောင်း၊၊ဣတိ ဧဝမာ ဒိပ္ပဘေဒါပန၊ ဤသို့အစရှိသော အနက်ကို ကား။ ပရတ္ထတော၊ ပရမတ္ထအားဖြင့်။ အဝိဇ္ဇမာနာပိ၊ ထင်ရှားမရှိသော်လည်း၊ အတ္ထစ္ဆာယာကာရေန၊ မဟာဘုတ်စသော ပရမတ္ထတို့၏ အရိပ်အရောင်ဖြစ်သော အချင်းအရာအားဖြင့်၊ စိတ္တုပ္ပါဒါနံ၊ စိတ်

စေတသိက်တို့၏။ အာရမ္မဏာဘူတာ၊ အာရုံဖြစ်၍ ဖြစ်သည့် လည်းကောင်း။ တံတံ၊ ထိုထိုအရာဝတ္ထုကို။ ဥပါဒါယ၊ စိတ်ဖြင့်ကပ်ယူ၍ (ဝါ) စွဲ၍၊ ဥပနိဓာယ၊ ထောက်စာ၍။ ကာရဏံ၊ ပညတ်ခြင်း၏ အကြောင်းကို၊ ကတွာ၊ ပြု၍၊ တထာတထာ၊ ထိုထိုအပြားအားဖြင့်၊ ပရိကပ္ပိယမာနာ ၊ ကြံဆ၍ ယူအပ်သည့် လည်းကောင်း။ ဟုတွာ၊ ဖြစ်၍ (ဝါ) ဖြစ်ခြင်းကြောင့်။ သင်္ခါယတိ၊ကောင်းစွာ ပြောဆိုအပ်၏၊ သမညာယတိ၊ အညီအမျှ သိအပ်၏။ ဝေါဟာရီယတိ၊ ဝေါဟာ သုံးစွဲအပ်၏။ ပညာပီယတိ၊ အပြားအားဖြင့် သိစေအပ်၏၊ ဣတိ၊ ထို့ကြောင့်၊ ပညတ္တီတိ၊ ပညတ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏၊

(လက်သန်းအဋ္ဌ-၁၄၂)

## ပညတ်တရားကား ဖြစ်ပျက်မရှိ

**စိတ္တမယော စိတ္တနိမ္မိတော**

(ပရမတ္ထ ဒီပနီ-၁၅)

**(အနက်)** စိတ္တမယော၊ စိတ်ဖြင့်ပြီး၏။ စိတ္တနိမ္မိတော၊ စိတ်ဖြင့် ဖန်ဆင်းအပ်၏။

## ၁၀၊ သင်္ခတပရမတ်-အသင်္ခတပရမတ်ခွဲပုံ

စိတ်စေတသိက်ရုပ်တို့ကား သင်္ခတပညတ်၊နိဗ္ဗာန်ကားအသင်္ခတ ပညတ်။

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ။ သင်္ခတလက္ခဏာနိ ကတမာနိ တီဏိ။

ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ ဌိတဿ အညထတ္တံ ပညာယတိ၊

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတ လက္ခဏာနိ ကတမာနိ တီဏိ၊

န ဥပ္ပါ ဒေါ ပညာယတိ နဝယော ပညာယတိ န ဌိတဿ အညထတ္တံ ပညာယတိ။

**စကားပြေ။** ရဟန်းတို့ သင်္ခတတရား၏ သင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤ (၃) မျိုး တို့တည်း၊ အဘယ် (၃)မျိုးတို့ နည်းဟူမူ ဖြစ်ခြင်းဥပါဒါလက္ခဏာသည် ထင်ရှား၏။ ပျက်ခြင်းဘင်လက္ခဏာသည် ထင်ရှား၏။ ဥပါဒါအခိုက်အတန့်၏ ပြောင်းလဲခြင်း ဌီလက္ခဏာသည် ထင်ရှား၏။ ရဟန်းတို့ သင်္ခတတရား၏ သင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤ (၃)မျိုးတို့ပေတည်းဟု မိန့်တော်မူ၏။

ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည်ဤ(၃)မျိုးတို့တည်း၊အဘယ်(၃)မျိုးတို့နည်းဟူမူ၊ ဖြစ်ခြင်း ဥပါဒါလက္ခဏာသည် မထင်ရှားပေ၊ ဖြစ်ပျက်ခြင်းဘင်လက္ခဏာသည် မထင်ရှားပေ၊ ဥပါဒါ အကိုအတန့်၏ ပြောင်းလဲခြင်း ဌီလက္ခဏာသည် မထင်ရှားပေ၊ ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤ(၃) မျိုးတို့ ပေတည်းဟု မိန့်တော်မူ၏။

(အံ-ပါ-တိကနိပါတ်-၁၅၀)

## ၁၀။ ဇာတိ ဇရာ မရဏ (၃)မျိုး ခွဲခြားပုံ

ဥပါဒါ ဌီ ဘင် ဖြစ် တည် ပျက် (၃)ပါးကို ပဋိစ္စသမုပ္ပါဒ်ဝိဘင်း၌ ဇာတိ ဇရာ မရဏ ဟူ၍ ဟောတော်မူသည်။ ဓာတုကထာကျမ်း၌ ရုပ်ဇာတိက ရုပက္ခန္ဓာ၊ နာမ်ဇာတိက သင်္ခါရက္ခန္ဓာ၊ ရုပ်နာမ် ဇရာမရဏက ဓမ္မာယတန၊ ရုပ်နာမ် မရဏ (၂)မျိုးက ဓမ္မဓာတ်ဟူ၍ ဟောတော်မူသည်၊ ဇာတိ ဇရာ မရဏ (၃)ပါးကို သမုတိသစ္စာ၊ ပရမတ္ထသစ္စာ (၂)မျိုးခွဲပြီး၊ ၎င်းနည်း (၃)ပါးကို ရန်သူ (၃)ယောက်နှင့် တူပုံကို သဘောပေါက်အောင် သိရမည်။

ဥဒယဗ္ဗယဉာဏ်၏ ရင့်သန်စခြင်းအကျိုး ရှိ၏။

## ၁၉။ မဂ်ဖိုလ် ရထိုက်သူပင် ပါပမိတ္တ ကိရိယာနိတို့ကြောင့် ယခုဘဝ မဂ်ဖိုလ်ကို မရနိုင်ပုံ

မဇ္ဈိမ ပဏ္ဏာသ ကန္ဒရသုတ် အဖွင့်၊ အဋ္ဌကထာ (၇)၌

(၁) ပါပမိတ္တ အဇာတသတ်မင်း ကဲ့သို့ ယုတ်မာသော အဆွေခင်ပွန်း ဆည်းကပ်ခြင်း။

(၂) ကိရိယပရိဟာနိ ဒေသနာကိရိယ ပရိဟာနိ ဟောပြောမဲ့ ပုဂ္ဂိုလ်၏ အမှုအရာယုတ်လျော့ခြင်း အရှင်သာရိပုတ္တရာ မထေရ်၏ ဓနဉ္ဇာနီ ပုဏ္ဏားကို ဟောခြင်းမျိုး။

(၃) ပုဂ္ဂလ ကိရိယာ ပရိဟာနိ နာယူသော ပုဂ္ဂိုလ်၏ အမှုအရာ၏ ယုတ်လျော့ခြင်း။

ဆင်ထိမ်း၏သားပေဿကဲ့သို့ ရိုသေစွာ မနာခြင်း (၂) မျိုး၊

မဂ်ဖိုလ်ရထိုက်သူ ဖြစ်သော်လည်း ဤအကြောင်း (၂) ပါးကြောင့် မရနိုင်ခြင်း။

ထိုအကြောင်းမှပြန်၍ ယထာဘူတ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

(မဟာနိဒ္ဒေသ)

**(အနက်)** ယထာဘူတ ဉာဏာယ၊ ယထာဘူတဉာဏ် အလို့ငှာ (ဝါ) ဟုတ်မှန်တိုင်း သိသောဉာဏ်၏ အလို့ငှာ။ သတ္ထာ၊ ဆရာကို။ ပရိယေသိတဗ္ဗော၊ ရှာမှီးအပ်၏။ ကလျာဏမိတ္တကို ဆည်းကပ်ရမည်။

ဒွေ မေ ဘိက္ခဝေ ပစ္စယာ သမ္မာဒိဋ္ဌိယာ ပရတော ဃောသော စ ယောနိသော စ မနသိကာရော။

(အံ-ဒု (၈၇) ပေဋကောပဒေသ-ပါ-၁၆၇)

**(အနက်)** ပရတောစ ဃောသော၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အထံမှ တရားနာရခြင်း လည်းကောင်း၊ ယောနိသောစ

မနသိကာရော၊ အသင့်အတင့် နှလုံးသွင်းခြင်း လည်းကောင်း၊ ဣတိ၊ ဤသို့၊ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ပစ္စယာ၊ အကြောင်းတို့သည်၊ ဣမေဒွေ၊ ဤ (၂) ပါးတို့တည်း။

## ၂၀။ ပဓာနိယ အင်္ဂါ (၅) ပါး

ဆောင်-ယုံကြည်ဖြောင့်စင်း၊ ကျန်းမာခြင်းနှင့်၊ထိုးထွင်းမြင်သိ
လုလ္လရှိ၊ ပဓာနိယ အင်္ဂါ(၅) ပါးတည်း။

ဗောဓိ မင်းသားအား ဟောတော်မူသည်။
(မဇ္ဈိမပံ ပါ-၂၉၈)

## ၂၁။ သောတာပန် ဖြစ်ရန် အင်္ဂါ(၄) ပါး

ယောနိသော မနသိကာရောဠ် မနသိကာရ စေတသိက်ကား အာရမ္မဏ ပဋိပါဒက မနသိကာရ၊

မနောဒွာရ ဝဇ္ဇန်းကား ဇဝန ပဋိပါဒက မနသိကာရ၊
ပဉ္စဒွါရဝဇ္ဇန်းကား ဝီထိပဋိပါဒက မနသိကာရ။
ဗောဟကား အယောနိသောမနသိကာရ၊
အနုပါယ မနသိကာရ၊ ဥပ္ပါက မနသိကာရ၊
ပညာကား ယောနိသောမနသိကာရ၊ ပထမနသိကာရ(၃) မျိုးရှိ၏၊
စတ္တာရိ သောတာပတ္တိယင်္ဂါနိ သပ္ပုရိသ သံသေ ဝေါ သဒ္ဓမ္မဿဝဏံ။
ယောနိသော မနသိကာရော၊ ဓမ္မာနု ဓမ္မပဋိပတ္တိ၊
(ပါထိက-ပါ-သင်္ဂီတိသုတ်-၁၉၀)

(**အနက်**) သောတာပတ္တိယင်္ဂါနိ၊သောတာပတ္တိမဂ်ကို ရခြင်း၏ အကြောင်းတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ စတ္တာရိ၊ လေးပါးဟူသည်၊ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ သပ္ပု

ရှိသ သံသေဝေါ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ကို ဆည်း ကပ်မှီဝဲခြင်း လည်းကောင်း။ သဒ္ဓမ္မဿဝနံ၊ သပ္ပါယဖြစ်သော တိပိဋကဓမ္မကို မှတ်နာခြင်း လည်းကောင်း။ ယောနိသောမနသိကာ ရော၊ အနိစ္စ စသော အစွမ်းဖြင့် အသင့်နှလုံးသွင်းခြင်း လည်းကောင်း။ ဓမ္မာနု ဓမ္မပဋိပတ္တိ၊ လောကုတ္တရာ တရားအားလျော်သော ပုဗ္ဗဘာဂ ပဋိပဒါကို ကျင့်ခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးတို့တည်း။

## ၂၂။ တရားကိုသာ ကျိုးစားသင့်ပုံ

ယခုအခါ ယောဂီများမှာ ဤအင်္ဂါများနှင့် ပြည့်စုံပြီးသား ဖြစ်ကြသည့်အတွက် ထက်သန်သော သဒ္ဓါ ပညာ ဝီရိယတို့ဖြင့် ကျိုး စားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ပဓါနိယ အင်္ဂါ (၅) ပါးသောတာပန် ဖြစ်နိုင်ခြင်း၊ အင်္ဂါ (၄) ပါးတို့နှင့် ပြည့်စုံစေပြီးသည့်နောက် သဒ္ဓါ ပညာ ထက်သန် စွာဖြင့် ရုပ်တရား နာမ်တရားတို့၏ သဘာဝကို ပိုင်ပိုင်နိုင်နိုင်သိပြီး ဖြစ်ပေါ်လာပြီး ပျောက်ပျက်နေတာကို အာရုံစိုက်လျက် သတိဝိရိယ ထားကာ ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထ ပသုတော သိယာ။

(ဓမ္မပဒ-၄၄-ဒု-၁၀၂)

**(အနက်)** ဗဟုနာပိ၊ များစွာလည်း ဖြစ်သော။ ပရတ္ထေန၊ သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်သဖြင့်။ အတ္တဒတ္ထံ၊ မိမိအကျိုး စီးပွားကို။ န ဟာ ပ ယေ၊ မဆုပ်ယုတ်စေရ။ အတ္တဒတ္ထံ၊ မိမိအကျိုး မိမိကိစ္စကို။ အဘိညာယ၊ သိ၍။ သဒတ္ထပသုတော၊ မိမိအကျိုး မိမိ ကိစ္စ၌ လုံးလပြုသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟော တော်မူ၏။

## ၂၃။ ဝိပဿနာ အားထုတ်ခြင်း အလုပ်ဆိုသည်မှာ

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အစရှိသော အရိယာ ပုဂ္ဂိုလ်မြတ်တို့ ကျင့်သုံးသွားကြသည့် ထုံးဟောင်းလမ်းဟောင်း အမြတ်ဆုံး အလုပ်ဖြစ်၏။ ထို့ကြောင့် အို သူတော်ကောင်း သင်မပျင်းနဲ့ ဗုဒ္ဓုပ္ပါဒ နဝမခေတ် အခွင့်ကောင်း ကြုံတဲ့အခိုက် လသာတုန်းဗိုင်းငင်ဆိုသလို ကြိုးစားပါ။ အကယ်၍ ပေါ့ပေါ့ဆဆ နေလိုက်ပါက တရားစကား နားမထောင်ရာ ရောက်တော့မည်။ ဘုရားကို တော်လှန်ရာ ရောက်တော့မည်ဟု မိမိကိုယ်ကို အားပေးရမည်။

(အရှင်ဘဒ္ဒိယ မထေရ် ဝတ္ထု)

ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ
အာရဒ္ဓ ဝိရိယောစ ခေါ ဘိက္ခဝေ သုခံ ဝိဟရတိ။

(သုတ္တသင်္ဂဟ-ပါ-၁၉၀)

(အနက်) ဘိက္ခဝေ၊ ရဟန်းတို့၊ သဗ္ဗညာတော၊ ကောင်းစွာ ဟောတော်မူအပ်သော၊ ဓမ္မေ၊ တရားတော်၌။ အာရဒ္ဓဝိရိယောစ၊ အားထုတ်အပ်သော ဝိရိယရှိသောသူသည်လည်း။ သုခံ၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုသီတော၊ ပျင်းရိသောသူသည်။ ဒုက္ခံ၊ ဆင်းရဲစွာ၊ ဝိဟရတိ၊ နေရ၏။

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ
ကလျာဏ ကာရီ ကလျာဏံ၊ ပါပ ကာရီစ ပါပကံ။

(နေတ္တိ-ဌ-၁၆၀)

(အနက်) ယာဒိသံ၊ အကြင်သို့သော သဘောရှိသော၊ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုမျိုးစေ့နှင့် တူသော။ ဖလံ၊ အသီးကို။ လဗ္ဘတေ၊ ရ၏။ ကလျာဏကာရီ၊ ကောင်းသော ကုသိုလ်အမှုကို ပြုလေ့ရှိသောသူသည်၊ ကလျာဏံ၊ ကောင်းသောအကျိုးတရားကို။ လဗ္ဘတေ၊ ရ၏။ ပါပကာရီ၊ မကောင်းသော ဒုစရိုက်အမှုကို ပြုလုပ်လေ့ ရှိသောသူသည်။ ပါပကံ၊ မကောင်းသောအကျိုးကို၊ လဗ္ဘတေ၊ ခံစားရ၏။

## ၂၄။ မူလ (၂) ပါးသစ္စာ၌ တဏှာပဓာန

အဝိဇ္ဇာက နေနှင့်တူသည်။
တဏှာက ဥယျာဉ်မှူးနှင့်တူသည်။
ကံတရားက မျိုးစေ့နှင့်တူသည် (ပရမတ္ထ ဒီပနီ)။
ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ ပဓာန။

သစ္စာ၌ တဏှာ ပဓာန ဖြစ်ပုံကို မဏ္ဍာတုစကြာမင်း၏ ဝတ္ထုကို သိပါလေ။

တဏှာဝသန္တော တဏှာအလိုသို့ မလိုက်ကြနဲ့လို့ ဟောတော်မူသည်။ တဏှာ၏လက်ချက် တဏှာ၏ ဒါဏ်ချက် ကြီးမားပုံကို ဆင်ခြင်ပါ။

## ၂၅။ အနမတဂ္ဂိက သုတ် ဘဝပေါင်း အနန္တဖြစ်ပုံ

ပဋိသန္ဓေမှစ၍ သေခြင်း စုတိတိုင်အောင် အကြားကာလသည် ဘဝတစ်ခု မည်၏။ သတ္တဝါတစ်ဦး၏ ဘဝပေါင်းရေည်မျှ ဖြစ်ခဲ့ဘူးသည်ကို သိလို၍ ရေတွက်ပါမူ ပိတ်ချင်းသီး အစေ့ခန့်မျှ လောက်သော မြေကြီးကိုလုံး၍ ဘဝတစ်ခုလျှင် ပိတ်ချင်းသီးခန့် မြေကြီးတစ်လုံး လုံး၍ လုံး၍ ရေတွက်ရာ၏၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးကုန်မူလည်း ကုန်ရာ၏။ သတ္တဝါတစ်ဦး၏ ဘဝကား မကုန်ပေ။

ဤမျှ ဘဝပေါင်းများစွာ ဖြစ်၍ သံသရာ ကျင်လည်ခဲ့ရပြီ ဖြစ်သောကြောင့် ဘယ်သတ္တဝါ ဘယ်ပုဂ္ဂိုလ်မဆို အမိ မဖြစ်ခဲ့ဘူးသူ မရှိ၊ အဖ မဖြစ်ခဲ့ဘူးသူ မရှိ၊ ညီအစ်ကို မောင်နှမ မဖြစ်ဘူးသူ မရှိ၊ သားသမီး မဖြစ်ဘူးသူ မရှိ၊ အဘိုးအဘွား ဘကြီး ဘထွေး မိကြီး မိထွေး စသော ဆွေမျိုး မတော်စပ်ခဲ့ဘူးသူ မရှိ၊ ယောကျ်ား မိန်းမ နတ်ပြဟ္မာ မဖြစ်ဘူးသူမရှိ၊ ခွေး ကြက် ဝက် ကျွဲ နွား စသော ကုန်း

တိရစ္ဆာန်၊ ငါး မိချောင်း စသော ပေတိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် ငရဲသူငရဲသား မဖြစ်ခဲ့ဘူးသူ မရှိ၊ ဖြစ်ဘူးသူချည်းသာ လျှင်ကတည်း၊ ဤသို့ ဘဝဘဝမှ မဖြစ်ခဲ့ဘူးသူ မရှိခြင်းကြောင့် တစ်ခုတစ်ခုသောဘဝ၌ လူ ကျွဲ နွား စသည်တို့ဖြစ်၍ သောက်စို့လာခဲ့သော အမိနို့ရည်ကို ပေါင်းစုပါမူ မဟာသမုဒ္ဒရာ ရေသည် အလွန်နည်းသေး၏၊ သောက်စို့လာခဲ့သော အမိနို့ရည်ကသာ များပေ၏။ အမိ အဘ လင် မယား သားသမီး စသော ပုဂ္ဂိုလ်တို့သေကြေ ပျက်စီးခြင်းကြောင့် လည်းကောင်း၊ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေဘဏ္ဍာ ပျက်စီးခြင်းကြောင့် လည်းကောင်း၊ ဖျားနာခြင်းစသော (၉၆)ပါးသော ရောဂါဝေဒနာတွေ နှိပ်စက်ခြင်းကြောင့် လည်းကောင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်းကြောင့် လည်းကောင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရသော သတ္တဝါတစ်ဦး၏ မျက်ရည်တွေကို ပေါင်းစုပါမူ မဟာသမုဒ္ဒရာ လေးစင်းရေက နည်းသေး၏။ ငိုကြွေးခဲ့ရသော မျက်ရည်ကား မရေမတွက်နိုင်အောင် များချေသေး၏၊ တစ်ခုတစ်ခုသောဘဝ၌ လူ ကျွဲ နွား စသည်တို့ဖြစ်၍ သေခြင်းဆိုးဖြင့် လည်ပင်းအဖြတ်ခံရခြင်းကြောင့် ယိုထွက် စီးကျခဲ့ရသော သတ္တဝါတစ်ဦးရဲ့ လည်ပင်းသွေးကို ပေါင်းစုပါမူ မဟာသမုဒ္ဒရာရေက နည်းသေး၏။ ယိုထွက်စီးကျခဲ့ရသော လည်ချောင်းသွေးက များချေသေး၏၊ လည်ပင်းပြတ်ခြင်း လက်နက်ဒဏ်ထိခြင်း စသည်ဖြင့် သေခဲ့ရ၊ အသက်ကုန်လို့သေခဲ့ရ၊ အသက်ရောက်ပါကုန်လို့သေခဲ့ရသော သတ္တဝါတစ်ဦးရဲ့ အသေသင်းကောင်မချဘူးသောမြေကြီးသည် မရှိဘူးပေ၊

ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋသီ ဝဍ္ဎိတာ၊ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ။

(သံယုတ်-ပါ-၂ ၃၈၈)

(မြန်မာပြန်) ရဟန်းတို့ ဤသို့ ရှည်လျားကြာမြင့်သော နေ့ညဉ့်ဘို့ပတ်လုံး ဆင်းရဲကိုခံစားရဘူးလှပေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရဘူးလှလေပြီ၊ ပျက်စီးခြင်းကို ခံစားဘူးလှလေပြီ၊ သင်္ချိုင်း

မြေပုံသည် တိုးပွားလှလေပြီ၊ ရဟန်းတို့ ဤအလုံးစုံသော သင်္ခါရ တို့၌ ငြီးငွေ့ခြင်းငှာ သင့်လှသည်သာလျှင်တည်း။ တပ်ခြင်းကင်းခြင်း ငှာ သင့်လျော်တော့သည်သာလျှင်တည်း လွတ်မြောက်ခြင်းငှာ သင့် လျော်တော့သည်သာလျှင်တည်းဟု ဟောတော်မူ၏။

## ၂၆။ ဘုရားအလောင်းတော်မှတစ်ပါး ကြွင်းကျန်သော သတ္တဝါများ ဘဝမမြဲကြပုံ

နိယတ ဗျာဒိတ်ခံယူပြီးသော ဘုရားအလောင်းတော်များမှာ ဘဝသတ်မှတ်ချက်ရှိပြီးဖြစ်၍ အဝီစိငရဲ လောကန္တရိတ်ငရဲတို့၌ မဖြစ် ပြီ၊ နိဇ္ဈာမတဏှိကပြိတ္တာ ခုပ္ပိပါသိကပြိတ္တာ ကာလကဉ္စိကပြိတ္တာ မဖြစ်ပြီ၊ ဤလူ့ဘုံ၌လည်း ကန်းသူ နားပင်းသူ ဆွံ့အသူလည်းမဖြစ် ပြီ၊ မိမ္မ ဥဘတောဗျည်း ပဏ္ဍုတ်တို့လည်းမဖြစ်ပါ။ အနန္တရိယကံကြီး များမှ လွတ်မြောက်ပြီ၊ မိစ္ဆာဒိဋ္ဌိ အယူကိုလည်း မယူတော့ပါ။ အသညသတ်ဘုံ၌လည်းမဖြစ်ပါ။

ဘုရားအလောင်းတော်တို့မှ ကြွင်းအောသတ္တဝါတို့၏ဘဝကား မမြဲချေ။ သံသရာဒုက္ခကို အလွန်ကြောက်စရာဟု ဆင်ခြင်ရမည်။
(ငယ်မည် ဒတ္တိ၊ ဂဂါဟိရိယ မထေရ်ဝတ္ထု)

## ၂၇။ သံဝေဂ ဝတ္ထု (၈) ပါး

ဇာတိ ဇရာ ဗျာဓိ စုတိ အပါယာ၊ အတီတ အပ္ပတ္တက ဝဋ္ဋဒုက္ခံ ဣဒါနိ အာဟာရ ဂဝေဋ္ဌိဒုက္ခံ သံဝေဂဝတ္ထုနိ ဣမာနိ အဋ္ဌာတိ။

(ဇိနာလင်္ကာရဋီကာ-ပါ ၁၈)

## ၂၈။ အရှင်ကုမာရကဿပ၏ မယ်တော် ရဟန္တာမ သံဝေဂဖြစ်ပုံ

(၁) ဇာတိဒုက္ခ- ပဋိသန္ဓေနေရခြင်းကြောင့် ဖြစ်သောဆင်းရဲ။

(၂) ဇရာဒုက္ခ - အိုရခြင်းကြောင့်ဖြစ်သောဆင်းရဲ။

(၃) ဗျာဓိဒုက္ခ - နာရခြင်းကြောင့်ဖြစ်သောဆင်းရဲ၊

(၄) မရဏဒုက္ခ - သေရခြင်းကြောင့်ဖြစ်သောဆင်းရဲ၊

(၅) အပါယသံဝဋ္ဋနိကဒုက္ခ - အပါယ်လေးတို့၌ဖြစ်သောဆင်းရဲ၊

(၆) အတီတေ ဝဋ္ဋမူလကဒုက္ခ - လွန်ခဲ့သောအတိတ်ဘဝက သံသရာဝဋ်လျှင်အကြောင်းရင်းရှိသောဆင်းရဲ၊

(၇) အနာဂတေ ဝဋ္ဋမူလကဒုက္ခ - ဖြစ်လတ္တံ့သော အနာဂတ်ဘဝ၌ သံသရာဝဋ်လျှင်အကြောင်းရင်းရှိသော ဆင်းရဲ။

(၈) ပစ္စုပ္ပန္နေ အာဟာရပရိယေသနဒုက္ခ - ပစ္စုပ္ပန်၌ အာဟာရ ရှာမှီးရခြင်းကြောင့်ဖြစ်သောဆင်းရဲ။

## ၂၉။ တရားတော်က အပါယ်ဘေး သံသရာဘေးမှလွတ်စေပုံ

အတ္တာနံ ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသုစ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။

(ဝိတာဝနီ ဋီကာ ၄)

(အနက်) အတ္တာနံ၊ မိမိဟုဆိုအပ်သော တရားတော်ကို။ ဓာရေန္တေ၊ ဆောင်ကုန်သောသူတို့ကို။ စတူသုအပါယေသုစ၊ အပါယ်လေးဘုံတို့၌ လည်းကောင်း။ ဝဋ္ဋဒုက္ခေသုစ၊ ဝဋ်ဆင်းရဲတို့၌ လည်းကောင်း။ အပတမာနေ၊ မကျသည်တို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။

မဂ်လေးပါးနိဗ္ဗာန်တို့ကား မုချဓမ္မ၊ ဖိုလ်လေးပါး ပရိယတ္တိတို့ကား ဥပစာဓမ္မ၊ မဂ်ဉာဏ်ကအကြောင်း၊ ဖိုလ်တရားကအကျိုး (ကရပစာ) ပရိယတ်ကအကြောင်း၊ မဂ်တရားကအကျိုး (မလူပစာ)၊

## ၃၀။ မဂ်ဉာဏ်ကြောင့် အပါယ်ဘေး သံသရာဘေးမှ လွတ်မြောက်ပုံ အကျယ်

သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ် တို့က အပါယ်လေးဘုံမှလွတ်မြောက်အောင် ကယ်တင်တော်မူပြီး ထွက်မြောက်စေသည်။ အနာဂါမိမဂ်ဖိုလ်တို့က ကာမဘုံမှလွတ်မြောက်စေသည်။ထွက်မြောက်စေသည်။ အရဟတ္တမဂ်ဖိုလ်တို့က ရူပဘုံ အရူပဘုံတို့မှ(တစ်နည်း) သုံးဆယ့်တစ်ဘုံမှ လွတ်မြောက်စေသည်၊ ထွက်မြောက်စေသည်။

## ၃၁။ သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏ အပါယ်စသည်တို့မှ လွတ်ပုံ ဝတ္ထုများ

သောတာပတ္တိ မဂ်ဖိုလ် တရားတော်တို့က အပါယ်လေးဘုံမှ လွတ်မြောက်စေရာ၌ ခေမကသူဌေးသားဝတ္ထု၊ ငါးမျှားနေသော အရိယာတို့၏ ဝတ္ထုကို ထုတ်၍သိပါလေ။

သကဒါဂါမိ မဂ်ဖိုလ်တရားတော်တို့က အပါယ်ဘုံမှ ကယ်တင်တော်မူရာ၌ သာဂီဝင်မင်းသား မဟာနာမ်မင်းနှင့် ကောနီရသေ့တို့၏ဝတ္ထုကို ထုတ်ဆောင်၍သိပါလေ။

အနာဂါမိမဂ်ဖိုလ်တရားတော်တို့က ကာမဘုံမှ လွတ်မြောက်စေရာ၌ သီဟိုဠ်ကျွန်းခရာဟန ဇနပုဒ်နေ သားမုဆိုး မိလက္ခထေရ်ဝတ္ထုကို ထုတ်ဆောင်၍သိပါ။

အရဟတ္တမဂ် အရဟတ္တဖိုလ်က ရူပအရူပဘဝတို့မှ(တစ်နည်း) သံသရာဝဋ်မှ လွတ်မြောက်စေရာ၌ အဝန္တိတိုင်း ကုရရမြို့ အရှင်သောဏ မထေရ်၏ မယ်တော် ကာဠီ မည်သော သူဌေးကတော်၏အိမ်၌ ခိုးသူကိုးရာတို့သည် ဥမင်ဖောက်ခိုးရာ၌ သံဝေဂရကြကုန်သည်ဖြစ်၍ ရဟန်းပြုကြရာ မြတ်စွာဘုရားက ရောင်ခြည်တော် လွှတ်ပြီး ရဟန်းတစ်ရာစီ တစ်ရာစီအား တစ်ဂါထာစီဟောတော်မူရာ (၉) ဂါထာအဆုံး၌ ရဟန္တာဖြစ်ကုန်ကြ၏။

စတ္တာရိ ဌာနာနိ နရော ပမတ္တော၊ အာပဇ္ဇတိ ပရဒါရူပသေဝီ
အပုည လာဘံ န နိကာမသေယျံ၊ နိန္ဒံ တတိယံ နရယံ
စတုတ္ထံ။

(ဓမ္မပဒ-ဌ-ဒု ၃၀၀)

(အနက်) ပရဒါရူပသေဝီ၊ သူတစ်ပါးသားမယား၌ မှားယွင်းကျူးလွန်မှိုဝဲလေ့ ရှိသည်ဖြစ်၍။ ပမတ္တော၊ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့သော။ နရော၊လူသည်။ အပုညလာဘံ၊ မကောင်းမှုကို ရခြင်းသို့လည်းကောင်း။ န နိကာမသေယျံ၊ အလိုရှိတိုင်းမအိပ်နိုင်ခြင်းသို့လည်းကောင်း၊ တတိယံ၊သုံးခုမြောက်သော။ နိန္ဒံ၊ ကဲ့ရဲ့ခံရခြင်းသို့လည်းကောင်း။ စတုတ္ထံ၊ လေးခုမြောက်သော။ နိရယံ၊ ငရဲ၌ ဖြစ်ရခြင်းသို့လည်းကောင်း၊ ဣတိ၊ဤသို့။ စတ္တာရိ ဌာနာနိ၊လေးပါးကုန်သော ဒုက္ခ၏အကြောင်းတို့သို့။ အာပဇ္ဇတိ၊ ရောက်ရလေ၏။
(ဤကား ခေမကသူဌေးအားဟောပုံတည်း)

န တေန အရိယော ဟောတိ၊ ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။

(ဓမ္မပဒ-ဌ-ဒု ၂၇၀)

(အနက်) ယေန၊ အကြင်အကြောင်းကြောင့်။ ပါဏာနိ၊ သတ္တဝါတို့ကို။ ဟိံသတိ၊ညှဉ်းဆဲ၏။ တေန၊ထိုသတ္တဝါတို့ကို ညှဉ်းဆဲခြင်းဟူသောအကြောင်းကြောင့်။ အရိယော၊အရိယာမည်သည်။ န ဟောတိ၊မဖြစ်၊ သဗ္ဗပါဏီနံ၊အလုံးစုံသောသတ္တဝါတို့ကို။ အဟိံသာ မညှဉ်းဆဲခြင်းကြောင့်။ အရိယောတိ၊ အရိယာမည်၏ဟူ၍။ ပဝုစ္စတိ၊ ဘုရားရှင်မိန့်တော်မူ၏။ (ဤကား ငါးမျှားနေသော အရိယာမည် သောသူအား ဟောပုံတည်း)။

ငါဘုရားတို့ အလိုမှာ ငါးမျှားသူကို အရိယာမခေါ်၊သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်သူကိုသာ အရိယာခေါ်၏ဟု ငါဘုရား ဟောတော်မူ၏။

## ၃၂။ သာသနာတော်ကြီး၏ နိယျာနိကဂုဏ် ကြီးမားကြောင်းနှင့် အနာထပိဏ်သူဌေး၏သား ကာလဝတ္ထု

ဘုရားရှင်၏ နိယျာနိက ဂုဏ်တော်နှင့် ပြည့်စုံတော်မူပုံကို သိထားကြပြီးလျှင် အထက်မဂ် အထက်ဖိုလ်တို့ကို မဆိုထားဘိ အောက်ဆုံးဖြစ်သော သောတာပတ္တိမဂ်ကို ရသောပုဂ္ဂိုလ်ပင် အလွန် ကြီးမားပေ၏ဟု သောတာပတ္တိ သံယုတ်၌ ဟောတော်မူခဲ့ပေသည်။ မှန်ပါပေသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း စည်းစိမ်ကို ခံစားပြီး နတ်သက်ကုန်၍ စုတေပြီး လူ့ဘုံ၌ စကြာမင်း စည်းစိမ် ခံစားပြန်တယ်။ ထိုသိကြားမင်း စည်းစိမ် စကြာမင်း စည်းစိမ်တို့ သည် ကာမဘုံ၌ အလွန်မြတ်သော စည်းစိမ်တို့ပင် ဖြစ်သော်လည်း သောတာပန် ပုဂ္ဂိုလ်တစ်ယောက်၏ ရရှိသော အကျိုးတွေကို(၁၆)ပုံ ပုံ၍ရေတွက် နှိုင်းယှဉ်သော်လည်း (၁)ပုံမျှလောက်တောင် မမှီပါ။ အဘယ်ကြောင့် မမှီသလဲလို့ဆိုလျှင် သိကြားမင်း စည်းစိမ် စကြာမင်း စည်းစိမ်တို့သည် အပါယ်ဘေးသံသရာဘေးမှ မလွတ်မြောက်သေး သောကြောင့် မမှီနိုင်ဘဲ အဖိုးမတန်ပါဟု ဖြေဆိုသင့်၏။ ဓမ္မပဒ၌ လည်း အနာထပိဏ် သူဌေး၏သား ကာလမည်သော သတိုးသား အား အကြောင်းပြု၍ မြတ်စွာဘုရားက-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ။
(ဓမ္မပဒ-ဌ္ဌ-၁၂၄)

(**အနက်**) ပထဗျာ၊မြေအပြင်လုံး၌၊ ဧကရဇ္ဇေနဝါ၊တစ်ယောက် တည်းသောမင်း အဖြစ်ဟူသော စကြာမင်း ဖြစ်ရသည်ထက် လည်း ကောင်း၊ သဂ္ဂဿ၊နတ်ပြည်ဗြဟ္မာပြည်သို့၊ဂမနေနဝါ၊သွားရောက်ရသည် ထက်လည်းကောင်း။ သဗ္ဗလောကာဓိ ပစ္စေနဝါ၊နဂါး၊ဂဠုန် ကုမ္ဘာန် အစ အလုံးစုံသော လောကကို အစိုးရသည်ထက် လည်းကောင်း၊ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ မြင့်မြတ်လှပါ ပေ၏၊

ဤဒေသနာတော်များအား ကြားနာမှတ်သားပြီး အဖိုးတန် တဲ့ ဝိပဿနာတရားတို့ကို အားထုတ်နိုင်ကြပါစေသတည်း။

## ၃၃။ မိမိ၌ သာသနာ မတည်က စိတ်မချရ သုပြဟ္မာနတ်သား ဝတ္ထုနှင့် ဝက်မလေး ဝတ္ထု၊

သာသနာတော်ကြီးနှင့် ကြုံကြိုက်တဲ့အခိုက် ဘုရားသာသနာတော်ကို မိမိ၌ တည်အောင် ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ကြပါ။မိမိတို့သန္တာန်မှာ အကယ်၍ သာသနာ မတည်သေးပါက အပါယ်ဘေးကြီးမှ မလွတ်သေးပါ၊ အမှတ်မရှိ တစ်ခုခုသော ဘဝ၌ အပါယ်လေးဘုံမှာ အချိန်မရွေး ဖြစ်ခွင့်ရှိသေးတယ်လို့ မှတ်ပါ။

ကောဏ္ဍညဘုရားရှင် လက်ထက်တော်၌ ဂေါတမ ဘုရားအလောင်းတော်သည် ဝိဇိတာဝီမည်သော စကြာဝတေး မင်း ဖြစ်တော်မူခဲ့သည်၊ စကြာဝတေးမင်း ဖြစ်တော်မူခဲ့တဲ့ အလောင်းတော်ဟာ သုမန ဘုရားရှင်လက်ထက်တော်၌ အတုလမည်သော နဂါးမင်းဖြစ်ပြီး ပဒုမဘုရားရှင်လက်ထက်တော်၌ ခြင်္သေ့ မင်း ဖြစ်တော်မူပြန်သည်။ (သုပြဟ္မာနတ်သားဝတ္ထုကို ထုတ်နှုတ်၍ သိမ်ါလေ-
သင်္ဂါထာ ဝဂ္ဂသံ-၅၂)

အနည်းဆုံး တမဂ်တဖိုလ်မှ မရသေးပါက အလွန်ကြောက်ဘွယ်ကောင်းလှလေ၏၊ ရာဇဂြိုဟ် မြို့တွင်းသို့ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရာ ဝက်မကလေး တစ်ကောင်ကို မြင်တော်မူ၍ ပြုံးတော်မူလေသည်။ ထိုအခါ အရှင်အာနန္ဒာက မေးလျှောက်သဖြင့် ကကုသန် မြတ်စွာဘုရား လက်ထက်တော်တုန်းက လူ့ဘဝမှာ ဖြစ်ပြီး ကြက်မကလေးဘဝ ရောက်သွားတယ်။ ထိုအခါ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီရဟန်းကြီး၏ တရားသံကို ကြားနာနေခိုက် စွန်တစ်ကောင်သည် ထိုကြက်မကလေးအား ချီသွား၍ ဦးခေါင်းပြတ်၍ သေပြီးတဲ့နောက် ထိုကြက်မလေးဘဝမှ တစ်ခုသော မင်းမျိုး၌ဥပရိမည်သော မင်းသမီးဖြစ်ခါ ပရိဗိုဇ်ရဟန်း ပြုလုပ်၍ အိမ်သာတက်သောအခါ ပုဠုဝက အသုဘ ကမ္မဋ္ဌာန်း ပွားများအားထုတ်လျှက် ပဌမဈာန်ရပြီး စုတေသောအခါ ဗြဟ္မာဘုံ၌ ဖြစ်ပြီးနောက် ရာဇဂြိုဟ်ပြည်၌ မင်းမျိုး ဖြစ်လာပြန်၍ ထို့နောက် ဝက်မကလေး ဖြစ်လာရပြန်တယ်ဟု ဘဝ၏ တုန်လှုပ်ချောက်ခြားပုံကို မိန့်တော်မူပြီး ရပ်လျှက်—

ယထာဝိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နောပိ ရုက္ခော ပုနဒေဝ ရုဟတိ ဧဝမ္ပိ တဏှာ နုသယေ အနုဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။ ဟု ဟောတော်မူလေသည်။

(ဓမ္မပဒ-ဌ-ဒု-၃၃၂)

**(အနက်)** မူလေ၊ အမြစ်သည်။ အနုပဒ္ဒဝေ၊ ဖြတ်တောက်ခြင်း မရှိသော်။ ဒဠှေ၊ မြဲမြံခိုင်ခန့်သည်ဖြစ်၍။ ရုက္ခော၊ သစ်ပင်ကို။ ဆိန္နောပိ၊ ဖြတ်အပ်သော်လည်း၊ ပုနဒေဝ၊ တဖန်သာလျှင်။ ရုဟတိယထာ၊ အခက်အရွက်ပေါက်၍ ကြီးပွားပြန်သကဲ့သို့။ ဧဝမ္ပိ၊ ဤအတူလည်း။ တဏှာနုသယေ၊ ခြောက်ပါးသောဒွါရ၌ ကိန်းသော တဏှာဟူသော အနုသယကို။ အနုဟတေ၊ အရဟတ္တမဂ်ဖြင့် မပယ်သတ်အပ်သည်ရှိသော်။ ဣဒံ ဒုက္ခံ၊ ထိုထိုဘဝ ပဋိသန္ဓေနေခြင်းစသော ဤဆင်းရဲ အစုသည်။ ပုနပ္ပုနံ၊ အဖန်ဖန်အလဲလဲ။ နိဗ္ဗတ္တတိ၊ ဖြစ်တော့သည်သာတည်း။

ဒုဋ္ဌဂါမဏိမင်း လက်ထက်တော်အခါက ကောဋ္ဋပဗ္ဗတ မဟာဝိဟာရဝါသီ မဟာအနုရုဒ္ဓါမထေရ်က မဟာပုဏ္ဏရွာသို့ ဆွမ်းခံကြွသွားရာ အမျိုးသမီးတစ်ဦးအား မြင်တော်မူ၍။

အာဝုသော သူကရ ပေါတိကာနာမ လကုဏ္ဍက အတိမ္ဗရ မဟာမတ္တဿ ဘရိယာဝံ ပတ္တာ အဟောအစ္ဆရိယံတိ့-ဟု အဖော်ဖြစ်သော ရဟန်းချင်း ပြောလေ၏။

(ဓမ္မပဒ-ဌ-ဒု-၃၃၄)

**(အနက်)** အာဝုသော၊ ငါ့ရှင်။ သူကရ ပေါတိကာနာမ၊ ဝက်မဖြစ်ဘူးသော သူတို့သမီးငယ်သည်ကား၊ လကုဏ္ဍက အတိမ္ဗရ မဟာမတ္တဿ၊ လကုဏ္ဍက အတိမ္ဗရ အမည်ရှိသော အမတ်ကြီး၏ ဘရိယဘာဝံ၊ မယားအဖြစ်သို့။ ပတ္တာ၊ ရောက်သည်ကား၊ အဟော အစ္ဆရိယံ၊ အော်... အံ့ဩဖွယ်။ ဣတိ၊ ကထေသိ၊ ဤသို့ပြောဟော၏။

ထိုစကားကို ကြားသော အမျိုးသမီးက အတိတ်ဘဝနှင့် စပ်သော ဇာတိဿရဉာဏ်ဖြင့် သုံးသပ်သောအခါ သံဝေဂတရားရလေ၏၊ ထို့နောက် ပဋ္ဌာလာက မည်သော ထေရ်ရှိမထံ၌ ခွင့်တောင်း၍ ဘိက္ခုနီမပြုလျက် ဟိဿမဟာဝိဟာရ၌ မဟာသတိပဋ္ဌာနသုတ်ကို ကြားနာရ၍ သောတာပန် ဖြစ်လေ၏၊ ထိုမှတဖန် ကျေးကုလားတို့ကို နှိမ်နင်းပြီးလတ်သော် ဆွေမျိုးများ နေရာဖြစ်သော ဘောက္ကန္တရွာ၌ အာသီဝိသောပမသုတ္တန်ကို ကြားနာရ၍ အရဟတ္တဖိုလ်၌ တည်လေ၏။ ပရိနိဗ္ဗာန်စံဝင်စံသည့်နေ့၌ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့က မေးအပ်သည်ဖြစ်၍ သံဃအလည် မဏ္ဍလာရာမ၌သီတင်းသုံးသော ဓမ္မပဒအာဂုံဆောင် မဟာတိဿထေရ်နှင့် နှီးနှော၍ လူ့ဘာမှ ကြွက်မ၊ ၎င်းမှ ရာဇဂြိုဟ် ဥစ္စရိမင်းသမီး၊ ၎င်းမှ ပြဟ္မဘုံ၊ ၎င်းမှ သူဌေးသမီး၊ ၎င်းမှ ဝက်မကလေး၊ ၎င်းမှ သုဝဏ္ဏဘုမ္မိ၊ ၎င်းမှ ဝနဝါသီ၊ ၎င်းမှ သုပ္ပါဝါသက သင်္ဘောဆိပ် မြင်းကုန်သည်သမီး၊ ၎င်းမှ ကာဝီရ သင်္ဘောဆိပ် လှေသူကြီးသမီး၊ ၎င်းမှ ဗာရဏသီ၊ ၎င်းမှ အနုရာဓမြို့၊ ၎င်းမှ ဘောက္ကန္တဂါမရွာ ထို(၁၃) ဘဝတို့သို့ ရောက်ခဲ့ပြီး၍ ယခုတော့ ငြီးငွေ့၍ ရဟန်းပြုရာ အရဟတ္တဖိုလ်သို့ ရောက်ပြီဟု ဟောပြောပြ၍ အပ္ပမာဒေန သမ္ပါဒေထဟု ဟောပြီး ပရိနိဗ္ဗာန်ဝင်စံလေပြီ။

## ၃၄၊ ဝိပဿနာကိုသာ သဒ္ဓါပညာဖြင့် ကြိုးစားထူထောင်ကြသင့်ပုံ

တရားအားထုတ်ပါက အနာဂါမ်သော် လည်းကောင်း၊ ရဟန္တာသော် လည်းကောင်း၊ ဖြစ်နိုင်၏ဟု ဘုရားဟောတော်မူသည်၊ အောက်မဂ် အောက်ဖိုလ်တို့ကား ပြောဘွယ်ရာ မရှိတော့ပြီ၊

(အစုတ္တသိဒ္ဓိနည်း-အတ္တာပန္နနည်း)

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဝေ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ။

ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

(မူလပဏ္ဏာသ မဟာသတိပဋ္ဌာနသုတ်-ပါ-၉၀)

ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်တရား လေး ပါးတို့ကို ပွားများအံ့၊ ထိုပွားများသော ပုဂ္ဂိုလ်အား ယခု မျက် မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ ဥပါဒါန် အကြွင်းအကြံ ရှိသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ၊ ဤအကျိုး (၂)ပါးတို့တွင် တစ်ပါးပါးကို အမှန်ပင် ရနိုင်၏။

## ၃၅၊ ယောဂီ ပုဂ္ဂိုလ်များ၌ အကျိုး(၅)ပါး

ပဌမေ အာနန္ဒ အာနိသံသာ ပုဗ္ဗယောဂါဝစရေ။

အာနန္ဒာတရား အားထုတ်သော ယောဂီပုဂ္ဂိုလ်၌ အကျိုး (၅)ပါးတည်း၊

(က) ယခုဘဝ၌သာ စောစောစီးစီး ရဟန္တာ ဖြစ်နိုင်၏၊

(ခ) စောစောစီးစီး မရနိုင်လျှင် သေခါနီးကာလ၌ ရဟန္တာ ဖြစ်နိုင်၏၊

(ဂ) သို့မဟုတ် နတ်သားဖြစ်ပြီး ရဟန္တာ ဖြစ်နိုင်၏၊

(ဃ) သို့မဟုတ် ဘုရားရှင်တို့၏ မျက်မှောက်၌ ခိပ္ပာဘိညာ ရဟန္တာ ဖြစ်နိုင်၏၊

(င) သို့မဟုတ် နောက်ကာလ၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်၏၊

ဤသို့ (၅)ပါးသော အကျိုးတို့ကို တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်များ ရနိုင်သည်ဟု ဟောတော်မူ၏။

(အပါဒါန်-၄-၀-၁၅၅)

သတိ ဝိရိယ သမာဓိ(၃)ပါးသည် မိတ်ဆွေ(၃)ယောက်နှင့် တူ၏၊ ပန်းဥယျာဉ်၌ တစ်ယောက်သောသူက လေးဘက်ကုန်းသွား၍ တစ်ယောက်သောသူက ဘေးကရပ်၊ တစ်ယောက်သောသူက

ကျောကုန်းပေါ်တက်၍ ပန်းခူးပုံ ဥပမာနှင့်တူ၏၊ ခါးကုန်းပေး သူက သတိ၊ ဘေးကရပ်သူက ဝီရိယ၊ ကျောပေါ်တက်ခူးသူက သမာဓိနှင့် တူလေ၏။

သမာဓိ ကမ္မိကဿ ဗလဝတိပိ သဒ္ဓါ ဝဋ္ဋတိ၊ ဧဝံ သဒ္ဒဟန္တော ဩကပ္ပေန္တော အပ္ပနံ ပါပုဏာတိ၊ သမာဓိ ပညာသု ပန သမာဓိ
ကမ္မိကဿ ဗလဝတိ၊ ဧကဂ္ဂတာ ဝဋ္ဋတိ၊ ဧဝံ ဟိ သော အပ္ပနံ ပါပုဏာတိ
ဝိပဿနာကမ္မိကဿ ပန ပညာဗလဝတိ ဝဋ္ဋတိ။ ဧဝံ ဟိ သော လက္ခဏပ္ပဋိ
ဝေဓံ ပါပုဏာတိ။ ဥဘိန္နံ ပန သမတ္တေပိ အပ္ပနာ ဟောတိ ဧဝ။

(မဟာနိဒ္ဒေသ-ဋ္ဌ-သာရိပုတ္တသုတ်-၄၁၇)

သမထအားထုတ်သူ ယောဂီပုဂ္ဂိုလ် အားရှိခြင်းသည်လည်း သင့်၏။ ဤသို့ သဒ္ဓါအားရှိသော ထိုယောဂီပုဂ္ဂိုလ်သည် ယုံကြည် သက်ဝင်သည်ဖြစ်၍ ဈာန်ဟူသော အပ္ပနာသို့ ရောက်နိုင်၏။ သမထ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား သမာဓိအားရှိမှ သင့်၏၊ ဝိပဿနာအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ပညာအားရှိမှ သင့်၏၊ ဤသို့ ပညာအားရှိသော ထိုယောဂီသည် မဂ်ဟူသော အပ္ပနာသို့ ရောက်နိုင်၏၊ လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိခြင်းသို့ရောက် နိုင်၏၊ သမာဓိ ပညာ(၂)ပါးတို့ ညီမျှသည်ရှိသော်ကား မဂ်ဟူသော အပ္ပနာဈာန်သို့ ရောက်နိုင်၏။

## ၁၆။ အပြောပရမတ် သဘောပရမတ် လက္ခဏ လက္ခဏာဝန္တ

ဝိပဿနာအရာ၌ ပညာအားရှိအောင် ပရမတ် တရားတို့၏ လက္ခဏ လက္ခဏာဝန္တ(၂)မျိုးခွဲခြား၍သိရမည်၊

ရုပ်၌ ရုပ္ပနလက္ခဏာသည် အကြောင်း– ရုပ္ပနသဘောသည် အကျိုး၊ ဥပမာကား- ကျွန်ုပ်၏နွားသည် နွားကျားပါ၊ ဂျိုကုတ်

ပါ၏ဟု စသည်ဖြင့် အမှတ်လက္ခဏာအထူးကို ပြောပြသော နွား ပျောက်ရှာသောသူ၏ စကားကဲ့သို့ ဥပမာယူ၍ ရုပ္ပနလက္ခဏာ ရုပ္ပ နသဘောကိုသိပါလေ။

အပြောပရမတ် သဘောပရမတ် တို့တွင် သဘောပရမတ်ကို သာယူရမည်။

ဓမ္မာနံ အနိဒ္ဒိသိတဗ္ဗ သဘာဝေါ။

(ကထာဝတ္ထု အနုဋီကာ ၆ဝ အလို)

(အနက်) ဓမ္မာနံ၊ ပရမတ္ထ တရားတို့၏။ အနိဒ္ဒိသိတဗ္ဗသ ဘာဝေါ၊ ညွှန်ပြနိုင်သောသဘောမရှိ။ ဟုလာသောကြောင့် ပရမတ္ထ တရားတို့၏သဘောကို ပြောပြ၍မသိနိုင် တရားအားထုတ်ကြည့်မှသိ နိုင်သည်။

ဥပမာ။ ။ပရမတ္ထသဘာဝကို ပြောပြလို့မရစကောင်း၊ အလွန် ကောင်း၍ အနံ့ အရသာရှိသော သကြားသီးကို မစားဘူးသူအား စားဖူးသူကပြောပြပါသော်လည်း အရသာကို မသိနိုင်သကဲ့သို့မှတ်ရ မည်၊ ယောဂီပုဂ္ဂိုလ်များမှာ ဝိပဿနာဉာဏ် ရင့်ကျက်လာသောအခါ သဘာ၏အာရုံသည် ပရမတ္ထသဘာဝရုပ်နာမ်ကို အာရုံပြု၏။ အဆင်း ရုပ် အသံရုပ်တို့ကို မြင်သိ ကြားသိရာ၌ များစွာသောအဋ္ဌကလာပ် ၌ဘည်သော အဆင်းရုပ် အသံရုပ်တို့ကို မြင်သိ၏၊ ကြားသိ၏၊ အနံ့ ရုပ် အရသာရုပ် တွေ့ထိရုပ်တို့ကား တစ်ခု တစ်ခုစီသော အာရုံရုပ် ကို နံသိ၊ စားသိ၊ ထိသိ၏အကျယ်ကို ဆင်ခြင်၍သိပါလေ။

သုတဗုဒ္ဓေ အနုဗုဒ္ဓေ၊ ပစ္စေကေ လောကနာယကေ၊
စတူသွေ့ တေသု အတ္ထေသု၊ ဗုဒ္ဓသဒ္ဒေါ ပဝတ္တတိ။

(အနက်) ဗုဒ္ဓသဒ္ဒေါ၊ဗုဒ္ဓသဒ္ဒါသည်၊ သုတဗုဒ္ဓေ၊ဗဟုသုတ ဂုဏ်နှင့်ပြည့်စုံသော သုတဗုဒ္ဓ၌လည်းကောင်း၊ အနုဗုဒ္ဓေ၊မြတ်စွာဘုရား ၏အလိုအားလျော်စွာ သစ္စာလေးပါးကိုသိသော အရိယာပုဂ္ဂိုလ်၌ လည်းကောင်း။ ပစ္စေကဗုဒ္ဓေ၊ပစ္စေကဗုဒ္ဓါ၌လည်းကောင်း။ လောက

နာယကော၊ လောကသုံးပါး၏အားကိုးရာဆရာတစ်ဆူဖြစ်တော်မူသော သဗ္ဗညုဘုရား၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဧဝံသု ဧတ္တသု အတ္တေသု၊ ထိုလေးပါးသောအနက်တို့၌။ ပဝတ္တတိ၊ ဖြစ်၏။

အရှင်ပစ္စေကဗုဒ္ဓါတို့မှာ သဘောပရမတ်ကိုသာ သိတော်မူကြ၏။ အမည်တပ်၍ အပြောပရမတ်ကို မသိကြကုန်။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သာ သဘောပရမတ် အပြောပရမတ်တို့ကိုအကုန်သိတော်မူကြ၏။

**ဆောင်-** တစ်ခုတည်းထင်မှတ်၊ အမျှင်မပြတ်က၊ ပညတ်။

အများထင်မှတ်၊ အမျှင်ပြတ်က၊ ပရမတ်။

(ဒီပဲရင်းဆရာတော်မိန့်၏)။

အပြောပရမတ်ကား နှုတ်မြွက် ပြောဆိုအပ်တဲ့ ရုပ်ဝေဒနာ စသည်ဖြစ်၏၊ သဘောပရမတ်ကား ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဖြင့် တွေ့သိ အပ်သောဖောက်ပြန်ခြင်း သတ္တိ စသည်ဖြစ်၏၊

## ၃၇၊ ရှိပညတ်–မရှိပညတ်နှင့်ဃန(၄)မျိုး

နှုတ်မြွက်၍ပြောဆိုအပ်သော အမည် ဟူသမျှအား ပညတ် ဖြစ်၏၊

ရုပ် ဝေဒနာ စသည်ကား ဝိဇ္ဇာမာနပညတ် (ရှိပညတ်)

ပုဂ္ဂိုလ် သတ္တဝါ စသည်ကား အဝိဇ္ဇာမာနပညတ်(မရှိပညတ်) ဟု (၂)မျိုးရှိ၏၊

ဃန (၄)မျိုး

(၁) သမူဟဃန - အပေါင်းအစုအားဖြင့် တစ်ခုတည်း တစ်လုံးတည်းဟုထင်မှတ်ခြင်း၊

(၂) သန္တတိဃန - ရုပ်နာမ်တို့၏ အစဉ်အတန်းအားဖြင့် တစ်ခုတည်း တစ်လုံးတည်းထင်မှတ်ခြင်း၊

(၃) ကိစ္စ ဉာဏ် - ဒဿနကိစ္စ စသည်အားဖြင့် တစ်ခုတည်း တစ်လုံးတည်းထင်မှတ်ခြင်း၊

(၄) အာရမဏဉာဏ်- အာရုံအားဖြင့် တစ်ပေါင်းတည်း တစ်ခုတည်း ထင်မှတ်ခြင်း၊

### ၃၈၊ နိယျာန(၈)ပါး နိယျာနာဝရဏ(၈)ပါးခွဲခြားပုံ

နိယျာန (၈)ပါး ဝဋ်ဆင်းရဲမှ လွတ်မြောက် စေတတ်သော တရား(၈)ပါးမှာ-

(၁) နေက္ခမ နှစ်သက်လိုချင် ဘောင်းတမှုမှ လွတ်မြောက်စေနိုင်သော ဝိပဿနာကုသိုလ်။

(၂) အဗျာပါဒ စိတ်မပျက်ခြင်း၊

(၃) အာလောကသညာ အရောင်အလင်းကို နှလုံးသွင်းခြင်း။

(၄) အဝိက္ခေပ မပြန့်လွင့်ခြင်း။

(၅) ဓမ္မ ဝဝတ္ထာန ကုသိုလ် အကုသိုလ်တို့ကို ပိုင်းခြားဆုံးဖြတ်ခြင်း၊

(၆) ဉာဏ်ကို ရုပ်နာမ်ကို ပိုင်းခြားသောဉာဏ် (ဝါ) အကြောင်း အကျိုးသိနိုင်သောဉာဏ်၊

(၇) ပါမောဇ္ဇ မွေ့လျော်ခြင်း၊ ဝမ်းမြောက်ခြင်း။

(၈) သဗ္ဗေဝိ ကုသလာဓမ္မာ အလုံးစုံသောကုသိုလ်တရား တို့တည်း၊

### နိယျာနာ ဝရဏ(၈)ပါး

ဝဋ်ဆင်းရဲမှ မထွက်မြောက်စေတတ်၊ ပိတ်ဆို့စေတတ်သော တရား(၈)ပါး။

(၁) ကာမစ္ဆန္ဒ လိုချင်တောင်းတမှုလောဘ။

(၂) ဗျာပါဒ စိတ်ပျက်ခြင်းဒေါသ။

(၃) ထိန မိဒ္ဓ ထိုင်းမှိုင်းခြင်း၊ ငိုက်မည်းခြင်း။

(၄) ဥဒ္ဓစ္စ စိတ်ပြန့်လွင့်ခြင်း။

(၅) ဝိစိကိစ္ဆာ မဆုံးဖြတ်နိုင်ခြင်း။

(၆) အဝိဇ္ဇာ မသိခြင်း မောဟ။

(၇) အရတိ ကုသိုလ်တရားတို့၌ မပျော်မွေ့ခြင်း။

(၈) သဗ္ဗေပိ အကုသလာ ဓမ္မာ အလုံးစုံသော အကုသိုလ်တရားတို့တည်း။

## ၃၉။ ဆေးရန် (၆)ပါး ကုစားနည်း

(၁) အတိတ်ကိုဆင်ခြင်သောစိတ်သည် တုံလှုပ်၏။

(၂) အနာဂတ်ကို ဆင်ခြင်သော စိတ်သည် ပြန့်လွင့်၏။ (သန္တတိ အမတ်ကြီး ဝတ္ထုကဲ့သို့သိရမည်၊ ဒါကြောင့် အတိတ်ကိုလည်း မပြန်နှင့် အနာဂတ်ကိုလည်းမမျှော်နှင့် ပစ္စုပ္ပန်ရုပ်နာမ် သင်္ခါရကိုသာ ရှုပွားရမည်။)

(၃) တွန့်ဆုတ်သောစိတ်သည် ပြန့်လွင့်၏။

(၄) အလွန်အားထုတ်သောစိတ်သည် ဥဒ္ဓစ္စဖြစ်၏။ (အရှင်သောဏ မထေရ်အား စောင်းဥပမာဖြင့် ဩဝါဒပေးပုံကို သိရမည်၊ ဒါကြောင့် မလျော့လွန်း မတင်းလွန်း အားထုတ်ရမည်)။

(၅) အလွန်ညွတ်လွန်းသောစိတ်သည် ရာဂသို့ရောက်၏။

(၆) ခွာလွန်းသောစိတ်သည် စိတ်ပျက်ခြင်းဗျာပါဒသို့ ရောက်၏၊ ဒါကြောင့် မညွတ်လွန်း(ဝါ)မကပ်လွန်း မခွာလွန်းသောစိတ်ဖြင့် အားထုတ်ရမည်။

## ၄၀။ ဣန္ဒြေရင့်ကျက်စေတတ်သော တရား(၉)ပါး

ဆောင်- ခယ သက္ကစ်၊ သာတစ် ကိရိယာ၊ သပ္ပါယာပြုဘိ၊ သမာဓိ မှတ်ထား၊ ဗောဇ္ဈင်အား လျော်စေ၊ ကာယေဇီဝိတ၊ မငဲ့လှဘဲ၊ ဆင်းရဲပယ်ဖျောက်၊ မဂ်မရောက်မီ၊ မထပြီ၊ ကိုးလီ ဣန္ဒြေရင့်ကြောင်းတည်း။

(၁) ခယ ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်သင်္ခါရတို့၏ ကုန်ခြင်း ပျက်ခြင်းသဘောကိုသာ ရှုရမည်။

(၂) သက္ကစ္စ ထိုသို့ရှုရာ၌ ရိုသေစွာပြုသဖြင့် ဝိပဿနာဉာဏ်ကို ပြီးစေ၏။

(၃) သာတစ္စ ကိရိယာ အမြဲမပြတ် တစပ်တည်း ရှုမှတ်ခြင်းဖြင့် ပြီးစေရမည်။

(၄) သပ္ပါယ သင့်မလျော်သည်ကိုသာ ပြုခြင်းဖြင့် ဝိပဿနာ ဉာဏ်ကို ပြီးစေရမည်။

(၅) သမာဓိဝိပဿနာ သမာဓိ၏ဖြစ်ကြောင်းကို မှတ်ထားခြင်းဖြင့် ပြီးစေရမည်။

(၆) ဗောဇ္ဈင် ဗောဇ္ဈင်တရားတို့ကို လျော်စွာဖြစ်စေခြင်းဖြင့် ပြီးစေရမည်။ (ဘာဝနာစိတ်လျော့လျှမ် ဝီတိ ဝီရိယ ဓမ္မဝိစယ ဗောဇ္ဈင်တို့ကို ပွားစေရမည်)။
(စိတ်တက်ကြွပြန့်လွင့်လျှင် ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဗောဇ္ဈင် တို့ကို ပွားစေရမည်)။

(၇) ကာယေ ဇီဝိတ ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ အားထုတ်ရမည်။

(၈) ထိုသို့အားထုတ်ရာ၌ ဖြစ်လာသောဆင်းရဲကို ဝိရိယဖြင့် ပယ်ဖျောက်သဖြင့် ဘာဝနာပြီးစေရမည်။

(၉) တရားထူးမရမီ(ဝါ)မဂ်ဖိုလ်မရသေးမီအတွင်း အဆုံးမသတ်ဘဲ မပြတ်အားထုတ်ခြင်းဖြင့် ပြီးစေရမည်။ (မာတိကာ ဒါယိကာမကြီး၏ ပြုစုလုပ်ကျွေးခြင်း ဆွမ်းအာဟာရဖြင့် ရဟန္တာဖြစ်ကြသော ရဟန်း(၃)ကျိပ်ဝတ္ထုကဲ့သို့မှတ်ရမည်)။

## ၄၁။ ထေရ်ရိကာဝတ္ထု

ရာဇဂြိုဟ်မှ ကပိလဝတ်သို့၊ ၎င်းမှ ဝေသာလီပြည်သို့ ကြွရောက်သတင်းသုံးစဉ် ဝေသာလီပြည် ခတ္တိယမဟာသာလမျိုး၌ ထ်ရ သန္တသရီရတာယ ထေရိကာ အမျိုးသမီးသည် မိဘများက မျိုးရိုးတူသော သတို့သားနှင့် လက်ထပ် ထိမ်းမြားသဖြင့် အလိုမတူသော်လည်း မိဘစကားကိုလိုက်နာလျက် လင်ကို နတ်သားတမျှလုပ်ကျွေးလျက်မိဒထွးတော် ဂေါတမီ ထေရ်ရီထံသို့ဆည်းကပ်ပြီး တရားနာ၍ ရဟန်းမိန်းမပြုလိုသော်လည်း လင်ကခွင့်မပြု၍ ကြားနာရသောတရားအတိုင်း ရုပ်နာမ်တရားတို့ကို ဆင်ခြင် သုံးသပ်ပြီး ဝိပဿနာ အားထုတ်နေ၏၊ တစ်နေ့သော့ မီးဖို၌ဟင်းချက်ရာ ကြီးစွာသော မီးလျှံထပြီးအိုးကိုလောင်ကျွမ်း၏၊ အမျိုးသမီးက မီးတောက်မီးလျှံကိုကြည့်ပြီး အိုးထဲကဟင်းရွက်တွေ ချောက်ခမ်းသွားပုံကို အာရုံပြု၍ အနိစ္စသညာကိုဆင်ခြင်သုံးသပ်၊ ဒုက္ခသညာကို ဆင်ခြင်သုံးသပ်၊ အနတ္တသညာကို ဆင်ခြင်သုံးသပ်ပြီး မြတ်စွာဘုရားက-

သုခံ သုပါဟိ ထေရိကေ၊ ကတ္ဝာ စောဠေန ပါရုတာ
ဥပသန္တော ဟိ တေ ရာဂေါ၊ သုက္ခ ဍာကံဝ ကုမ္ဘိယံ၊

ဟူသောဂါထာကို ဟောတော်မူရာ တောင့်တင်းငြိမ်သက်သောခန္ဓာကိုယ်ရှိသော ထေရိကာအမျိုးသမီးသည် မဂ်(၃)ဆင့်တက်၍ အနာဂါမ်တည်လေ၏။ (ထေရီဂါထာ-ဋ္ဌ ၅)

ထေရီမသင်သည် ချစ်ချစ်ပူနေသောအိုးခွက်ထဲ၌ ချောက်သွေ့သွားသောဟင်းရွက်ကဲ့သို့ သင်၏သဏ္ဍာန်၌ တပ်စွမ်းမှု ရာဂငြိမ်းပြီးသောကြောင့် ပံ့သူကူအဝတ်ဖြင့် သက်နံးချုပ်၍ ဝတ်ရုံကာ သာသနာဘော်၌ ချမ်းသာစွာ နေပါလော့၊

## ၄၂။ ကေသကာရီ ဝတ္ထု

ကေသကာရီ အမျိုးသမီးကလေးအား ဥပါသကာ တစ်ယောက်က သရဏဂုံသီလ ဒွတ္တိံသကာယ ဝိပဿနာ အဆင့်ဆင့်

အားထုတ်ဖို့ တိုက်တွန်းပြောကြားသဖြင့် တစ်ဆင့်တစ်ဆင့် တက်ပြီး အားထုတ်ခြင်းကြောင့် တရားထူးရလေ၏။

ယဿ သဒ္ဓါ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ၊
တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ၊ နိသိဒန္တဿ ဘုဉ္ဇန္တဿစ မဂ္ဂ ဖလ ပဋိဝေဓော နာမ နဟောတီ တိ န ဝတ္တဗ္ဗံ။

(မူလ-ပဏ်-ဋီ-ဒု-၁၇၀)

သဒ္ဓါတရား ရှိသည်ဖြစ်၍ ဝိပဿနာတရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သွားနေစဉ်သော်လည်းကောင်း၊ ရပ်နေစဉ်သော် လည်းကောင်း၊ ထိုင်နေစဉ်သော်လည်းကောင်း၊ စားနေစဉ်သော်လည်း ကောင်း၊ မဂ်တရားဖိုလ်တရားကိုရနိုင်၏။ မရဟူ၍ကား မဆိုထိုက်ပါ။

## ၄၃။ သခ်ါရမှန်က အစိုးမရပုံ

ဥပနိယျတိလောကော အဒ္ဓုဝေါ၊ လောကော၊ လူအပေါင်း ကို၊ ဥပနိယျတိ၊ ဇရာ မရဏတို့က ကပ်၍ဆောင်အပ်၏။ လောကော၊ လူအပေါင်းသည်၊ အဒ္ဓုဝေါ၊ မမြဲ။ အာတာနော လောကော အနိဘိဿရော၊ လောကော၊ လူအပေါင်းကို၊ အာတာနော၊ စောင့် ရှောက် ကယ်တင်ခြင်း ကင်း၏(ဝါ)မှီခိုရာ ကိုးကွယ်ရာ အားထားရာ ကင်း၏။ လောကော၊ လူအပေါင်းသည်၊ အနဘိဿရော၊ ဥတ္တဝါ သခ်ါရတို့၌ အစိုးမရ။

အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ၊ လော ကော၊ လူအပေါင်းသည်၊ အဿကော၊ ကိုယ်ပိုင်ဥစ္စာမရှိ။ သဗ္ဗံ၊ အလုံးစုံသော သက်ရှိ သက်မဲ့ဟူသမျှကို၊ ပဟာယ၊ ပယ်စွန့်၍၊ ဂမ နီယံ၊ ဘဝတစ်ပါးသို့ သွားအပ်ရာ၏။

ဦနောလောကော အတိတ္တော တဏှာဒါသော။ လောကော၊ လူအပေါင်းသည်။ ဦးနော၊ အလိုဆန္ဒမပြည့် ယုတ်လျော့၏။ အတိတ္တော၊ ရောင့်ရဲတင်းတိမ်ခြင်း ကင်း၏။ တဏှာဒါသော၊ တဏှာ ၏ကျွန် ဖြစ်၏။ (မဇ္ဈိမပဏ်-ပါ-ရဋ္ဌပါလသုတ်-၂၅၆)

## ၄၄။ စိတ်ကို ထိန်းနိုင်မှ ချမ်းသာမည်

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရ ဗန္ဓနာ။
(ဓမ္မပဒ-ဠ-ပ-၁၉၃)

(အနက်) ဒူရင်္ဂမံ၊ အဝေးသို့လည်း ပြေးသွားတတ်သော။ ဧကစရံ၊ ဥပါဒ်ဌီ၊ ဘင်တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်ထသော၊ အသရီရံ၊ အထည်ကိုလည်း မရှိထသော။ ဂုဟာသယံ၊ ဟဒယဝတ္ထုတည်း ဟူသော လှိုင်ဂူလျှောင် တည်ရာရှိထသော။ စိတ္တံ၊ စိတ်ကို၊ ယေ၊ အကြင် သူတို့သည်။ သံယမေဿန္တိ၊ စောင့်ရှောက် ချုပ်တည်း သိမ်းဆည်း နိုင်ကုန်လတံ့။ တေ၊ ထိုစောင့်ရှောက် ချုပ်တည်း သိမ်းဆည်းနိုင်သော သူတို့သည်၊ မာရဗန္ဓနာ၊ ကိလေသာမီးလျှံ ဟူသော ပြင်းထန်သော အနှောင်အဖွဲ့မှ မောက္ခန္တိ လွတ်မြောက်ကုန်လတံ့။

## ၄၅၊ ဣဒ္ဓိပါဒ် (၄) ပါး

အရှင်ရဋ္ဌပါလ မထေရ်သည် ဆန္ဒကို အမှူးထား၍ လောကုတ္တရာ တရားကို ဖြစ်စေ၏။ အရှင်သမ္ဘူတ မထေရ်သည် စိတ်ကို အမှူးထား၍ လောကုတ္တရာ တရားကို ဖြစ်စေ၏။ အရှင်သောဏ မထေရ်သည် ဝီရိယကို အမှူးထား၍ လောကုတ္တရာ တရားကို ဖြစ်စေ၏။ အရှင်မောဃ ရာဇ မထေရ်သည် ပညာကို အမှူးထား၍ လောကုတ္တရာ တရားကို ဖြစ်စေ၏။
(ဥပမာအားဖြင့် အမတ်သား(၄)ယောက်နှင့် တူ၏)

ဒုန္နိဂ္ဂဟဿ လဟုနော ယတ္ထ ကာမ နိပါတိနော၊
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟန္တိ။
(ဓမ္မပဒ-ဠ-ပ-စိတ္တဝဂ်-၁၀၇)

(အနက်) ဒုန္နိဂ္ဂဟဿ၊ အလွန်နှိမ်နင်းနိုင်ခဲသော။ လဟုနော၊ လျှင်စွာဖြစ်ခြင်း ချုပ်ခြင်းရှိသော။ ယတ္ထ ကာမနိပါတိနော၊ အကြင်ကြင် အလိုရှိသော အာရုံ၌ ကျခြင်းရှိသော။ စိတ္တဿ၊ စိတ်ကို။

ဒမထော၊ ဆုံးမခြင်းသည်၊ သာဓု၊ ကောင်း၏။ ဒန္တံ၊ ဆုံးမပြီးသည်ဖြစ်၍၊ ယဉ်ကျေးသော၊ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏၊ ဣတိ၊ ဤသို့ ဟောတော်မူပြီ၊

ကောသလမင်းကြီး၏ နိုင်ငံတွင် မာတိကာမည်သော လူနေထူထပ်သောရွာ၌ မာတိကာ ဒါယိကာမကြီး၏ ဂုဏ်သတင်းကို (၆)ကျိတ်သော ရဟန်းတော်များထံမှ ကြားရ၍ မြတ်စွာဘုရားအား လျှောက်ထားပြီး မာတိကာရွာသို့ ကြွသွားသော ရဟန်းတစ်ပါးကို စိတ်ကို ထိန်းရမည်ဟု ဟောတော်မူ၏၊

## ၄၆၊ သုဝဏ္ဏကာရ ထေရဝတ္ထု

ဇေတဝန်ကျောင်း၌ ပဒုမ္မာကြာပန်းကို လှူလျှက် ခယ ဝယ သုံးသပ်ရမည်ဟု ရွှေပန်းတိမ်သည်၏သား မထေရ်အား ဟောပုံ။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရ ဒိကံ၀ ပါဏိနာ၊
သန္တိမဂ္ဂ မေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ၊

(ဓမ္မပဒ-၄၃-ဒု-၂၆ဂ)

**(အနက်)** သာရဒိကံ၊ သာရဒဥတု၌ဖြစ်သော၊ ကုမုဒံ ကုမုဒ္ဒရာကြာကို၊ ပါဏိနာ၊ လက်ဖြင့်၊ ဥစ္ဆိန္ဒိဣဝ၊ ဖြတ်သကဲ့သို့။ အတ္တနော၊ မိမိ၏။ သိနေဟံ၊ ချစ်ခြင်းတဏှာကို။ ဥစ္ဆိန္ဒ၊ ဖြတ်လော့။ သန္တိမဂ္ဂမေဝ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ်ကိုသာလျှင်။ ဗြူဟယ၊ ပွားလော့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

## ၄၇။ သေခြင်းတရား မသိနိုင်ပုံ

အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ၊ (ဂုဏ်းဂါထာအနက် ပေးပြီး)၊

ဧဝံ ဝိဟာရေ အာတာပိ၊ အဟောရတ္တ မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ တိ
(အနက်ပေးပြီး)။
ဣဓ ဝါ ဝသိဿာမိ၊ ဣဓ ဟေမန္တ ဂိမှိသု၊
ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတီ တိ၊
(ဓမ္မပဒ-ဌ-ဒု-မဂ္ဂမဂ်-၂၆၉)

(**အနက်**) ဣဓ ဣမ သို့ ဌာနေ၊ ဤအရပ်၌၊ ဣဒဥ္စိဒဥ္စ၊ ဤမည် ဤမည်သော အမှုကို၊ တရောန္တော ပြုလျက်၊ ဝဿံ၊မိုးလေးလ ပတ်လုံး၊ ဝသိဿာမိ၊ နေအံ့၊ ဣဓ ဣမသို့ဌာနေ ဤအရပ် ၌၊ ဣဒဥ္စိဒဥ္စ၊ ဤမည် ဤမည်သော အမှုကို၊ တရောန္တော၊ ပြုလျက် ဟေမန္တဂိမှိသု၊ ဆောင်းလေးလ နွေလေးလတို့၌၊ ဝသိဿာမိ၊ နေအံ့၊ ဣတိ၊ ဤသို့၊ ဗာလော၊ သူမိုက်သည် ဝိစိန္တေတိ၊ ကြံ၏။ အန္တရာယံ၊ အန္တရာယ်ကို၊ န ဗုဇ္ဈတိ၊ မသိ။ ဣတိ၊ ဤသို့၊ အာဟ၊ မိန့်တော် မူ၏။

ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဝတ်ပန်းပုဆိုး လှည်း အစီး (၅၀၀) ငါးရာဖြင့် ဗာရာဏသီမှ သာဝတ္ထိသို့လာလျက် ဤ သာဝတ္ထိ၌ပင် မိုးအခါနေမည်၊ ဆောင်းအခါနေမည်၊ နွေအခါ တို့၌လည်း နေဦးမည်ဟု အသက်အန္တရာယ်မသိဘဲ ဆိုင်းနေရာ မြတ် စွာဘုရားက မကြာခင် သေတော့မည်ဟု အရှင်အာနန္ဒာအား ပြော သောအခါ အရှင်အာနန္ဒာက ကုန်သည်ကို ပြောရာ၊ ဘုရားထံ ရောက်၍ ဘုရားက တရားဟောသဖြင့် အကျိုးထူးခံစားရလေ၏။

## ၄၈။ ကမ္မဋ္ဌာန်း (၂)မျိုး ပေသကာရီ မိတာဝတ္ထု

(၁) သဗ္ဗတ္ထကမ္မဋ္ဌာန်း (၂) ပါရိဟာရိယ ကမ္မဋ္ဌာန်း ဟု (၂)မျိုး ခွဲခြားသိရမည်။

အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလ မုတ္တောဝ၊ အပ္ပော သဂ္ဂါယ ဂစ္ဆတိ။
(ဓမ္မပဒ-ဌ-ဒု ၁၁၄)

(**အနက်**) အယံလောကော၊ ဤလူ့အပေါင်းသည်။ အန္ဓဘူတော၊ အကန်းသဖွယ်ဖြစ်၍ဖြစ်၏။ ဧတ္ထ၊ ဤလူ့အပေါင်းတွင်။ တနုကော၊ အနည်းငယ်မျှသော လူ့အပေါင်းသည်သာလျှင်။ ဝိပဿတိ၊ ဉာဏ်ဖြင့်ရှု၏။ ဇာလမုတ္တော၊ ပိုက်ကွန်မှလွတ်သော။ သကုဏောဣဝ ငှက်ကဲ့သို့။ အပ္ပော၊ အနည်းငယ်သောသတ္တဝါသည်။ သဂ္ဂါယ၊ လူ့ပြည် နတ်ပြည်ဟူသော သုဂတိနှင့် နိဗ္ဗာန်သို့ (သုဂတိံဝါ နိဗ္ဗာနံဝါ ပါပုဏာတိ အတ္ထော အရ အဋ္ဌကထာစကားကိုမှီ၍ပေးသည်)။ ဂစ္ဆတိ၊ ရောက်လေ၏။ အဂ္ဂါဠဝစေတီ၌သီတင်းသုံးနေတော်မူစဉ် ဟောတော်မူ၏။ တစ်နေ့သ၌ အာဠဝီ ပြည်သူပြည်သားတို့သည် အာဠဝီပြည်သို့ မြတ်စွာဘုရားကြွတော်မူ၍ ဆွမ်းလှူကြပြီးသောအခါ—

အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ အဝဿံ မယာ
မရိတဗ္ဗမေဝ၊ မရဏ ပရိယောသာနံ မေ ဇီဝိတံ၊ ဇီဝိတမေဝ
အနိယတံ မရဏံ နိယတံ ဟူ၍ ပွားများကြလေ၏။

(ဓမ္မပဒ-ဌ-၁၁၁)

(**အနက်**) မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ အဒ္ဓုဝံ၊ မမြဲ။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်။ ဓုဝံ၊ မြဲ၏။ မယာ၊ ငါသည်။ အဝဿံ၊ မချွတ်၊ မရိတဗ္ဗမေဝ၊ သေရအံ့သည်သာလျှင်တည်း၊ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယောသာနံ၊ သေခြင်းဆုံးလျှင် အဆုံးရှိ၏။ ဇီဝိတံ၊ အသက်သည်။ အနိယတံ ဧဝ၊ မမြဲသည်သာလျှင်ကတည်း။ မရဏံ၊ သေခြင်းသည်။ နိယတံ၊ မြဲ၏။ ဣတိ၊ ဤသို့။ မရဏာနုဿတိ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေထ၊ ပွားစေကုန်လော့။

မပွားများကြသောသူတို့သည် သေခါနီးကာလ၌ မြွေကိုမြင်၍ ဒုတ် လှံတံ မပါသူတို့ကဲ့သို့ ထိတ်လန့်တုံလှုပ်လျက် သေကြရကုန်၏။ မရဏာနုဿတိပွားများသူတို့ကား အဝေးမှ မြွေကိုမြင်၍ ဒုတ် လှံတံ နှင့်ယှူခါ စွန့်ပစ်၍ ရပ်တည်သောသူတို့ကဲ့သို့ သေခါနီးကာလ၌ မကြောက်မရွံ့ပြီ၊ ထို့ကြောင့် မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများကြဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။

(၁၆)နှစ်အရွယ် ယက်ကန်းသည်မဖြစ်သော ပေသကာရီ သမီးကလေးသည်–

အဟော ဗုဒ္ဓါနံ တထာနာမ အစ္ဆရိယာ မယာ ပန မရဏ သတိံ ဘာဝေတုံ ဝဋ္ဋတိ ဟု နေ့ညမပြတ်ပွားမျှားခြင်းကြောင့် သောတာပန်တည်လေ၏၊

(ဓမ္မပဒ-႘-ဒု ၁၁၁)

(အနက်) ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏၊ တထာနာမ၊ စကား မည်သည်ကား၊ အဟောအစ္ဆရိယာ၊ သြော်–အံ့သြဖွယ်ရှိပေစွ၊မယာ၊ ငါသည်၊ မရဏသတိံ၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို။ ဘာဝေတုံ၊ ပွားစေခြင်းငှာ၊ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့၊ ရတ္တိန္ဒိဝံ၊ ညဉ့်နေ့ပတ်လုံး၊ မရဏသတိမေဝစ၊ မရဏသတိကမ္မဋ္ဌာန်းကိုသာလျှင်၊ ဘာဝေတိ၊ ပွားစေ၏၊

## ၄၉။ မေတ္တာအကျိုးနှင့် ဥတ္တရာဝတ္ထု

ဆောင်– ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျှက်လူနတ်၊ စောင့်လက်နက်မျှား၊ မီးကားမလောင်၊ ဆိပ်ရှောင်မသင့်၊ လက်နက်ဖြင့်ပ၊ မစူးရှတည်း၊ တစ်ပြီးပကြည်ပေ၊ တွေဝေမရှိ၊ သေရာဘိသော်၊ လားမည်နတ်ရွာ၊ (၁၁)ဖြာ၊ မေတ္တာ အကျိုးတည်း။

ရာဇဂြိုဟ်မြို့ သုမနသူဌေး၏အိမ်၌ အလုပ်လုပ်သော ပုဏ္ဏ အမည်ရှိသော ယောကျ်ား–ဇနီး ဥတ္တရာနှင့် သမီး ဥတ္တရာတို့သည် အရှင်သာရိပုတ္တရာအား ဆွမ်းလှူဒါန်းခြင်းကြောင့် မဟာနေသူဌေး ဘွဲ့တံဆိပ် ချီးမြှောက်ခံရ၍ နောက်ဆုံး သောတာပန်၌တည်ကြ၏။

အကောဓေန ဇိနေကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိက ဝါဒိနာ။

(ဓမ္မပဒ ႘-ဒု ၆၆)

(အနက်) ကောဓ၊ ကြမ်းတမ်းမာခက် အမျက်ထွက်သော ပုဂ္ဂိုလ်ကို။ အကောဓေန၊ မေတ္တာနှင့်သက် အမျက်မထွက်ခြင်းရှိသည် ဖြစ်၍။ ဇိနေ၊ အောင်နိုင်အပ်၏။ အသာဓုံ၊ ကိုယ်နှုတ်နှလုံးသုံးပါး အပေါင်း မကောင်းသောပုဂ္ဂိုလ်ကို၊ သာဓုနာ၊ ကိုယ်နှုတ်နှလုံးသုံးပါး အပေါင်းကောင်းသောသူဖြစ်၍၊ ဇိနေ၊ အောင်နိုင်အပ်၏။ ကဒရိယံ၊ မပေးလှူလို ဝန်တိုခက်မာသော ပုဂ္ဂိုလ်ကို။ ဒါနေန၊ မိမိပစ္စည်းနည်း များမဟူ ပေးလှူစွန့်ကြဲသောစိတ်ရှိသည်ဖြစ်၍၊ ဇိနေ၊ အောင်နိုင် အပ်၏။ အလိက ဝါဒိနံ၊ အမှန်လွတ်ကင်းချွတ်ယွင်းသော စကား ပြောကြားလေ့ရှိသော ပုဂ္ဂိုလ်ကို။ သစ္စေန၊ မဖောက်မပြန် မှန်ကန် စကားပြောကြားခြင်းရှိသည်ဖြစ်၍၊ ဇိနေ၊ အောင်နိုင်အပ်၏၊

## ၅၀၊ ဥတ္တရာက သိရိမာအား မေတ္တာခေတ်ထားပုံ

စက္ကဝါဠံ အတိုသမ္ဘာဓံ၊ ဗြဟ္မလောကော အတိနိစကော။
မမ သဟာယိကာယ ဂုဏောဝ မဟန္တော၊ အတဉ္စ ကော
နိယာယ ဒါနဉ္စ ဒါတုံ ဓမ္မဉ္စ သောတုံ လဘိံ။

(ဓမ္မပဒ-ဋ္ဌ-ဒု-၂၀၁)

စကြာဝဠာတိုက်အဝန်းသည် အလွန် ကျဉ်းမြောင်းသေး၏။ အထက်ဗြဟ္မာပြည်သည် အလွန်နိမ့်သေး၏၊ ငါ၏ခင်ပွန်းမ၏ကျေးဇူး သည်သာလျှင် ထို့ထက်အလွန်မှန်မြတ်ကြီးကျယ်၏၊ထိုအဆွေခင်ပွန်းမ ကို မှီ၍ ငါသာလျှင် အလှူကိုပေးလိုခြင်းငှာလည်းကောင်း၊ တရား တော်ကို နာကြားခြင်းငှာလည်းကောင်း၊ ရပေ၏ဟု သိရိမာ၏ ကျေးဇူးကိုအောက်မေ့၍ မေတ္တာပို့၏၊

ဤအရာ၌ ရန်သူ၏အပြစ်ကိုပယ်၍ ကျေးဇူးကို ဆင်ခြင်ရမည်။ (တစ်နည်းကတော့)သီးခံခြင်းသည် ဘုရားရှင်တို့၏ အလုပ်ဖြစ်မေ သည်။ သူမြတ်တို့၏ အကျင့်ပါတကားဟု ဆင်ခြင်ရမည်။

(တစ်နည်းကတော့) ရန်သူကို စိတ်ဆိုးတယ်ဆိုရာ၌ သင့်အား မကောင်းပြုတဲ့အခါတုန်းကရှိတဲ့ ရုပ်နာမ်ဟာ ချုပ်ပျောက်၍ သွား လေပြီ။ မရှိတာကို စိတ်ဆိုး၍နေသည်မည်၏ဟု ဆင်ခြင်ရမည်၊

## ၅၁။ သီရိမာနှင့် အသုဘကမ္မဋ္ဌာန်း

သောတာပန်တည်ပြီးသော် သီရိမာသည် မြတ်စွာဘုရားကို ပင့်၍ နောက်တစ်နေ့၌ အလှူကြီးပေးပြီး သံဃာတော်များအား အဋ္ဌကဘတ်ဖြင့် အမြဲဝတ်တည်လေ၏။ အဋ္ဌကဘတ်ကို အလှူခံပြီး (၃)ယူဇနာအထက်ဝေးသော ကျောင်းတိုက်သို့ကြွသွားသော ရဟန်း၏ပြောစကားဖြင့် သီရိမာ၏သဒ္ဓါကောင်းပုံ အဆင်းလှပုံကို ကြားရသဖြင့် ထိုကျောင်းနေ ရဟန်းတစ်ပါးသည် ဝါစဉ်ကို ပြောပြီးကြွလာက ဇေတဝန်ကျောင်းသို့ရောက်သဖြင့် အာရုံတက်လတ်သော် ထိုရဟန်းပင် သံဃာ့ထေရ်ဖြစ်၍ကြွသွားသည်ရှိသော် သီရိမာကို မြင်ရတော့–

အထဿ အနေကဝဿကောဋိ သန္နိစိတော ကိလေသော
သမုဒါစရိ။ (ဓမ္မပဒ-ဌ-ဒု ၆၇)

**(အနက်)** အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန်း၏။ အနေကဝဿကောဋိ သန္နိစိတော၊ များစွာသောနှစ် အကုဋေပတ်လုံး ကောင်းစွာစုဝေး၍တည်သော၊ ကိလေသော၊ ကိလေသာသည် သမုဒါစရိ၊ ပျင်းစွာဖြစ်၏။

အဲဒီနေ့မှာပင် သီရိမာသေလွန်၍ ဘုရားကိုလျှောက်၍ အသုဘရှုရန် စီရင်စေ၏။ (အကျယ်ခွဲ၍ သိပါလေ)။

ထိုရဟန်းသည် သောတာပန်တည်၍ လူအများလည်း တရားထူးရကြလေ၏။

တဿ စိတ္တိဂတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟု သင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။
(ဓမ္မပဒ-ဌ- ၆၉)

**(အနက်)** ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဓုဝံ၊ မြဲသောအဖြစ်သည်လည်းကောင်း။ ဌိတိ တည်သောအဖြစ်သည် လည်းကောင်း။ နတ္ထိ၊ မရှိ။ စိတ္တဂတံ၊ အဝတ်တန်ဆာစသည်တို့ဖြင့် ဆန်းကျယ်စွာ

ပြုအပ်ထသော။ ဗိမ္ဗံ၊ ရွှေရုပ်နှင့်တူထသော။ အရုကာယံ၊ ကိုးပါးသော အမာဝတ္ထု၏အစွမ်းဖြင့် အိုင်းအမာနှင့်တူသော ကိုယ်ရှိထသော၊ သပုဃီတံ၊ သုံးရာသောအရိုးတို့ဖြင့် စိုက်ထားအပ်ထသော၊ အာတုရံ၊ ကြွင်နာစွာထသော၊ ဗဟုသင်္ကပ္ပံ၊ များစွာသော လူအပေါင်းသည်၊ များသောအားဖြင့် ကြံအပ်ထသော၊ ဠမ်၊ဤဧ႗တ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို၊ ပဿထ၊ ရှုကုန်လော့၊ ဠတိ၊ ဤသို့၊ အာတ၊ ဟောတော်မူ၏၊

အဝတ်တန်ဆာ ပန်းနံ့သာဖြင့် ဆန်းကျယ်စွာပြုအပ်သော ထုအပ်သောအရုပ်နှင့်တူသော သုံးရာသောအရိုးတို့ဖြင့် စိုက်ဆောက်အပ်သော ကြွင်နာတတ်သော များစွာသောလူတို့သည် ကြံစည်အပ်သော ကိုးပေါက်ဒွါရ အမာဝရှိသောကိုယ်ကို စေ့စေ့ငုငု ကြည့်ရှုကြပါလော့၊

အကြွင်ကိုယ်၏ အမြဲအကြည် တည်လေခြင်းသဘောသည် မရှိခဲ့ချေတကား။

### ၅၂။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွားများသင့်၏

ဝိသုဒ္ဓ ခန္ဓသန္တနော၊ ဗုဒ္ဓေါတိ နိယမော ကတော။
ခန္ဓ သန္တာန သုဒ္ဓိတု၊ ဂုဏောတိ နိယမော ကတော၊
(ဇိနာလင်္ကာရဋီကာ ၄၆)

(အနက်) ဝိသုဒ္ဓ ခန္ဓသန္တာနော၊ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်သောခန္ဓာတော်အစဉ်ကို၊ ဗုဒ္ဓေါတိ၊ဘုရားဟူ၍၊နိယမော၊မှတ်ခြင်းကို၊ ကတော၊ပြုအပ်၏၊ ခန္ဓသန္တာန သုဒ္ဓိတု၊ခန္ဓာတော်အစဉ်တို့၏ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်း ကိုကား။ ဂုဏောတိ၊ ဂုဏ်တော်ဟူ၍၊ နိယမော၊မှတ်ခြင်းကို။ ကတော၊ ပြုအပ်၏၊

ကိလေသာတို့မှ အထူးသဖြင့်စင်ကြယ်သော ခန္ဓာတော်အစဉ်ကို ဘုရားဟူ၍ မှတ်ခြင်းကို ပြုအပ်၏။ ခန္ဓာတော်အစဉ်၏ ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းကို ဂုဏ်တော်ဟူ၍ မှတ်အပ်၏၊

ဗုဒ္ဓါနုဿတိ အာဒီသု အဋ္ဌသု သညာဝ ဝတ္ထာနေသု စာတိ ဒဿသု ကမ္မဋ္ဌာနေသု၊ ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

(လက်သန်းသင်္ဂဟ-ဌ-ပါ ၁၅၁)

(**အနက်**) ဗုဒ္ဓါနုဿတိ အာဒီသု၊ ဗုဒ္ဓါနုဿတိ အစရှိကုန်သော။ အဋ္ဌသု၊ ရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့၌ လည်းကောင်း။ သညာဝ ဝတ္ထာနေသုစ၊ အဟာရေ ပဋိကူလသညာ စတုဓာတု ဝ ဝတ္ထာန်တို့၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဒဿသု၊ဆယ်ပါးကုန်သော ကမ္မဋ္ဌာနေသု၊ကမ္မဋ္ဌာန်းတို့၌။ ဥပစာရ ဘာဝနာဝ၊ ဥပစာရဘာဝနာ သည်သာလျှင်၊ သမ္ပဇ္ဇတိ၊ပြည့်စုံ၏။ အပ္ပနာ၊ အပ္ပနာဘာဝနာသည် နတ္ထိ၊ မရှိ။

အရှင်သောဌိက မထေရ်သည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွားများခြင်းကြောင့် ရဟန္တာဖြစ်တော်မူလေ၏။

## ၅၃။ အန္တရာယ် (၅) ပါးနှင့် အရိယူပဝါဒန္တရာယ်ဝတ္ထု

(၁) ကမ္မန္တရာယ်
(၂) ကိလေသန္တရာယ်
(၃) ဝိပါကန္တရာယ်
(၄) အရိယူပဝါဒန္တရာယ်
(၅) အာဏာဝီတိက္ကမန္တရာယ် ၎င်း (၅)မျိုးမှ လွတ်ကင်းသော ယောဂီပုဂ္ဂိုလ်သည် တရားရနိုင်၏။ သောတာပန်ရဟန်းငယ်က စိတ္တလ ဘောင်၌နေသော ရဟန္တာမထေရ်ကြီးကို ပြစ်မှားသော ဝတ္ထုကို ထောက်ဆ၍သိပါလေ။

## ၅၄။ သီလဝိသုဒ္ဓိ ဝိုင်းဗာဟိယဝတ္ထု

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်များမှာ စင်ကြယ်သော သီလ ဖြောင့်မတ်သော အယူရှိရမည်။

တသ္မာ ဟိဟ တွံ ဗာဟိယ အာဒိမေဝ ဝိသောဒေတိ ကုသလေသု ဓမ္မေသု၊

ကော စာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ၊

ယတော စ ခေါ တေ ဗာဟိယ သီလဉ္စ သုဝိသုဒ္ဓံ ဘဝိဿတိ ဒိဋ္ဌိစ ဥဇုကာ၊

တတော တွံ ဗာဟိယ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ။

(မဟာဝဂ္ဂ–သံ•သတိပဋ္ဌာနသံယုဂ်၊ ဗာဟိယသုတ် ၁၄၃)

ဗာဟိယ ထို့ကြောင့် သင်သည် ကုသိုလ်တရားတို့၏ အစကို သာလျှင် သုတ်သင်လော့၊ ကုသိုလ်တရားတို့၏ အစကား အဘယ် ဟာပါနည်း၊ ကောင်းစွာ အထူးသဖြင့် စင်ကြယ်သော သီလသည် လည်းကောင်း။ ဖြောင့်မတ်သောအယူသည်လည်းကောင်း၊ ကုသိုလ် တရားတို့၏ အစတည်း။

ဗာဟိယ အကြင်ကြောင့်သာလျှင် သင့်အား အထူးသဖြင့် စင်ကြယ်သောသီလသည်လည်းကောင်း၊ ဖြောင့်မတ်သောအယူသည် လည်းကောင်း ဖြစ်လတ္တံ့။

ဗာဟိယ ထို့ကြောင့် သင်သည် သီလကိုမှီ၍ သီလ၌တည်၍ လေးပါးသော သတိပဋ္ဌာန်တို့ကို ပွားများလေလော့ဟု ဟောတော် မူပြီ။

## ၅၅။ သီလ ဟူသည် အဘယ်နည်း

စေတနာ သီလံ စေတသိကံ သီလံ သံဝရော သီလံ အဝီတိက္ကမော သီလန္တိ၊

(ဝိသုဒ္ဓိမဂ်-၄-၂ ၆)

(၁) အကုသိုလ်ဒုစရိုက်မှ ရှောင်ကြဉ်သည့် စေတနာသည် သီလ မည်၏၊

(၂) အကုသိုလ်ဒုစရိုက်ကို ပယ်ခြင်း ပဟာနသည် သီလမည်၏၊

(၃) အကုသိုလ်ဒုစရိုက်မှ လုံခြုံအောင် စောင့်စည်းခြင်း၊သံဝရသည် သီလမည်၏။

(၄) အကုသိုလ်ဒုစရိုက်ကို မလွန်ကျူးခြင်း၊ အဝီတိက္ကမသည် သီလ မည်၏၊

## ၃၆။ လူများနှင့် ရဟန်းများထူးပုံ

ရဟန်းတော်များမှာ သီလဝိသုဒ္ဓိဖြစ်ပြီးမှ တရားအားထုတ်သင့်၏။ လူများမှာ မိစ္ဆာဇီဝဖြင့် ရအပ်သောပစ္စည်းရှိပါသော်လည်း ဒုစရိုက် ဒုရာဇီဝဖြင့် အသက်မမွေးတော့ပြီ၊ ရှောင်ကြဉ်ပါ၏ဟု စိတ်ကိုဆောက်တည်၍ထားပါက သီလဝိသုဒ္ဓိဖြစ်နိုင်၏။

## ၃၇၊ ပတိဋ္ဌာ (၂)မျိုးခွဲပုံ

သီလေပတိဋ္ဌာယ နရော သပညော (ဝိသုဒ္ဓိမဂ်-ပါ)

ပတိဋ္ဌာယာတိ ဒုဝိဓာ ပတိဋ္ဌာ နိဿယူပ နိဿယဘေဒတော၊
(ဝိသုဒ္ဓိမဂ်-မဟာဋီ-ပ ၁၃)

(အနက်) သီလေ၊ အဓိသီလ၌၊ ပတိဋ္ဌာယ၊တည်၍။ သပညော၊ပါရိဟာရိယပညာရှိသော။ နရော၊ ပုဂ္ဂိုလ်သည်၊ ဟောတိ၊ ဖြစ်၏၊ ပတိဋ္ဌာယာတိ၊ ပတိဋ္ဌာယဟူသည်ကား။ နိဿယူပ၊ နိဿယဘေဒတော၊ သဟဇာတနိဿယ-ဥပနိဿယ အပြားအားဖြင့်၊ ပတိဋ္ဌာ၊တည်ရာသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏၊

ပတိဋ္ဌာယပုဒ်၌ ဥပနိဿယတည်ရာ သဟဇာတနိဿယ တည်ရာဟူ၍ တည်ရာ(၂)မျိုးရှိ၏၊ ဥပနိဿယ တည်ရာဟူသည် တရားအားမထုတ်မီ ရှေ့အဖို့က စင်ကြယ်သောသီလ၌ တည်ခြင်းကိုယူပါ။

သဟဇာတ နိဿယတည်ရာဟူသည် အကုသိုလ် ဒုစရိုက်တရားတို့ကို ပယ်မည်ဟု ဝိပဿနာတရားအားထုတ်ရာ၌ သတိ ဝီရိယ စသောတရားတို့နှင့် သဟဇာတဖြစ်သော သီလ၌တည်ခြင်းကိုယူပါ။

## ၅၈၊ သီလ သမာဓိ ပညာစုံမှကောင်းသည်

သီလ ပရိဘာဝိတော သမာဓိမဟပ္ဖလော ဟောတိ
မဟာနိသံသော၊ သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ
ဟောတိ
မဟာနိသံသာ၊ ပညာ ပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေ
ဟိ ဝိမုစ္စတိ။

(မဟာပရိနိဗ္ဗာနသုတ်-ပါ-၈၄)

သီလဖြင့် ထုံအပ်သောသမာဓိသည် အကျိုးကြီး၏။ သမာဓိဖြင့် ထုံအပ်သောပညာသည် အကျိုးကြီး၏။ ပညာဖြင့်ထုံအပ်သော စိတ်သည် ကောင်းစွာ အာသဝေါတရားတို့မှ လွတ်မြောက်၏။

## ၅၉။ ဝိရတိ(၃)မျိုးနှင့် သဘောဝတ္ထု(၂)ပုဒ်

သီဟိုဠ်ကျွန်း စက္ကနသီတင်းသည်၏ ဝိရတီကဲ့သို့ ရောက်လာသော ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတီ မည်၏။

အမ္ဗရိယကျောင်းတိုက်၌နေသော ဝိဂ်လဗုဒ္ဓရက္ခိတ မထေရ်ထံ၌ သီလခံယူသော ဥတ္တရဝဍ္ဎမာနတောင်၌နေသော ဒါယကာ၏ ဝိရတီကဲ့သို့ သီလတည်ဆောက်ထားသဖြင့် ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတီမည်၏။

မဂ်ဖြင့် ကိလေသာကိုပယ်သော ဝိရတီသည် သမုစ္ဆေဒဝိရတီ မည်၏။

## ၆၀။ စိတ္တဝိသုဒ္ဓိ ပိုင်း

စိတ်၏ စင်ကြယ်ကြောင်းဖြစ်သော သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏၊ ထိုသမာဓိသည် (၁) ခဏိကသမာဓိ၊ (၂) ဥပစာရသမာဓိ၊ (၃) အပ္ပနာ သမာဓိ ဟူ၍ (၃)မျိုး ခွဲ၍ သိပါ၊

သမထယာနိက ပုဂ္ဂိုလ်၌ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိ (၂)မျိုးရ၏၊ သုဒ္ဓ ဝိပဿနာယာနိက ပုဂ္ဂိုလ်၌ ခဏိက သမာဓိ သာရ၏။ ခဏိကသမာဓိသည်လည်း နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၌ အညံ့စား ခဏိကသမာဓိ မည်၏။ ဥဒယဗ္ဗယဉာဏ် စသည်၌ အလတ်စား ခဏိက သမာဓိမည်၏၊ သင်္ခါရုပေက္ခာဉာဏ်စသည်၌ အမြတ်စား ခဏိကသမာဓိ မည်၏ ဟု ခွဲ၍သိရမည်။

ပွားရာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်(၃)မျိုးလုံးကိုလည်း သုံးသပ်နိုင်၏။ ဝိဘင်း အဋ္ဌကထာ စသည်၌ သရသ သဘာဝတော ဟု ဆို၏။ ရုပ်၏သဘာဝ လက္ခဏာ၊ နာမ်၏ သဘာဝ လက္ခဏာကို ပိုင်နိုင်စွာသိပါက ကျန် (၂) မျိုးကိုလည်း သိပြီး ဖြစ်တော့၏၊

## ၆၁။ တတိယဝိသုဒ္ဓိ ပိုင်း

ပစ္စယပရိဂ္ဂဟဉာဏ်သည် တတိယဝိသုဒ္ဓိ မည်၏၊ ဆိုမှားခြင်း (၇)ပါး (၁၆) ပါးကို လွတ်မြောက်၏။ အရကား ပြော ကို ရ၏၊

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်-ဋ္ဌ-ဒု-၂၄၀)

(အနက်) ပန၊ အကျိုးကြီးမားသည်ကိုဆိုအံ့။ ဣမိနာပန ဉာဏေန၊ ဤဆိုခဲ့ပြီးသော ယထာဘူတဉာဏ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည်၊ ဗုဒ္ဓသာသနေ၊ သဗ္ဗညုရှင်တော်ဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်၊ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည် နိယတ ဂတိကော၊ မြဲသောသုဂတိရှိသည် ဖြစ်၍၊ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည် (ဝါ) သောတာပန်ထွေး မည်သည်။ ဟောတိ၊ ဖြစ်၏။

တခါဝိတရဏ ဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓသာသနာ၌ ရအပ်သော သက်သာရာ ရှိ၏၊ ရအပ်သော ထောက်တည်ရာရှိ၏၊ မြဲသောဂတိ ရှိသည်ဖြစ်၍ စူဠသောတာပန် မည်၏။

## ၆၂။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ မင်ပိုင်း

ဥဒယဗ္ဗယဉာဏ်၌ ရှေ့ပိုင်း နောက်ပိုင်း သို့မဟုတ် အနုစား အကြမ်းစားဟူ၍ (၂)မျိုး ရှိ၏၊ ထို(၂)မျိုးတွင် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် အနုစား (၂)မျိုးသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏၊ အရကား ပညာကိုရ၏။ ဤပိုင်း၌–

ဆောင်- နာ ပစ် နိစ် ဒုတ် နတ် ငါး မှတ်သား ယထာဘူ ဟူသော ဆောင်ပုဒ်အရ- (၁) နာမရူပပရိစ္ဆေဒဉာဏ်၊ (၂) ပစ္စယပရိဂ္ဂဟဉာဏ်။ (၃) အနိစ္စလက္ခဏာဉာဏ်။ (၄) ဒုက္ခလက္ခဏာဉာဏ် (၅) အနတ္တလက္ခဏာ ဉာဏ် ဟူ၍ (၅) မျိုးရှိ၏။ ၎င်း (၅) မျိုးကို ယထာဘူတဉာဏ်ဟု သိရမည်။

ဝိပဿနာဉာဏ်သည် ယထာဘူတဉာဏ် (၅) ပါး နိဗ္ဗိဒါဉာဏ် လောကုတ္တရာဘက်က မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ၎င်း (၉) ပါးကိုယူ၊ (တနည်း) ဉာဏ်(၁၀) ပါးကိုယူ၊ (တနည်း) သုသိမ ရဟန်းအား ဟောသော ဒေသနာနည်း အလိုမှု (၂)ပါးကိုယူ၊

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ
(နိဒါနသံ-ပါ-၃၄၄)

ဓမ္မဋ္ဌိတိဉာဏ်ဟူသည် ဝိပဿနာဉာဏ်ပင် ဖြစ်၏။ သာဝတ္ထိပြည် ပဋ္ဋဂ္ဂပုဏ္ဏား သူကြွယ်လင်မယား (၂)ယောက်၏ ဝတ္ထုကို ရှု၍ သိပါလေ၊

သဗ္ဗသော နာမရူပသ္မိံ ယဿ နတ္ထိ မ မာယိတံ
အ သတာစ န သောစတိ၊ သဝေ ဘိက္ခုတိ ဝုစ္စတိ။
(ဓမ္မပဒ-ဌ-ဒု-၃၆၉)

**(အနက်)** ဗြဟ္မဏ၊ သူကြွယ်ပုဏ္ဏား။ ယဿ၊ အကြင်မိန်းမ ယောကျ်ားအား။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ နာမရူပသ္မိံ၊ နာမ်ရုပ်၌။ မမာယိတံ၊ ငါ ငါ့ဟာဟူ၍ တွယ်တာမြတ်နိုးခြင်းသည်။ နတ္ထိ၊ အခါခပ်သိမ်းမရှိ။ အသတာစ၊ ပျောက်ခဲ ပျက်စီးခဲ့သော်လည်း။ န သောစတိ၊ မပင်ပန်း မစိုးရိမ်။ ထံ သော၊ ထိုသို့သော မိန်းမ ယောကျ်ားကို။ တေန၊ ထို အတွယ်အတာ အစိုးရိမ် မရှိခြင်းကြောင့်။ ဝေ၊ စင်စစ်။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဂုဏ်းဝတ္ထု၌ သဘာဝ လက္ခဏာ သာမည လက္ခဏာ နိဗ္ဗာန်ဉာဏ်(၃)ပါး ဖြစ်ပုံကို ရှု၍သိပါလေ။ ယထာဘူတဉာဏ် နိဗ္ဗာန်ဉာဏ်(၂) ပါးဖြင့် လောကုတ္တရာသို့ ရောက်၏ဟု ဒီပဲရင်း ဆရာတော် ဆိုတော်မူ၏။

> ဣမေ ဒွေပိ ဇနာ ကဿပ ဗုဒ္ဓကာလေ နာမရူပန္တိ ဝဒန္တာနံ ကတံသုတ္တံ သုံ။ (ဓမ္မပဒ-ဌ-ဒု-၃၆၉)

**(အနက်)** ဣမေပိ ဒွေဇနာ၊ ဇနီး ခင်ပွန်း(၂)ယောက်တို့သည်လည်း။ ကဿပဗုဒ္ဓကာလေ၊ ကဿပ ဘုရားရှင် လက်ထက်တော် အခါ၌။ နာမရူပန္တိ၊ နာမ်ရုပ်ဟူသော ပုဒ်ကို။ ဝဒန္တာနံ၊ ရွတ်ဆိုတော်မူကြကုန်သော ရဟန်းတို့၏။ ကတံ၊ စကားကို။ သုတ္တံ သုံ၊ နာကြားဘူးခဲ့ကြကုန်ပြီ။

ဤ နာမ်ရုပ် ဟူသော အကျဉ်းမျှကိုသာ နာခဲ့ရသော ကောင်းမှုကြောင့် အနာဂါမ် တည်၏။

## ၆၃။ ဝိပဿနာ ပတ္တိလေသ အကျယ်

ဝိပဿနာ ပတ္တိလေသ တရားကား ဝိပဿနာ တရားအားထုတ်ဆဲ ဖြစ်သော သမထ ယာနိက ပုဂ္ဂိုလ်အား ယေဘုယျအားဖြင့် ဖြစ်ကြ၏။

ဖြစ်ပျက်ရှုသော ဉာဏ်၌ ဝိပဿနု ပက္ကိ လေသ ဖြစ်ပေါ် တတ်၏။

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခောစ ပဂ္ဂဟော၊
သုခံ ဉာဏ မုပဋ္ဌာနံ၊ မုပေက္ခောစ နိကန္တိစေတိ၊

ဟူသော ဂါထာနှင့်အညီ ဥပက္ကိလေသ တရားဖြစ်၏၊
(သင်္ဂတ-၁၅၈)

ဩဘာသ ဟူသည် ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်မှ ထွက်သော အရောင်အလင်းတည်း။

ပီတိဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော ပီတိစေတသိက် တည်း။

ပဿဒ္ဓိ ဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော ကိုယ်စိတ်နှစ်ပါး တို့၏ ငြိမ်းအေးခြင်းတည်း၊

အဓိမောက္ခ ဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော သဒ္ဓါစေ တသိက်တည်း

ပဂ္ဂဟ ဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော ဝီရိယစေတသိက် တည်း။

သုခ ဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော အလွန်မွန်မြတ် ချမ်း သာသော စေတသိက် သုခတည်း။

ဉာဏ ဟူသည် သိကြားမင်း ပစ်လွှင့်အပ်သော ဝရဇိန်နှင့် တူသော အလွန်ထက်မြတ်သော ဝိပဿနာဉာဏ်တည်း။

သတိ ဟူသည် ဝိပဿနာနှင့် ယှဉ်သော သတိ စေတသိက် တည်း။

ဥပေက္ခာ ဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော တတြမဇ္ဈတ္တု ပေက္ခာ အာဝဇ္ဇနုပေက္ခာ (၂) ပါးတည်း။

နိကန္တိ ဟူသည် တပ်နှစ် သက်တတ်သော တဏှာတည်း၊

သြဘာသကား သမာဓိကြောင့် လည်းကောင်း၊ ဝိပဿနာ ဉာဏ်ကြောင့် လည်းကောင်း၊ ဖြစ်တတ်၏။ အလောင်းတော် သုမေဓာ၊ အနာထပိဏ် ကပ္ပိန မင်း တို့ အား ဖြစ်သော အရောင်အလင်း မျိုးတို့ကဲ့သို့ ယူရမည်။

ပီတိသည် (၁) ခုဒ္ဒကာပီတိ။ (၂) ခဏကာပီတိ။ (၃) သြက္ကန္တိကာပီတိ။ (၄) ဥဗ္ဗေဂါပီတိ။ (၅)ဖရဏာပီတိဟု (၅)မျိုး ရှိ၏။

ပုဏ္ဏဝလ္လိက ကျောင်းတိုက်၌ နေသော မဟာတိဿ ထေရ်ဝတ္ထု၊ ပီရိကန္တက ကျောင်းတိုက်၏ ဂေါစရဂါမ် ဝဋ္ဋကာလက ရွာ၌ နေသော အမျိုးသမီး ဝတ္ထုတို့ကို ရှု၍ သိပါ။

## ၆၄။ ဝိပဿနာဉာဏ်၌ လက္ခဏာ (၃)ပါး ရေတွက်ပုံ

ဥဒယဗ္ဗယဉာဏ်ကို တရုဏ ဝိပဿနာဟု ခေါ်သည်။ ထိုဥဒယဗ္ဗယဉာဏ်ကို ရခြင်းသည် အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်မည်၏။ (ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကား စူဠ သောတာပန်မည်၏။
(ပဋိသမ္ဘိဒါမဂ်-ဋ္ဌ-ပ-၂၅၂)

ဥဒယဗ္ဗယေပန ပဋိဝိဒ္ဓေ အနိစ္စလက္ခဏံ ပါကဋံဟုတွာ ဥပဋ္ဌာတိ။

တထော ယဒနိစ္စံ တံဒုက္ခံ၊ ယံ ဒုက္ခံ တ ဒနတ္တာ တိက္လာရလက္ခဏမ္ပိ၊ အထဝါ ဥဒယဗ္ဗယဂ္ဂဟ နေနဟုတွာ အဘာဝါကာရော အဘိဏှံ သမ္ပဋိပီဠနာကာရော အဝသဝတ္တနာကာရော စဝိဘူတတရော ဟောတိတိ။
(ဝိသုဒ္ဓိမဂ်-မဟာဋီကာ-ဒု-၄၃၆)

(အနက်) ဥဒယဗ္ဗယေ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဋိဝိဒ္ဓေ၊ ထိုးထွင်း၍ သိအပ်သည် ရှိသော်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ပါကတံ၊ ထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍၊ ဥပဋ္ဌာတိ၊ ထင်၏။ တတော၊ ထိုသို့ အနိစ္စလက္ခဏာ ထင်ခြင်းကြောင်း။ ယဒနိစ္စံတံဒုက္ခံ

တံဒုက္ခံတ ဒနတ္တာတီတိ ပစနတော ယဒနိစ္စံတံ ဒုက္ခံ ယံဒုက္ခံ တဒနတ္တာ ဟူ၍ ဟောတော်မူခြင်းကြောင့်၊ ဣဘာရလက္ခဏာမှ၊ ဤအနိစ္စ လက္ခဏာမှ တစ်ပါးသော ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ (၂) ပါးသည်လည်း ဥပဋ္ဌတိ၊ ထင်တော့၏။

အထဝါ–တစ်နည်းသော်ကား၊ ဥဒယဗ္ဗယဂ္ဂဟနေန၊ ဥဒယဗ္ဗယသဒ္ဒါဖြင့်။ (ဝါ) ဖြစ်ခြင်းပျက်ခြင်းကိုယူသဖြင့်။ ဟုတွာ၊ ဖြစ်ပေါ်လာပြီး၍။ အဘာဝါကာရော စ၊ မရှိခြင်းပျောက်ပျက်သွားခြင်း အချင်းအရာသည် လည်းကောင်း။ အဘိဏှသမ္ပဋိပီဠနာကာရော စ၊ ဖြစ်ခြင်းပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်း အချင်းအရာသည် လည်းကောင်း။ အဝသဝတ္တနာကာရော စ၊ မိမိအလိုသို့မလိုက်သော အချင်းအရာသည် လည်းကောင်း။ ဝိဘူတတရော၊ အထူးသဖြင့် ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဖြစ်ပျက်ကိုရှုသော ယောဂီပုဂ္ဂိုလ်အား သဘာဝခေတ်ပရမတ္ထအစစ်ကို မြင်ပါက အနိစ္စ ဒုက္ခ အနတ္တကို မြင်လေတော့၏။

## ၆၅။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ညစ်ညူးကြောင်းဘေးရန်မှလွတ်ပြီးသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း အကြမ်းစားမှစ၍ အနုလောမဉာဏ် တိုင်အောင်(၉)ပါးကား ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

သဗ္ဗာဝိဝိပဿနာလက္ခဏတ္တယသမ္မသနကိစ္စာဝ

အလုံးစုံသောဝိပဿနာတရားသည် လက္ခဏာရေး(၃)ပါးကို သာလျှင် သုံးသပ်ချက်ကိစ္စရှိ၏။ သပိတ်ကိုဝယ်ရာ၌ အပေါက်ပါသည် ကိုမြင်၍ ငြီးငွေ့ပုံ ဥပမာထုတ်၍သိပါလေ၊ ပုဆိုးပေါက် ဥပမာကို လည်း နည်းတူသိပါ။ (အဋ္ဌသာလိနီ)

ဝိပဿနာဉာဏ် (၁၀)ပါးတွင် ဘင်ဂ်ဉာဏ်ကား အနိစ္စလက္ခဏာ အထွဋ်အထိပ်ဖြစ်၏။ (ခေါင်ထိပ်ဖြစ်၏)။

ဘယညာဏ်အာဒီနပညာဏ်နိဗ္ဗိဒါညာဏ်(၃)ပါးကား သင်္ခါရုပေက္ခာ ထူး၍ အနက်တူ၏။ ဒုက္ခလက္ခဏာ၏အထွဋ်အထိပ်ဖြစ်၏။ မုဉ္စိတုကမျတာညာဏ်၊ ပဋိသင်္ခါညာဏ်၊ သင်္ခါရုပေက္ခာညာဏ် သုံးပါးကား သဒ္ဒါထူး၍ အနက်တူ၏။ အနတ္တလက္ခဏာ၏ အထွဋ်အထိပ်ဖြစ်၏၊
(ဗုဒ္ဓပဏ္ဏက မထေရ်လောင်း၏ဝတ္ထုကိုရှုပါ)

## ၆၆။ နိဗ္ဗိဒါညာဏ်ဖြစ်စေအပ်သော တရားငါးပါး

ဖြစ်ပေါ်လာသော သင်္ခါရတရားတို့၌ မမြဲဟုရှုလေ့ရှိသော အမှတ်သညာသည် အနိစ္စသညာ၊

မမြဲသောသင်္ခါရတရားတို့၌ ဆင်းရဲကြောင်း အမှန်ရှုလေ့ရှိသော အမှတ်သညာသည် ဒုက္ခသညာ။

ဆင်းရဲသောသင်္ခါရတရားတို့၌ အတ္တမဟုတ်ဟု ရှုလေ့ရှိသော အမှတ်သညာသည် အနတ္တသညာ။

ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ကို ပယ်အံ့ဟူသော အမှတ်သညာသည် ပဟာနသညာ၊

တတ်ခြင်းကင်းရာ၌ဖြစ်သော အမှတ်သညာသည် ဝိရာဂသညာ။

ပုထုဇဉ်ဘဝ၌ နာနာသတ္တာဝါရ မုခဉ္စလ္လောကနဘေး နှိပ်စက်၏၊ ၎င်းဘေးမှလွတ်အောင် ကြိုးစားသင့်၏။ ဘီလူးတို့၏ ရှာမှန်းသိခြင်း၊ ကြောက်ခြင်း၊ ထွက်ပြေးခြင်း၊ ပြန်ကြည့်ခြင်း တဖန် ဆင်ခြင်ခြင်း (၅)မျိုး ဥပမာကို ယထာဘူတညာဏ် နိဗ္ဗိဒါညာဏ် မဂ်ညာဏ် ဖိုလ်ညာဏ် ပစ္စဝေက္ခဏညာဏ်(၅)ပါးနှင့် ထပ်၍ထင်၍ ဆင်ခြင်ရမည်၊

အနတ္တသုတ်စသည်၌ ယထာဘူတညာဏ် နိဗ္ဗိဒါညာဏ်ဟူသော လောကီညာဏ်(၆)ပါးနှင့် လောကုတ္တရာဘက်က မဂ်ညာဏ် ဖိုလ်ညာဏ် ပစ္စဝေက္ခဏာညာဏ်တို့ကို ထည့်ပါက (၇)ပါး (၈)ပါး (၉) ပါးရှိ၏၊

## ဖြစ်ပျက်ရှုပုံ

ပစ္စယတော ဥဒယဗ္ဗယဒဿနတော (ဝိသုဒ္ဓိမဂ်)။

အဝိဇ္ဇာ သင်္ခါရတဏှာ ဥပါဒါန် ဟူသော အကြောင်းတရားမျိုးကြောင့် ဖြစ်ခြင်း ပျက်ခြင်း ရှုနိုင်သည်၊ ဖြစ်ဆဲ ပျက်ဆဲ အခိုက်၌ဖြစ်သော ခဏပျက်သော ခဏအားဖြင့် ဖြစ်ပျက်ရှုနိုင်သည်။

(ဝတ္ထု)
ပေါင်ကို ထုချိုးပြီး ဝိပဿနာရှုသော ကုဋုမ္ဗိ ယတိဿမထေရ် ဝတ္ထု။

ရဟန်းတစ်ကိုယ် ကျားချီခံရပြီး နောက်တစ်ညဝယ် ရဟန်းတစ်ပါးကို ကျားချီရာ တရားအားထုတ်၍ ရဟန္တာဖြစ်သွား၏။ (အကျယ်ခွဲ၍သိပါလေ)

## ၆၇။ မေဃိယသုတ်

စာလိကတောင်၌ မြတ်ဗုဒ္ဓ သီတင်းသုံးနေတော်မူစဉ် ဇန္တုရွာသို့ ဆွမ်းခံသွားပြီး အပြန် ကိမိကာဠနဆိပ်ကမ်းသို့ သွားလိုကြောင်း မြတ်စွာဘုရားအား လျှောက်ထားရာ သုံးကြိမ်တိုင်တိုင် ပယ်မြစ်၍ လေးကြိမ်မြောက်၌ ခွင့်ပြုသဖြင့်သွားရာ မိစ္ဆာဝိတက်သုံးပါး နှိပ်စက်၍ ပြန်လာပြီး မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက ဝိမုတ္တိပရိပါစနီယမဂ်ဖိုလ် ရင့်ကျက်ကြောင်း (၅) ပါး ကလျာဏမိတ် ပြည့်စုံခြင်း သီလပြည့်စုံခြင်း၊ ဒသကထာဝတ္ထု ဆွေးနွေးပြောဆိုခြင်း၊ ဝီရိယရှိရခြင်း ပညာရှိရခြင်းတို့ကို ရှေ့အဖို့က ပြည့်စုံစေရမည်။ ပြည့်စုံစေပြီးနောက် သလေးခင်းကို ကျွဲနွား မဝင် မစားနိုင်အောင် ကာရန်စောင့်ရှောက်သကဲ့သို့ အသုဘဘာဝနာ၊ မေတ္တာဘာဝနာ၊ အနာပါနဿတိ၊ အနိစ္စသညာတို့ကို ပွားများရမည်ဟု မေဃိယမထေရ်အား ဆုံးမတော်မူ၏။

(ဥဒါန်-ပါ-မေဃိယသုတ် ၁၁၆)

## ၆၇။ တရားမြင်က ပဋိစ္စသမုပ္ပါဒ်မြင်ကြောင်း

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊
ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတီတိ ပဋိစ္စသမုပ္ပန္နာ
ခေါ ပနိမေ ယဒိဒံ ပဉ္စုပါဒါနက္ခန္ဓာ၊ ယော ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒော အာလယော၊ အနုနယော အဇ္ဈောသာနံ၊ သော ဒုက္ခသမုဒယော။ ယော ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ သော ဒုက္ခနိရောဓော၊

အဝိဇ္ဇာတဏှာကံစသော အကြောင်းကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ဖြစ်ကြ၏၊ စသည်ဖြင့် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၏ဟု ဆင်ခြင်သိမြင်ပါက ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်သည်မည်ပေ၏၊ ထိုသို့ ပဋိစ္စသမုပ္ပါဒ်ကို သိသူသည် တရားကို သိမြင်သည် မည်တော့၏၊ ဥပါဒါနက္ခန္ဓာတို့၌ တပ်နှစ်သက်သော တဏှာသည် ဒုက္ခ ဖြစ်ကြောင်း သမုဒယမည်၏၊ ထိုဥပါဒါနက္ခန္ဓာတို့၌ တပ်နှစ်သက်သော တဏှာကိုပယ်ခြင်းသည် ဒုက္ခချုပ်ငြိမ်းရာ နိရောဓပင်မည်တော့၏။

(မူလပဏ္ဏာသ-ဩပမ္မဝဂ်-မဟာဟတ္ထိပဒေါပမသုတ် ၂၄၉)

## ၆၈။ ယထာဘူတညာဏ်အကျိုး

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊

(သံယုတ်ပါဠိ-ဝက္ကလိသုတ် ၉၀)

တရားမြင်က ဘုရားကိုမြင်နိုင်သည်၊ ဘုရားကိုမြင်က တရားကို မြင်တော့သည်။ ရုပ်သဘာဝလက္ခဏာ၊ နာမ်သဘာဝလက္ခဏာ၊ အနိစ္စလက္ခဏာ၊ ဒုက္ခသက္ခဏာ၊ အနတ္တလက္ခဏာ သစ္စာလေးပါး မြင်လျှင် ဘုရားကိုမြင်ပြီးသည့်အတွက်ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသော အကုသိုလ်များကို တဖြေး

ဖြေး ပယ်နိုင်၏၊ ဗန္ဓုလစစ်သူကြီး၏ဇာတော် မလ္လိကာ၊ ကောလိယမင်းသမီး သုပ္ပဝါသတို့၏ စိတ်ထားမြတ်ပုံ-သီဟိုဠ်ကျွန်း၌ အနေမိနေ့ကို သိခံမထေရ်ဝတ္ထု၊ အပူကိုသိခံသောမထေရ်ဝတ္ထု။

## ၇၀။ စွဲလန်းခြင်းကြောင့်အထင်မှားပုံ

ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းစွဲ၍ တဏှာ မာနအားဖြင့် ငါဟူ၍မှတ်ထင်ကြ၏၊ စင်စစ်တော့ ခန္ဓာငါးပါး ရင်နှမ်ဝေ ရောမျှသာ၊ ငါမဟုတ် ရွက်ချပ်၏အနံ့လည်းမဟုတ်၊ အဆင်း၏အနံ့လည်း မဟုတ်၊ ဝတ်ဆံ၏အနံ့လည်းမဟုတ်၊ ပန်းပွင့်၏အနံ့သာဆိုရသကဲ့သို့ ဥပမာကို အရှင်ခေမက ဟော၏။

(ခန္ဓဝဂ္ဂသံယုတ်-ပါ-ထေရဝဂ်ခေမကသုတ်-၁၀၆)

### ပဲခွပ်ရိုး ဥပမာ

လက်သမားသည် မိမိပဲခွပ်ရိုးကို နေ့စဉ်နေ့စဉ်သုံးစွဲရာ၌ ပွမ်းပဲ့ပါစေဟု စိတ်မရှိသော်လည်း ကိုင်ပါများတော့ တဖြည်းဖြည်း အရာထင် ပါးလွှာသကဲ့သို့မှတ်ပါလေ။

(ခန္ဓဝဂ္ဂသံပါ- ဝါသိဇဋသုတ် ၁၂၆)

ဥပါဒါယအာဝုသော အာနန္ဒအသ္မိ တိဟောတိ၊ နောအနုပါဒါယ။

ရုပ်ဝေဒနာသညာ သင်္ခါရဝိညာဏ်တို့၌ ငါပဲ ငါပဲဟု တဏှာ မာနတို့ဖြင့် စွဲလန်းမှုတည်း။

(ခန္ဓဝဂ္ဂသံယုတ် အာနန္ဒသုတ် ၈၆)

ဥပမာကား မှန်ရိပ်၌ မိမိမျက်နှာလည်းမဟုတ်၊ သူတစ်ပါး၏မျက်နှာလည်းမဟုတ် မှန်ကိုမှီ၍ နိဘာသရုပ်ထင်သကဲ့သို့မှတ်ပါ။

## ၇၁။ ညာဏဒဿန ဝိသုဒ္ဓိ

တိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိပဇ္ဇန္တဿ နဝဝိပဿနာ ညာဏာနိ ပဋိပဒါညာဏ ဒဿနဝိသုဒ္ဓိနာမ ၌ တိလက္ခဏ

ဟူသောစကားဝယ် ဖြစ်ခြင်း ပျက်ခြင်း ဇရာဟူသော ဖောက်ပြန်သောအချင်းအရာသည် အနိစ္စလက္ခဏာ၊ ဖြစ်ခြင်း ပျက်ခြင်း တို့က မပြတ်နှိပ်စက်ခြင်း အချင်းအရာသည် ဒုက္ခလက္ခဏာ၊ မိမိအလိုသို့ မလိုက်ခြင်းအချင်းအရာသည် အနတ္တလက္ခဏာဖြစ်၍ ၎င်းသုံးပါးကို အာရုံပြုလျက် ဝိပဿနာညာဏ်အဆင့်ဆင့် ရှုပွားရမည်ဟူသော သင်္ဂဟ အဋ္ဌကထာ ထောက်ဆ၍ ဖြစ်တည်ပျက်(တစ်နည်း) တည်ကိုပျက်၌ ပေါင်း၍ ဖြစ်ပျက်အာရုံပြုရှုပွားလေဟု မိန့်သတည်း။

(လက်သန်းသင်္ဂဟအဋ္ဌကထာ ၁၅၉)

(ဂေါတြဘူကား လောကုတ္တရာလည်းမဟုတ်၊ လောကီဝိပဿနာ ညာဏ်လည်းမဟုတ် ထည့်လိုပါက ဝိပဿနာညာဏ်၌ ထည့်ရပါမည်။)

ဝိသုဒ္ဓိ(၇)ပါးအစဉ်၊ ညာဏ်(၉)ပါးအစဉ်၊ ပဋိညဉ်(၃)ပါး အစဉ်တို့ကိုခွဲခြားသိကြပြီးလျှင် ပုထုဇဉ်အနွယ်ကျော်လွန်၍ အရိယာ အနွယ်တက်ရောက်နိုင်အောင်ပွားများနိုင်ကြပါစေသတည်း။

## ၇၂။ သစ္စာဉာဏ်အခွဲနှင့် သစ္စာလေးပါးသိပုံ

မဂ်ခဏ၌ သစ္စာလေးချက် တစ်ပြိုင်နက်သိသည်ဆိုရာ၌ ကျန် (၃)ပါးသောမိစ္ဆာတို့ကိုပြီးစေလျက် နိရောဓကို အာရုံပြုသောအား ဖြင့် ထိုးထွင်း၍သိသည်။ ဆီမီးဥပမာ၊ လှေဥပမာ၊ နေရောင်ဥပမာ ဖြင့် အကျယ်သိပါလေ။ ဒုက္ခသစ္စာစသည်တို့၏ သရုပ်သဘောစသည် တို့သိခြင်းကား ပစ္စဝေက္ခဏာဉာဏ်ဖြင့်သာ ပိုင်နိုင်စွာသိ၏။

ဦးခေါင်း မီးလောင်နေသူ ပုဆိုးမီးလောင်နေသူသည် မီးကို မသတ်ဘဲ သစ္စာလေးပါးကိုသာ မရရအောင်အားထုတ်ရာ၏၊ တစ်နေ့

တစ်နေ့လျှင် လှံချက်သုံးချက်ဖြင့် အထိုးခံရလျက် အသက်တစ်ရာစေ့က သစ္စာလေးပါးကို သိမည်ဆိုလျှင် ထိုလှံချက်ဒဏ်ကို ခံနိုင်ရမည်။

(သစ္စသံယုတ်-သတ္တိသတသုတ် ၃၀၅)

**သစ္စာဉာဏ်ကား** လောကီလောကုတ္တရာနှစ်မျိုးရှိ၏။ လောကီဉာဏ်သည်ကား အနုဗောဓဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဟူ၍နှစ်မျိုးရှိ၏။ လောကုတ္တရာဉာဏ်သည်ကား ပဋိဝေဓတစ်ပါးကိုမြင်ပါက ကြွင်းသစ္စာ (၃)ပါးကိုမြင်၏။

ယောဘိက္ခဝေ ဒုက္ခံပဿတိ၊ ဒုက္ခသမုဒယံမ္ပိ သောပဿတိ၊

ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိပဿတိ။

(**အနက်**) ဘိက္ခဝေ၊ရဟန်းတို့။ ယော၊ အကြင်ရဟန်းသည်၊ ဒုက္ခံ၊ဒုက္ခသစ္စာကို။ **ပဿတိ**၊ဝိပဿနာဉာဏ်ဖြင့်မြင်၏။ သော၊ထိုရဟန်းသည်၊ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာကိုလည်း ပဿတိ၊ဝိပဿနာဉာဏ်ဖြင့်မြင်၏။ သော၊ ထိုရဟန်းသည်၊ ဒုက္ခနိရောဓမ္ပိ၊ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာကိုလည်း။ ပဿတိ၊ဝိပဿနာဉာဏ်ဖြင့်မြင်၏။ သော၊ ထိုရဟန်းသည်၊ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း။ ပဿတိ ဝိပဿနာဉာဏ်ဖြင့်မြင်၏။

## ၇၃။ ဣန္ဒြိယသမ္ပန္နသုတ်၊ သံဝရငါးပါးက အသံဝရငါးပါးပယ်ပုံ

ဣန္ဒြိယသမ္ပန္နော ဣန္ဒြိယသမ္ပန္နောတိ ဘန္တေဝုစတိ၊

ကိတ္တာဝတာနုခေါ ဘန္တေ၊ ဣန္ဒြိယသမ္ပန္နော ဟောတီတိ၊

စက္ခုန္ဒြိယေစေဘိက္ခု၊ ဥဒယဗ္ဗယာနုပဿီ ဝိဟာရန္တော

စက္ခုန္ဒြိယေနိဗ္ဗိန္ဒတိသောတိန္ဒြိယေ(လ) မနိန္ဒြိယေ(လ) နိဗ္ဗိန္ဒံ

ဝိရဇ္ဇတိ(လ)ဝိမုတ္တမိတိဉာဏံဟောတိ၊

(အနက်) ဘန္တေ၊ အရှင်ဘုရား၊ ဣန္ဒြိယသမ္ပန္နော ဣန္ဒြိယသမ္ပန္နောတို့၊ ဣန္ဒြေနှင့်ပြည့်စုံသူ ဣန္ဒြေနှင့်ပြည့်စုံသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ အရှင်ဘုရား၊ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အကြောင်းဖြင့်၊ ဣန္ဒြိယသမ္ပန္နော၊ ဣန္ဒြေနှင့်ပြည့်စုံသူသည်၊ ဟောတိ နုခေါ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ဝေါဝစနံ၊ ဤသို့သောစကားကို၊ ဘိက္ခု၊ ရဟန်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဝေါစ၊ လျှောက်၏။

ဘိက္ခု၊ ရဟန်း။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌၊ ဥဒယဗ္ဗယာနုပဿီ၊ ဖြစ်ခြင်းပျက်ခြင်းအဖန်ဖန်ရှုသည်ဖြစ်၍၊ စေ ဝိဟရေန္တော၊ အကယ်၍ နေငြားအံ့။ ဝေ ဝိဟရန္တော၊ ဤသို့နေသည်ရှိသော်။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

သောတိန္ဒြိယေ၊ သောတိန္ဒြေ၌။ (လ) မနိန္ဒြိယေ၊ မနိန္ဒြေ၌ (လ) နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့ခြင်းစသည်ဖြစ်လတ်သော်။ နိရဇ္ဇတိ၊ စွဲမက်မှုရာဂမှကင်း၏ (လ) ဝိမုတ္တသ္မိံ၊ ကိလေသာမှလွတ်မြောက်ခြင်း၌၊ ဝိမုတ္တမိတိ၊ ကိလေသာမှလွတ်မြောက်၏ဟူ၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

### သံဝရ(၅)ပါးက အသံဝရ(၅)ပါးကို ပယ်ပုံ

သီလ သတိ ဉာဏ ခန္တီ ဝီရိယ သံဝရ(၅)ပါး

ဒုဿီလျ မုဋ္ဌသစ္စ အညာဏ အခန္တီ ကောသဇ္ဇ အသံဝရ (၅)ပါး။

(မူလပဏ္ဏာသ-ဋ္ဌ ၆၄)

ဒုဿီလမဖြစ်အောင် စောင့်စည်းလျှင် သီလဖြစ်၏။

မုဋ္ဌသစ္စမှ လုံခြုံအောင်စောင့်စည်းလျှင် သတိဖြစ်၏။

မသိခြင်းမောဟမှ လုံခြုံအောင် စောင့်စည်းလျှင် ဉာဏ ဖြစ်၏။

သည်းမခံခြင်း ဒေါသမှ လုံခြုံအောင် စောင့်စည်းလျှင် ခန္တီ ဖြစ်၏။

ပျင်းရိခြင်း ကောသဇ္ဇမှ လုံ့ခြုံအောင်စောင့်စည်းလျှင် ဝိရိယ ဖြစ်၏။

စက္ခုစသော ဣန္ဒြေ (၆)ပါး တံခါး(၆)ပေါက်၌ ဖြစ်ပျက် ရှုပါက ဣန္ဒြေနှင့်ပြည့်စုံသူဟု ဆိုရမည်ဟု ဟောတော်မူ၏။

## ၇၄။ ဖြစ်ပျက်အစဉ်မြင်က ဘဝမတောင့်တပုံ

သုဒ္ဓံ ဓမ္မ သမုပ္ပါဒံ၊ သုဒ္ဓံ သင်္ခါရ သန္တတိံ။
ပဿန္တဿ ယထာဘူတံ၊ န ဘယံ ဟောတိ ဂါမဏိ။
တိဏ ကဋ္ဌ သမာလောကံ၊ ယဒါ ပညာယ ပဿတိ။
နာညံ ပတ္ထယတေ ကိဉ္စိ၊ အညတြပ္ပဋိသန္ဓိယာ။

(စူဠနိဒ္ဒေသ-ပါ ၁၀၅)

**(အနက်)** ဂါမဏိ၊ ခိုးမှူးကြီးဂါမနီ။ သုဒ္ဓံ၊ အတ္တ ဇီဝ မဘက် သက်သက်သော။ ဓမ္မသမုပ္ပါဒံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ဖြစ်ခြင်းကို။ သုဒ္ဓံ၊ အတ္တ ဇီဝ မဘက် သက်သက်သော။ သင်္ခါရသန္တတိံ၊ ဖြစ်ပျက်ဖြစ်ပျက်ဟူသော ရုပ်နာမ်သင်္ခါရတရား အစဉ်ကို။ ယထာဘူတံ၊ဟုတ်မှန်သည့်အတိုင်း။ ပဿန္တဿ၊ရှုမြင်သောပုဂ္ဂိုလ်အား ဘယံ၊ကြောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။

ယဒါ၊ အကြင်အခါ၌။ လောကံ၊လူအပေါင်းကို။ တိဏကဋ္ဌသမံ၊ မြက်ထင်းတုံးတို့နှင့်တူ၏ဟူ၍၊ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊မြင်၏။ တဒါ၊ထိုအခါ၌။ အပ္ပဋိသန္ဓိယာ၊ ပဋိသန္ဓေနေခြင်း မှကင်းသောနိဗ္ဗာန်ကို။ ဌပေတွာ၊ချန်ထား၍။ အညံ၊နိဗ္ဗာန်မှတစ်ပါးသော။ ကိဉ္စိ၊တစ်စုံတစ်ခုသောဘဝ တစ်စုံတစ်ခုသောအတ္တဘောကို။ န ပတ္ထယတေ၊မတောင့်တပါ။

ယံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ တံဝေါ ပဟီနံ
ဒီဃရတ္တံ
ဟိတာယ သုခါယ ဘဝိဿတိ၊ ရူပံ ဘိက္ခဝေ န တုမှာကံ(လ)
ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ(လ)
(စူဠနိဒ္ဒေသ ပါ-၁၀၄)

(အနက်) ဘိက္ခဝေ၊ ရဟန်းတို့။ ယံ၊ အကြင်တရားသည်၊ တုမှာကံ၊ သင်ချစ်သားတို့၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ တံ၊ ဥစ္စာမဟုတ်သော ထိုတရားကို၊ ပဇဟထ၊ ပတ်စွန့်ကြကုန်လော။ တံ၊ ထိုမိမိ၏ဥစ္စာမဟုတ်သော တရားကို။ ပဟီနံ၊ ပယ်အပ်သည်ရှိသော်၊ ဝေါ၊ သင်တို့အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး၊ ဟိတာယ၊ အစီးအပွားအလို့ငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဘိက္ခဝေ၊ ရဟန်းတို့၊ ရူပံ၊ ရုပ်သည်။ တုမှာကံ သင်တို့၏၊ နသန္တကံ၊ ဥစ္စာမဟုတ်သော။ (လ) ဝေဒနာ၊ ဝေဒနာ၊ သည်၊ သညာ၊ သညာသည်၊ သင်္ခါရာ သင်္ခါရတို့သည်၊ ဝိညာဏံ၊ ဝိညာဉ်သည်၊ တုမှာကံ၊ သင်တို့၏။ နသန္တကံ၊ ဥစ္စာမဟုတ်။

ဇေတဝန်၌ မျက် ထင်း သစ်ခက် သစ်ရွက်၌ကဲ့သို့၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ကို ငါ့ဟာ ငါ့ဥစ္စာ ငါ့ကိုယ် မဟုတ်ဟု ရုပ် စသည်၌ တပ်မက်သော တဏှာကို ပယ်ရမည်ဟု ဆိုလိုသည်။

## ၇၅။ အဟောင်း သင်္ခါရကိုလည်း မနှစ်သက်နဲ့ အသစ်ပစ္စုပ္ပန်ကိုလည်း မတပ်မက်ပါနှင့်

ပုရာဏံ နာဘိ နန္ဒေယျ၊ န ဝေခန္တိံ နကုဗ္ဗယေ။
ဟီယမာနေ န သောစေယျ၊ အာကာသံ န သိ တောသိယာ
(မဟာနိဒ္ဒေသ-ပါ-၃၃၈)

(အနက်) ပုရာဏံ၊ အတိတ် အဟောင်း ဖြစ်သော အာရုံ (၆)ပါးတရားကို။ နာဘိ နန္ဒေယျ၊ မနှစ်သက်ရာ၊ နဝေ၊ အသစ်ပစ္စုပ္ပန်တရား၌။ ခန္တိံ၊ အလိုဆန္ဒချစ်ခင်နှစ်သက် တပ်မက်ခြင်းကို၊

န ကုပ္ပယေ၊ ပြုရာ။ ဟီယမာနေ၊ ပျက်စီးလျော့ကာ ဆုတ်ယုတ်ခြင်းကြောင့်။ နသောစေယျ၊ မစိုးရိမ်ရာ၊ အာကာသံ၊ တဏှာကို။ သိတော၊ မှီသည်။ နသိယာ မဖြစ်ရာ။

သံပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာတေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နောဂဟေဿသိ၊ ဥပသန္တော စရိဿတိ။
(မဟာနိဒ္ဒေသ-ပါ-၃၄၄)

**(အနက်)** ယံ၊ အကြင်နာတရား သဘောသည်။ ပုဗ္ဗေ၊ ရှေ့၌။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအတိတ်ဖြစ်သော တရားသဘောဟူသမျှကို။ တွံ၊ သင်သည်။ ဝိသောသေဟိ၊ ခမ်းခြောက်စေလော့ (ဝါ) ပယ်ဖျောက်လော့။ တေ၊ သင်အား။ ပစ္ဆာ၊ နောက်ဖြစ်သော အနာဂတ်ကာလ၌။ ကိဉ္စနံ၊ စိုးရိမ်ကြောင့်ကြမှုသည်။ မာ အဟု၊ မဖြစ်ပါစေလင့်။ မဇ္ဈေ၊ အလည်ပစ္စုပ္ပန် ခန္ဓာ(၅) ပါး သင်္ခါရတရားတို့ကို။ စေ နေဝဂဟေဿတိ။ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအံ့။ ဝေသတိ၊ ဤသို့ အတိတ်မပြန် အနာဂတ်ကို မမျှော် ဖြစ်ဆဲကိုသာ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသည် ရှိသော်။ ဥပသန္တော၊ ငြိမ်းအေးသည် ဖြစ်၍။ စရိဿတိ၊ လှည့်လည်သွားလာနေရလတ့်။

## ၇၆။ သန္တိ(၃)မျိုး မြတ်စွာဘုရား အငြိမ်းကြီးငြိမ်းပုံ

သန္တိတိ တိ ယော သန္တိယော အစ္စန္တသန္တိ တဒင်္ဂသန္တိ သမ္မုတိ သန္တိတိ

(၁) နိဗ္ဗာန်သည် အစ္စန္တသန္တိ၊ စင်စစ် အငြိမ်းဆုံး ဖြစ်၏။
(၂) ဝိပဿနာဉာဏ်သည် တဒင်္ဂ သန္တိ၊
(၃) တိတ္ထိများ၏ အကျင့်သည် သမ္မုတိ သန္တိ မည်၏။
(သုတ္တနိပါတ်-ဌ-ဒု ဥဋ္ဌာနသုတ် -၇၁)

နန္ဒတိ သမာဏဒတိ–

အို ရှင်ရဟန်း နှစ်သက်သလားဟု နတ်သားလျှောက်၏။

ထိုအခါ–

တိလဒ္ဓါ အာဝုသော တိ–

ဘာကို ရလို့ နှစ်သက်ရမည်နည်းဟု ဘုရားဖြေတော်မူ၏၊

တေနဟိ သမဏ သောစတိ–

အို-ရှင်ရဟန်း ဒါဖြင့်စိုးရိမ်ပါသလားဟု နတ်သားလျှောက်၏

ကိံ ဇီယိတ္ထ အာဝုသော–

အဘယ်ကို အောင်နိုင်လို့လဲဟု ဘုရားဖြေတော်မူ၏၊

တေနဟိ သမဏ နေဝ နန္ဒတိ န သောစတိ–

အို ရှင်ရဟန်း ဒါဖြင့် နှစ်သက်သည်လည်း မဟုတ်၊ စိုးရိမ်သည်သည်း မဟုတ်သလောဟု နတ်သား လျှောက်၏၊

ဧဝ မာဝုသော–

နတ်သား အိမ်း ဟုတ်၏ဟု ဘုရားဖြေတော်မူ၏။

## ၇၇၊ ယောဂီများ မြတ်စွာဘုရား မြင်ပုံ

ပြဟ္မရာဇန အခန်းလာ သေလေယထာ ပဗ္ဗတ မုဒ္ဓနိဋ္ဌိတော
ယထာပိ ပဿေ ဇနတံ သမန္တတော
(မဇ္ဈိမပဏ်-ပါ-၂၉၂)

အဓိပ္ပာယ် ဥပမာ–

မျက်စိအမြင် ရှိသော ယောကျ်ားက တောင်ထိပ်ပေါ်၌ ရပ်လျှက်ကြည့်ရာ အလွန်မှောင်သော ညဉ့်မိုက်အခါ၌ မီးရောင်၌နေသော လူများကိုသာ မြင်၏၊ မီးရောင် မရှိသောသူ အိမ်နေသူ လယ်ကွက်များ ကံသင်းများကိုတော့ မမြင်သကဲ့သို့ ပါရမီဉာဏ်ရှိ၍ ကျွတ်ထိုက်သူတို့ကိုသာ သဗ္ဗညု မြတ်စွာဘုရား မြင်တော်မူ၍ သာသနာ တော်ထားတော် မူခဲ့ပေသည်၊

ဒီ သာသနာတော်ဟာ ငါတို့အတွက်ပါကလားဟု ဝမ်းမြောက်ဖွယ် ကောင်း၏။ ငါတို့ကို ဘုရားမြင်တော်မူပါစကားဟု ထက်သန်သော သဒ္ဓါ သတိ ဝီရိယတို့ဖြင့် ဝိပဿနာ ရှုပွားသင့်၏။

သဒ္ဓါဖြင့် ရှုပွားပါက အတိတ်ပါရမီအား ယခုအားထုတ်တဲ့ ဉာဏ်အားကိုအလျှောက် တရားထူး ရနိုင်ပါ၏၊ ပါရမီအား အလွန်အားသေး၍ မရသေးပါက အပါယ်ဘေးကြီးမှ လွတ်ဖို့ သေချာလှပါ၏။

> ဧဝံ သွာက္ခာတေ ဘိက္ခဝေ မယာဓမ္မေ ဥတ္တာနေ ဝိဝဋေ ပကာသိတေ
>
> ဆိန္နပိလောတိကေ ယေသံ မယိသဒ္ဓါ မတ္တံ ပေမမတ္တံ၊ သဗ္ဗေ တေ သဂ္ဂပရာယနာ
>
> (မူလပဏ်-ပါ-အလဂဒ္ဒူပမသုတ်-၁၉၅)

(အနက်) ဘိက္ခဝေ၊ ရဟန်းတို့၊ မယာ၊ ငါဘုရားသည်၊ ဧဝံ၊ ဤသို့၊ ဥတ္တာနေ၊ ပေါ်လွင်သော။ ဝိဝဋေ၊ ဟင်းလင်းဖွင့်အပ်သော။ ပကာသိတေ၊ ထင်ရှားပြအပ်သော။ ဆိန္နပိလောတိကေ၊ ပုဆိုးစုတ်နှင့် အလားတူသော။ ဓမ္မေ၊ တရားကို၊ သွာက္ခာတေ၊ ကောင်းစွာဟောတော်မူအပ်သည် ရှိသော်။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား၊ မယိ၊ ငါဘုရား၌။ သဒ္ဓါမတ္တံ၊ ကြည်ညိုခြင်းသည်။ ပေမမတ္တံ၊ ချစ်ခင်ခြင်းမျှသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုငါဘုရားကို ကြည်ညိုချစ်ခင်ကုန်သော ပုဂ္ဂိုလ်တို့သည်။ သဂ္ဂပရာယနာ၊ နတ်ရွာလျှင် လဲလျောင်းရာရှိကုန်၏။

> ယေသံ မယိ သဒ္ဓါ မတ္တံ ပေမ မတ္တံန္တိ ဣမိနာ၊ ယေသံ အညော အရိယဓမ္မော နတ္ထိ တတ္တ ဂတော ပန သဒ္ဓါမတ္တံ ပေမ မတ္တ မေဝ ဟောတိ။ တေ ဝိပဿက ပုဂ္ဂလာ အဓိပ္ပေတာ။ ဝိပဿက ဘိက္ခူ နဟိ ဧဝံ ဝိပဿနံ ပဋ္ဌပေတွာ နိသိန္နာနံ ဒသ ဗလေ ကောသဒ္ဓါ ကော် ပေမံ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဓါယ တေန ပေမေန ဟတ္ထေ ဂဟေတွာ သဂ္ဂေ ဌပိတာဝိယ

ဟောန္တိ၊ နိယတဂတိကာ ကိရ ဧဘ ပေါရာဏကတ္ထေရာ
ပန ဧဝရူပံ ဘိက္ခုံ စူဠသောတာပန္နောတိ ဝဒန္တိ။
(မူလပဏ်-ဌ-ဒု-အလဂဒ္ဒုပမသုတ် ၂၆)

(အနက်) (ယေသံမယိသဒ္ဓါမတ္တံ ပေမမတ္တံပိဣဓိနာပါဠေန)
ယေသံ မယိ သဒ္ဓါမတ္တံ ပေမ မတ္တံပိ ဟူသော ဤ ပါဠ်ဖြင့် ယေသံ၊
အကြင်ရဟန်းရှင် လူတို့အား။ အညော၊ အခြားတစ်ပါးသော။
အရိယဓမ္မော၊ အရိယာမဂ်တရားသည်။ နတ္ထိ၊ မရှိ။ ပန တထာပိ၊
ထိုသို့ပင်မရှိပါသော်လည်း။ ဟထာဂတေ၊ ငါဘုရား၌။ သဒ္ဓါမတ္တံ၊
ကြည်ညိုခြင်းမျှသည်။ ပေမမတ္တံ မေဝ၊ ချစ်ခင်ခြင်းမျှသည်သာလျှင်။
ဟောတိ၊ ဖြစ်၏။ ဘော၊ ဝိပဿကပုဂ္ဂလာ၊ ထိုဝိပဿနာရှုကုန်သော
ပုဂ္ဂိုလ်တို့ကို။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ တိ၊ မှန်၏။ ဧဝံ၊
ဤသို့၊ ဝိပဿနာနံ၊ ဝိပဿနာကို ဋ္ဌပေတွာ ဖြစ်စေ၍ (ဝါ) အား
ထုတ်၍၊ နိသိန္နာနံ၊ နေကုန်သော၊ ဝိပဿကဘိက္ခုနံ၊ ဝိပဿနာ
ရှုကုန်သော ရဟန်းတို့အား။ ဒသဗလေ၊ မြတ်စွာဘုရား၌။ ဧကသဒ္ဓါ၊
တစ်ခုသော ကြည်ညိုကြောင်း သဒ္ဓါသည်။ ဧကံ ပေမံ၊ တစ်ခုသော
ချစ်ခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ကာယ သဒ္ဓါယ၊ ထိုကြည်ညိုသော
သဒ္ဓါကြောင့်၊ တေန ပေမေန၊ထိုချစ်ခင်ခြင်းကြောင့်။ ဟတ္ထေ၊ လက်၌
(ဝါ) လက်ကို။ ဂဟေတွာ၊ဆွဲကိုင်၍။ သဂ္ဂေ၊ နတ်ပြည်၌။ ဌပိတာဝိယ၊
တင်ထားအပ်ကုန်သကဲ့သို့။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ နိယတဂတိကာ၊
ဂတိမြဲကုန်သည်၊ဟောန္တိ၊ထိရ၊ ဖြစ်ကုန်သတတ်။ ဣတိ၊ ဤသို့။ ပေါ
ရာဏကတ္ထေ ရာပန၊ ရှေးမထေရ်ကြီးတို့သည်ကား၊ ဧဝရူပံ၊ ဤသို့
သဘောရှိသော၊ ဘိက္ခုံ၊ ရဟန်းကို။ စူဠသောတာပန္နောတိ၊ စူဠ
သောတာပန်ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။

ဝိပဿနာအားထုတ်သော ယောဂီပုဂ္ဂိုလ်များမှာ မိမိတို့ပါရမီ
အား-ဉာဏ်ဝီရိယအားတို့ထိုက်တန်သလောက် တရားထူးများကို ရနိုင်
ကြ၏။ အကယ်၍ ပါရမီဉာဏ်အားနည်းပါးသဖြင့် တရားထူးမရနိုင်
ကုန်သော်လည်း အားမငယ်ပါနှင့်၊မြတ်စွာဘုရား၌ ကြည်ညိုလေးစား
သော ကုသိုလ်ကြောင့် လက်ကိုကိုင်၍ နတ်ပြည်သို့တင်ပို့သကဲ့သို့

ဘောန္တသုဂတိသို့ ရောက်ရသည်။ ဂတိမြဲသော ပုဂ္ဂိုလ်ဖြစ်သတတ်၊ ရှေးမထေရ်ကြီးများကတော့ ထိုပုဂ္ဂိုလ်မျိုးကို စူဠသောတာပန်မည်၏ ဟု ဆိုတော်မူကြကုန်၏။

## ၇၈။ လမ်းဟောင်းလမ်းရိုးကြီး လိုက်ရပုံ

ပုရာဏမဂ္ဂံ ပုရာဏံ အဉ္ဇသန္တိ ခေါ အရိယသေတံ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ၊

(နေတ္တိအဋ္ဌကထာ ၁၀၈)

ဝိပဿီစသော ဘုရားရှင်တို့၏ ကျင့်သုံးသွားသောလမ်းဟောင်းကြီး လမ်းရိုးကြီးဟူသည် အဋ္ဌင်္ဂိကမဂ်၏ အမည်သာတည်းဟု ဘုရားရှင် ဟောတော်မူသည်ကို အောက်သဖြင့် ယခု ယောဂီများအားထုတ်နေတဲ့ သတိပဋ္ဌာန် ဘာဝနာပင်ဖြစ်၏တကားဟု သဒ္ဓါထက်သန်စွာထားပြီး ယုံကြည်စွာ အားထုတ်သင့်၏။

## ၇၉၊ ဓမ္မကထိက ခေါ်ပုံ

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ ဓမ္မကထိကော ဘိက္ခုတိ၊ အလံ ဝစနာယ။

ခန္ဓာငါးပါး ရုပ်နာမ်(၂)ပါး၌ ငြီးငွေ့ခြင်းငှာ တပ်ခြင်းကင်းခြင်းဟူသော မဂ်ဉာဏ်အလို့ငှာ၊ ချုပ်ခြင်းဟူသော နိဗ္ဗာန်အလို့ငှာ၊ ပြောဟောသော ပုဂ္ဂိုလ်ရဟန်းကို ဓမ္မကထိကဟူ၍ ဆိုထိုက်၏။

## ၈၀။ ဓမ္မာနု ဓမ္မပဋိပတ်ကျင့်သူဟု ခေါ်ပုံ

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ ဓမ္မာနု ဓမ္မပဋိပန္နော ဘိက္ခုတိ၊ အလံ ဝစနာယ။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၌ ငြီးငွေ့ခြင်း၄၁၊ တပ်ခြင်း ကင်းခြင်းဟူသော မဂ်ဉာဏ်အလို့ငှာ ချုပ်ခြင်းဟူသော နိဗ္ဗာန်အလို့ငှာ ကျင့်သောပုဂ္ဂိုလ်ကို ဓမ္မာနု ဓမ္မပဋိပတ်ကိုကျင့်သူဟူ၍ ဆိုထိုက်၏။

## ၈၁။ နိဗ္ဗာန်ရောက်သူဟု ဆိုထိုက်ပုံ

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ ဝိမုတ္တော ဟောတိ၊ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တော ဘိက္ခုတိ၊ အလံ ဝစနာယ။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ငြီးငွေ့ခြင်းကြောင့်၊တပ်ခြင်း ကင်းခြင်းကြောင့်၊ချုပ်ခြင်းကြောင့်တဏှာဒိဋ္ဌိကိုပင်မစွဲလန်းမူ၍ ကိလေသာမှ လွတ်သောပုဂ္ဂိုလ်ကို မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုထိုက်၏။

(ဤသည်တို့ကား ခန္ဓဝဂ္ဂသံယုဂ်-ပါ-ဓမ္မကထိကသုတ် ၁၃၃)

## ၈၂။ မိစ္ဆာဒိဋ္ဌိကင်းကွာပုံ

ဝစ္ဆ ဂေါတ္တ ပရိဗိုဇ် က- သဿတစသော မိစ္ဆာအယူများ ဘာ့ကြောင့်ဖြစ်ပါသလဲဟု လျှောက်၏။

ရူပေ ခေါ ဝစ္ဆ အညာဏာ ရူပသမုဒယေ အညာဏာ ရူပ နိရောဓေ အညာဏာ ရူပနိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏာ ဝေဒနာယ(လ) သညာယ(လ) သင်္ခါရေ(လ) ဝိညာဏေ အညာဏာ(လ)။

ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါး ဖြစ်ပျက်ပုံကို ရှုပွားနေကြသော ယောဂီများမှာ ရုပ်နာမ်ကိုလည်းသိ၊ ဖြစ်ကြောင်း ချုပ်ကြောင်းကို လည်းသိပြီး မဂ္ဂင်တရားပွားများနေရသောကြောင့် သဿတစသော

မိစ္ဆာအယူများ ကင်းရှင်းသည့်အဘွက်ကြောင့် အပါယ်ဘေးကြီးမှ လွတ်ရပါတကားဟု ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(ခန္ဓဝဂ္ဂသံ၊ ဝစ္ဆဂေါတ္တသုတ် ၂၁၈)

## ၈၃၊ လူ့ဘဝဒုက္ခများပုံ တဏှာကျွန်ဖြစ်ပုံ

အရှင်ရဋ္ဌပါလထေရ်သည် စန္ဒပဇ္ဇောတမင်း၏ ဥယျာဉ်၌ နေတော်မူခိုက် စန္ဒပဇ္ဇောတမင်းက ရဟန်းပြုခြင်းအကြောင်း လျှောက်ထားရာ ဥပနိယျတိလောကော အဒ္ဓုဝေါ၊ လောကော လူအပေါင်းကို ဥပနိယျတိ၊ ဇရာမရဏာသည် ကပ်၍ဆောင်အပ်၏။ လောကော၊ လူအပေါင်းသည်။ အဒ္ဓုဝေါ၊ အမြဲမရှိ။ အာတာနော လောကော အနဘိဿရော၊ လောကော လူအပေါင်းသည်။ အာတာနော စောင့်ရှောက်ခြင်းကင်း၏၊ လောကော လူအပေါင်းသည်။ အနဘိဿရော အစိုးမရ အဿကောလောကော သဗ္ဗံပဟာယဂမနိယံ၊လောကော လူအပေါင်းသည်။ အဿကော၊ ကိုယ်ပိုင်ဥစ္စာမရှိ။ သဗ္ဗံ၊ သက်ရှိသက်မဲ့အားလုံးကို။ ပဟာယ၊ ပယ်စွန့်၍။ ဂမနိယံ၊ သွားရ၏။

ဦနော လောကော အတိတ္တော တဏှာ ဒါသော၊ လောကော၊ လူအပေါင်းသည်။ ဦနော၊ အလိုဆန္ဒ၊ ယုတ်လျော့၏။ လောကော၊ လူအပေါင်းသည်။ အတိတ္တော၊ ရောင့်ရဲခြင်းမရှိ (ဝါ) မရောင့်ရဲ။ လောကော၊ လူအပေါင်းသည်။ တဏှာဒါသော၊ တဏှာ၏ ကျွန်တည်း။

(မဇ္ဈိမပဏ္ဏာသ-ပါ ၂၅၆)

## ၈၄။ အနုသယပယ်ပုံ

သင့်လျော်သော အကြောင်းရပါက ဖြစ်ပေါ်ထိုက်သော ထာမဂတ၊ ကိလေသာသည် အနုသယမည်၏။ (ကိလေသာသုံးမျိုး ခွဲခြားသိပါ)

အကျဉ်းသိရန်–

ဝိပဿနာဉာဏ်က အာရမ္မဏဂတိ ကုပ္ပန္န ကိလေသာ အာရမ္မဏာနုသယကိလေသာကို ပယ်သည်။ (ဤနှစ်ပါးကား အမည်သာထူး၏ သဘောတူ၏။ အာရုံနှင့်တိုက်ဆိုင်က ဖြစ်တတ်သော ကိလေသာကို ပယ်သည်ဟုဆို၏။

မဂ်ဉာဏ်က သန္တာနာသယ ကိလေသာကို ပယ်သည်။ အဇ္ဈတ္တ သန္တာန်၌ကိန်းသော ကိလေသာကို ပယ်သည်ဟုဆို၏။

အထူးမှာ– အနုသယကိုပယ်ရာ၌ ကိလေသာကံ ဝိပါက်ခန္ဓာတို့ကိုလည်း ပယ်တော့သည်၊

သိထားဖို့ရန်ကား ဝတ္တမာနုပ္ပန္နသူတာ ပကတုပ္ပန္န၊ ဩကာသကတုပ္ပန္န၊ သမုဒါစာရုပ္ပန္န ဟူ၍ လေးပါးရှိသည်၊

ထိုလေးပါးတို့တွင် ဝတ္တမာနသမုဒါစာရဥပ္ပန္န နှစ်ပါးက ပစ္စုပ္ပန်ဘူတာပတတကား အတိတ်၊ဩကာသကတကား အနာဂတ် ဘူမိလဒ္ဓုပ္ပန္န အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န အဝိက္ခမ္ဘိတုပ္ပန္န အသမုဟတုပ္ပန္န ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးတို့တွင်ပစ္စုပ္ပန် အတိတ် အနာဂတ်ဟူ၍ မဆိုအပ်သော ဘူမိလဒ္ဓုပ္ပန္န ကိလေသာတို့ကိုပယ်သည်၊

အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န၊ အဝိက္ခမ္ဘိတုပ္ပန္န၊ အသမူဟတုပ္ပန္န ဤသုံးပါးတို့သည်ကား ဘူမိလဒ္ဓုပ္ပန္န၌ ဝင်လေကုန်၏၊

**ဆောင်** - ဝင်၊ဘူ၊ ဩ၊သ၊ ဤလေး၀၊ မဂ္ဂမပယ်ပေ၊

ဘူမိ၊ အာရမ်၊အဝိက္ခမ်၊အသမူဟတ ဤလေး၀ မဂ္ဂပယ်လေသည်။

**အကျယ်အသိလိုမူ** ပရမတ္ထသရုပဘေဒနိဋ္ဌိ၌ရှုပါလေ၊

## ၇၅။ သုဘာဇီဝကမ္ဗဝနိကာထေရီဝတ္ထု

ဝိပဿိဘုရား၊ ကောဏာဂုမ်ဘုရား၊ ကဿပဘုရား၊ သာသနာတော်၌ ပါရမီဖြည့်ကျင့်ပြီး ဂေါတမမြတ်စွာဘုရား ပွင့်တော်မူပြီး ရာဇဂြိုဟ်သို့ ရှေးဦးစွာ ကြွရောက်တော်မူချိန်၌ ရာဇဂြိုဟ်ပြည်မှာ မဟာသာလသမီး သုဘာအမည်ရှိတဲ့ အမျိုးသမီးတစ်ယောက် ဘုရားတရားတော်ကို နာကြားရ၍ လူ့ဘောင်စွန့်ပြီး ဂေါတမီထေရီ၏ အထံ၌ ရဟန်းပြုပြီး တရားကို မပြတ်ဆင်ခြင်သုံးသပ်၍ ခန္ဓာကိုယ်ကိုအပြစ်ရှုလျက်ဝိပဿနာတရားအားထုတ်ရာအနာဂါမိဖိုလ်သို့ရောက်ပြီးဇီဝက၏သရက်ဥယျာဉ်၌တရားကိုအားထုတ်နေရာသေသောက်ကြူးတဲ့လူတစ်ယောက် ရောက်လာပြီး ကာမဂုဏ်ဖြင့် ဖြားယောင်းပြောဆို၏၊ ဘိက္ခုနီမလေးက ခန္ဓာကိုယ်မှာ စက်ဆုပ်ဖွယ်ကောင်း၍ မတင့်တယ်ပါ ကာမဂုဏ်ဖြင့် အလိုမရှိသင့်ကြောင်း ပြောသော်လည်း သုံးကြိမ်တိုင်အောင်ပြောတော့ ဘိက္ခုနီမလေးက သင်ချစ်ခင်နှစ်သက်တယ်ဆိုတာ ဘာကိုချစ်ခင်နှစ်သက်ပါသလဲလို့မေးတော့ အရှင်မ၏ မျက်လုံးကလေးက သမင်မရဲ့မျက်လုံးနဲ့တူတဲ့အတွက်ကြောင့် မျက်လုံးချစ်ခင်နှစ်သက်ပါတယ်လို့ ပြန်ပြောတဲ့အခါ ဘိက္ခုနီမလေးက ကဲဒါဖြင့် ယူသွားပါတော့လို့ဆိုပြီး မိမိရဲ့မျက်လုံးတစ်ဖက်ကို လက်ဖြင့်အတင်းဆွဲထုတ်ပြီးပေးလိုက်တယ်။

အဲဒီအခါ အရက်သမားမှာ ဘိက္ခုနီမကလေး၌ သွေးသံရဲရဲဖြစ်နေတာမြင်ရတော့ ထိတ်လန့်ပြီး ရာဂစိတ်တွေ ပျောက်ကင်းလျက်သတိကောင်းရလို့ ဘိက္ခုနီမလေးကို လက်အုပ်ချီရှိခိုးပြီး မှားယွင်းပြီးပြောဆိုမိပါပြီ အကျွန်ုပ်အပြစ်များကို သည်းခံခွင့်လွှတ်တော်မူပါဟု ကန်တော့ တောင်းပန်ပြီး ပြန်သွားတယ်။

ဘိက္ခုနီမကလေးကလဲ မြတ်စွာဘုရားထံ ဖူးမျှော်ဖို့ရန် သွားပြီး မြတ်စွာဘုရားကို ဖူးမြင်သည်နှင့်တစ်ပြိုင်တည်း မျက်စိဟာပကတိအတိုင်းကောင်းသွားတယ်။ မြတ်စွာဘုရား တရားဟောတော်မူသည်ကို နာကြားပြီး အရဟတ္တ မဂ်ဉာဏ်ရ၍ ရဟန္တာမ ဖြစ်သွား၏။

ဤဝတ္ထုကို ထောက်ဆ ဆင်ခြင်သုံးသပ် ပွားများခြင်းကြောင့် ဝိပဿနာဉာဏ် ထက်မျက်အားရှိပုံ၊ အနာဂါမိပုဂ္ဂိုလ်များ ကာမရာဂကင်းပုံ၊ ဘုရားကို ကြည်ညိုသောသဒ္ဓါကြောင့် ပျက်စီးနေသော မျက်စိသည် ပကတိအတိုင်းကောင်းသွားပုံ၊ ဤဥပဒေသတို့ကိုထောက်ဆပြီး သာသနာတော်မြတ်ကြီး၏ နိယျာနိကဂုဏ်ကို ယုံယုံကြည်ကြည် အားထုတ်နိုင်ကြပါစေသတည်း။

(ထေရ်ရီဂါထာ–ဠ ၂၆၂)

## ၈၆။ သုဝဏ္ဏကာရထေရ်ရဝတ္ထု

အရှင်သာရိပုတ္တရာသည် တပည့် ရွှေပန်းတိမ်သား ရဟန်းတော်အား ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းပေးပြီး စီးဖြန်းခိုင်းရာ တောကျောင်းသို့သွား၍ သုံးလဟိုင်တိုင်အားထုတ်ပါသော်လည်း သမာဓိပညာ အားမရှိခြင်းကြောင့် ပြန်လာပြီး မထေရ်ကြီးအား လျှောက်ထား၏။

မထေရ်ကြီးက အဓိပ္ပာယ်သဘောမျှ ရှင်းလင်းပြောပြပြီး အားထုတ်ခိုင်းပြန်ရာ သမာဓိမတတ်သေးတဲ့ရှိနေ၍ လျှောက်ထားပြန်ရာ ရှင်းလင်းစွာထပ်မံ၍ ပြောဟောပြီး အားထုတ်ခိုင်းလေ၏၊ သုံးကြိမ်တိုင်တိုင် အားထုတ်ပါသော်လည်း တရားမရသေး၍ လျှောက်ထားပြန်ရာ မထေရ်ကြီးက ဒီရဟန်းသည် သာဝက ဝေနေယျမဟုတ်၊ ဗုဒ္ဓဝေနေယျဖြစ်ရာ၏ဟု ကြံစည်ပြီး ဘုရားထံခေါ်သွားပြီး လျှောက်ထားလေ၏။

မြတ်စွာဘုရားက အာသယာနုသယဉာဏ်တော်ဖြင့် ဒီရဟန်းကား ရွှေပန်းတိမ်သည်အမျိုးပင်တည်း။ အတိတ်ကလည်းအစဉ်အတိုင်း ရွှေပန်းတိမ်သည်ဘဝပေါင်းငါးရာ ဖြစ်ခဲ့ဖူးသဖြင့် ရွှေပဒုမ္မာရွှေပန်းခိုင် အာရုံများ အထုံပါလာတာကို သိတော်မူသဖြင့် ဇေတဝန်ကျောင်းဒေါင့်ရေကန်၌ လှည်းဘီးပမာဏ ပဒုမ္မာပန်းကြီး ဖန်ဆင်းပေးပြီး ကျောင်းတိုက်အစွန်မှာ သဲပုံကြီးစိုက်ထားလျက် လောဟိတကံ-လောဟိတကံ-အနီ-အနီဟု လောဟိတကသိုဏ်း စီးဖြန်းခိုင်းတော်မူ၏။

မြတ်စွာဘုရား ဩဝါဒအတိုင်း စီးဖြန်းသဖြင့် ထိုခဏ၌ပင် နီပရဏတို့ကွာ၍ ဥပစာရျော်ဖြစ်ပြီး ပထမဈာန်-ဒုတိယဈာန်-တတိယဈာန်-စတုတ္ထဈာန်တို့ကိုရောက်၍ ဝသီဘော်ငါးပါး လေ့လာလျက် ဈာန်ကစားခြင်းဖြင့် ကစားလျက်နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်း၏ဈာန်တရားရသည်ကိုသိတော်မူ၍ သဘောအားဖြင့် အထက်တရားထူးကို မရနိုင်ဟုသိ၍ ထိုပဒုမ္မာကြာပန်းသည် ညှိုးနွမ်းစေသတည်း ဟု အဓိဋ္ဌာန်တော်မူ၏။ အဲဒီပဒုမ္မာသည် လက်ဖြင့်ဆုပ်နယ်အပ်သော ပဒုမ္မာကြာပန်းမှာ ညှိုးနွမ်းသကဲ့သို့ မည်းနက်သော အဆိပ်ရှိသည်ကိုမြင်ရ၍ ဤပဒုမ္မာကြာပန်းကို ဇရာတရားကနှိပ်စက်အပ်သည် ထင်ရှားပါတကား။ အနုပါဒိန္နက အသက်မရှိတဲ့သင်္ခါရတရားကို ဇရာက နှိပ်စက်ခဲ့လေသေးသော် ဥပါဒိန္နက သက်ရှိသင်္ခါရတရား၌ ဆိုဘွယ်မရှိတော့ပြီ။ မှန်ပေ၏။ ဤသင်္ခါရသက်ရှိတရားကို ဇရာနှိပ်စက်လတံ့ဟု အနိစ္စလက္ခဏာမြင်ပြီး....

တသ္မိံပနဒိဋ္ဌေဒုက္ခလက္ခဏဉ္စ အနတ္တလက္ခဏဉ္စ ဒိဋ္ဌမေဝဟောတိ

(ဓမ္မပဒ ဒု၊ဋ္ဌ ၂၆၇)

တသ္မိံ ပန၊ ထိုအနိစ္စလက္ခဏာကိုကား၊ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဒုက္ခလက္ခဏဉ္စ၊ ဒုက္ခလက္ခဏာကို လည်းကောင်း၊ အနတ္တလက္ခဏဉ္စ၊ အနတ္တလက္ခဏာကို လည်းကောင်း။ ဒိဋ္ဌမေဝ၊ ထင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အနိစ္စလက္ခဏာမြင်လျှင်ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာနှစ်ပါးတို့လည်း မြင်ပြီးဖြစ်၏။ ထိုအခါ ဘဝသုံးပါးတို့က အလျှံတပြောင်ပြောင် တောက်လောင်နေကုန်သကဲ့သို့လည်းကောင်း၊လည်ပင်း၌ဆွဲထားအပ်သော အကောင်ပုတ်ကဲ့သို့လည်းကောင်း၊ ဉာဏ်မှ ထင်လာစေသည်။ အဲဒီအချိန်၌ ရဟန်းနှင့်မနီးမဝေးသောအရပ်၌ သူငယ်တွေ ရေအိုင်တစ်ခုသို့သက်ဆင်းပြီး ကုမုဒြာကြာတွေကိုချိုး၍ ကုန်းပေါ်၌စုပုံထား

ကြ၍၊ထိုရဟန်းကား ရေ၌ရှိသောကြာတို့ကိုလည်း၊ကုန်း၌ရှိသောကြာတို့ကိုလည်းကောင်းကြည့်တဲ့အခါရေထဲကကြာတို့ကားအလွန်အဆင်းလှ၍ ရေဘွဲ့စီးကျနေသကဲ့သို့ ထင်လာကုန်၏။ ကုန်းပေါ်၌ရှိသောကြာတို့ကား အဖျားတွေညှိုးလာကုန်၏၊ ထိုရဟန်းတော်သည် ဩဇာအနုပါဒိန္နက ဖြစ်တဲ့ သင်္ခါရတရားတွေကို ဇရာကနှိပ်စက်ပါပေသည်တကား၊ ဥပါဒိန္နကဖြစ်တဲ့ ခန္ဓာကိုယ်ကို ဇရာက အဘယ်မှာမနှိပ်စက်ဘဲရှိတော့အံ့နည်း ဟု အတိုင်းထက်အလွန် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို မြင်လာတယ်။

မြတ်စွာဘုရားက ယခု ဤရဟန်းအား ကမ္မဋ္ဌာန်း ထင်ရှားလာပြီဟု သိတော်မူ၍ ဂန္ဓကုဋီတိုက်ဘော်၌ နေလျက် ရောင်ခြည်တော်လွှတ်တော်မူလိုက်တယ်။ ထိုရောင်ခြည်တော်သည် ရဟန်းတော်၏မျက်နှာကို ထိခိုက်လာတော့ ဤအရောင်ကား အဘယ်နည်းဟုကြည့်နေစဉ် မြတ်စွာဘုရားကြွလာပြီး ရှေ့တူးရှုအရပ်၌ ရပ်တော်မူလေသကဲ့သို့ဖြစ်သဖြင့် ထ၍ လက်အုပ်ချီနေတဲ့အခါ မြတ်စွာဘုရားသည် ထိုရဟန်း၏ သပ္ပါယကို မှတ်တော်မူ၍—

**ဥစ္ဆိန္ဒသိနေဟမတ္တနော၊ ကုမုဒံသာရဒိကံဝပါဏိနာ။**

သန္တိမဂ္ဂမေဝဗြူဟယ၊ နိဗ္ဗာနံသုဂတေနဒေသိတံ၊ ဟု ဟောတော်မူ၏။

**(အနက်)** သာရဒိကံ၊ သာရဒဥတု၌ဖြစ်သော ကုမုဒံ၊ ကုမုဒြာကြာကို။ ပါဏိနာ၊လက်ဖြင့်။ ဥစ္ဆိန္ဒတူဝ၊ဖြတ်သကဲ့သို့၊ အတ္တနော မိမိ၏။ သိနေဟံ၊ချစ်ခင်ခြင်းတဏှာကို။ ဥစ္ဆိန္ဒ၊အရဟတ္တမဂ်ဉာဏ်ဖြင့်ဖြတ်လော့။ သန္တိမဂ္ဂမေဝ၊နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်ကိုသာလျှင်။ ဗြူဟယ ပွားလော့။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊ သုဂတေန၊မြတ်စွာဘုရားသည်၊ ဒေသိတံ၊ဟောတော်မူအပ်၏။

(ဓမ္မပဒ-ဌ-ဒု ၂၆၈)

## ၇၇။ ပေါဋ္ဌိလမထေရ်ဝတ္ထု

ပေါဋ္ဌိလမထေရ်အား ဝိပဿီ၊ သိခီ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ၊ ဂေါတမ (၇)ဆူကုန်သော ဘုရားရှင်တို့၏ သာသနာတော်၌ ပိဋကတ်သုံးပုံဆောင်ပြီး ရဟန်းငါးရာတို့အား ပို့ချသင်စေ၏၊ မြတ်စွာဘုရားက ဤရဟန်းကား မိမိ ဒုက္ခမှ လွတ်မြောက်ဖို့ရန် ပြုလုပ်အားထုတ်မယ်ဟူသော စိတ်လည်းမရှိ၊ ထိုရဟန်းကို သံဝေဂဖြစ်စေအံ့ဟု ကြံစည်တော်မူပြီး ထိုအခါမှစ၍ ပေါဋ္ဌိလရဟန်းက မြတ်စွာဘုရားအား ဆည်းကပ်ရန် လာတဲ့အခါ—

တေိတုစ္ဆပေါဋ္ဌိလ အချီးနှီးသောပေါဋ္ဌိလ အလကားပေါဋ္ဌိလ လာလော့၊

ဝန္ဒ တုစ္ဆ ပေါဋ္ဌိလ၊ အလကားပေါဋ္ဌိလ ရှိခိုးလော့

နိသိဒ တုစ္ဆ ပေါဋ္ဌိလ အလကား ပေါဋ္ဌိလ တိုင်လော့၊

ယာယိ တုစ္ဆ ပေါဋ္ဌိလ အချီးအနှီးသော ပေါဋ္ဌိလ သွားလော့၊

ထသွားတဲ့အခါမှာလဲ တုစ္ဆပေါဋ္ဌိလော ဂတော၊ အချီးအနှီးသော ပေါဋ္ဌိလ သွားပြီဟု မိန့်တော်မူလေ၏၊

ထိုပေါဋ္ဌိလမထေရ်က ငါဟာ အဋ္ဌကထာနှင့်တကွ ပိဋကတ် (၃)ပုံကို ဆောင်၏၊ (၅၀၀)သောရဟန်းတို့၏ (၁၈)ဂိုဏ်းကြီးတို့ကို ပို့ချနေ၏။ သို့သော်လည်း ငါ့ကို မြတ်စွာဘုရားသည် တုစ္ဆပေါဋ္ဌိလ အချီးအနှီးသောပေါဋ္ဌိလဟု မပြောဘ်ဆိုတော်မူ၏။ မချွတ်ကေန်ငါ့ကို မြတ်စွာဘုရားသည် ဈာန် မဂ်ဖိုလ် စသည် မရှိသည့်အတွက်ကြောင့် ဤလိုမိန့်ဆိုတော်မူ၏ဟု ကြံစည်ပြီး သံဝေဂဉာဏ်ဖြစ်စေလျက် ယခုပင် တောသို့ဝင်၍ ရဟန်းတရားကို အားထုတ်အံ့ဟု ကိုယ်ဘိုင်ပင်သပိတ်သက်န်းကိုစီရင်၍ မိုးသောက်သောအခါ နောက်ဆုံးမှာ ပါဠိသင်ယူပြီး ထွက်လာသော ရဟန်းနှင့်အတူတကွ ထွက်သွားလေ၏၊ ကျောင်းပရိဝုဏ်၌နေ၍ သရဇ္ဈာယ် ကြကုန်သော ရဟန်းများက ထိုပေါဋ္ဌိလမထေရ်ကို ဆရာပဲဟု မမှတ်မိကြကုန်၊ ထိုပေါဋ္ဌိ

လမနေထရ်သည် ယူဇနာ(၁၂၀)ရှိသော ခရီးသို့သွား၍ တစ်ခုသော တောကျောင်း၌ (၃)ကျိပ်သောရဟန်းများ နေကြကုန်၏။ ထိုရဟန်းတို့ကို ချဉ်းကပ်၍ သံဃာထေရ်ကို ရှိခိုးလျက် ဘန္တေ အဝဿယော မေ ဟောထ။ အရှင်ဘုရား တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါ ဘုရား''ဟု လျှောက်၏။

(ဓမ္မပဒ-ဋ္ဌဒု ၂၆၂)

အာဝုသော တွံ ဓမ္မကထိကော၊ အမှေဟိ နာမ တံနိဿာယ ကိဉ္စိ ဇာနိတဗ္ဗံ ဘဝေယျ။ ကသ္မာ ဧဝံ ဝဒေသိ၊ ဟု သံဃထေရ်ကပြော၏။

''မာဘန္တေ ဧဝံကမရာထ၊ အဝဿ ယော မေ ဟောထ''ဟု လျှောက်ထားပြန်၏။ ထိုရဟန်းအားလုံးတို့ကား ရဟန္တာတို့ချည်းသာတည်း။ ထိုအခါ ပေါဋ္ဌိလရဟန်းကို မထေရ်ကြီးက ဤပေါဋ္ဌိလရဟန်းအား သင်ယူအပ်တဲ့ ပိဋကတ်ကိုမှီ၍ မာန်ရှိသေးသည်သာလျှင်တည်းဟု အနုထေရ်ထံ လွှတ်လိုက်၏။ ထိုအနုထေရ် ကလည်း ပေါဋ္ဌိလရဟန်းကို ရှေးအတိုင်းပဲပြော၏။ ဤနည်းဖြင့် ရဟန်းတော်အားလုံးက ထိုပေါဋ္ဌိလကို စေလွှတ် ကြကုန်လျက် နေ့သန့်စင်ရာ အရပ်၌ ထိုင်နေ၍ သက်န်းချုပ်ခြင်း ပြုလုပ်နေသော အငယ်ဆုံးဖြစ်သော (၇)နှစ်အရွယ် သာမဏေလေးထံသို့ စေလွှတ်လိုက်ကြကုန်၏။ ဤသို့ ပေါဋ္ဌိလရဟန်း၏မာနကို နှိမ်ကြကုန်၏။ ထိုပေါဋ္ဌိလရဟန်းသည် နှိမ်ချအပ်သော မာနရှိသည်ဖြစ်၍ ကိုရင်ကလေး၏ အထံ၌ လက်အုပ်ချီ၍—

အဝဿယော မေ ဟောတိ သပ္ပုရိသ ဟု ပြော၏။

အဟော အာစရိယ ကိံ နာမေတံ က ထေထ။ တုမှေ မဟလ္လကာ ဗဟုသုတာ တုမှာကံ သန္တိကေ မယာ ကိဉ္စိကာရဏံ ဇာနိတဗ္ဗံ ဘဝေယျ ဟု ကိုရင်ကလေးက လျှောက်လေ၏။

မာ ဧဝံ ကရိ သပ္ပုရိသ၊ ဟောတိ ယေဝ မေ အဝဿယော ဟု ပေါဋ္ဌိလမထေရ်က ပြောဆို၏။

အရှင်ဘုရား အကယ်၍ ဆုံးမခြင်းငှာ သင့်သည် ဖြစ်ပါမူ ကား အရှင်ဘုရား၏ မှီခိုရာဖြစ်ပါမည်ဟု ကိုရင်ကလေးက ပြော၏၊

သူတော်ကောင်းဖြစ်ပါမည် မီးပုံသို့ဝင်ပါလို့ ပြောပါမူ မီးပုံ သို့ဝင်ပါမည် ပေါဋ္ဌိလထေရ်က ပြော၏။ ထိုအခါ ပေါဋ္ဌိလမထေရ် ကို ကိုရင်ကလေးက ရေအိုင်တစ်ခုကိုပြ၍ အရှင်ဘုရား ဝတ်မြဲတိုင်း ရုံမြဲတိုင်းသာ ဤရေအိုင်သို့ ဆင်းပါကုန်ဟု ပြောလေ၏။

မှန်၏။ အဖိုးများစွာထိုက်သော သင်္ကန်းကို ဝတ်ရုံထားသည် ကိုသိပါသော်လည်း ဆုံးမခြင်းငှာ သင့်ပါလေလော ဟု စုံစမ်းလို၍ ဤသို့ပြောလေ၏။

ပေါဋ္ဌိလထေရ်ကလည်း စကားတစ်ခွန်းတည်းဖြင့်ပင် ရေအိုင် သို့ဆင်းသွားပြီး ထိုအခါ ပေါဋ္ဌိလမထေရ်ကို သင်္ကန်းနား၌ ရေစွပ် သောကာလ။

ထေ ဘန္တေ။ အရှင်ဘုရား ကြွတော်မူပါကုန်ဟု ပြော၍ တစ်ခွန်း တည်းသောစကားဖြင့် ကြွလာပြီး ရပ်နေတော်မူသော ပေါဋ္ဌိလ ထေရ်ကို အရှင်ဘုရား တောင်ပို့တစ်ခု၌ အပေါက် ခြောက်ပေါက် ရှိ၏။ ထိုခြောက်ခုသော အပေါက်တို့တွင် တစ်ခုသောအပေါက်ဖြင့် ဖွတ်သည် ဝင်ပါ၏။ ထိုဖွတ်ကိုဖမ်းလိုသောသူသည် ကျန်(၅)ပေါက် ကိုပိတ်၍ (၆) ခုမြောက် အပေါက်၌ စောင့်၍ ထွက်လာသော အပေါက်ဖြင့်သာ ဖမ်းရ၏။

ထို့အတူ အရှင်ဘုရားတို့သည်လည်း (၆)ဒွါရ၌ဖြစ်ကုန်သော အာရုံတို့တွင် ကြွင်းကျန်သော (၅)ဒွါရကိုပိတ်၍ ပိတ် ဆိုသော စကားအဓိပ္ပာယ်ကတော့ မျက်စိ၊ နား၊ အနံ့၊ လျှာ၊ ကိုယ်၊ အကြည် ရုပ်(၅)ခု (၅)ဒွါရ၌ ထင်လာသော အာရုံများကို နှစ်လုံးမသွင်း အာရုံမပြုခြင်းကို ပိတ်ထားသည်ဟု ဆိုလိုသည်။

မနောဒွါရ ၌ အားထုတ်မှုကို ဖြစ်စေကုန်လေဟု ကိုရင် ကလေးကပြော၏။

ဗဟုဿုတာယံ ဘိက္ခုနော တွေ့ကေနေ၀ ပဒီပုဇ္ဇလနံ ဝီယ အဟောသိ။

ဗဟုသုတရှိသောပုဂ္ဂိုလ်အား ဤမျှလောက် တရားစကားဖြင့် ပင် ဆီမီးထွန်းပြသကဲ့သို့ဖြစ်ပြီ၊ ထိုပေါဋ္ဌိလထေရ်သည် တွေ့က မေ၀ ဟောတု သပ္ပုရိသ သူတော်ကောင်း ဤမျှလောက်သော တရား စကားသည်သာဖြစ်ပါစေဟုပြော၍—

ကရဇကာယေ ဉာဏံ ဩတာရေတွာ သမဏဓမ္မံ အာရဘိ၊

မဟာဘုတ်လေးပါးဖြင့်ပြီးသော စတုသမုဋ္ဌာနိကရုပ်ဟု ခေါ် ဆိုအပ်သော ရူပကာဌ် (၀ါ) ဖောက်ပြန်ခြင်းသဘောဟူသော ရုပ်၌ ဉာဏ်စိုက်ပြီး တရားအားထုတ်လေပြီ၊

မြတ်စွာဘုရားသည် ယူဇနာ(၁၂၀)ထက်၌ နေတော်မူလျက် သာလျှင် ပေါဋ္ဌိလရဟန်းကို ကြည့်တော်မူ၍ ဤရဟန်းသည် များ သော ပညာရှိသကဲ့သို့ ထို့အတူ မိမိကိုယ်ကို တည်တန့်စေခြင်းငှာ သင့်၏ဟု ကြံစည်တော်မူ၍ ထိုပေါဋ္ဌိလရဟန်းနှင့်အတူတကွ စကား ပြောသကဲ့သို့ ရောင်ခြည်တော်လွှတ်၍ ဟောတော်မူလေ၏၊

ယောဂါ ဝေ ဇာယတိ ဘူရိ၊ အယောဂါ ဘူရိ သင်္ခယော၊
ဧတံ ဒွေဓာ ပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ၊
တထာတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ၊

(ဓမ္မပဒ-ဌ-ဒု-မဂ္ဂဝဂ်၊ ပေါထိလထေရဝတ္ထု ၂၆၃)

ယောဂါ၊ သုံးဆယ့်ရှစ်ဖြာ ဘာဝနာအာရုံတို့၌ ကောင်းစွာ နှလုံးသွင်းအားထုတ်ခြင်းကြောင့်၊ ဝေ၊ စင်စစ်၊ ဘူရိ၊ မြေကြီးပမာ ပြန့်နှံ့စွာသော ပညာရှိသည်။ ဇာယတေ၊ ဖြစ်၏၊ အယောဂါ၊ လုံ့လနည်းပါး အားမထုတ်ခြင်းကြောင့် ဘူရိသင်္ခယော၊ ပညာ၏ ကုန်ခန်းပျက်စီးခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဘဝါယစ၊ တိုးပွား ခြင်း၏လည်းကောင်း၊ ဝိဘဝါယစ၊ မတိုးပွားခြင်း၏လည်းကောင်း၊ ဧကံဒွေဓာပထံ၊ နှစ်ဖြာသော ခရီးလမ်းကြောင်းကို။ ဉတွာ၊ သိ၍၊

ယထာ၊ အကြင်သို့သော အချင်းအရာအားဖြင့် ပြုလုပ်သည်ရှိသော်၊ ဘူရိ၊ ပညာသည်။ ပဝဍ္ဎတိ၊ တိုးပွား၏။ တထာ၊ ထိုသို့သော အချင်းအရာအားဖြင့်၊ အတ္တာနံ၊ မိမိကိုယ်ကို။ နိဝေသေယျ၊ သွင်းထားရာ၏၊ ဒေသနာတော်အဆုံး၌ ရဟန္တာဖြစ်လေပြီ။

(ဓမ္မပဒ-ဋ္ဌ-ဒု-မဂ္ဂဝဂ် ၂၆၃)

## ၁၁။ သုပ္ပဋိပန္န ကောင်းစွာကျင့်သူ
## သာသနာတော်၌ ကောင်းစွာကျင့်သူ

ယေဟိ ကေစိဘိက္ခဝေ ဿမဏာဝါ ဗြာဟ္မဏာဝါ ဧဝံ ရူပံအဘိညာယ၊ ဧဝံ ရူပသမုဒယံ အဘိညာယ၊ ဧဝံ ရူပနိရောဓံ အဘိညာယ၊ ဧဝံရူပနိရောဓ ဂါမိနိံ ပဋိပဒံ အဘိညာယ၊ ရူပဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နာ တေ သုပ္ပဋိပန္နာ ယေ သုပဋိပ္ပန္နာ တေ ဣမသ္မိံ ဓမ္မဝိနယေ ဂါဓန္တိ၊ (ပတိဋ္ဌဟန္တိ)၊

(က) ရုပ်ကိုသိပုံ–

စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ (ရူပံ–ဋ္ဌ၁-ပါ ၅၁)

(ခ) ရူပသမုဒယ–ရုပ်ဖြစ်ခြင်းကိုသိပုံ

အာဟာရသမုဒယာ ရူပသမုဒယော အာဟာရဟူသည် သေစ္ဆန္ဒရာဂေါက ဗဠီကာရာဟာရော အာဟာရော နာမ ဤ၌ နိကန္တိတဏှာနှင့်တကွဖြစ်သော အဟာရကိုယူ၊ (ဓမ္မပဒ-ဋ္ဌ ၂၅၅)

(ဂ) ရူပနိရောဓ–ရုပ်ချုပ်ကြောင်းကိုသိပုံ

အာဟာရနိရောဓာ ရူပနိရောဓော

(ဃ) ပဋိပဒါသိပုံဆိုသည်မှာ–

ရုပ်၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သိပုံကို ဆိုလိုသည်။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေဟိ ကေစိ၊ အမှတ်မရှိကုန်သော။ သမဏာဝါ၊ ရဟန်းတို့သည်လည်းကောင်း၊ ဗြာဟ္မဏာဝါ၊ ပုဏ္ဏားတို့သည်လည်းကောင်း၊ ဧဝံ။ ဤသို့။ ရူပံ၊ ရုပ်ကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ဧဝံ၊ ဤသို့။ ရူပသမုဒယံ၊ ရုပ်၏ဖြစ်ခြင်းကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ရူပနိရောဓံ၊ ရုပ်၏ချုပ်ခြင်းကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ဧဝံ၊ ဤသို့။ ရူပနိရောဓဂါမိနိံ ပဋိပဒံ၊ ရုပ်၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်ကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ရူပဿ၊ ရုပ်၏။ (ဝါ) ရုပ်ကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှာ၊ ဝိရာဂါယ၊ တပ်သောရာဂကင်းခြင်းငှာ။ နိရောဓာယ၊ ချုပ်ခြင်းငှာ၊ ပဋိပန္နာ၊ ကျင့်ကုန်၏။ ယေ သုပ္ပဋိပန္နာ၊ အကြင်ကောင်းစွာကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သုပ္ပဋိပန္နာ၊ ထိုကောင်းစွာ ကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသာသနာတော်၌။ ဂါဓန္တိပတိဋ္ဌဟန္တိ၊ တည်ကုန်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာစ၊ မဟာဘုတ်တို့သည် လည်းကောင်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ ရူပံစ၊ စွဲ၍ဖြစ်သောရုပ် လည်းကောင်း၊ အာဟာရသမုဒယာ၊ အာဟာရ၏ဖြစ်ခြင်းကြောင့်၊ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အာဟာရနိရောဓာ၊ အာဟာရ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ ဖြစ်၏။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသော။ ဣဒံအယံ မဂ္ဂေါ၊ ဤမဂ်သည်။ သေယျထာကတမော၊ အဘယ်သည်တို့နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ လည်းကောင်း၊

(ပ)သမ္မာသမာဓိ၊သမ္မာသမာဓိ လည်းကောင်းတည်း၊ဤသို့သိပြီး ငြိုးငွေ့အောင် မဂ်ဆိုက်အောင် ချုပ်ငြိမ်းအောင် ကျင့်ကုန်သော ပုဂ္ဂိုလ်တို့ကား ကောင်းစွာ ကျင့်သည်မည်၏။ ဘုရားသာသနာတော်၌ ထောက်ရာတည်ရာရ၏။ အရိယာတို့သို နင်းမိသည် မည်၏။ ဝင်ရောက်သည်မည်၏။ (ခန္ဓဝဂ္ဂသံယုတ်-ပါ-ဉပယါဝဂ်၊ ဉပါဒါနပရိဝတ္တနသုတ်-၄၇)

## ၇၉။ ကောင်းမှုပြုသမျှ သူများထက် ဦးအောင် ပြုရမည်

ဦးအောင်ပြုလျှင် ဦးဦးဖျားဖျား အကျိုးခံစားရသည်၊ နောက်ဆွဲပြီးပြုလျှင် နောက်ဆုံးကျမှ အကျိုးခံစားရသည်ဟု ဘုရားဟောတော်မူလေသည်။

ရှင်ကောဏ္ဍညမထေရ်သည် ဓမ္မစကြာ ဒေသနာတော်အဆုံး၌ လူ့ပြည်တွင် ရှေးဦးဆုံး သောတာပန် တည်သည်။ သုဘဒ္ဒပရဗိုဇ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးမှ တရားထူးရသည်။

ထိုအရှင်မြတ်(၂)တို့ ကောင်းမှုပြုတဲ့အခါက အရှင်ကောဏ္ဍည အလောင်း အကိုဖြစ်သူက တစ်နှစ်လျှင် မျိုးကြဲသောအခါ နို့ရည်တည်သောအခါ၊ နို့ရည်ခဲသောအခါ၊ မုံ့ဆွမ်းအခါ၊ ရိပ်သောအခါ ကောက်လှိုင်းထိုး ကောက်လှိုင်းစီးသောအခါ၊ တလင်းသွင်းသော အခါ၊ စပါးပုံသောအခါ၊ ကြည်သို့သွင်းသောအခါ၊ ဤ (၉) ကြိမ်သို့ တိုင်တိုင်လှူရလျှင် ကောင်းမည်ဟု ကြံစည်ပြီး၊ ညီ ဖြစ်သူနှင့် တိုင်ပင်ရာ သဘောမတူသဖြင့် လယ်ကိုခွဲဝေ၍ ပြုလုပ်ကြ၏။

အကိုဖြစ်သူ ကောဏ္ဍည အလောင်းသည် (၉) ကြိမ်တိုင်တိုင် ကောက်ဦး လှူခဲ့တယ်။ ညီ ဖြစ်သူကား (၉) တိုင်တိုင် လှူဒါန်းခြင်းကို အလိုမရှိမူ၍ နောက်ဆုံးအကြိမ်၌သာ လှူဒါန်းလေ၏။ ထို့ကြောင့် ပဌမဗောဓိ၌ လည်းကောင်း။ မဇ္ဈိမဗောဓိ၌ လည်းကောင်း၊ ဘုရားကိုဖူးခွင့် မရပေ။ မဇ္ဈိမဗောဓိ၌ ဘုရားပရိနိဗ္ဗာန်

စံဝင်ဘော်မူခါနီးမှ ငါသည် (၃)ခုသော ပြဿနာတို့၌ သံသယကို ကြီးကုန်သော ပရဗိုဇ်ဘိုကို မေးပြီးမှ ရဟန်း ဂေါတမကို ငယ်သေး သည်ဟူသော အမှတ်သညာဖြင့်မမေးဘဲ နေခဲ့လေ၏။ ယခုအခါကား ထိုရဟန်း ဂေါတမပရိနိဗ္ဗာန်စံပင်ရာ အခါတည်း။ နောက်ကာလ၌ ရဟန်း ဂေါတမကို မမေးရခြင်းဟူသော အကြောင်းကြောင့် ငါ့ အား နှစ်လုံးမသာ ဖြစ်လိမ့်မည်ဟု မြတ်စွာဘုရားသို့ ချဉ်းကပ်၍ အရှင်အာနန္ဒာက တားမြစ်သော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော် မူ၍ အာနန္ဒာ သုဘဒ္ဒကို မတားနဲ့၊ ငါဘုရားကို ပြဿနာမေး လျှောက်ပါစေဟု မိန့်တော်မူလတ်သော် ကန့်လန့်ကာအတွင်းသို့ ဝင်၍ ညောင်းစောင်းအောက်၌ ထိုင်လျှက် အရှင်ဘုရား ကောင်း ကင်၌ ခြေရာမည်သည် ရှိပါသလား၊ အရှင်၏ သာသနာမှ ပြင်ပ၌ ရဟန်းမည်သည် ရှိပါသလား၊ မြဲသော သင်္ခါရတို့မည်သည် ရှိပါ သလားဟု ပြဿနာတို့ကို မေးလျှောက်၏။

ထိုအခါ သုဘဒ္ဒအား မြတ်စွာဘုရားက ထို (၃)မျိုး မရှိပုံ ကို ဟောကြားတော်မူလို၍–

> အာကာသေဝ ပဒံ နတ္ထိ။ သမဏော နတ္ထိ ဗာဟိရေ၊
> ပပဉ္စာ ဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ၊
> အာကာသေဝ ပဒံ နတ္ထိ။ သမဏော နတ္ထိ ဗာဟိရေ။
> သင်္ခါရာ သဿတာ နတ္ထိ။ နတ္ထိဗုဒ္ဓါနံ မိဉ္ဇိတံ ဟု ဟောတော် မူ၏။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ မလဝဂ်၊ သုဘဒ္ဒ ပရိဗ္ဗာဇက ဝတ္ထု၊ ၂၄၀။)

အာကာသေ၊ အဇဋာကောင်း၊ ထက်ကောင်းကင်၌။ ပဒံ၊ ခြေရာသည်၊ နတ္ထိဝေ၊ မရှိသည်သာလျှင်တည်း။ ဗာဟိယေ၊ ငါဘုရား ၏ သာသနာတော်မှအပ ပြင်ဘက်၌ သမဏော၊ မဂ်ဖိုလ်တည်ခမ်း ရှင်ရဟန်းသည်။ နတ္ထိဝေ၊ မရှိသည်သာလျှင်တည်း။ ပဇာ၊ သတ္တဝါ အပေါင်းသည် ပပဉ္စာ ဘိရတာ၊ သံသရာကို ချဲ့ထွင်တန်သော တဏှာ မာန ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားတို့၌ အလွန်မွေ့လျော်၏။ တထာဂတာ၊ လာခြင်းကောင်းပြား ငါဘုရားတို့သည်၊ နိပ္ပပဉ္စာ၊ ချဲ့ထွင်တက်လှ ပပဉ္စတရားတို့မှ ကင်းကုန်၏၊

အာကာသေ၊ ကောင်းကင်၌၊ ပဒံ၊ ခြေရာသည်၊ နတ္ထိဝေ၊ မရှိသည်သာလျှင်တည်း၊ ဗာဟိရေ၊ သာသနာပြင်ပ၌၊ သမဏော၊ ရဟန်းတို့သည်၊ နတ္ထိဝေ၊ မရှိသည်သာလျှင်တည်း၊ သင်္ခါရာ၊ ခန္ဓာငါးဝ သင်္ခါရ တရားတို့သည်။ သဿတာ၊ မချွတ်မလွဲ မြဲသည် မည်ကုန်သည်။ နတ္ထိဝေ၊ မရှိတော့သည်သာလျှင်တည်း။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ဣဉ္ဇိတံ၊ တုန်လှုပ်ခြင်းသည်။ နတ္ထိဝေ၊ မရှိတော့သည်သာလျှင်တည်း။

ဒေသနာတော် အဆုံး၌ သုဘဒ္ဒပရိဗိုဇ်သည် အနာဂါမ်တည်လေသည်။ ရောက်လာသော ပရိသတ်များ အကျိုးများပေ၏။ ဘုရားထံ ခွင့်တောင်း၍ ရဟန်းပြုပြီး နောက်ဆုံးမှာ အရဟတ္တဖိုလ် အကျိုးကို ခံစားရ၏။

## ၉၀၊ မနောဒွါရကနေပြီး သတိပြင့် ရှုပွားရန်

မနောဒွါရကနေပြီး သတိမြဲအောင် ထားပြီး ဖြစ်ပျက်ကိုရှုပါ၊ စိတ်ကား သတိသာမှီခိုရာရှိ၏။

စိတ္တံဟိသတိ ပဋိသရဏံ ဟု အဋ္ဌကထာ မိန့်ဆိုခြင်းကြောင့် သတိက မလွတ်တမ်းမြဲပါမှ စိတ်တည်နိုင်သည် သတိလွတ်သွားမည် ဆိုလျှင် စိတ်လည်း မတည်နိုင်တော့ပေ၊ ထိုအခါ မိစ္ဆာဝိတက် ရန်သူ ဝင်လာတော့သည်သာ။

အာရက္ခပစ္စုပဋ္ဌာန သတိ၊ သတိကစောင့်ရှောက်ပေးမှ စိတ်သည် ဖြစ်ပျက်ရုပ်နာမ် အစုံမှာ တည်နေနိုင်သည်၊ ထို့ကြောင့် သတိမြဲအောင် နှလုံးသွင်းရမည်။

ပေါဋ္ဌိလ မထေရ်ကြီး၏ နမူနာကို အတုယူပြီး မျက်စိအကြည် နားအကြည် လျှာအကြည် နှာခေါင်းအကြည် ကာယာရအကြည် ဤအကြည် ငါးပါး ပဉ္စဒွါရကို ပိတ်ပြီး မနောအကြည်ကနေပြီး

မိစ္ဆာဝိတက် ကြားမဝင် ကြားမတိုးနိုင်အောင် ပစ္စုပ္ပန်ဖြစ်ဆဲရုပ်နာမ် ဖြစ်ပျက်ကို ရှုပွားပါ၊ ပစ္စတိကျွ ဝတ္ထုကို ရှု၍ အတုယူဖို့ကောင်း၏၊

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့်အခါ ရဟန်း ငါးပါးတွင် တစ်ပါးစီ တစ်ပါးစီ အသီးအသီး ငါးဒွါရတွင် တစ်ခုစီတစ်ခုစီသာ စောင့်ရှောက်ပြီး နေကြသကဲ့ တဝနေ့သ၌ စည်းဝေးကြပြီးလျှင် ငါကား စောင့်ရှောက်နိုင်ခဲ့သည်ကို စောင့်ရှောက်သည်ဟု ငြင်းခုံပြီး မြတ်စွာဘုရားကို လျှောက်ထားကြ၏။

မြတ်စွာဘုရားက တပါးသောရဟန်းကိုမျှ မကြိမ်းမောင်းမူ၍ ရဟန်းတို့အလုံးစုံသောဒွါရတို့ဆည်လည်း စောင့်ရှောက်နိုင်ခဲ့ကုန်သည်သာတည်း။ စင်စစ်သော်ကား သင်ချစ်သားတို့သည် ဘုရှတိုင်းပြည် ဘုရှမင်းကြီး၏သားတော် (၁၀၀၀)တွင် ဘုရားအလောင်းတော်ကား အငယ်ဆုံးမင်းသားဖြစ်၏၊ နန်းတော်သို့ ဆွမ်းစား ကြွလာတော်မူကုန်သော ပစ္စေကဗုဒ္ဓအရှင်တို့အား ဝတ်ပြု၍ လျှောက်ထားလေရာ တက္ကသိုလ်ပြည်သို့သွားနိုင်ပါက သင်မင်းသား မင်း ဖြစ်လိမ့်မည်ဟု ပြောစကားကို နာယူလျက် မရိတ်ချည် ပရိတ်ရေ ပရိတ်သဲ များကို ယူပြီး ကျွန်ယုံတော် (၅)ယောက်နှင့် တက္ကသိုလ်သို့အသွား လမ်းခရီးခတာအုပ်၌ ဘီလူးမများ အာရုံငါးပါးနှင့် ဖြားယောင်းသဖြင့် ဒွါရငါးပါး တံခါးငါးပေါက်တို့၌ လုံခြုံအောင် မစောင့်ရှောက်ကုန်သည်မဟုတ်သေး ရှေးအခါကလည်း မစောင့်ရှောက်ကြကုန်သောကြောင့်သာလျှင် ပညာရှိတို့၏ ဩဝါဒစကားကို မလိုက်နာ၍ အသက်ဆုံးရှုံးခြင်းသို့ ရောက်ကြဘူးကုန်ပြီဟု တက္ကသီလ ဇာတ်ကို ဟောတော်မူ၏၊

စက္ခုနာသံဝရောသာဓု၊ သာဓုသောတေနသံဝရော။
သာနေနသံဝရောသာဓု၊ သာဓုဇိဝှာယသံဝရော။
တာယေနသံဝရောသာဓု၊ သာဓုဝါစာယသံဝရော။
မနသာသံဝရောသာဓု၊ သာဓုသဗ္ဗတ္တသံဝရော၊
သဗ္ဗတ္တသံဝုတောဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ ဟု ဟောတော်မူပြီ၊ (ဓမ္မပဒ-ဋ္ဌဒု ၃၅၉)

**(အနက်)** စက္ခုနာ စက္ခုဒွါရဖြင့် **သံဝရော၊စောင့်ရှောက်ခြင်းသည်၊ သာဓုကောင်း၏၊** (ပ) ကာယေန ပသာဒကာယ စောပနကာယဖြင့် **သံဝရော** စောင့်ရှောက်ခြင်းသည် သာဓု သောင်း၏၊ ဝါစာယစောပနဝါစာဖြင့်(ဝါ)ဝစီဒွါရဖြင့်သံဝရော၊စောင့်ရှောက်ခြင်းသည်၊သာဓုကောင်း၏။ မနသာမနောဒွါရဖြင့်သံဝရော၊စောင့်ရှောက်ခြင်းသည်၊ သာဓုကောင်း၏၊ သဗ္ဗတ္ထ အလုံးစုံသော (၈)ပါးသော ဌာနတို့၌ သံဝရော၊ စောင့်ရှောက်ခြင်းသည်၊ သာဓု၊ ကောင်း၏၊ သဗ္ဗတ္ထ **အလုံးစုံသော** (၈)ပါးသော ဌာနတို့၌ သံဝုတော စောင့်ရှောက်သော ဘိက္ခုသံသရာဘေးကို ရှုလေ့ရှိသော အမျိုးကောင်းသားသမီးသည်၊ သဗ္ဗဒုက္ခာ၊ ဆင်းရဲခပ်သိမ်းမှ။ ပမုစ္စတိ၊ လွတ်မြောက်၏။

## ၉၁။ ဝေသာရဇ္ဇဉာဏ် ရတော်မူပုံ

ဒသဗလသမန္နာဂတော၊ ဘိက္ခဝေတထာဂတောစတုတိစ၊
ဝေသာရဇ္ဇေ တိသမန္နာဂတောအာသဘံဌာနံ ပဋိဇာနာတိ။
ပရိသာသု သီဟနာဒံ နဒတိ ဗြဟ္မစက္ကံ ပဝတ္တေတိ။
(နိဒါနဝဂ္ဂ သံယုတ်ပါ ၂၆၅)

**(အနက်)**ဘိက္ခဝေ၊ရဟန်းတို့၊ ဒသဗလသမန္နာဂတော၊ ဆယ်ပါးသော ကိုယ်တော်အား ဉာဏ်တော်အားနှင့် ပြည့်စုံတော်မူထသော၊ စတုတိ၊ လေးပွါးကုန်သော၊ ဝေသာရဇ္ဇေတိ ရွံရှာခြင်းကင်းသောပုဂ္ဂိုလ်၏ အဖြစ်တို့နှင့်။ သမန္နာဂတော၊ပြည့်စုံတော်မူထသော၊ တထာဂတော ငါဘုရားသည်၊ အာသဘံ၊ မြတ်သော ဌာနံအရာကို၊ ပဋိဇာနာတိ၊ ဝန်ခံတော်မူ၏၊ ပရိသာသု၊ပရိသတ်တို့၌။ သီဟနာဒံ၊ ခြင်္သေ့မင်းကဲ့သို့ရဲရင့်သောအသံတော်ကို။ နဒတိ၊ဆိုတော်မူ၏။ ဗြဟ္မစက္ကံ၊ မြတ်သောတရားရတနာတည်းဟူသောစက်ကို။ ပဝတ္တေတိ၊ဖြစ်စေ၏၊(ဝါ) လည်စေတော်မူ၏။

## ၆၂၊ ဝေသာရဇ္ဇဉာဏ်(၄)ပါးအကျယ်

အန္တရာယေစ နိယျာနေ၊ ဗုဒ္ဓတ္တေအာသဝက္ခယေ
စတုဒ္ဓသွေဘေသု႒ာနေသု၊ ဗုဒ္ဓေါဝိသာရ ဒေါအဟု။

(အနက်) အန္တရာယေစ၊ဈာန်မဂ်ဖိုလ်၏ အန္တရာယ်၌လည်းကောင်း။ နိယျာနေစ၊ ဟောကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသောသူအား သံသရာဝဋ်မှ ထုတ်ဆောင် ကယ်တင်ခြင်း၌လည်းကောင်း။ ဗုဒ္ဓတ္တေစ၊သစ္စာလေးပါးကို သိတော်မူခြင်း၌လည်းကောင်း။ အာသဝက္ခယေစ အာသဝေါတရားတို့၏ကုန်ခြင်း၌လည်းကောင်း။ ဣတိ၊ဤသို့။ ဧတေသု စတုသု႒ာနေသု၊ ဤလေးပါးသောအရာတို့၌။ ဗုဒ္ဓေါ၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဝိသာရဒေါ၊ ရဲရှာခြင်းကင်းရဲတင်းတော်မူသည်။ အဟု၊ဖြစ်တော်မူပြီ။

ဆယ်ပါးသော ကိုယ်တော်အား ဉာဏ်တော်အားတို့နှင့်ပြည့်စုံသောဝါဘုရားသည် လေးပါးသော ဝေသာရဇ္ဇဉာဏ်နှင့် ပြည့်စုံတော်မူသောကြောင့် ပဠ္ဌမစေဉာဏ် ဒေသနာဉာဏ် ဟူသော မြတ်သောအရာကို ဝန်ခံတော်မူ၏။

ပရိသတ် လေးပါး ပရိသတ် ရှစ်ပါးတို့၌ ခြင်္သေ့မင်း ကဲ့သို့ မကြောက်မရွံ့ ရဲဘင်းသောစကားကို ဆိုတော်မူ၏။

မြတ်သောစကြာရတနာဟူသော တရားတော်ကို ဟောတော်မူ၏။ အဘယ်သို့ဟောသနည်း။ ရုပ်တရားကား ဘူတရုပ်လေးခုနှင့် ထိုဘူတရုပ်လေးခုကိုမှီ၍ဖြစ်သော ဥပါဒါရုပ်တို့သာတည်း၊ ထိုဘူတရုပ် ဥပါဒါရုပ်တို့ထက် အယုတ်အလွန်မရှိ ရုပ်၏ဖြစ်ကြောင်းကား အာဟာရဖြစ်ခြင်းတည်း။ ရုပ်၏ချုပ်ကြောင်းကား အာဟာရချုပ်ခြင်းတည်း။

ဝေဒနာကား(၆)ပါး သညာကား(၆)ပါး သင်္ခါရကားရူပသဉ္စေတနာ(လ)ဓမ္မသဉ္စေတနာ(၆)ပါး ဝိညာဉ်ကား စက္ခုဝိညာဉ်(လ)မနောဝိညာဉ်(၆)ပါး၊

ဝေဒနာဖြစ်ကြောင်းကား ဖဿကြောင့် ဖြစ်သည်၊ ဝေဒနာချုပ်ကြောင်းကား ဖဿချုပ်ခြင်းကြောင့် ချုပ်သည်။ သညာဖြစ်ကြောင်း၊ သင်္ခါရဖြစ်ကြောင်းတို့ကား ဝေဒနာနှင့်တူ၏။ ဝိညာဉ်ဖြစ်ကြောင်းကား ရုပ်နာမ်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ဝိညာဉ်ချုပ်ခြင်းကြောင်းကား ရုပ်နာမ်ချုပ်ခြင်းကြောင့် ချုပ်သည်၊

အဝိဇ္ဇာ စသော အကြောင်းတရား ဖြစ်ခြင်းကြောင့် သင်္ခါရ စသော အကျိုးတရားဖြစ်သည်။ အဝိဇ္ဇာ စသော အကြောင်းတရား ချုပ်ခြင်းကြောင့် သင်္ခါရစသော အကျိုးတရားချုပ်သည်၊ ဤသို့မြတ်သော စကြာရတနာဟူသော တရားတော်ကို ဟောတော်မူ၏။

ရဟန်းတို့ ဤလို ငါဘုရားသည် တရားတော်ကို ပေါ်ပေါ်လွင်လွင် ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား ပုဆိုးစုပ်သဖွယ် ကောင်းစွာ ဟောတော်မူအပ်ပြီ။

> ဧဝံ သွာက္ခာတေ ခေါ ဘိက္ခဝေ မာယဓမ္မေ ဥတ္တာနေ ဝိဝဋေ
>
> ပကာသိတေ ဆိန္နပိလောတိကေ အလမေဝသဒ္ဓါ ပဗ္ဗဇိတေန
>
> ကုလပုတ္တေန ဝီရိယံ အာရဘိတုံ။
>
> (နိဒါနဝဂ္ဂသံယုတ် ပါ၊ ၂၆၆)

(အနက်) ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ မာယ၊ ငါဘုရားသည်၊ဓမ္မေ၊ တရားတော်ကို။ ဥတ္တာနေ၊ ပေါ်ပေါ်လွင်လွင်။ ဝိဝဋေ၊ ပွင့်ပွင့် လင်းလင်း။ ပကာသိတေ၊ ထင်ထင်ရှားရှား။ ဆိန္နပိလောတိကေ၊ ပုဆိုးစုပ်သဖွယ်။ သွာက္ခာတေ၊ ကောင်းစွာ ဟောတော်မူအပ်သည်ရှိသော်၊ သဒ္ဓါပဗ္ဗဇိတေန၊ သဒ္ဓါဖြင့် ရဟန်းပြုသော (ဝါ) သဒ္ဓါ၍ ရဟန်းပြုသော။ ကုလပုတ္တေန၊ အမျိုးကောင်းသားသမီးသည်၊ ဝီရိယံ၊ ဝီရိယကို။ အာရဘိတုံ၊နောက်မဆုတ်တဲ့အားထုတ်ခြင်းငှာ၊အလမေဝ၊ သင့်တော်သည်သာတည်း။

## ၉၃။ သတိပဋ္ဌာန်တရားသာလျှင် မှီခိုအားထားရာဖြစ်ပုံ

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ အတ္တဒီပါနံ ဘိက္ခဝေ ဝိဟရတံ အတ္တသရဏာနံ အနညသရဏာနံ ဓမ္မဒီပါနံ ဓမ္မသရဏာနံ အနညသရဏာနံ ယောနိ ဥပပရိက္ခိတဗ္ဗာ။
(ခန္ဓဝဂ္ဂ သံယုတ်ပါ ၃၅)

မိမိမှတစ်ပါး မှီခိုရာမရှိကုန်သည်ဖြစ်၍နေကြကုန်လော့၊ သတိပဋ္ဌာန်ဘာဝနာဟူသော တရားသာ ကိုးကွယ်ရာ မှီခိုရာ ရှိကုန်သည်ဖြစ်၍ နေကြကုန်လော့။ တရားတော်မှတပါး မှီခိုရာ မရှိကုန်သည်ဖြစ်၍ နေကြကုန်လော့ဟု တိုက်တွန်းတော်မူခဲ့၏။

ဤကဲ့သို့ တိုက်တွန်းတော်မူသော ဒေသနာတော်ကို ထောက်ထားပြီး သတိပဋ္ဌာန်ဘာဝနာ အားထုတ်ရခြင်းသည် မှီခိုရာကိုင်းကျွန်းသဖွယ် ဖြစ်ပါပေသည်ဟု ထက်သန်သောသဒ္ဓါဖြင့် ကျိုးစားကြပါ။

ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားကို ငါ့ဥစ္စာပဲ ငါပဲ ငါ့ကိုယ်ပဲဟု ထင်မှတ်နေသူအား ရုပ်တရား နာမ်တရား ဖောက်ပြန်တဲ့အခါ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသကို ဖြစ်ကြရတယ်။ နာမ်ရုပ်တို့၏ ဖြစ်ပျက် နေသောကြောင့် မမြဲပါတကားဟု မမြဲတာကို သိလျှင် ဖောက်ပြန်တာကိုသိလျှင် တပ်နှစ်သက်ခြင်း ကင်းခြင်း ချုပ်ပျောက်ခြင်းကို သိလာလျှင် ရှေးက ဖြစ်ခဲ့သမျှရုပ်၊ ယခုဖြစ်ဆဲရုပ် အားလုံးကား မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော ဖောက်ပြန်တဲ့သဘော ရှိကြပါတကားဟု ဟုတ်မှန်တဲ့အတိုင်း မဖောက်မပြန် မှန်ကန်သော ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင်တွေ့မြင်တဲ့ ယောဂီပုဂ္ဂိုလ်အား စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းပြစွာ ပင်ပန်းခြင်းတို့ကို ပယ်စွန့်နိုင်ကုန်၏။

ထိုသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကို ပယ်စွန့်နိုင်ခြင်းကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို မတောင့်တ မတပ်မက်တော့ပြီ၊ ပတမ်မက်ပါက ချမ်းသာစွာ နေရလေတော့၏။ ချမ်းသာစွာနေလေ့ရှိသော ယောဂီပုဂ္ဂိုလ်ကို တဒင်္ဂအပူငြိမ်းသူဟု ဆိုရမည်၊

ရူပဿတ္တေဝ ဘိက္ခဝေ အနိစ္စံတံ ပိဗိဘ္ဘာ ဝိပရိဏာမံ ဝိရာဂံ နိရောဓံ ပုဗ္ဗေစေဝ ရူပံ ဧတရဟိစ သဗ္ဗံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိနာမ ဓမ္မန္တိ။ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယေ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿံ ပါယာသာ။ တေ ပတိယန္တိ၊ တေသံပဟာနာနပရိတဿတိ အပရိတဿံ သုခံ ဝိဟရတိ၊ သုခဝိဟာရိဘိက္ခု၊ တဒင်္ဂနိဗ္ဗုဟောတိ ပုစ္စတိ၊ (ဝေ-သင်္ဂ-ဘင်-ဝိ-နည်း တွေ၏)
(ခန္ဓဝဂ္ဂ သံယုဂ် ပါ ၃၅)

## ၉၄။ ဥပါဒါနက္ခန္ဓာကိုသာ ဝိပဿနာရှုပွားရမည်

ဝိပဿနာဘာဝနာ၏ အာရုံကား ရူပပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာနုပါဒါနက္ခန္ဓာ၊ အဲဒီ ဥပါဒါနက္ခန္ဓာ (၅) ပါး အကျဉ်းအားဖြင့် ရုပ်နာမ်(၂)ပါးသာ ဖြစ်၏၊

ပဉ္စုပါဒါနက္ခန္ဓာ၊ တေဘူမ္မကာမတာ၊

တေဘူမ္မကာ၊ ဘုံသုံးပါး၌ ဖြစ်ကုန်သော ဝါလောကီ စိတ်၊ စေတသိက် ရုပ်ဟူသော တရားတို့ကို၊ ပဉ္စ၊ ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ တို့ဟူ၍ ဝါ ဥပါဒါန်၏ အာရုံ ဖြစ်ကုန်သော ခန္ဓာတို့ဟူ၍၊ မတာ၊ သိအပ်ကုန်၏၊

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါး၌ဖြစ်တဲ့ လောကီစိတ် စေတသိက်နှင့် ရုပ်တရားတို့ကို ဥပါဒါနက္ခန္ဓာလို့ ဆိုတယ်၊ အဲဒီဥပါဒါနက္ခန္ဓာငါးပါး အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါးတို့ကို ရှုပွားရတယ်၊ ဘာ့ကြောင့်နည်းလို့မေးစရာရှိတယ်။ အဲဒီ ဥပါဒါနက္ခန္ဓာကို ပုဂ္ဂိုလ်သတ္တဝါပဲ ငါပဲဟု စွဲလမ်းမှု ဥပါဒါန် ကင်းပျောက်အောင်ငါပဲ ယောက်ျားပဲ မိန်းမပဲဆိုတဲ့ အစွဲပျောက်အောင် ရှုပွားရတယ်၊ ငါပဲ သူပဲ အစွဲကင်းလျှင် နိဗ္ဗာန်ချမ်းသာ မျက်မှောက်ပြုနိုင်သည်။ မြတ်စွာဘုရား ရှိတော်မူတဲ့အခါက ရဟန်းတော်တစ်ပါးက မြတ်စွာဘုရားကို လျှောက်ထားတယ်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဥပါဒါန်နှင့် ဥပဒါနက္ခန္ဓာဆိုတာ ဘယ်လို သိရပါမည်နည်းဟု လျှောက်ထားတယ်၊ ထိုအခါမြတ်စွာဘုရားက—

ဣမေ ခေါ ဘိက္ခု ပဉ္စုပါဒါနက္ခန္ဓာ မူလကာ

(ခန္ဓဝဂ္ဂ သံယုတ်-ပါ-၈၂)

(အနက်) ဘိက္ခု၊ ရဟန်း၊ ဣမေပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ ဆန္ဒမူလကာ၊ ဆန္ဒရာဂလျှင် အကြောင်းရင်း ရှိကုန်၏။

ငါပဲ ပုဂ္ဂိုလ်သတ္တဝါပဲဟု တပ်နှစ်သက်သော ဆန္ဒရာဂလျှင် အကြောင်းရင်း ရှိကုန်၏။ ရာဂကြောင့် ဥပါဒါနက္ခန္ဓာ ဖြစ်ပေါ်လာ၏။ အဆင်းအသံစတဲ့ ထိုထိုအာရုံများနှင့် တိုက်ဆိုင်လာတဲ့အခါ တပ်မက်တဲ့ ရာဂဖြင့် ငါပဲ သူပဲဟု စွဲလမ်းလာတယ်၊ အဲဒီစွဲလမ်းတဲ့ ရာဂကြောင့် စွဲလမ်းအပ်တဲ့ ရုပ်ခန္ဓာ နမ်ခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ဆိုရတယ်၊

နခေါ ဘိက္ခု တညေဝ ဥပါဒါနံ တေပဉ္စုပါဒါနက္ခန္ဓာ

(ခန္ဓဝဂ္ဂသံယုတ်-ပါ-၈၂)

(အနက်) ဘိက္ခု၊ ရဟန်း။ တညေဝဥပါဒါနံ၊ ထိုစွဲလမ်းတဲ့ဥပါဒါန်သည်သာလျှင်။ တေပဉ္စုပါဒါနက္ခန္ဓာ၊ ထိုငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည်။ န၊ မဟုတ်ကုန်၊ ဥပါဒါန်

တရားသည်ပင် ဥပါဒါနက္ခန္ဓာမဟုတ် ဥပါဒါန် တရားကလည်း တခြား၊ ဥပါဒါနက္ခန္ဓာကလည်း တခြားပါပဲ။ သို့ကလို တခြားစီပင် ဖြစ်သော်လည်း အချင်းချင်း မကင်းကြဘူး။

နာပိ အညတြ ပဉ္စတိ ဥပါဒါနက္ခန္ဓေဟိ ဥပါဒါနံ အပိစယော တတ္ထဆန္ဒရာဂေါတံတတ္ထ ဥပါဒါနံ။

ပဉ္စတိဥပါဒါနက္ခန္ဓေဟိ၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့ကို။ အညတြ၊ ကြဉ်ထား၍ ဝါ လွှတ်ထား ပယ်ထား၍။ ဥပါဒါနံ၊ ဥပါဒါန်တရားသည်။ နာပိဟောတိ၊ မဖြစ်။ အပိစ၊ စင်စစ် သော်ကား၊ ဝါ အမှန်သော်ကား၊ တတ္ထ၊ ထို ဥပါဒါနက္ခန္ဓာ တို့၌။ ယောဆန္ဒရာဂေါ၊ အကြင် တပ်နှစ်သက်တတ်သော ဆန္ဒရာဂသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို တပ်နှစ်သက်တတ်သော ဆန္ဒရာဂသည်။ တတ္ထ၊ ထိုဥပါဒါနက္ခန္ဓာတို့၌။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။

ထိုဥပါဒါနက္ခန္ဓာ၌ တပ်နှစ်သက်သောရာဂကို ဥပါဒါန်ဟု ဆိုရ၏။

အကျဉ်းကား ဆန္ဒရာဂ များကား ဥပါဒါန်မဟုတ် သဟဇာတအားဖြင့် လည်းကောင်း၊ အာရုံအားဖြင့် လည်းကောင်း၊ ခန္ဓာ ကိုယ်ကိုလွှတ်၍ နောက်ဖယ်ထား၍ ဥပါဒါန်မရှိ။

(က) အကျယ်ကား တပ်နှစ်သက် တတ်သော တဏှာနှင့် ရှင်တံစိတ်ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သောရုပ်ကား ရူပက္ခန္ဓာ တဏှာကိုချုန်၍ ကြွင်းကျန်သော နာမ်တရား တို့ကား ဝါ ကြွင်း ကျန်သော စေတသိက်တို့ကား နာမ်ခန္ဓာလေးပါး ဖြစ်ကြသော ကြောင့် သဟဇာတအားဖြင့် ခန္ဓာကို လွှတ်၍ ဖယ်၍ ဥပါဒါန်မရှိ။

(ခ) ဥပါဒါန်၏လည်း ရုပ် စသည်တို့တွင် တပါးပါးကို အာရုံပြု၍ဖြစ် ကြောင့် ခန္ဓာကိုယ်ကို လွှတ်၍ဖယ်ထား၍ဥပါဒါန် မရှိ။ (ခန္ဓဝဂ္ဂသံယုတ်-ပါ-၇၂-၌ ၂၀၂)

## သဘောပါအောင်ဆင်ခြင်ပါ၊ ဘုရားအာရုံပေါ်အောင် စဉ်းစားပါ

သက္ကာယ သမုဒယ ဂါမိနိစ္စဝေါ ဘိက္ခဝေ ပဋိပဒံ ဒေသေဿာမိ
သက္ကာယ နိရောဓ ဂါမိနိဥ္စ ပဋိပဒံ (ခန္ဓဝဂ္ဂသံယုတ်-ပါ-၃၆)

ငါကိုယ်ပဲ မှတ်ထင်နေခြင်းကား သက္ကာယဖြစ်ခြင်းသို့ ရောက်ကြောင်း မှားသောအကျင့်၊ ဒုက္ခအဖြစ်သို့ရောက်ကြောင်း မှားသော အကျင့် ဖြစ်သည်။

ငါကိုယ်မဟုတ် နာမ်ရုပ်မျှသာ ရှုပွားခြင်းငှာ သက္ကာယဟု ဆိုအပ်သော ဒုက္ခချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့် ဖြစ်၏။

သက္ကာယ သမုဒယဂါမိနီ ပဋိပဒါတိ ဣတိဟိဒံ ဘိက္ခဝေ ဝုစ္စတိ
ဒုက္ခ သမုဒယဂါမိနီ သမနုပဿနာတိအယ မေဝေတ္တအတ္ထော
သက္ကာယနိရောဓ ဂါမိနိ ပဋိပဒါတိ ဣတိဟိဒံ ဘိက္ခဝေ ဝုစ္စတိ
ဒုက္ခနိယောဓ ဂါမိနိ သမနုပဿနာတိ အယမေဝေတ္တ အတ္ထော

**(အနက်)** ဘိက္ခဝေ၊ သံသရာဘေး မျှော်တွေးရှုစား သင်ချစ်သား ချစ်သမီးတို့။ သက္ကာယမူဒဂါမိနီ ပဋိပဒါတိ၊ သက္ကာယ ဖြစ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသော။ ဣတိဣဒံ၊ ဤစကားမယာ ငါဘုရားသည်။ ဝုစ္စတိ၊ ဆိုတော်မူအပ်၏။ တွေ၊ ထိုစကား၌။ ဒုက္ခသမုဒယဂါမိနီ သမနုပနာတိ၊ ဒုက္ခဖြစ်ခြင်းသို့ရောက်စေတတ်သော ရှုဆင်ခြင်ခြင်းဟူ၍ ဝါ ဒုက္ခဲဖြစ်ဖို့ရန် ရောက်စေတတ်သော ရှုခြင်းပေတည်းဟု။ အယမေဝ၊ ဤသည်ပင်။ အတ္ထော၊ အနက်တည်း။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သက္ကာယနိရောဓဂါမိနီ ပဋိပဒါတိ၊ သက္ကာယချုပ်ခြင်းသို့ ရောက်စေတတ်သော အကျင့်ဟူသော။ ဣတိဟိဒံ၊ ဤစကားကို။ မယာ၊ ငါဘုရားသည်။ ဝုစ္စတိ၊ ဆိုတော်မူအပ်၏။ တွေ၊ ထိုစကား၌။ ဒုက္ခနိရေ ဓဂါမိနီသမနုပဿနာတိ၊ ဒုက္ခချုပ်ငြိမ်းခြင်းသို့ရောက်စေတတ်သော ရှုဆင်ခြင်ခြင်းဟူ၍ ဝါ ဒုက္ခချုပ်ဖို့ရန် ရောက်စေတတ်သော ရှုခြင်းပေသတည်းဟု။ အယမေဝ၊ ဤသည်ပင်။ အတ္ထော၊ အနက်တည်း။

## ၉၅။ ခန္ဓာကိုယ်၏ အပြစ်ကို ရှုသင့်ပုံ

ဘိဒုရာယံ ဘိက္ခဝေ ကာယော၊ ဝိညာဏံ ဝိရာဂဓမ္မံ။
သဗ္ဗေ ဉပဓီ အနိစ္စာ၊ ဒုက္ခာဝိပရိဏာမဓမ္မော
(သုတ္တသင်္ဂဟ၊ ပါ၊ ဘိဒုရသုတ် ၁၈၆)

ဘိက္ခဝေ၊ ရဟန်းတို့။ အယံကာယော၊ ဤရူပကာယသည် (၀ါ)ဘူတရုပ် ဥပါဒါရုပ် အပေါင်းဟူသော ဤရုပ်တို့သည်။ ဘိဒုရော၊ ပြိုကွဲပျက်စီးခြင်း သဘောရှိ၏။ ဝိညာဏံ၊ အာရုံကို အထူး သိတတ်သော သဘော ဟူသော ဝိညာဉ်သည်။ ဝိရာဂဓမ္မံ၊ ချုပ်ပျောက် ပျက်စီးခြင်း သဘောရှိ၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဓိ၊ ခန္ဓာ (၅)ပါး ကိလေသာ (၁၀) ပါး လောကီကုသိုလ် အကုသိုလ် စေတနာ ကံဟူသော အဘိသင်္ခါရတရား ကာမဂုဏ် (၅) ပါး ဤဥပဓိ လေးပါးတို့သည် အနိစ္စာ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားခြင်း ကြောင့် မမြဲကြကုန်၊ ဒုက္ခာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့က နှိပ်စက် ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ် ဒုက္ခတို့သာတည်း၊ ဝိပရိဏာမ ဓမ္မာ၊ ဖောက်ပြန်သော သဘောရှိကြကုန်၏။ (ရူပကာယ၊ ရုပ်ကိုယ် ဟူသည်၊ အလွန် အပြစ်များးလှ၏။ ခုတ်လေးပါး ဖောက်ပြန်ပါက ပျက်စီးရပုံ၊ (၉၆)ပါးရောဂါ နှိပ်စက်ပုံကို သိပါ)။

စိတ်ဟူသော ဝိညာဉ် မမြဲပုံ ဖြစ်ပေါ်လာပြီး ပျောက်ပျက် သွားပုံ ဆင်ခြင်ပါ။

ခန္ဓာဟူသော ဥပဓိ၊ ကိလေသာဟူသော ဥပဓိ၊ စေတနာ ဟူသော အဘိသင်္ခါ ဥပဓိ။

ကာမကုန် (၅)ပါးဟူသော ကာမုပဓိ (၄)ပါးတို့ကား ဖြစ် ခြင်း ပျက်ခြင်းကြောင့် မမြဲကုန်။ ဖြစ်ခြင်း ပျက်ရှိခြင်းတို့က မပြတ် နှိပ်စက်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကြ ကုန်၏ဟု မြင်အောင်ကြည့်ပါ၊

## ၉၆။ ယောနိသောမနသိကာရ အမြဲရှိသင့်ပုံ

သေယျထာပိ ဘိက္ခဝေ၊ ဘိက္ခုနော အပ္ပတ္တမာနသဿ အနုတ္တရံ ယောဂက္ခေမံ။

ပတ္ထယမာနဿ ဝိဟာရတော အဇ္ဈတ္တိကံ အင်္ဂန္တိ ကရိတွာ နအညံ ဧကင်္ဂမ္ပိ။

သမနုပဿာမိ၊ ဧဝံဗဟုပကာရံ၊ ယထယိဒံ ဘိက္ခဝေ ယောနိသောမနသိကာရောေ။

(သုတ္တဟင်္ဂတ-ပါ-အဇ္ဈတ္တိသင်္ဂသုတ်-၁၈၁)

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျော၊ သိက္ခာ(၃)ပါးကို ကျင့်ဆဲဖြစ်သော။ အပ္ပတ္တမာနသဿ၊ မရောက်သေးသော အရဟတ္တဖိုလ်ရှိသော (ဝါ) အရဟတ္တဖိုလ် မရောက်သေးသည်ဖြစ်၍။ အနုတ္တရံ၊ အတုမရှိသော။ ယောဂက္ခေမံ၊ ယောဂ(၄)ပါးတို့၏ ကုန်ရာနိဗ္ဗာန်ကို။ ပတ္ထယမာနဿ၊ တောင့်တလျှက်။ ဝိဟာရတော၊ နေသော။ ဘိက္ခုနော၊ သံသရာဘေး မျှော်တွေးရှုစား အမျိုးကောင်းသားသမီးအား။ အဇ္ဈတ္တိကံ၊ ဒ္ဓဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ အင်္ဂ၊ အကြောင်းအင်္ဂါတည်း။ ဣတိကရိတွာ၊ ဤသို့ပြုလုပ်၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ဣဒံအယံမနသိကာရော၊ ဤနှစ်လုံးသွင်းခြင်းသည်။ ဗဟုပကာရောယထာ၊ ကျေးဇူးများသကဲ့သို့။ ဧဝံကထာ၊ ထို့အတူ။ ဗဟုပကာရံ၊ များသော ကျေးဇူးရှိသော။ ယံယာဒိသံ၊ အကြင်သို့သဘောရှိသော။ အညံ၊ ယောနိသောမနသိကာရမှ တစ်ပါးသောကောင်ပိ၊ တစ်ခုသော အကြောင်းအင်္ဂါကိုလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊ မြင်တော်မမူ။

ကလျာဏ ပုထုဇ္ဇနောပိ သေက္ခောတွေဝ သင်္ခံ ဂစ္ဆတိ။

ကလျာဏပုထုဇ္ဇနောပိ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း သေက္ခောတွေဝ၊ သေက္ခဟူ၍သာလျှင်၊ သင်္ခံ၊ ရေတွက်ခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။

ကသျှာဏ ပုထုဇဉ်နှင့်တကွ သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့ကို သေက္ခပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရ၏။ နိဗ္ဗာန်ကို မျှော်မှန်းတောင့်တလျက် တရားအားထုတ်နေကြသော ယောဂီများမှာ ယောနိသောမနသိကာရ တရားဟာ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးများသော အကြောင်းအင်္ဂါ ဖြစ်ပေ၏။

ဤယောနိသောမနသိကာရတရားမှတစ်ပါး ကျေးဇူးများတဲ့တရားကို ငါဘုရားမမြင်ဟု ဟောတော်မူသည်ကိုထောက်ဆပြီး မိမိတို့အဇ္ဈတ္တသန္တာန်၌ ယောနိသောမနသိကာရ အမြဲရှိနေအောင် ကြိုးစားသင့်ပေ၏။

ယောနိသောမနသိကာရရှိနေပါက အကုသိုလ်တရားကို ပယ်ရှားနိုင်သည်၊ ကုသိုလ်တရားကို ပွားများနိုင်သည်ဟု ပထမသေခသုတ်၌ ဟောတော်မူသည်။

## ၉၇၊ ဗုဒ္ဓုပ္ပါဒ နဝမအခါ၌ အခွင့်ကောင်းကြုံခိုက် ကြိုးစားသင့်ပုံ

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ၊
သဒတ္တေ ဝါယမေယျာထ၊ အယံဝေါအမှာကံ အနုသာသနီ။

(အနက်) ခဏံ၊ ဗုဒ္ဓုပ္ပါဒနဝမခဏကို။ ဝေါ၊ သင်ချစ်သားတို့သည်။ မာဝိရာဓေထ၊ မချွတ်ယွင်းကြစေကုန်နှင့်။ ဟိ၊ မှန်၏။ ခဏာတီတာ၊ ဗုဒ္ဓုပ္ပါဒနဝမခဏဟူသော အခါကောင်းကို ကျော်လွန်ကုန်သောသူတို့သည်။ သောစရေ၊စိုးရိမ်ကြကုန်၏။ သဒတ္ထေ၊ သီလ သမာဓိ ပညာဟူသော မိမိအကျိုး၌။ ဝါယမေယျာထ၊ လုံ့လ ကြိုးကုတ်အားထုတ်ကြကုန်လော့။ အယံ၊ ဤစကားတော်သည်ကား၊ ဝေါ၊ သင်ချစ်သားတို့အား၊ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊အဆုံးအမတော်တည်း။

ယခု ဘုရား ပွင့်တော်မူတဲ့အခါက အရပ်ပြစ် (၈) ပါးကို ထောက်ဆတော့ (၉)ခုမြောက် အခါကောင်းလို့ မှတ်ရမည်။

ဘုရားပွင့်ရာ ပယ်သုံးရွာ၌
ဒီဃာယုနတ် ဖြစ်လတ်ပစ္စန်
မိစ္ဆာဉာဏ်ရှိ ဉာဏ်မရှိသား
ဉာဏ်ရှိငြားလည်း ဘုရားမပွင့် မှတ်လေသင့်။

ဘုရားပွင့်တဲ့အခါမှာ အပါယ်သုံးဘုံ ငရဲတိရစ္ဆာန် ပြိတ္တာဘုံ တို့၌ ဖြစ်နေရတယ်။ ကမ္ဘာငါးရာ အသက်ရှည်တဲ့ အသညသတ်ဘုံ၊ အရူပဘုံတို့၌ ဖြစ်နေရတယ်။ ဘုရားနဲ့မတွေ့နိုင်တဲ့ ပစ္စန္တရာဇ်အရပ်၌ ဖြစ်နေရတယ်။ ဘုရားပွင့်သော်လည်း အယူမှားနေတယ်၊ မဂ်ဖိုလ် ကို ရနိုင်တဲ့ ဉာဏ်မရှိသူ ဖြစ်နေတယ်၊ ဉာဏ်ပင်ရှိသော်လည်း ဘုရား မပွင့်တဲ့အခါနဲ့ ကြုံနေပြန်တယ်။ ဤအရပ်ပြစ် (၈) မျိုးနဲ့ ကြုံနေတဲ့ သူဟာ မဂ်ဖိုနိဗ္ဗာန်ကို မရနိုင်တော့ဘူး။

## ၉၈။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၌ ငါပဲသူပဲဟု အထင်မှားပုံ

အနတ္တနိ အတ္တမာနိ၊ ပဿလောကံ သဒေဝကံ
နိဝိဋ္ဌံ နာမရူပသ္မိံ၊ ဣဒံသစ္စန္တိ မညတိ။
(သုတ္တနိပါတ-ပါ-ဒွယတာနုပဿနာ ၃၉၆)

(အနက်) အနတ္တနိ၊ အလုံးအခဲသဏ္ဌာန် ဒြပ် ငါကောင် သူကောင်မဟုတ်၊ ဖြစ်ပျက် ဖြစ်ပျက်နေသော ရုပ်နာမ် တရားတို့၌။ အတ္တမာနိံ၊ ငါကောင်သူကောင်ဟု မှတ်ထင်နေသော။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ရှုကြည့်လော့။ နာမရူပသ္မိံ၊ ဖြစ်ပျက်ဖြစ်ပျက်နေသော ရုပ်တရားနာမ်တရား၌။ နိဝိဋ္ဌံ၊ ငါပဲသူပဲဟု စူးစမ်းနေသော။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ရှုကြည့်ကြလော့။ ဣဒံ၊ ဤတဏှာ မာန ဒိဋ္ဌိတို့ သည် စူးဝင်လျက် အသိမှား၊ အမြင်မှားခြင်းကို၊ သစ္စန္တိ၊ မှန်၏ဟူ၍။ မညတိ၊ မှတ်ထင်၏။

သုဒ္ဓံဓမ္မသမုပ္ပါဒံ၊ သုဒ္ဓံသင်္ခါရသန္တတိံ၊

ပဿန္တဿ ယထာဘူတံ၊ န ဘယံ ဟောတိဂါမိဏိ။

(စူဠနိဒ္ဒေသ၊ပါ ၁၀၅)

**(အနက်)** ဂါမဏိ၊ခိုးမှူးကြီး။ သုဒ္ဓံ၊ သတ္တဇီဝတို့နှင့်မရော မယှက်သက်သက်သော။ ဓမ္မသမုပ္ပါဒံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ သုဒ္ဓံ၊သတ္တဇီဝတို့နှင့် မရောမယှက်သက် သက်သော။ သင်္ခါရသန္တတိံ၊ သင်္ခါရတရားတို့၏ ဖြစ်ပျက်အစဉ်ကို။ ယထာဘူတံ၊ ဟုတ်မှန်တိုင်း။ ပဿန္တဿ၊ မြင်သောသူအား။ ဘယံ၊ ကြောက်ရွံ့ခြင်းသည်။ နဟောတိ မဖြစ်ပါ။

ရူပံဘိက္ခဝေန တုမှာကံ၊ တံပဇဟထဝေဒနာသညာ သင်္ခါရ ဝိညာဏံဘိက္ခဝေန တုမှာကံ တံပဇဟထ၊

(ခန္ဓဝဂ္ဂသံ-ပါ ၂၀)

**(အနက်)** ဘိက္ခဝေ၊ရဟန်းတို့။ ရူပံ၊ရုပ်တရားသည်။တုမှာကံ၊သင်ချစ်သားတို့၏။ န သန္တကံ၊ဥစ္စာမဟုတ်၊ တံ ရုပ် တရား၌ တပ် နှစ်သက်သောရာဂကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဝေဒနာ၊ အာရုံ၏အရသာကို ခံစားတတ်သောဝေဒနာ သည်။ သညာ၊အာရုံကိုအမှတ်ပြု၍သိတတ်သောသညာသည်။သင်္ခါရ နှိုးဆော်ဘိုက်တွန်းတတ်သော စေတနာဟူသော သင်္ခါရသည်၊ ဝိညာဏံ အာရုံကို အထူးသဖြင့်သိတတ်သော စိတ်ဟူသောဝိညာဏ်သည်၊ တုမှာ ကံ၊သင်ချစ်သားတို့၏၊ န သန္တကံ၊ဥစ္စာမဟုတ်။ တံ၊ထိုဝေဒနာသညာ သင်္ခါရ ဝိညာဏ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရားတို့၌ တပ် နှစ်သက်သောရာဂကို။ ပဇဟထ၊ပယ်စွန့်ကြကုန်လော့။

အန္ဓပုထုဇဉ်များမှာ ဘူတရုပ်လေးပါး ဥပါဒါရုပ်ကို ငါ့ရုပ် ပဲ ငါပဲဟု မှတ်ထင်နေကြတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားက န တုမှာကသုတ်ကို ဟောတော်မူတယ် ရုပ်တရားကား ငါ့ဥစ္စာလည်း မဟုတ်ပါ၊ အဘယ့်ကြောင့် ငါ့ဥစ္စာမဟုတ်သလဲဟု မေးစရာရှိတယ်။

ဇရာမရဏာ ကမ္မာ၀တော၊ အိုခြင်း သေခြင်း ထင်ရှားရှိသောကြောင့် တည်းဟု၊ အဋ္ဌကထာ ဖွင့်ဆို၏။

ရုပ်တရားကား ဖြစ်ပေါ်လာပြီးနောက် ရင့်ကျက်ခြင်း ပျက်စီးခြင်းရှိသည့် အတွက်ကြောင့် ငါ့ဥစ္စာမဟုတ်ပါ နာမက္ခန္ဓာလေးပါး နာမ်တရားသည်ကား ငါမဟုတ် ငါ့ဥစ္စာမဟုတ် အဘယ့်ကြောင့် ငါမဟုတ် ငါ့ဥစ္စာမဟုတ်ပါသလဲ ရင့်ကျက်ခြင်း ပျက်စီးခြင်း ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ငါမဟုတ် ငါ့ဥစ္စာမဟုတ် ဒါ့ကြောင့် နာမ်တရားကိုလည်း တပ်နှစ်သက်သော ရာဂကိုပယ်စွန့်ကြ၊ ဤသို့ ရုပ်တရား နာမ်တရားတို့၌ ငါပဲ ငါ့ဥစ္စာပဲရယ်လို့ တပ်မက်တဲ့ ရာဂကို စွန့်ခဲ့ပါက သင်ချစ်သားတို့အား စီးပွားချမ်းသာ ဖြစ်ကြလိမ့်မည်ဟု ဟောတော်မူလေသည်။

တသ္မာရက္ခိတ စိတ္တဿ၊ သမ္မာသင်္ကပ္ပဂေါစရော၊
သမ္မာဒိဋ္ဌိံ ပုရက္ခတွာ၊ ဉတွာန ဥဒယဗ္ဗယံ။
ထိနမိဒ္ဓါ ဘိဘူဘိက္ခု၊ သဗ္ဗာဒုဂ္ဂတိ ယောဇယေ။
(နတ္တိ-ဌ-၁၄၅)

(အနက်) တသ္မာ၊ ထိုမစောင့်ရှောက်သောစိတ် ရှိပါက ကိလေသာမာန်၏ အလိုသို့ လိုက်နေရသည်၏ အဖြစ်ကြောင့်။ ရက္ခိတ စိတ္တော၊ မနလျှင် (၆) မြောက်ရှိသော ဣန္ဒြေတို့ကို သတိဖြင့် စောင့်ရှောက်အပ်သောစိတ် ရှိသည်၊ အဿ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုမိစ္ဆာဒိဋ္ဌိသည် ဖျက်ဆီးအပ်သောစိတ် ရှိပါက ကိလေသာမာန်၏ အလိုသို့ လိုက်နေသည်၏ အဖြစ်ကြောင့်၊ သမ္မာသင်္ကပ္ပဂေါစရော၊ ယောနိသောမနသိကာရဖြင့် ကောင်းသော သင်္ကပ္ပဟူသော ကျက်စားရာ အာရုံသည်၊ အဿ၊ ဖြစ်ရာ၏။ သမ္မာဒိဋ္ဌိံ၊ ကမ္မဿကတာလက္ခဏာ ရှိသော (၀ါ) ယထာဘူတဉာဏ်လျှင် လက္ခဏာရှိသော သမ္မာဒိဋ္ဌိကို၊ ပုရက္ခတွာ၊ ရှေ့သွားပြု၍။ ဥဒယဗ္ဗယံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို၊ ဉတွာန၊ သိပြီး၍၊ ဝိပဿနံ ဉသုက္ကာပေတွာ၊ ဝိပဿနာ ပွားများအားထုတ်၍၊ ထိနမိဒ္ဓါဘိဘူ၊ ထိုင်းမှိုင်းခြင်း ငိုက်မြည်းခြင်းတို့ကို လွှမ်းမိုးနိုင်သော၊ ဘိက္ခု၊ သံသရာဘေး မျှော်ဖြတ်သွား

ဆင်ခြင်ကြသော ယောဂီပုဂ္ဂိုလ်သည်။ ဒုဂ္ဂတိယော၊ ဒုက္ခသုံးပါးနှင့် ယှဉ်သဖြင့် ဒုဂ္ဂတိဟု ဆိုအပ်ကုန်သော။ ဥဗ္ဗာဂတိယော၊ အလုံးစုံ တို့ကိုလည်း။ ဇဟေ၊ စွန့်နိုင်ရာ၏။

## ၉၉။ မိထွေးတော် ဂေါတမီအား ဓမ္မအဓမ္မ ဘုရားဟောပုံ

မိထွေးတော် ဂေါတမီ ထေရီရီ ဘိက္ခုနီမဖြစ်ပြီးစ အခါက မြတ်စွာဘုရားအထံသို့သွား၍၊ တမည့်တော်မအား အကျဉ်းအားဖြင့် နှလုံးသွင်းရန် ဟောဘော်မူပါဟု လျှောက်ထားသောကာလ၊

ဂေါတမီ၊ ဂေါတမီ၊ ဣမေဓမ္မာ၊ ဤတရားတို့ကား–

(က) ဝိရာဂါယသံဝတ္တန္တိ၊ တပ်မက်မှု ရာဂကင်းခြင်း အကျိုး ငှာ ဖြစ်ကုန်၏။ နောသရာဂါယ၊ တပ်မက်မှုရာဂ နှင့်တကွ ဖြစ်ခြင်းအကျိုးငှာ မဖြစ်ကုန်။

(ခ) ဝိယောဂါယသံဝတ္တန္တိ၊ ဝဋ်မှကင်းခြင်းအကျိုးငှာ ဖြစ် ကုန်၏၊ နောသံယောဂါယ၊ ဝဋ်၌ ယှဉ်ခြင်းအကျိုး ငှာ မဖြစ်ကုန်။

(ဂ) အပစယာယသံဝတ္တန္တိ၊ ဝဋ်ဆင်းရဲကို ဖျက်စီးခြင်းငှာ ဖြစ်ကုန်၏၊ နောအာစယာယ ဝဋ်ဆင်းရဲ စီးပွားခြင်း အကျိုးငှာ မဖြစ်ကုန်။

(ဃ) အပိစ္ဆတာယ၊ သံဝတ္တန္တိ၊ အလိုနည်းရန် အကျိုးငှာ ဖြစ်ကုန်၏၊ နောမတိစ္ဆတာယ၊ အလိုကြီးခြင်း အကျိုး ငှာ မဖြစ်ကုန်။

(င) သန္တုဋ္ဌိယာ သံဝတ္တန္တိ၊ ရောင့်ရဲခြင်းအကျိုးငှာ ဖြစ်ကုန် ၏၊ နောအသန္တုဋ္ဌိယာ၊ ရောင့်ရဲခြင်း အကျိုးငှာ မဖြစ်ကုန်၊

(စ) ပဝိဝေကာယ သံဝတ္တန္တိ၊ စိတ်ငြိမ်ရာအကျိုးငှာ ဖြစ်ကုန်၏။ နော သင်္ဂဏိကာယ၊ အပေါင်းအဖော်နှင့် နေရန်မဖြစ်ကုန်။

(ဆ) ဝီရိယာ ရမ္ဘာယသံဝတ္တန္တိ၊ ကျိုးစားအားထုတ်ခြင်းငှာ ဖြစ်ကုန်၏၊ နော ကောသဇ္ဇာယ၊ ပျင်းရိနေရန် မဖြစ်ကုန်။

(ဇ) သုဘရတာယသံဝတ္တန္တိ၊ မွေးမြူ လွယ်ကူခြင်းငှာ ဖြစ်ကုန်၏။ နော ဒုဗ္ဘရတာယ၊ မိမိကိုယ်ကို မွေးမြူနိုင်ခြင်းငှာ မဖြစ်ကုန်ဟု၊ ဇာနေယျာသိ၊ သိအံ့။

ဧကံသေန ဂေါတမီဓာရေယျာသိ၊ ဧသော ဓမ္မော ဧသော ဝိနယော ဧတံသတ္ထု သာသနံတိ။ ဧသော၊ တပ်မက်မှုရာဂကင်းရန်ဖြစ်၍ တပ်မက်မှုရာဂနှင့် တကွ မဖြစ်သော ထိုတရားသည်။ ဧသေန၊ စဉ်စစ်အားဖြင့်။ ဓမ္မော၊ အပါယ်စသည်သို့ မရောက်ရအောင် ဆောင်တတ်သောကြောင့် ဓမ္မမည်၏။ ဧသော၊ ဤတရားသည်။ ဝိနယော၊ ကိလေသာတို့ကို ပယ်ဖျောက်တတ်သောကြောင့်။ ဝိနယမည်၏။ ဧတံ၊ ဤအဆုံးအမသည်။ သတ္ထုသာသနံ၊ မြတ်စွာဘုရား၏ အဆုံးအမတော်မည်၏။ ဣတိ၊ ဤသို့။ တွံ၊ သင်ဂေါတမီသည်။ ဓာရေယျာသိ၊ သိမှတ်လေလော့။

ဂေါတမီ၊ ဂေါတမီ၊ ဤမေဓမ္မာ၊ ဤတရားတို့ကား–

(က) သရာဂါယ သံဝတ္တန္တိ၊ တပ်မက်မှုရာဂနှင့်တကွ ဖြစ်ရန်သာ ဖြစ်ကုန်၏။ နောဝိရာဂါယ တပ်မက်မှုရာဂကင်းရန် မဖြစ်ကုန်။

(ခ) သံယောဂယသံဝတ္တန္တိ၊ ဝဋ်၌ယှဉ်ရန်သာ ဖြစ်ကုန်၏။ နောဝိသံယောဂါယ၊ ဝဋ်ကင်းရာ မဖြစ်ကုန်။

(ဂ) အာစယာယသံဝတ္တန္တိ၊ ဝဋ်ဆင်းရဲ စီးပွားရန်သာ ဖြစ်ကုန်၏။ နောအပစယာယ၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန် မဖြစ်ကုန်။

(ဃ) မတိစ္ဆတာယသံဝတ္တန္တိ၊ အလိုကြီးရန်သာ ဖြစ်ကုန်၏။

နောအပ္ပိစ္ဆတာယ၊ အလိုနည်းရန် မဖြစ်ကုန်။

(င) အသန္တုဋ္ဌိယာသံဝတ္တန္တိ၊ မရောင့်ရဲရန်သာ ဖြစ်ကုန်၏။

နောသံတုဋ္ဌိယာ၊ ရောင့်ရဲရန်မဖြစ်ကုန်။

(စ) သင်္ဂဏိကာယသံဝတ္တန္တိ- အပေါင်းအဖော်နှင့်နေရန်သာဖြစ်ကုန်၏။

နောပဝိဝေကာယ- ဆိပ်ငြိမ်ရာမဖြစ်ကုန်။

(ဆ) ကောသဇ္ဇာယသံဝတ္တန္တိ- ပျင်းရိရန်သာ ဖြစ်ကုန်၏။

နောဝိရိယာရမ္ဘာယ- ကြိုးစားအားထုတ်ရန် မဖြစ်ကုန်။

(ဇ) ဒုဗ္ဘရတာယသံဝတ္တန္တိ- မိမိကိုယ်ကိုမွေးမြူနိုင်ခဲရန်သာဖြစ်ကုန်၏။

နောသုဘရတာယ- မွေးမြူလွယ်ရန်မဖြစ်ကုန်ဟု၊ ဧာနေယျာသိ၊သိအံ့။

ဧကံသေန ဂေါတမိ ဓါရေယျာသိ ဧနေသောဓမ္မော နေသော ဝိနယော နေတံသတ္ထုသာသနန္တိ။

သောသရာဂစသည်၏ အကြောင်းဖြစ်၍ ဝိရာဂ စသည်ကို မဖြစ်စေတတ်သော ထိုတရားသည်။ ဧကံသေန၊ စင်စစ်အားဖြင့်၊ န ဓမ္မော၊ အပါယ်စသည်တို့၌ ကျစေတတ်သောအားဖြင့် ဆောင်တတ်သောကြောင့် ဓမ္မမည်။

သော၊ ထိုတရားသည်။ ဝိနယော၊ ကိလေသာတို့ကို မပယ်ဖျောက်တတ်သောကြောင့် ဝိနယမမည်။ ဧကံ၊ ထိုအဆုံးအမသည်။ နသတ္ထုသာသနံ၊ မြတ်စွာဘုရား၏အဆုံးအမတော်မမည်၊ဣတိ၊ဤသို့၊ ဓာရေယျာသိ၊ သိလေလော့။

(အံ၊ပါ၊အဋ္ဌကနိပါတ်၊သံခိတ္တသုတ် ၁၀၇)

## ၁၀၀။ သူတော်ကောင်းများ၊ လောကီစည်းစိမ်ကိုမမက်မောပုံ

အလောင်းတော်ရှင်ရသေ့ဟာ ပုရောဟိတ်ပုဏ္ဏားရဲ့ သားဖြစ်ပြီး ဗြဟ္မဒတ်မင်းသားရဲ့ ဖွားဖက်တော်ဖြစ်တယ်။

ဗြဟ္မဒတ်မင်းသား မင်းအဖြစ်ဘိသိက်ခံတဲ့နေ့မှာ အလောင်းတော်မှာ ဤသို့အကြံဖြစ်ခဲ့တယ်။

ယခု ငါ့ရဲ့ဖွားဖက် ချစ်မိတ်ဆွေဟာ မင်းအဖြစ် အဘိသိက်ခံယူနေပြီ။ သူအဘိသိက်ခံယူပြီးလျှင် ငါ့အား ပုရောဟိတ်အရာကိုပေးလိမ့်မယ်၊ ပုရောဟိတ်ဖြစ်လာလျှင် မင်းခရေး လူမှုရေးတွေနှင့် ငါ့မှာ ရှုပ်ထွေး လာလိမ့်မယ်။ ပုရောဟိတ်ဖြစ်လာလို့ ဘာ အကျိုးရှိသလဲ၊ စိတ်ဓာတ်ညစ်ထေးလာတဲ့အကျိုးသာရှိလိမ့်မယ်။

ဒါကြောင့် ငါဟာ တိတ်တဆိတ် တောထွက်ပြီး ဝိဝေကကို ပွားမယ်လို့ ဒီလိုအကြံဖြစ်ပြီး မင်းကြီး မသိအောင် တစ်ဦးတည်း ဟိမဝန္တာတောသို့ ဝင်ခဲ့တယ်။ ဗြဟ္မဒတ်မင်းသားဟာ မင်းဖြစ်ပြီး မကြာမီမှာပင် သူ့ချစ်မိတ်ဆွေကိုသတိရသို့....

ငါ့ချစ်မိတ်ဆွေ ဘယ်မှာလဲ မမြင်ပါလား လို့ မေးတော်မူတယ်။ အမတ်များက အရှင်မင်းကြီးရဲ့ချစ်မိတ်ဆွေဟာ တစ်ဦးတည်း ဟိမဝန္တာတောသို့ဝင်ပြီး ရသေ့ဝတ်သွားပါကြောင်း လျှောက်ထားကြတော့ ဗြဟ္မဒတ်မင်းက သေယျအမတ်ကိုခေါ်တော်မူပြီး....

ငါ့အဆွေရှိရာ ဟိမဝန္တာတောကို လိုက်သွားပြီး ငါ့အဆွေကိုပါအောင်ခေါ်ခဲ့။ ငါ့ချစ်ဆွေအား ပုရောဟိတ်ရာထူးကို ပေးလိုတယ်လို့ စေခိုင်းတော်မူတယ်။

ထိုအခါ သေယျအမတ်လည်း မင်းကြီးရဲ့အမိန့်နှင့် အလောင်းတော်ရှိရာ ဟိမဝန္တာတောသို့ လိုက်သွားပြီး အလောင်းတော် ရှင်ရသေ့နှင့် တွေ့တော့ အရှင်ဘုရား မင်းကြီးဟာ အရှင်ဘုရားကို ပုရောဟိတ်ရာထူး ပေးလိုပါတယ်။ အရှင်ဘုရားကိုလည်း အလွန်မျှော်လင့်တောင့်တနေပါတယ်။ ဗာရာဏသီပြည်သို့ ပြန်လည်ကြွတော်မူပါလို့ လျှောက်ထားတယ်။

ထိုအခါ အလောင်းတော်ရသေ့က အိုသေယျအမတ် ပုရောဟိတ်အရာကို ထားပါဦး၊ ဇမ္ဗူဒိတ် တကျွမ်းလုံးကို အစိုးရတဲ့ စကြာဝတေး မင်းရဲ့အဖြစ်၊ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာဝတေး မင်းရဲ့အဖြစ် ရမည်ဆိုသော်လည်း ငါမလိုက်လိုဘူး။

အို သေယျအမတ်၊ အပါယ်ဘုံနှင့် ဖြစ်စေ၊ မတရားသော ယုတ်မာမှုနှင့် ဖြစ်စေ၊ အရင်းတည်မှုရလာမည့် စည်းစိမ်ချမ်းသာဟာ အလွန် ရွံစရာကောင်းတယ်။ လူ့လောကရဲ့ တင့်တယ်မှုဆိုတဲ့ စည်းစိမ်ချမ်းသာဟာ မှန်ကန်မှုနှင့် အရင်းတည်ရတာ အလွန်နည်းပါတယ်။

ဒါ့ကြောင့် မတရားသော နည်းလမ်းဖြင့် စည်းစိမ် ရှာဖွေရခြင်းထက် မျက်နှာအောက်ချပြီး ဆွမ်းခံရခြင်းက ဘယ်သူ့အပေါ်ကိုမှ ခေါင်းပုံဖြတ်မှု၊ ညှင်းဆဲမှုမရှိတဲ့ အတွက် မင်းအဖြစ်ထက်မြတ်တယ်လို့ ငါထင်တယ်။

ဒါ့ကြောင့် ဗာရာဏသီပြည်သို့ ငါမလိုက်တော့ဘူး၊ အသင်သာပြန်ပြီး မင်းကြီးကို အကြောင်းစုံ ပြန်ပြောလေတော့လို့ ဆိုပါသတဲ့။ (စတုက္ကနိပါတ်-သေယျဇာတ်)

## ၁၀၁။ သူဇတော်ကောင်းများ ဆီးနှင်းပေါက်၌ သံဝေဂဖြစ်ပုံ

ကောဒသ နိပါတ်လာတဲ့ ယုဒ္ဓဉ္စယမင်းသားဆိုတာ၊ ရမ္မပြည့်ရှင် သဗ္ဗဒတ္တအမည်ရှိတဲ့ မင်းတရားရဲ့ သားတော် ဖြစ်တယ်။

ဆောင်းရာသီ တစ်နေ့ရဲ့နံနက်မှာ မင်းသားဟာ ရထားစီးပြီး ဥယျာဉ် ကစားထွက်တော် မူခဲ့တယ်၊ ဥယျာဉ်တွင်းရောက်တော့ ရထားမှဆင်းပြီး ဥယျာဉ်ပါတ် ဝန်းကျင်ကိုကြည့်လိုက်တယ်၊ သစ်ပင်များ၊ မြက်များ၊ သစ်ခက်များ၊ ပင့်ကူမြှေး၊ ပင့်ကူချည်ယက် စသည်တို့မှာ၊ ပုလဲကွန်ယက်အသွင်နှင့် ကပ်ငြိပြီးနေတဲ့ ဆီးနှင်းပေါက်များကို မြင်တယ်၊ မင်းသားဟာ နန်းတော်တွင်းမှာ နေထိုင်

ပျော်ပါးရင်း ကြီးပွားတဲ့သူ ဖြစ်လို့၊ ပုလဲလုံးက လေးလို လှပတဲ့ နှင်းလုံး ကလေးတွေကို မမြင်ဘူးရှာဘူး။

ဒါကြောင့် ရထားထိန်းကို အချင်းရထားထိန်း ဒါလေးတွေ ဟာ ဘာလေးတွေလဲလို့ နှင်းလုံးကလေးတွေကိုပြပြီး မေးသတဲ့၊ ရထား ထိန်းက ဤအလုံးကလေးတွေဟာ နှင်းလုံးကလေးတွေ ဖြစ်ပါတယ်။ တဖွဲဖွဲကျနေတဲ့ ဆီးနှင်းများ စုပေါင်းပြီး ပုလဲသဏ္ဌာန် အလုံးကလေး များလို ဖြစ်နေကြပါတယ်လို့ လျှောက်ထားတယ်၊

တစ်နေ့ပတ်လုံး ဥယျာဉ်တော်ကစားပြီး၊ ညချမ်းအခါ ဥယျာဉ် ဘော်မှ ပြန်ထွက်တော်မူတော့၊ နံနက်အချိန်က အမှတ်တရ မြင်ခဲ့ ရတဲ့ နှင်းပေါက်ကလေးများကို မမြင်တော့ဘူးဟု ရထားထိမ်းကို မေးတော်မူတယ်။

ရထားထိန်းက အရှင်မင်းသား နေတက်လာလျှင် ဆီးနှင်း ပေါက်များ ပျက်စီး ပျောက်ဆုံးမြဲ ဖြစ်ပါ၍၊ မမြင်ရခြင်း ဖြစ်ပါ တယ်လို့ လျှောက်ထားတယ်။

အဲဒီလို ရထားထိန်းရဲ့ စကားကို ကြားရတော့ မင်းသားရဲ့ စိတ်ထဲမှာ နေတက်လာလျှင် ဆီးနှင်းပေါက်များ ပျက်စီးရသလို သတ္တဝါတွေရဲ့ အသက်ဟာလည်း အလွန် ပျက်စီးလွယ်တယ်၊ လောက မှာ ထာဝရမြဲတာ မရှိဘူးလို့ သံဝေဂဉာဏ် ဖြစ်တော်မူပြီး တောထွက် တော်မူခဲ့ပါသတဲ့၊

## ၁၀၂။ သူတော်ကောင်းများ လောက၌ အဖြစ်မြင်ပုံ

ရာဇဂြိုဟ်ပြည်၊ မာဂဓ မင်းသားရဲ့ သားတော် အရိန္ဒမ မင်း သား ဖြစ်တယ်၊ အရိန္ဒမ မင်းသားရဲ့ ဘက်တော်က ပုရောဟိတ်ရဲ့သား သောဏက သူတို့ သား ဖြစ်တယ်။ အရိန္ဒမ မင်းသားနဲ့ သောဏက သူတို့ သားတို့ဟာ တက္ကသိုလ်ပြည်သို့ ပညာသင်သွားပြီး၊ အတတ်ပညာစုံတဲ့ အခါ ယခုအခါ ငါတို့ဟာ အတတ်ပညာစုံလင်ကြပြီ မိဘရင် ထံ မပြန် မှီ ဒေသန္တရဗဟုသုတ ဖြစ်အောင် မရောက်ဘူးသေးတဲ့ အရပ်ဒေသ တို့ကို လှည့်ပတ်ကြည့်ရှုကြဦးစို့လို့ တိုင်ပင်ကြပြီး၊ ဒေသစာရီ လှည့် လည်ကြသတဲ့။

ဗာရာဏသီ ပြည်ကို ရောက်ကြတဲ့အခါ မင်းရဲ့ဥယျာဉ်ဘော်မှာ စခန်းချပြီး နောက်တစ်ရက် မိုးသောက်တော့ မြို့တွင်းသို့ဝင်ရောက်ကြသတဲ့။ အဲဒီနေ့မှာပဲ လူအချို့ဟာ ပုဏ္ဏားများထံ ဗေဒင်အတတ်ကို သင်ယူမည့် မင်္ဂလာ အထိန်းအမှတ်နှင့် နို့ဂနာမျှားကိုစီရင်ပြီး နေရာများ ကြိုခင်းထားကြသတဲ့။

ဒီအချိန်မှာ မင်းသားနဲ့ အဆွေခင်ပွန်းတို့ မြို့တွင်းဝင်ရောက်လာကြတာနဲ့ ကြုံတဲ့အတွက် အိမ်တွင်းဖိတ်ခေါ်ကာ ခင်းထားတဲ့နေရာမှာ ထိုင်စေတယ်။ သောဏက သူတို့သားဟာ သူတတ်ထားတဲ့နိမိတ်လက္ခဏာ အတတ်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ကြည့်လိုက်တော့ ရှေးဦးစွာ အရိန္ဒမမင်းသားဟာ ဖြူသောအခင်းပေါ်မှာ ထိုင်နေတာကို မြင်ရတယ်၊ ဒီနိမိတ်အရ မင်းသားဟာ ယနေ့ပင် မင်းဖြစ်လိမ့်မယ်လို့ သိလိုက်တယ်။

သူထိုင်နေသော နေရာကို ကြည့်လိုက်တော့ နီသော အခင်းရှိတဲ့ ကမ္ဗလာနီကို မြင်တယ်။ နိမိတ်အရ သူလဲ ယနေ့ပင် စစ်သူကြီးဖြစ်လိမ့်မယ်လို့ သိတယ်၊

ဒါပေမဲ့ သူ့အသိကို နှုတ်ကဖွင့်ပြီး ဘယ်သူ့ကိုမျှ မပြောဘူး၊ သူတို့နှစ်ယောက်ဟာ စားသောက်ပြီးတော့ တည်းခိုရာဥယျာဉ်ကို ပြန်ခဲ့ကြတယ်။ ဥယျာဉ်ရောက်တော့ မင်းသားက မင်္ဂလာကျောက်ဖျာပေါ်တက်ပြီး အိပ်စက်တယ်၊ သောဏက သူတို့သားကတော့ အနီးအနားမှာပင် ထိုင်နေတယ်၊

ဒီအချိန်မှာ ဗာရာဏသီမင်း နတ်ရွာစံလို့ ဖုဿရထား လွှတ်တော့ မင်းသားထံ ဖုဿရထား ဆိုက်သတဲ့၊ ဖုဿရထား ဆိုက်လာတော့ သောဏက သတိုးသားမှာ အကြံဖြစ်ခဲ့တယ်။ ယနေ့မင်းသားဟာ မင်းဖြစ်ပြီး ငါ့ကို စစ်သူကြီးရာထူး ပေးတော့မှာ မလွဲဘူး၊ ငါဟာ ကာမဂုဏ်တွေအကြားမှာ ကြီးမားတဲ့ စည်းစိမ်ကို မလိုဘူး မကြာမီ သူ ဘုံနန်းတော်ဆီ ထွက်ခွာသွားပြီးနောက် ငါ ရဟန်းဝတ်မယ်လို့ သောဏက သတိုးသားဟာ ဒီလိုအကြံဖြစ်ပြီး ဖုဿရထား အဆိုက်မှာ တိတ်တဆိတ်ထွက်ခွာပြီး ဥယျာဉ် တနေရာမှာ ပုန်းနေလိုက်တယ် ဖုဿ

ရထားဟာ မင်းသားကို တင်ဆောင်ပြီး အခမ်းအနားနှင့် ထွက်ခွာသွားပြီးတဲ့နောက်မှာ သောဏက သတို့သားဟာ ပုန်းနေရာက ထွက်ပြီး မင်္ဂလာ ကျောက်ဖျာထက်မှာ တက်ပြီးနေတယ်။

အဲဒီအခိုက်မှာ အင်ကြင်းရွက်ရော် တစ်ခုဟာ လေခတ်တဲ့အတွက် အညှာကကျွတ်ပြီး သောဏက သတိုးသားရဲ့ ရှေ့မှာ ကျလာတယ် သောဏကသတိုးသားဟာ ဖက်ရွက်ရောင်ကို မြင်လျှင်ပင် ဤဖက်ရွက်ရောင်ဟာ အညှာဋ္ဌ်အမြဲမတည် ကြွေကျသလို၊ ငါ့ရဲ့ခန္ဓာကိုယ်ဟာလဲ အိုခြင်းသို့ရောက်ပြီး သေပျောက်ရမှာ အမှန်ပါတကားဟု ဝိပဿနာဉာဏ် ဖြစ်ပွားလာတဲ့ အတွက် ရှင်ပစ္စေက ဗုဒ္ဓါအဖြစ်ဆိုက်ရောက်သွားပါ့သတဲ့၊ ရှင်ပစ္စေက ဗုဒ္ဓါ အဖြစ် ဆိုက်ရောက်သောခဏမှာပင် သူ့အသွင် ကွယ်ပျောက်ပြီး ရဟန်းအသွင် ထင်ရှားဖြစ်လာတယ်။

ရှင်ပစ္စေက ဗုဒ္ဓဖြစ်တဲ့နောက် ဈာန်အဘိဉာဏ် တန်ခိုးဖြင့် နန္ဒမူလိုဏ်သို့ ကြွသွားတော်မူပါသတဲ့၊ အရိန္ဒမ မင်းသားလည်း ကာမစည်းစိမ်တွေကို ခံစားနေရတဲ့ အတွက် ကစားဖော် ကစားဘက်အလွန် ချစ်လှပါတယ်ဆိုတဲ့ သူငယ်ချင်း သောဏကကို အနှစ်(၄၀) ကြာအောင် မေ့လျော့နေပါသတဲ့။

သတိရလာတော့ နေမထိ ထိုင်မသာ ဖြစ်အောင် သတိရတော်မူတယ်။ အရိန္ဒမမင်းဟာ ချစ်ဆွေကို သတိတရဖြစ်ပြီး ချစ်ဆွေကို လွမ်းတဲ့စိတ်ကြောင့် နှုတ်က ဂါထာတစ်ပုဒ် ရွတ်ဆိုလိုက်သတဲ့။

တဿသုတွာ သတံဒမ္မိ၊ သဟာယံဒိဋ္ဌသောဏကံ။
ကောမေသောဏကမက္ခာတိ၊ သဟာယံ သုတိဋ္ဌိတံ။
(သင်္ဂြိုနိပါတ်-ပါ-၅၃)

(အနက်) ဘော၊ အိုအချင်းတို့ တောအဘယ်သူသည်။ မေ၊ ငါ၏။ သဟာသယံ အဆွေခင်ပွန်း ဖြစ်သော။ ပံသုတိဋ္ဌိတံ၊ မြေနှုန့်ကစားဘက် ဖြစ်သော။ သောဏကံ၊ သောဏကကို။ အဆိုတိ၊ ကြားသျှောက်အံ့နည်း။ တဿ၊ ထိုသောဏက၏။ ဝသန်ဋ္ဌာနံ၊ နေရာ

အရပ်ကို။ သုတွာ၊ ကြား၍၊ အာရောစေန္တဿ၊ပြောလာသောသူအား သတံ၊ ရွှေစဉ်တစ်ရာကို၊ ဓမ္မိပေးပါအံ့၊ သောတာကံ၊ သောတာကို၊ ဒိဋ္ဌဒိဋ္ဌော ဘိ၊ မြင်၏ဟူ၍။ အာရောစေန္တဿ၊ ပြောလာသောသူအား၊ သဟဿံ၊ ရွှေစင်တစ်ထောင်ကို။ ဓမ္မိ၊ ပေးပါအံ့ဟု ဤသို့ အရိန္ဒမ မင်းကြီးက ဥဒါန်းကျူးပြီး အရှာခိုင်းသတဲ့၊ မောင်းမတော်ကစပြီး တိုင်းသူပြည်သားအားလုံး ကလေးများပါမကျန် ဒီဂါထာကို သိဆို နေကြတယ်၊ နှစ်ပေါင်း ငါးဆယ်ကျော် ကြာသွားတယ်၊ သောတာက ပစ္စေက ဗုဒ္ဓါက အရိန္ဒမမင်းကြီးလည်း အရွယ်ကြီးပြီ ကာမဂုဏ် ခံစားတဲ့ တဏှာစိတ်လည်း လျော့နည်းလာပြီ၊ငါ့သွားပြီးတရားဟော ဖို့ သင့်ပြီလို့ အကြံဖြစ်ပြီး မင်းကြီး၏ ဥယျာဉ်တွင် အင်ကြင်းပင်ကြီး အောက်မှာ ထိုင်နေတော်မူသတဲ့။

ဥယျာဉ်တွင် လာပြီးကစားတဲ့ ကလေး၏ အဲဒီဂါထာ ရွတ် ဆိုသံကို ကြားတော်မူတော့ ရှင်ပစ္စေကဗုဒ္ဓါက မင်းကြီးရှေ့ ဝင်ရောက် ပြီး အဖြေဂါထာကို ဆိုဝံ့ရဲလားလို့ မေးတော်မူပြီး အဖြေဂါထာကို သင်ပေးတယ်။

မယှံ သုတွာ သတံ ဒေဟိ၊ သဟဿံဒိဋ္ဌ သောတာကံ။
အဟံတေ သောတာကသ္မိံ၊ သဟာယံပံသုကီဠိတံ။
(သင့္ဂနိပါတ်-ပ-၅၃)

**(အနက်)** မဟာရာဇ၊ မင်းမြတ်။ တေ၊ သင်မင်းမြတ်၏။ သဟာယံ၊အဆွေခင်ပွန်း ဖြစ်သော၊ ပံသုကီဠိတံ၊ မြေမှုန့်ကစားဘက် ဖြစ်သော သောတာကံ၊ သောတာကကို၊ အဟံ အကျွန်ုပ်သည်။ အ ကွိုဿံ၊ ကြားလျောက်အံ့၊ မယှံ၊ အကျွန်ုပ်၏၊ သန္တကာ၊ အထံမှ၊ သုတွာ၊ ကြား၍၊ အာရောစေန္တဿ၊ ပြောသောအကျွန်ုပ်အား၊ သတံ၊ ရွှေစင် တစ်ရာကို၊ ဒေဟိပေးပါလော့၊ သောတာကံ၊ သောတာကကို၊ ဒိဋ္ဌ ဒိဋ္ဌော၊ မြင်သည်ဖြစ်၍၊ အာရောစေန္တဿ၊ ပြောသောသူအကျွန်ုပ် အား၊ သဟဿံ၊ ရွှေစင်တစ်ထောင်ကို။ ဒေဟိ၊ ပေးပါလော့။

ဒီအဖြေကို မင်းကြီးကြားရတော့ အလွန် ဝမ်းသာသဖြင့်၊ ဥယျာဉ်သို့ အခြွေအရံနှင့်တကွ သွားပြီး အရှင်ပစ္စေကဗုဒ္ဓါကို ဝတ်ကျေ ဝတ်ကုန် ရှိခိုးဘယ်။ ရှိခိုးပြီးကြည့်တော့ လူသားများလို အတွင်း အတယ် ဆံပင်မသာဘူး ဦးပြီးနေတယ် ချုပ်စပ် ဖာဘေးထားတဲ့ ဒုကုဋ်သင်္ကန်းကို ရုံတယ် အသွင်အပြင်က ရှင်ရှင် ပျပျ လန်းလန်း ဆန်းဆန်း မရှိဘူး မျက်နှာတော်ကို အောက်ချပြီး တည်တည်ငြိမ်ငြိမ် ဖြစ်နေတယ်။

မင်းကြီးဟာ ရှင်ပစ္စေကဗုဒ္ဓါရဲ့ အခြေအနေကိုကြည့်ပြီး စိတ်ပျက်ပျက် ဖြစ်လာတယ်။ ဒါကြောင့် အမတ်များကို၊ အမတ်များတို့ ဦးခေါင်းတုံး၍ အစပ်အဖာ ဒုကုဋ်ရုံတဲ့ ဒီရဟန်းဟာ အမိမရှိ၊ အဖမရှိ မှီခိုအားထားရာမရှိ အထီးကျန်သော ပုဂ္ဂိုလ်သာ ဖြစ်တယ်၊ ကြည့်ကြစမ်း သူတစ်ပါးလို ရှင်ရှင်လန်းလန်း မရှိဘူး၊ သစ်ပင်ရင်းမှာ မျက်နှာကြီး အောက်ချပြီး မှိုင်နေရှာတယ်လို့ မိန့်တော်မူတယ်။

ဒီစကားကို ကြားတော့ ရှင်ပစ္စေက ဗုဒ္ဓါက မင်းကြီးကို တရားဟောဖို့လမ်း အခွင့်ရပြီ ရဟန်းဝတ်ခြင်းရဲ့အကျိုးကို ထင်စွာပြ၍ ယခုပင် တရားဟောမှ သင့်လျော်မယ်လို့ ကြံတော်မူပြီး....၊ အို-မင်းမြတ် ငါဟာ သင်နှင့် မြေမှုန့်ကစားဘက် သောဏက ဖြစ်တယ်၊ ငါဟာ (၉)ပါးသော လောကုတ္တရာ တရားကို နာမကာယဖြင့် တွေ့ထိခံစားနေသူ ဖြစ်ဘယ်။ ငါ့ကို အထီးကျန်သူဟု မဆိုအပ်ဘူး လောကမှာ ဒုစရိုက်တရားကို စွန့်ပြီး ဒုစရိုက်တရားတွေကို ကျင့်တဲ့ သင်ကဲ့သို့သော မင်းကိုသာ အထီးကျန်သူလို့ ခေါ်သင့်တယ်၊ သင်မင်းကြီးဟာ ဒုစရိုက် တရားတွေကို များစွာ ကျင့်နေတဲ့အတွက် ယုတ်မာသော မင်းဖြစ်တယ်၊ ယုတ်မာသော အပါယ်ဘုံသို့ လားရမဲ့ ပုဂ္ဂိုလ် ဖြစ်တယ်လို့ ကဲ့ရဲ့မိန့်ဆိုတော်မူတယ်။

ဒီလိုသူ့ကိုနှိမ်ပြီး မိန့်တော်မူတော့၊ မင်းကြီးက အရှင်သောဏက တပည့်တော်ဟာ ကာသီတိုင်းအားလုံးကို အစိုးရတဲ့ ဣရိန္ဒမင်း ဖြစ်ပါတယ်။ တပည့်တော်ရဲ့ဥယျာဉ်မှာ သီတင်းသုံးရတာ ချမ်းချမ်းသာသာ ရှိပါသလားလို့ မေးတော်မူတယ်၊

မစ္ဆေကဗုဒ္ဓါက မင်းကြီး ဤအရပ်ပင်ဖြစ်စေ၊ တစ်ပါးသော အရပ်ပင်ဖြစ်စေ ဘယ်အရပ်နေရနေရ ငါ့အား မချမ်းသာခြင်းဟူသည် မရှိ၊ ချမ်းသာလျက်ပင် ရှိတယ်။ အိုမင်းမြတ် ငါတို့ရဟန်းများရဲ့ လွတ်လပ်ချမ်းသာမှုကို သင်မင်းကြီးသိအောင် ငါပြောပြဦးမယ်။ အို မင်းမြတ် ရဟန်းများမှာ ကိုယ်ပိုင်အိမ်မရှိဘူး။ ကိုယ်ပိုင်ဥစ္စာမရှိဘူး၊ အဲဒီလို ကိုယ်ပိုင်အိမ်၊ ဥစ္စာမရှိတဲ့အတွက် ရဟန်းများမှာကြောင့်ကြ မှုမရှိဘူး၊ အဲဒါက ပထမကောင်းခြင်း ဖြစ်တယ်၊

အိုမင်းမြတ် ရဟန်းများမှာ ဥစ္စာမရှိတဲ့အတွက် ကျီကျအတွင်း မှာလည်းထားဖို့မလိုဘူး၊အိုးထဲ ခြင်းထဲတောင်းထဲမှာလည်း ထားဖို့မလို ဘူး၊ ဒါကြောင့်ရဟန်းဘဝဟာပေါ့ပါးတယ်၊ကောင်းမွန်စင်ကြယ်တဲ့ အကျင့်ရှိတယ်၊ သူတပါး ချက်ပြီးသား အစာတို့ကို တရားသော နည်းလမ်းဖြင့် တောင်းခံပြီး မျှတကြတဲ့အတွက် အစာ၌ တပ်မက်မှု တဏှာကိုတားဆီးနိုင်တယ်။ ဒါယကာက သဒ္ဓါစိတ်ဖြင့်လှူတဲ့ အပြစ် ကင်းသောအစာကို စားနေရလို့ အဟာရအတွက် ကိလေသာရဲ့ နှိပ်စက်မှုကို မခံရဘူး။ အဲဒါက ဒုတိယကောင်းခြင်းဖြစ်တယ်။

အိုမင်းမြတ် ရဟန်းတော်ဟာ ကိုယ်တိုင်ချက်ပြုတ်မစားဘူး၊ ချက်ပြုတ်ဖို့အတွက်လည်း ပစ္စည်းကိုမစုဆောင်းဘူး၊ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဒါယကာများလှူဒါန်းတဲ့ ဆွမ်း အေးကို စားပြီးမျှတတယ်၊ အိုမင်းမြတ် ဆွမ်းအေးကိုစားရသူရယ်လို့ အထင်မသေးလိုက်ပါနှင့်၊ဆွမ်းအေးကိုစားရတဲ့အတွက် ပူပန်သောကဗျာပါဒမရှိဘူး။ ပူပန်သောကဗျာပါဒ မရှိတဲ့အတွက် တစ်စုံတစ်ခု သော ကိလေသာ မနှိပ်စက်နိုင်ဘူး။ အဲဒီကိလေသာ အနှိပ်အစက် မခံရခြင်းဟာလည်း ရဟန်းတော်ရဲ့ တတိယ ကောင်းခြင်းဖြစ်တယ်၊

အိုမင်းမြတ် ကိလေသာကလွတ်ပြီး ဒါယကာ ဒါယိကာမများ ရဲ့ ကုသိုလ်အကျိုးအတွက် တိုင်းနိုင်ငံအတွင်း လှည့်လည်သွားလာ နေတဲ့ ရဟန်းတော်များမှာ ပစ္စည်း၌ငြိကပ်ခြင်း အဆွေမျိုး ဒါယကာ ၌ ကပ်ငြိခြင်းဆိုတဲ့ ရာဂတရားဟာ မရှိဘူး၊ ဒီလိုငြိကပ်ခြင်းမရှိခြင်း ဟာလည်း ရဟန်းတော်ရဲ့ စတုတ္ထကောင်းခြင်းဖြစ်တယ်၊

အိုမင်းမြတ် မြို့ရွာကို မီးလောင်လျှင် အဲဒီလောင်တဲ့ မီးတွင်းမှာ ရဟန်းရဲ့ပရိက္ခရာတစ်စုံတစ်ရာ မပါဘူး၊ ရဟန်းတော်မှာ ပျက်စီးဆုံးရှုံးစရာ ဘာပရိက္ခရာမှမရှိတဲ့အတွက် ပစ္စည်းအတွက် စိုးရိမ်ကြောင့်ကြစရာမရှိဘူး၊ အဲဒီကြောင့်ကြစရာ မရှိခြင်းဟာလည်း ရဟန်းတော်ရဲ့ ပဉ္စမကောင်းခြင်းဖြစ်တယ်။

အိုမင်းမြတ် နိုင်ငံအတွင်း ခိုးသူစတဲ့ ရန်သူများ လုယက်ဖျက်ဆီးလျှင်လည်း ရဟန်းတော်ရဲ့ ပစ္စည်းဆုံးရှုံးမှုမရှိဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ရဟန်းတော်မှာ သိုမှီးသိမ်းဆည်းထားတဲ့ ပစ္စည်းဥစ္စာမရှိလို့ပါပဲ။ အဲဒီပစ္စည်းဥစ္စာ သိုမှီးသိမ်းဆည်းထားတာ မရှိခြင်းဟာလည်း ရဟန်းတော်ရဲ့ ဆဋ္ဌမကောင်းခြင်းဖြစ်ပါတယ်။

အိုမင်းမြတ် အချို့သော တောလမ်းခရီးမှာ ခရီးသွားများရဲ့ပစ္စည်းကို လုယူမယ်ဆိုတဲ့ရည်ရွယ်ချက်နှင့် တောပုန်းလူဆိုးများက စောင့်နေကြပါတယ်။ အချို့သော လမ်းခရီးများမှာလည်း မှောင်ခိုကုန်သည်များထံက ရသင့်တဲ့အခွန်အထုတ်ကို ကောက်ခံဖို့လို့ မင်းအစိုးရများက ချထားတယ်။ ကင်းစောင့်များလည်း ရှိကြပါတယ်။ အဲဒီလူဆိုးတွေ ကင်းစောင့်တွေဟာ လာသမျှလူတွေကို ဖမ်းဆီးရှာဖွေတတ်ကြသော်လည်း ကောင်းမွန်စင်ကြယ်စွာ အသက်မွေးခြင်းရှိကြတဲ့ ရဟန်းတော်များကိုတော့ ချမ်းသာလွှတ်လပ်စွာ သွားလာခွင့်ပြုတတ်ကြပါတယ်။ ဤသို့ အနှောင့်အယှက်မရှိ ချမ်းချမ်းသာသာ သွားလာ နိုင်ခြင်းဟာလည်း ရဟန်းတော်ရဲ့ သတ္တမကောင်းခြင်းဖြစ်ပါတယ်။

အိုမင်းမြတ် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြရတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်စုံတစ်ခုသော အကြောင်းကြောင့် ခရီးတွင်ဖို့ ကြုံခဲ့လျှင် အိမ်ရဲ့အရေးအခင်းအတွက်နှင့် နောက်ဆံတင်းတတ်ကြတယ်၊ လူကသာခရီးသွားနေတယ် စိတ်ကတော့ အိမ်အပေါ် ပစ္စည်း သားမယားအပေါ် တရစ်ဝဲဝဲဖြစ်နေကြတယ်။ ရဟန်းတော်များမှာ အိမ်လည်းမရှိ သားမယား ပစ္စည်းလည်း မရှိတဲ့အတွက် သွားလိုရာကို အငြိအကွက်မရှိ လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ သွားလာနိုင်တယ်၊ အဲဒီလို သွားလာနိုင်ခြင်းဟာလည်း ရဟန်းတော်ရဲ့ အဋ္ဌမကောင်းခြင်း ဖြစ်ပါတယ်။

သံသဂ္ဂတွေရဲ့ကင်းဆိပ်ရာ ရသေ့ရဟန်းတော်တို့ရဲ့ ကောင်းခြင်းတရားများကို ဤသို့ဖော်ထုတ်ပြီး အရိန္ဒမမင်းကြီးကို ဟောပြတယ်။ သို့သော်လည်း ကာမဂုဏ်ညွတ်ကွင်းနစ်နေတဲ့ မင်းကြီးဟာ အားလည်းမကျဘူး။ ဒီလိုပြန်လျှောက်ထားတယ်။

အရှင်သောဏက အရှင်ဟာ ရသေ့ရဟန်းတွေရဲ့ကောင်းခြင်းတွေကို များစွာချီးမွမ်းတယ်။ ဒါပေမယ့် တပည့်တော်က ကာမဂုဏ်တွေကိုသာ ချစ်တယ်၊ ဒီဘဝသေလွန်ပြီးတဲ့နောက်လည်း လူ့ကာမဂုဏ်တဲ့သာလွန်သော နာမ်ကာမဂုဏ်ကိုသာ ရချင်တယ်။ ဒါကြောင့်မို့ တပည့်တော်ကို တရားဟောလျှင် ယခုလူ့ဘဝမှာ မြင့်မြတ်တဲ့ လူ့ကာမဂုဏ်တွေကို ခံစားရဖို့နှင့် နောင်တမလွန်မှာ နတ်ကာမဂုဏ်ကို ခံစားရဖို့လမ်းစဉ်ကိုသာ ဟောပြတော်မူပါ။ တပည့်တော်များ စိတ်မဝင်စားတဲ့ ရဟန်းတို့ရဲ့ကောင်းခြင်းတွေကို ဟောပြောတော်မမူပါနှင့်လို့ လျှောက်ထားလိုက်တယ်။

ဒီတော့ အရှင်ပစ္စေကဗုဒ္ဓါက အိုမင်းမြတ် ကာမဂုဏ်တွေကို အလွန်လိုချင်သူဟာ ကာမဂုဏ်ရမက် အထွက်မကောင်းမှုတွေကို ပြုလုပ်ပြီး အပါယ်ကိုကျရောက်တတ်တယ်။ ကာမဂုဏ်တွေကို စွန့်ပြီး တောထွက်နိုင်မှသာ အကုသိုလ်ဘေးက ကင်းဝေးနိုင်တယ်။ အို မင်းမြတ် သင့်ကိုပါ ဥပမာဖြင့်ပြောမယ် သတိထားပြီး နားထောင်ပါ၊ ရှေးက ကျီးတစ်ကောင်ဟာ ဂင်္ဂါမြစ်အတွင်း မျောပါလာတဲ့ ဆင်သေတစ်ကောင်ကိုမြင်တော့ ငါ့အား အရတော်လေစွတကား။ ဒီအစာဟာ ကောင်းလည်းကောင်းတယ်၊ များလည်းများတဲ့ ဒီ ဆင်သေကိုစီးပြီး ဆင်သားကို စားကာလိုက်ပါသွားရလျှင် အလွန်လျောက်ပတ်လိမ့်မယ်လို့ အကြံဖြစ်တယ်၊

အဲဒီလိုအကြံဖြစ်တာနဲ့ နေ့ရောညပါ ပျော်ပျော်ရွှင်ရွှင် ဆင်သေကိုစီးပြီး လိုက်ပါလာခဲ့တယ်၊ ထိုမှ တစ်စတစ်စနှင့် သမုဒ္ဒရာတွင်းသို့ ရောက်လာသတဲ့၊ ကျီးဟာဆင်သေကို တပ်မက်တဲ့စိတ်နှင့် မြစ်ကမ်းပါးကိုမြင်သော်လည်း မပြန်ဘူး။ လှိုင်းလေအကြား ဆင်သေကိုမှီတွယ်ပြီးလိုက်နေတယ်၊ သမုဒ္ဒရာအလယ်ရောက်တော့ ဆင်သေ

ကောင်ပုတ်ဟာလဲ လှိုင်းပုတ်တဲ့ဒဏ်ချက်ကြောင့် ကြေမွနစ်မြှုပ်သွားတယ်။ ဒီတော့မှ ကျီးဟာ ကြောက်လန့်တကြား ဆင်သေကိုခွာပြီး ကောင်းကင်သို့ ပျံတက်လိုက်တယ်၊

သို့သော်လဲ သူပြန်တက်တဲ့အချိန်မှာ သူဟာ ကမ်းနှင့်အလွန်ဝေးနေပြီး ကမ်းဘယ်မှာရှိမှန်း သူ မသိတော့ဘူး။ ဒါကြောင့် ကောင်းကင်ယံမှာ ဟိုပြန် ဒီပြန်ရင်း အတောင်ညောင်းတော့ သမုဒ္ဒရာရေထဲထိုးကျကာ ရေထဲရောက်တော့ ငါးလိပ်မကမ်းမိချောင်းတို့ အစာဖြစ်ပြီး ဘဝဇာတ်သိမ်းရှာရတယ်။

အိုမင်းမြတ် ဒီစကားရပ်က ဥပမာပြတဲ့ စကားရပ်ပဲ သင်မင်းကြီးလိုချင်တယ်ဆိုတဲ့ ကာမဂုဏ်တရားဟာ ဆင်သေကောင်ပုတ်နဲ့တူတယ်၊ ကာမဂုဏ်ကိုလိုချင်ပါတယ်ဆိုတဲ့ သင်မင်းကြီးလိုပုဂ္ဂိုလ်များကတော့ ကျီးနှင့်တူတယ်၊ ကျီးနှင့်တူတဲ့သင်မင်းကြီးဟာ ယခုအချိန်ရှိသေးတယ်၊ ဝဲယာကမ်းကိုမြင်သေးတယ်။ ကာမဂုဏ်ဆိုတဲ့ဆင်ပုတ်ကိုစွန့်ပြီး အချိန်မီပြန်လိုက ပြန်နိုင်သေးတယ်၊ အိုမင်းမြတ် ဒီက လွန်သွားလျှင် သင်းမင်းမြတ် ကမ်းကိုမြင်နိုင်စွမ်းရှိမှာ မဟုတ်တော့ဘူး။ အပါယ်ဝဲဇလုပ်မှာ သင်မင်းမြတ်နစ်မြုပ်လိမ့်မယ်။ သင်နှင့် ငါဟာ မြေမှုန့်ကစားဘက် သူငယ်ချင်းဖြစ်လို့ သင့်ကို သတိပေးရအောင် ငါလာခဲ့တယ်၊ ယခု သင့်ကို ငါသတိပေးပြီးပြီ ငါ့စကားကိုသင်လိုက်နာချင်လဲလိုက်နာပါ၊ မလိုက်နာလိုကနေရစ်ပါ။

....အိုမင်းမြတ် သူ့ကိုသနားလို့အဆုံးအမပေးတဲ့သူဟာ တစ်ကြိမ်နှစ်ကြိမ်မျှသာ ဆုံးမစကားဆိုခြင်းဖြစ်တယ်။ ထပ်တလဲလဲ ဆုံးမစကား ဆိုရိုးမရှိဘူး။ ယခုသင့်ကိုငါဆုံးမပြီးပြီ သင်နေရစ်ပေလော့လို့ မိန့်တော်မူပြီး ဈာန်အညီညာဉ် တန်ခိုးနှင့် ကောင်းကင်ကိုပြန်တက်တော်မူတယ်၊ ကောင်းကင်ရောက်တော့ ခြေတော်ခါပြီး မင်းကြီးရဲ့ဦးထိပ်ထက်ကို မြေမှုန်များ ချထားတော်မူခဲ့ပါသတဲ့၊

အရိန္ဒမ မင်းကြီးဟာ ကောင်းကင်ပြန်တက်သွားတဲ့ သောဏက အရှင်ပစ္စေကဗုဒ္ဓါကို ဟာအံ့တသြကြည့်ရင်း ကာမဂုဏ်ရဲ့ အပြစ်များကို မြင်တယ်၊ မြင်သည်နှင့်အမျှ ကာမဂုဏ်ကို ငြီးငွေ့ခဲ့တယ်။

ကာမဂုဏ်ရဲ့လွတ်ကင်းရာဖြစ်တဲ့ ရဟန်းအဖြစ်ကိုပြုလုပ်မှတော်မယ်လို့ သားတော် ဒီဃာဝုမင်းသားကို ထီးနန်း အပ်နှင်းပြီး တောထွက်တော်မူခဲ့တယ်။

## ၁၀၃။ ခန္ဓာငါးပါးချုပ်နာမ်တရားတို့၌ သုခအနည်းငယ် ရှိသော်လည်း ဒုက္ခမည်ပုံ

ဒုက္ခသစ္စံ ဒုက္ခံန္တိ၊ ကာယိကဒုက္ခံ စေတသိကဒုက္ခံပေတ္တာ အဝသေသံ ဒုက္ခသစ္စံ န ဒုက္ခံ၊

(သစ္စယမက၊ပါ ၂၀၈)

ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးသည် အနုဘဝန လက္ခဏာရှိခြင်းကြောင့် ဒုက္ခအစစ်မည်တယ်။

ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်ပါးမှ ကြွင်းသော တေဘူမကတရားစုက ဘေးမကင်းဘေးတွေဝိုင်းရံနေသောကြောင့် ဒုက္ခလို့ဆိုရသည်။ ဒါကြောင့် အလိုရှိအပ် နှစ်သက်အပ်တဲ့အာရုံငါးပါး ခံစားတဲ့အခိုက်မှာ သုခအနည်းငယ်ဖြစ်ပါသော်လည်း ဘေးမကင်း ဘေးတွေဝိုင်းရံနေသောကြောင့် ဒုက္ခလို့ဆိုတယ်။

(လယ်တီဆရာတော်က ယမိုက်အဖြေ၌ ဥပမာပြတယ်)

နာတာရှည် ရောဂါရှိတဲ့ သူတစ်ယောက်ဟာ အရသာရှိတဲ့ အကျော်အသော်ခဲထိစာကို စားလိုက်ပါက စားနေတဲ့အခိုက် အရသာရှိလို့ ကောင်းလှပါတယ်လို့ ဆိုသော်လည်း စားပြီးတဲ့နောက် ရောဂါတိုးလို့ မခံမရပ်နိုင် ညည်းငြူနေရသလို (တူပုံကို အကျယ်ပြခဲ့ပြီ) အလွန်ကောင်းတဲ့အစာက သုခနှင့်တူသည်။ စားပြီးတဲ့နောက် ရောဂါတိုးလို့ အလွန်ဆင်းရဲတဲ့သဘောက ဘေးမကင်းဘေးတွေ ဝိုင်းရံနေပုံနှင့်တူသည်၊

## ၁၀၄။ ခန္ဓာကိုယ်-ရုပ်ကိုယ်ကြီးဟာမှန်ပြင်ကြီးနှင့်တူပုံ

ခန္ဓာကိုယ်–ရုပ်ကိုယ်ဟာ အလွန်စည်ကားတဲ့ ဈေးလယ်၌ စိုက်ထားတဲ့ မှန်ပြင်ကြီး မှန်ချပ်ကြီးနှင့်တူသည်၊ ဈေးတန်းထဲရောက်လာသမျှရှိသမျှ သက်ရှိသက်မဲ့ သခ်ါရဝတ္ထုတို့ဟာ မှန်၏ ဥပစာရောက်တဲ့အခိုက် မှန်ထဲမှာအရိပ်ထင်ပြီး ပျောက်ကုန်ကြသလို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောအကြည့်၊ ဝတ္ထုဒွါရတို့၌ ထင်လာသမျှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိသဘော၊ အာရုံ(၆)ပါးတို့ ပျောက်ပျက်သွားကြသဖြင့် မမြဲပုံအကျယ်ကိုသိလေ။

(ယမိုက်အဖြေကိုရှုပါ)

## ၁၀၅။ ဝိညာတ်ဖုံးခြင်းကြောင့် ငါပဲ သတ္တဝါပဲဟု အထင်မှားပုံ

ဝိညာတ်ဖုံးနေသောကြောင့် ငါပဲ သတ္တဝါပဲဟု အထင်မှားနေကြသည်၊ ထိုလှုပ်ရှားခြင်း အမူအရာအထူးကို ကာယဝိညာတ်၊ နှုတ်မြွက်ခြင်းအမူအရာအထူးကို ဝစီဝိညာတ်။ အဲဒီ ကာယဝိညာတ် ဝစီဝိညာတ် (၂) ပါးကား စိတ်ကြောင့်ဖြစ်လာတဲ့ ရုပ်အထူးဖြစ်သည်။

လက်ရပ်ခေါ်ရာ ခေါင်းညိတ်ခေါ်ရာ၌ အဆင်းရုပ်ကိုသာ မြင်ရပြီး ဝိညာတ်ရုပ်ကိုမမြင်နိုင်၊ ညအခါ မိုးသဲသဲရွာတော့ လယ်ထွန်သမားက နံနက်စောစော လယ်သို့သွားပြီး ရေတွေကို မတွေ့သော်လည်း ညဥ့်ကမိုးရေဟာ ရေရှိအောင်ရွာတယ်လို့သိတယ်။

ဘာကြောင့်လဲဆိုရင် ကန်သင်း၌ ကပ်တင်နေတဲ့ အမှိုက်များ ဒိုက်သဒရာများ မြင်သောကြောင့်၊ သိရသလို (အဌသာလိနီ) လှုပ်ရှားတဲ့လက် ဦးခေါင်း စသည်၌ရှိတဲ့ အဆင်းရုပ်ကို မြင်ရသည့်အတွက်ကြောင့် အလိုဆန္ဒကို သိရသည်၊

ဝစီဝိညာတ်မှာ နှုတ်မြွက်၍ ပြောဆိုသောအသံကို ကြားရသဖြင့် သူ၏အလိုဆန္ဒကို သိရပြီ၊ အဲဒီဝိညာတ်ရုပ်တို့ရဲ့ သတ္တိဖြင့် သွားတယ် လာတယ် ထိုင်တယ် ထတယ် ကွေးတယ် ဆန့်တယ် ပြော

တယ် ဆိုတယ် စသည် စသည် ဖြစ်နေခြင်းကြောင့် အန္ဓပုထုဇဉ်များမှာ သတ္တဝါပဲ ငါပဲ အသိမှား အမှတ်မှား နေကြတယ်၊ ဗျာပါရနည်း၊ ဝေ့ခမ္မတာနည်း (၂)ပါးကို မသိကြလို့ အသိမှားနေကြသည်၊ ရုပ်တရား နာမ်တရားများဟာ ကြောင့်ကြဗျာပါရမရှိဘဲ ဖြစ်နေကြတာကို အဗျာပါရနည်း ခေါ်ပါသည်။

မည်သူ တစ်ဦးတစ်ယောက်က ဇေခိုင်း တိုက်တွန်းလို့ ဖြစ်နေသည်မဟုတ် အဝိဇ္ဇာ တဏှာက စသောအကြောင်းကြောင့် အကျိုးရုပ်နာမ်ဖြစ်နေတာပဲ၊မြင်သိစိတ်က ဒဿနကိစ္စ ကြားသိစိတ်ကသဝနကိစ္စ စသည်ဖြင့် မိမိတို့၏ကိစ္စအားလျော်စွာ သဘောအတိုင်း ဖြစ်နေတာကို ဝေ့ခမ္မာတာနည်းဟု ခေါ်သည်၊

(ဇိနလင်္ကာရဋီ-၁၁၃)

### ၁၀၆၊ တောင်းတလို့ မရတဲ့တရား ငါးပါး

ပဉ္စိမာနိ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိသမဏေနဝါ

ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစီဝါ လောကသ္မိံ

ကတမာနိပဉ္စ ဇရာဓမ္မံမာဇီရိတိ·ဒ·လဗ္ဘနီယံ ဌာနံ

ဗျာဓိဓမ္မံ မာဗျာဓိယီတိ

မရဏဓမ္မံ မာမိယီတိ

ခယဓမ္မံ မာခီယီတိ

နဿဓမ္မံ မာနဿီတိ အလဗ္ဘနီယံဌာနံ။ ၊

(က) အိုခြင်း သဘောကို မအိုပါစေလင့်ဟု တောင့်တ၍ မရ၊

(ခ) နာခြင်းသဘောကို မနာပါစေလင့်ဟု တောင့်တ၍ မရ၊

(ဂ) သေခြင်းသဘောကို မသေပါစေလင့်ဟု တောင့်တ၍ မရ။

(ဃ) ကုန်ခမ်းတတ်သော သဘောကို မကုန်ခမ်းပါစေလင့်ဟု တောင့်တ၍ မရ။

(င) ပျက်စီးတတ်သော သဘောကို မပျက်စီးပါစေလင့်ဟု တောင့်တ၍ မရ။ ။

(အံ-ပါ-ပဉ္စကနိပါတ နာရဒသုတ်-၅၃-အကျယ်ကို ရှုလေ)

## ၁၀၇။ အမြဲဆင်ခြင်အပ်သော တရား ငါးပါး

ပဉ္စိမာနိဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗာနိ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ

(က) ငါကား အိုရခြင်း သဘော ရှိ၏၊ အိုရခြင်းသဘောကို မလွန်ဆန်နိုင်ဟု မပြတ်ဆင်ခြင်၏၊

(ခ) ငါကား နာရခြင်းသဘောရှိ၏။ နာခြင်းသဘောကို မလွန်ဆန်နိုင်ရာဟု မပြတ်ဆင်ခြင်အပ်၏၊

(ဂ) ငါကား သေခြင်းသဘောရှိ၏။ သေခြင်းသဘောကို မလွန်ဆန်နိုင်ဟု မပြတ်ဆင်ခြင်အပ်၏၊

(ဃ) ငါကား ချစ်ခင် မြတ်နိုးအပ်ကုန်သော သတ္တဝါအားလုံးတို့နှင့် အရပ်တစ်ပါးသို့ သွားသဖြင့် ရှင်ကွဲကွဲခြင်း၊ ခန္ဓာပျက်သဖြင့် သေကွဲကွဲခြင်း ဖြစ်လတံ့ဟု မပြတ်ဆင်ခြင်အပ်၏၊

(င) ငါကား ကံသာလျှင် ဥစ္စာရှိ၏။ ကံသာလျှင် အမွေရှိ၏။ ကံသာလျှင် အမျိုးရှိ၏။ ကံသာလျှင် အဆွေရှိ၏။ ကံသာလျှင် ကိုးကွယ်ရာရှိ၏ဟု မပြတ်ဆင်ခြင် အပ်၏၊

(အံ-ပါ-ဌာနသုတ် (အဘိဏှသုတ်)။ ပဉ္စကနိပါတ်-၆၃)

## ၁၀၈။ အဘယ်အကျိုးထူးကို စွဲ၍ ဆင်ခြင်အပ်သနည်းဟူမူ

ဇရာ၌ ယောဗ္ဗန မာန်ကိုစွဲ၍ အရွယ်နုပျို အားခွန်ဗလ ရှိတယ်လို့ မာန်ယစ်ပြီး အကုသိုလ် ဒုစရိုက် ပြုလုပ်ကြတယ်။ ဒါ့ကြောင့် ငါဟာ အိုခြင်းသဘော ရှိတယ်လို့ မပြတ်ဆင်ခြင်ပါ။ ဒီလိုဆင်ခြင်လျှင် ကုသိုလ် ကောင်းမှု ပြုလုပ်လာသည်။ ဤလိုအကျိုး အပြစ်ဆင်ခြင်နိုင်လျှင် ငါသာမဟုတ် သတ္တဝါအားလုံး အိုကြရကုန်သည်သာတည်း။

ဗျာဓိနှင့် အရောဂျမာန်ကိုစွဲ၍ ငါကျန်းမာတယ်၊ ရောဂါကင်းတယ်ဟု မာန်တက်၍ အကုသိုလ်ကို ပြုတယ်။ ဒါ့ကြောင့် တစ်နေ့နေ့ဘော့ နာခြင်းသဘော ရှိတယ်၊ နာရဦးမည်ဟု၊ နာခြင်းကို မပြတ်ဆင်ခြင်ပါ။ ဒီလိုဆင်ခြင်လျှင် ကုသိုလ်ကောင်းမှု ပြုလုပ်လာသည်။ ဤလိုအကျိုး အပြစ်ဆင်ခြင်နိုင်လျှင် ငါသာနာရမည်မဟုတ်၊ သတ္တဝါအားလုံး နာကြသည်သာတည်း။

ငါအသက်ရှည်တယ်ဟု မာန်တက်၍ ကုသိုလ်ပြုတယ်။ ဒါ့ကြောင့် ငါဟာ သေခြင်းသဘောရှိတယ်၊ သေရဦးမှာပဲဟု သေခြင်းသဘောကို မပြတ်ဆင်ခြင်ပါ။ ဒီလိုဆင်ခြင်လျှင် ကုသိုလ်ပြုလုပ်လာသည်။ ဤလိုအကျိုး အပြစ်ဆင်ခြင်နိုင်လျှင် ငါသာသေရမည်မဟုတ် သတ္တဝါအားလုံး သေကြရမှာ ကေန်တည်း။

ငါ့မှာ ရှင်ကွဲကွဲခြင်း၊ သေကွဲကွဲခြင်းသဘော ရှိ၏။ မပြတ်ဆင်ခြင်ပါ။ ဒီလိုဆင်ခြင်ခြင်းကြောင့် ဆွေမျိုး ဉာတိ မိတ်ဆွေ ပစ္စည်း ဥစ္စာတို့၌ တပ်မက်ခြင်း ဆန္ဒရာဂ ခေါင်းပါးသွား၏။ လုံးဝမူလည်း ပယ်သတ်နိုင်၏။ ဤလိုခေါင်းပါးလျှင်၊ ပယ်နိုင်လျှင် ချမ်းသာခြင်း အကျိုးရ၏။

ငါကား ကံသာလျှင် ဥစ္စာဖြစ်၏။ ကံသာလျှင် အမွေခံရှိ၏။ ကံသာလျှင် အမျိုးရှိ၏။ ကံသာလျှင် အဆွေခင်ပွန်း ရှိ၏။ ကံသာလျှင် ကိုးကွယ်ရာရှိ၏ ဟု မပြတ်ဆင်ခြင်ပါက အကုသိုလ်ကိုပယ်၍ ကုသိုလ်ကောင်းမှု တိုးပွား၍ ဤလိုအကျိုးရ၏။

## ၁၀၉။ ဇမ္ဗူဒိတ်ကို အစိုးရတဲ့ အာသောကမင်းသော်လည်း

သကလံ ခမေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခိ၊
အဋ္ဌ မလက မတ္တဿ၊ အန္တေ ဣဿရတံ ဂတော၊
တေ နေဝ ဒေဟဗန္ဓေန။ ပုညမှိ ခယမာဂတော။
မရဏာ သိမုခေါ သောဝိ၊ အသောကော သောမာဂတော။
(ဝိသုဒ္ဓိမဂ်-ဋ္ဌ-ပ-၂၂၄)

အသောကေယ၊ အသောကမင်းသည်။ သကလံ၊ အလုံးစုံ သော။ မေဒိနိ၊ ဇမ္ဗူဒိတ်ကျွန်းကို။ ဘုတွာ၊ မင်း အဖြစ်ခံစားပြီး၍။ သုခိ၊ ချမ်းသာခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍၊ ကောဋိသတံ၊ ကုဋေ တစ်ရာသော ဥစ္စာကို။ ဒတွာ၊ ဘုရားရှင် သာသနာတော်၌ လှူဒါန်း ပြီး၍။ အန္တေ၊ ဘဝအဆုံး သေခါနီးကာလ၌။ အဍ္ဍာမလကမတ္တဿ၊ သျှစ်သျှားသီး တစ်ခြမ်းမျှကိုသာ။ ဣဿရတံ၊ အစိုးရသူ၏ အဖြစ်သို့။ ဂတော၊ ရောက်ရရှာလေပြီ။ တေနေဝ၊ ဒေဟဗန္ဓေန၊ ထိုခန္ဓာကိုယ် နှင့် စပ်သဖြင့်သာလျှင်။ ပုညမှိ၊ ကောင်းမှုကိသည်။ ခယံ၊ ကုန် ခြင်းသို့။ အာဂတော၊ ရောက်လတ်သော်၊ မရဏာသိမုခေါ၊ သေ ခြင်းသို့ ရှေ့ရှုသော (ဝါ) သေခါနီး ဆဲဆဲသော။ သောဝိအသော ကော၊ ထိုအသောကမင်း တရားသည်သော်လည်း။ သောကံ၊ စိုးရိမ် ပူဆွေးခြင်းသို့၊ အာဂတော၊ ရောက်ရရှာလေပြီ။

ဘုန်းကံကြီးမားသော အသောကမင်းကြီးသည်၊ သာသနာ တော်၌ ကုဋေတစ်ရာသော ဥစ္စာကို လှူဒါန်းပြီး ဘဝနောက်ဆုံး သေခါနီးအချိန်၌ ဆေးအဖြစ် သုံးစွဲခဲ့သော သျှစ်သျှားသီးတစ်ခြမ်း သာ ကိုယ်ဥစ္စာရှိတော့သဖြင့် နှလုံးမသာ နတ်ရှာစံရရှာ၏။ မသေ မီ ရှာဖွေစုဆောင်းထားသော မစွည်းဥစ္စာဟူသည် အမှန်ကိုယ်ပိုင် မဟုတ်ပါဘကားဟု သံဝေဂဉာဏ် ပွားအောင် ဆင်ခြင် သုံးသပ်သင့် လှပါပေ၏။

## ၁၁၀။ အသောကမင်း၏ နောက်ဆုံးနေ့

အသောကမင်းကြီးသည် ကုဋေ(၁၀၀)သော ရွှေငွေ ရတနာတို့ကို ဗုဒ္ဓသာသနာတော်ကြီးအား လှူဒါန်းရန် အဓိဋ္ဌာန်ချက် ရှိလေသည်။ နောက် နှစ်ပေါင်းများစွာကြာလက်သော်၊ (၉၆) ကုဋေသော ရွှေငွေရတနာများကို ပေးလှူပြီး ဖြစ်လေ၏။ သူနတ်ရွာမစံမီ ဤအဓိဋ္ဌာန်ချက် အောင်မြင်နိုင်ရန် စိုးရိမ်ကြီးစွာဖြင့် ပစ္စည်းဥစ္စာများကို ပါဋလိပုတ်ပြည်ရှိ ကျောင်းတော်ကြီးသို့ နေ့စဉ် ပို့စေလေသည်။ သို့ရာတွင် တန်ခိုးအာဏာရှိသော ဝန်ကြီးတစ်ဦးသည် မင်းတရားကြီးတောင်းတိုင်း မပေးရန် ဘဏ္ဍာစိုးအား တားမြစ်လေသည်။ မင်းတရားကြီးသည် အလွန်အိုမင်း မစွမ်းဖြစ်၍ ကိုယ်တိုင်အိပ်ရာမှ မထနိုင်ဘဲ နတ်ရွာစံခါနီးသောအခါ သူ၏လိုလားသော မစ္စည်းဥစ္စာများကို ဘဏ္ဍာတိုက်မှ တောင်းခံမရ၍ အထူးသဖြင့် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရလေသည်။

ထို့ကြောင့် မင်းတရားကြီးသည် ဘုရင့်ပွဲတော်စာ များတွင် ဆင်ယင်ခင်းကျင်းထားသော ရွှေအိုး၊ ရွှေခွက်များကို ကျောင်းတော်သို့ ပို့ဆောင်လှူဒါန်းစေသည်။ ထို့နောက် ငွေအိုး ငွေခွက်များ သံအိုး သံခွက်များကို ပို့ဆောင်လှူဒါန်းစေသည်။ ရွှေငွေစသော ပစ္စည်းများ ကုန်သွားသဖြင့် ဘုရင့်စားပွဲတော်တွင် မြေအိုး မြေခွက်တို့ဖြင့်သာ ခင်းကျင်းရလေသည်။

ထိုမှနောက် မင်းတရားကြီးသည် မျက်ရည် ကြတော်မူ၍ အဘွင်းဝန် ရာဇာဂုတ္တအား ဘယ်သူသည် တိုင်းပြည်ကြီး၏ရှင်ဘုရင်ဖြစ်လေသနည်းဟု မေးတော်မူလေ၏၊ ရာဇာဂုတ္တသည် အရှင်မင်းကြီးသာဇမ္ဗူဒီပါ တိုင်းကြီးသခင် ဘုရင်မင်း ဖြစ်ပါသည်ဟုဦးခေါင်းညွှတ်ထွား လျှောက်ထားလေလျှင် သင်သည် ငါ့အား အဘယ်ကြောင့် မမှန်သောစကား ပြောကြားဘိသနည်း၊ ယခုငါသည် မင်းအဖြစ်မှ လျှောရလေပြီဟု မိန့်တော်မူလေသည်။

နတ်ရွာစံခါနီးဖြစ်သော အသောကမင်းတရားကြီးသည် ဆေးဝါးအလို့ငှာ ယူဆောင်ပေးထားအပ်သော ဇီးဖြူသီး(သျှစ်သျှားသီး)

မြမ်းကို ကုတ္တုဋ္ဌာရာမ ကျောင်းတော်ရှိ သံဃာတော်တို့အား မိမိ နောက်ဆုံး အလှူအဖြစ် သုံးဆောင်မှုကြရန် သူ၏လက်သုံးတော် တစ်ဦးအား ပေးအပ်ခါ ဤသို့ လျှောက်ထားချေလေသည်။

သံဃာတော် အရှင်မြတ်တို့ဘုရား တပည့်တော်၏ နောက်ဆုံး အလှူဖြစ်သော ဤဝတ္ထုကို လက်ခံတော်မူကြပါကုန်၊ ဤဝတ္ထုသည် ဇမ္ဗူဒိပ်တိုင်း ရှင်ဘုရင် ဧကရာဇ် ဖြစ်တော်မူသော တပည့်တော်၏ နောက်ဆုံး ကိုယ်ပိုင်ဖြစ်သော ပစ္စည်းပါတည်း။ တပည့်တော်၏ တန်ခိုးအာဏာ အားလုံးသည် တပည့်တော်ထံမှ ထွက်ခွာသွားကုန် ပါပြီ၊ တပည့်တော်မှာလည်း သံဃာတော်မှ တစ်ပါး ကိုးကွယ် ရာ မရှိတော့ပါပြီ၊ တပည့်တော်၏ ကိုးကွယ်ရာ ဆရာတော် သံဃာ တော်တို့သည် တပည့်တော်၏ နောက်ဆုံး ဒါနဝတ္ထုကို ဘုဉ်းပေး သုံးဆောင်တော် မူကြပါကုန်ဘုရား။

ငယ်ရွယ်သန်စွမ်း ကျန်းမာနေတုန်းမှာ ဇမ္ဗူဒိပ်တကျွန်းလုံးကို လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ ဧကရာဇ် မင်းကြီးတောင် သေခါနီးကြတော့ ဇီးဖြူသီး (၀၁) သျှစ်သျှားသီး တစ်ခြမ်းမျှသာ အစိုးတရရှိတော့ တယ်ဆိုတာ သရုပ်ပြသွားတာပဲ။

(သံဝေဂဉာဏ် အဖန်ဖန် အထပ်ထပ် ထင်မြင်အောင် ရှုပွား နိုင်ကြပါစေသတည်း)။

## ၁၁၁။ သီလဝန္တသုတ်

အရှင်ကောဋ္ဌိက အမေးနှင့် အရှင်သာရိပုတ္တရာ အဖြေ–

မေး။ ။သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေဓမ္မာ ယောနိသောမနသိ ကာတဗ္ဗာ။

ငါ့ရှင်သာရိပုတ္တရာ-သီလရှိသော ရဟန်းသည် အဘယ်တရား တို့ကို ပညာဖြင့် နှလုံးသွင်းအပ်ပါကုန်သနည်း။

ဖြေ၊ ။သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော၊ သုညတော အနတ္တတော ယောနိသောမနသိကာတဗ္ဗာ၊

(ခန္ဓဝဂ္ဂသံယုတ်ပါ-၁၃၆)

ငါ့ရှင်ကောဋ္ဌိက၊ သီလရှိသော ရဟန်းသည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကို မမြဲသောအားဖြင့်လည်းကောင်း ဖြစ်ခြင်း ပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ်အားဖြင့် လည်းကောင်း၊ အမြဲကျင်နာသော အားဖြင့် လည်းကောင်း၊ အိုင်းအမာ အနေအားဖြင့် လည်းကောင်း၊ ညှောင့်တံကျင် အနေအားဖြင့် လည်းကောင်း၊ ဆင်းရဲသောအားဖြင့် လည်းကောင်း၊ သဘောမတူသော မဟာဘုတ်ကြောင့် ဖြစ်သော အနာအားဖြင့် လည်းကောင်း၊ ပျက်စီးတတ်သော အနေအားဖြင့် လည်းကောင်း ဆိတ်သုဉ်းသော အားဖြင့် လည်းကောင်း၊ ခိုင်မြဲသော အတ္တ ချမ်းသာသော အတ္တ မဟုတ်သောကြောင့် လည်းကောင်း ပညာဖြင့် နှလုံးသွင်းအပ်ကုန်၏။

မေး။ ။သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာကတမေ ဓမ္မာ ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင်သာရိပုတ္တရာ– သောတာပန် ပုဂ္ဂိုလ်က အဘယ်တရားတို့ကို ပညာဖြင့် ပွားများအပ်ပါကုန်သနည်း။

ဖြေ။ ။သောတပန္နေနပိဖခါ အာဝုသောကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါ နက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသောမနသိ ကာတဗ္ဗာ။

ငါ့ရှင်ကောဋ္ဌိက— သောတာပန်ပုဂ္ဂိုလ်သည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကို မမြဲသောအားဖြင့် လည်းကောင်း၊ ဖြစ်ခြင်း ပျက်ခြင်းတို့က မပြတ် နှိပ်စက်ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ် အားဖြင့် လည်းကောင်း၊ အမြဲကျင်နာသောအားဖြင့် လည်းကောင်း၊ အိုင်းအမာအနေအားဖြင့် လည်းကောင်း၊ ညှောင့်တန်ကျင် အနေအားဖြင့် လည်းကောင်း၊ ဆင်းရဲသော အားဖြင့် လည်းကောင်း၊ သဘောမတူသော မဟာဘုတ်ကြောင့်ဖြစ်သော အနာအားဖြင့် လည်းကောင်း၊ ပျက်စီးတတ်သော အနေအားဖြင့် လည်းကောင်း၊ ဆိတ်သုဉ်းသော အားဖြင့် လည်းကောင်း၊ ခိုင်မြဲသောအတ္တ၊ ချမ်းသာသော အတ္တမဟုတ်သော အားဖြင့် လည်းကောင်း၊ ပညာဖြင့် ပွားများအပ်ပါကုန်၏။

မေး။ ။သကဒါဂါမိနာ ပနာဝုသောသာရိပုတ္တ ဘိက္ခုနာကတမေ ဓမ္မာ ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင်ယာရိပုတ္တရာ— သကဒါဂါမ် ပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို ပညာဖြင့် ပွားများအပ်ကုန်သနည်း။

ဖြေ။ ။သကဒါဂါမိနာဝိအာဝုသော- ကောဋ္ဌိကဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက သကဒါဂါမ် ပုဂ္ဂိုလ်သည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့ကို မမြဲသော အားဖြင့် လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ် အားဖြင့် လည်းကောင်း၊ အမြဲကျင်နာသော အားဖြင့် လည်းကောင်း၊ အိုင်းအမာ အနေအားဖြင့် လည်းကောင်း၊ ညှောင့်တန်ကျင် အနေအားဖြင့် လည်းကောင်း၊ ဆင်းရဲသော အားဖြင့် လည်းကောင်း၊

သဘောမတူသော မဟာဘုတ်ကြောင့် ဖြစ်သော အနာ အားဖြင့် လည်းကောင်း၊ သူစိမ်းအနေ အားဖြင့် လည်း ကောင်း၊ ပျက်စီးတတ်သော အားဖြင့် လည်းကောင်း၊ ဆိတ် သုဉ်းသော အားဖြင့် လည်းကောင်း၊ ခိုင်မြဲသောအတ္တ ချမ်း သာအတ္တမဟုတ်သော အားဖြင့် လည်းကောင်း၊ ပညာ ဖြင့် ပွားများအပ်ကုန်၏။

မေး။ ။အနာဂါမိနာ ပနာဝုသော သာရိပုတ္တဘိက္ခုနာကတမေ ဓမ္မာ ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင် သာရိပုတ္တရာ— အနာဂါမ် ပုဂ္ဂိုလ်သည် အဘယ် တရားတို့ကို ပညာဖြင့် ပွားများအပ်ပါသနည်း။

ဖြေ။ ။အနာဂါမိနာပိ ခေါ အာဝုသော ကောဋ္ဌိကဘိက္ခုနာဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စသော ဒုက္ခတော ရောဂတော ဃဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရ တော ပလောကတော သုညတော အနတ္တတော ယောနိ သောမနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက— အနာဂါမ် ပုဂ္ဂိုလ်သည် ဥပါဒါ နက္ခန္ဓာတို့ကို မမြဲသောအားဖြင့် လည်းကောင်း၊ ဖြစ်ခြင်း ပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ် အားဖြင့် လည်းကောင်း၊ အမြဲကျင်နာသော အား ဖြင့် လည်းကောင်း၊ အိုင်းအမာ အနေအားဖြင့် လည်း ကောင်း၊ ညှော်တန်ကျင် အနေအားဖြင့် လည်းကောင်း၊ ဆင်းရဲသောအားဖြင့် လည်းကောင်း၊ သဘောမတူသော မဟာဘုတ်ကြောင့် ဖြစ်သော အနာအားဖြင့် လည်းကောင်း၊ သူစိမ်းအနေအားဖြင့် လည်းကောင်း၊ ပျက်စီးတတ်သော အားဖြင့် လည်းကောင်း၊ ဆိတ်သုဉ်းသော အားဖြင့် လည်း ကောင်း၊ ခိုင်မြဲသောအတ္တ ချမ်းသာသောအတ္တ မဟုတ် သော အားဖြင့် လည်းကောင်း၊ ပညာဖြင့် ပွားများအပ် ကုန်၏။

မေး။ ။အရဟသောပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေဓမ္မာ ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင်သာရိပုတ္တရာ– ရဟန္တာပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို ပွားများအပ်ပါသနည်း။

ဖြေ။ ။အရဟတာဝိဓေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသောမနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက- ရဟန္တာပုဂ္ဂိုလ်သည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကို မမြဲသော အားဖြင့် လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းတို့က မပြတ်နှိပ်စက်ခြင်းကြောင့် ကြောက်ဖွယ် လန့်ဖွယ် အားဖြင့် လည်းကောင်း၊ အမြဲကျင်နာသော အားဖြင့် လည်းကောင်း၊ အိုင်းအမာ အနေအားဖြင့် လည်းကောင်း၊ ညှောင့်တန်ကျင် အနေအားဖြင့် လည်းကောင်း၊ ဆင်းရဲသော အားဖြင့် လည်းကောင်း၊ သဘောမတူသော မဟာဘုတ်ကြောင့်ဖြစ်သော အနာအားဖြင့် လည်းကောင်း၊ ပျက်စီးတတ်သော အနေအားဖြင့် လည်းကောင်း၊ ဆိတ်သုဉ်းသောအားဖြင့် လည်းကောင်း၊ ခိုင်မြဲသောအတ္တ ချမ်းသာသော အတ္တ မဟုတ်သောအားဖြင့်လည်းကောင်း၊ ပညာဖြင့် ပွားများအပ်ကုန်၏။

နတ္ထိခွာဝုသော အရဟတော ဥတ္တရိကရဏီယံ၊ ကတဿဝါ ပတိစယော အပိစဣမေဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မ သုခဝိဟာရာယ စေဝသံဝတ္တန္တိ၊ သတိသမ္ပဇညာယစ။

ငါ့ရှင်ကောဋ္ဌိက- ရဟန္တာ ပုဂ္ဂိုလ်သည် အလွန်ပြုဖွယ်ကိစ္စ မရှိတော့သည်သာတည်း၊ စင်စစ်အားဖြင့် ဤဥပါဒါနက္ခန္ဓာ ခန္ဓာငါးပါးတို့ကို (ဝါ) ရုပ်နာမ်တရားတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော် ဤပစ္စုပ္ပန် မျက်

မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း အကျိုးငှာ လည်းကောင်း၊ သတိပညာ အလို့ငှာ လည်းကောင်း ဖြစ်ကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်များမှာ အကျင့်လမ်း ဆုံးသွားပြီ ဖြစ်၍ နောက်ထပ် ကျင့်စရာ မရှိတော့ပြီဟု ဆိုလိုသည်။

**မှတ်ချက်။** သီလဝန္တသုတ် သုတဝန္တသုတ် တို့မှာတူ၏။

သီလရှိသောသူသည် သီလဝန္တ ပုဂ္ဂိုလ်မည်၏၊
သုတရှိသူသည် သုတဝန္တ ပုဂ္ဂိုလ်မည်၏။
ဤမျှသာထူးပါသည်။

## ၁၁၂။ သစ္စာအနက် (၁၆)ချက်

### ဒုက္ခသစ္စာ၏ အနက် (၄) ချက်

ဒုက္ခဿ ပိဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော၊ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏-

(က) ပိဠနဋ္ဌော နှိပ်စက်ခြင်းသဘော၊

(ခ) သင်္ခတဋ္ဌော ပြုပြင်အပ်သော သဘော၊

(ဂ) သန္တာပဋ္ဌော ပူပင်စေတတ်သော သဘော၊

(ဃ) ဝိပရိဏာမဋ္ဌော ဖောက်ပြန်သော သဘော၊

### သမုဒယသစ္စာ၏ အနက်(၄)ချက်

သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော သမုဒယဿ၊ သမုဒယ သစ္စာ၏—

(က) အာယူဟနဋ္ဌော ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုကို ဆည်းပူးခြင်းသဘော

(ခ) နိဒါနဋ္ဌော ဒုက္ခကိုဆောင်နှင်းတတ်သော သဘော၊

(ဂ) သံယောဂဋ္ဌော ဒုက္ခကို ဖွဲ့နှောင်တတ်သော သဘော၊

(ဃ) ပလိဗောဓဋ္ဌော နှောက်ယှက်တတ်သော သဘော၊

## နိရောဓသစ္စာ၏အနက်(၄)ချက်

နိရောဓသော နိဿရဏကဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော အမတဋ္ဌော၊ နိရောဓသစ္စာ၏....

(က) နိဿရဏကဋ္ဌော- ဝဋ်ဒုက္ခမှလွတ်ထွက်တတ်သော သဘော ၊

(ခ) ဝိဝေကဋ္ဌော - ဒုက္ခမှကင်းဆိတ်တတ်သောသဘော၊

(ဂ) အသင်္ခတဋ္ဌော- အကြောင်းတရားတို့ မပြုပြင်အပ်သော သဘော၊

(ဃ) အမတဋ္ဌော - မပျက်စီး မသေခြင်း ပျက်စီးကင်း သေခြင်းကင်းတတ်သောသဘော။

## မဂ္ဂသစ္စာ၏ အနက်(၄)ချက်

မဂ္ဂဿနိယျာနဋ္ဌော၊ ဟေတွဋ္ဌောဒဿနဋ္ဌော၊ အာဓိပတေယျဋ္ဌော၊ မဂ္ဂဿ၊ မဂ္ဂသစ္စာ၏—

(က) နိယျာနဋ္ဌော- ဝဋ်မှလွတ်မြောက်တတ်သောသဘော။

(ခ) ဟေတွဋ္ဌော - သမ္မယုတ်တရားတို့ကို တည်တန့် ခိုင်မြဲစေတတ်သောသဘော၊

(ဂ) ဒဿနဋ္ဌော - နိဗ္ဗာန်ကိုမြင်တတ်သောသဘော၊

(ဃ) အာဓိပတေယျဋ္ဌော- သိက္ခာသုံးပါးတွင် ကြီးကဲခြင်းသဘော။
(သမ္မောဟဝိနောဒနီ၊ဌ၊သစ္စဝိဘင်း ၇၈)

လယ်တီဆရာတော်၏
သစ္စတ္တဒီပနီအကျဉ်း ဆောင်ပုဒ်

နှိပ်စက်ပြုပြင်၊ ပူပင်ဖောက်လှဲ၊ ဒုက္ခမြဲ၊ ကျွတ်လွယ်ဆိတ်ထွေ၊ မသေမပြု၊ သုခအမှန်၊ စည်းပူးနှင်းဆောင်၊ ဖွဲ့နှောင်နှောက်ယှက်၊ အချက်လေးပါး၊ ဒုက္ခပွား၊ လွတ်မြောက်တည်ခိုင်၊ မြဲနိုင်ကြီးကဲ၊ သုလမ်းမြဲ။ ။

## ၁၁၃။ ခန္ဓဝိဘင်း ခန္ဓာ(၅)ပါး အကျယ်

ရာသဋ္ဌေနခန္ဓာ–

ရာသဋ္ဌေန၊ အပေါင်းအစုဟူသော အနက်ကြောင့်၊ ခန္ဓာ၊ ခန္ဓာမည်၏။

(အဌသာလိနီ၊ ၄ ၁၀၅)

ခန္ဓာငါးပါး၌ ပစ္စုပ္ပန် အတိတ် အနာဂါတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမ ဟူ၍ (၁၁) မျိုးသော ရုပ်တို့ကို ဖောက်ပြန်ခြင်းသဘောအားဖြင့် တူခြင်းကြောင့် စုပေါင်း၍ ရူပက္ခန္ဓာရုပ်အစုဟု ခေါ်၏။

ပစ္စုပ္ပန် အတိတ် အနာဂါတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမ ဟူ၍ (၁၁)မျိုးသော ဝေဒနာတို့ကို ခံစားခြင်းသဘောအားဖြင့်တူခြင်းကြောင့် စုပေါင်း၍ ဝေဒနက္ခန္ဓာ–ဝေဒနာအစုဟု ခေါ်သည်၊

ပစ္စုပ္ပန် အတိတ် အနာဂါတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမ ဟူ၍ (၁၁)မျိုးသော သညာတို့ကို မှတ်သားခြင်းသဘောအားဖြင့် တူခြင်းကြောင့် စုပေါင်း၍ သညက္ခန္ဓာဟုခေါ်သည်။

ပစ္စုပ္ပန် အတိတ် အနာဂါတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမ ဟူ၍ (၁၁)မျိုးသော သင်္ခါရတို့ကို ပြုပြင်တတ်သော သဘောအားဖြင့်တူခြင်းကြောင့် စုပေါင်း၍ သင်္ခါရက္ခန္ဓာ—သင်္ခါရအစုဟု ခေါ်သည်။

ပစ္စုပ္ပန် အတိတ် အနာဂါတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဒူရ အာသန္န ဟီန ပဏီတ ဩဠာရိက သုခုမ ဟူ၍(၁၁)မျိုးသော ဝိညာဏ်တို့ကို အထူးသိခြင်းသဘောအားဖြင့် တူခြင်းကြောင့် စုပေါင်း၍ ဝိညာဏက္ခန္ဓာ—ဝိညာဏ်အစုဟုခေါ်သည်။

ဖေဏပိဏ္ဍူပမံရူပံ၊ ဝေဒနာပုပ္ဗုဠူပမာ၊

မရီစိကူပမာသညာ၊ သင်္ခါရာကဒလူပမာ၊

မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ၊

(သမ္မောဟဝိနောဒနီ၌၊ ခန္ဓဝိဘင်း ၌၊ ၃၀၊ ခန္ဓဝဂ္ဂ၊ သံ၊ ပါ၊ ပုပ္ဖဝဂ် ၁၁၆)

ထိုခန္ဓာငါးပါးတို့တွင် ဖောက်ပြန်သောသဘောဟူသောရုပ်ကို ရေမြှုပ်ဆိုင်နှင့်တူ၏ဟု ရှုကြည့်ရမည်။ ခံစားတတ်သောသဘောဟူသော ဝေဒနာကို ရေပွက်နှင့်တူ၏ဟု ရှုဆင်ခြင်ရမည်။

မှတ်သားခြင်းသဘောဟူသောသညာကို တံလျှပ်နှင့်တူ၏ ဟု ရှုရမည်။

အားထုတ်တတ်သော သဘော ပြုပြင်တတ်သောသဘော သင်္ခါရက္ခန္ဓာကို ငှက်ပျောတုံးကဲ့သို့ အနှစ်မရှိဟု ရှုရမည်။

အထူးသိတတ်သော ဝိညာဏက္ခန္ဓာကို မျက်လှည့်တူ၏ဟု ရှုရမည်ဟု မြတ်စွာဘုရားဟောတော်မူ၏။

## ၁၁၄။ အာယတနဝိဘင်း-အာယတန(၁၂)ပါးကို အဇ္ဈတ္တိက-ဗာဟိရခွဲပြီး အပါကာကောပမာ

## ရွာဖုံးဆုံးဥပမာ ရွာပျက်သူခိုးဥပမာ

အာယတနတော၊ သံသရာစီးပွားကို ချဲ့တတ်သောကြောင့် အာယတနဟု ခေါ်သည်။ ထိုအာယတနသည် အဇ္ဈတ္တိကာယတန ဗာဟိရာယတနဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တသဏ္ဍာန်၌ ဖြစ်သော မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာ အကြည် ကာယအကြည် မနောအကြည် ဤ(၆)ပါးကား အဇ္ဈတ္တိ ကာယတနမည်၏။

အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့၊အထိ သဘောတရား ဤ(၆)ပါးကား ဗာဟိရာယတနမည်၏။

အထူးအမှာ– အဇ္ဈတ္တိကာယတနကို-အတွင်းအာယတန
ဗာဟိရာယတနကို-အပြင်အာယတနဟု
မှတ်ခေါ်၏။

(၁) အတွင်းအာယတန (၆)ပါးတွင် မျက်စိအကြည်သည် ရုပ်ထွေးသောအာရုံ၌သာ မွေ့လျော်တတ်သောကြောင့် တောင်ပို့၌သာကျက်စားသော မြွေနှင့်တူ၏ဟု ရှုမှတ် ဆင်ခြင်ရမည်၊

(၂) မိချောင်းသည် ရေမှာမွေ့လျော်သကဲ့သို့ဖြစ်သောကြောင့် နား အကြည်သည် မိချောင်းနှင့်တူ၏ဟု ရှုမှတ်ဆင်ခြင်ရမည်၊

(၃) ငှက်သည် ကောင်းကင်၌ မွေ့လျော်ကျက်စားသောကြောင့် အာကာသလျှင် အလိုရှိသော ဃာနအကြည်သည် ငှက်နှင့် တူ၏ဟု ရှုမှတ်ဆင်ခြင်ရမည်၊

(၄) အိမ်ခွေးသည် ရွာမှာသာ ကျက်စားသောကြောင့် ဂါမဇ္ဈာ သယအာပေါဓာတ်ကိုမှီတဲ့ ရသာရုံကို အာရုံပြုသော ဇိဝှာ အကြည်သည် အိမ်ခွေးနှင့်တူပေ၏ဟု ရှုမှတ် ဆင်ခြင်ရမည်၊

(၅) ခွေးအသည် သုဿာန်မှာသာ မွေ့လျော် ကျက်စားသော ကြောင့် ဥပါဒိဏ္ဏကကို အလိုရှိသော ကာယအကြည်သည် ခွေးအနှင့်တူ၏ဟု ရှုမှတ်ဆင်ခြင်ရမည်။

(၆) မျောက်သည် သစ်ပင်၌သာ မွေ့လျော်ကျက်စားသောကြောင့် နာနာ့ရမ္မဏ္ဏာသယရှိသော မနောအကြည်သည် မျောက်နှင့်တူ၏ဟု ရှုမှတ်ဆင်ခြင်ရမည်။

အပြင်အာယတနကား အာရုံတရားဖြစ်ခြင်းကြောင့် ခိုးသူတို့ နှင့်တူ၏ဟူ၍ ရှုမှတ်ဆင်ခြင်ရမည်။

## ၁၁၅။ ဝိပဿနာပညာရှိမှ လမ်းဖြောင့်သည်

ဝိပဿနာပညာမရှိခြင်းကြောင့် အသိမှား အမှတ်မှား အယူ အဆမှားကြသဖြင့် သံသရာ၌ဆင်းရဲကြရသည်။ ဝိပဿနာပညာရှိမှ သာ လမ်းမှန်ကိုသိသဖြင့် ဆင်းရဲကင်းနိုင်သည်။

ပညာသယပရိဟာနေန၊ ယောလောကံသဒေဝကံ၊
နိဝိဋ္ဌံနာမရူပသ္မိံ၊ ဣဒံသစ္စန္တိမညတိ၊
ပညာတိဋ္ဌောလောကသ္မိံ၊ ကာယံနိဗ္ဗေဓဂါမိနိ၊
ယာယသမ္မာပဇာနာတိ၊ ဇာတိဘဝမရိက္ခယံ၊

(ဣတိဝုတ်ပါဠိ ၂၁၉)

(အနက်) ပညာယ၊ ဝိပဿနာပညာမှ ပရိဟာနေန၊ ယုတ် လျော့ခြင်းကြောင့်။ ဧတံ သဒေဝကံ၊ နတ်နှင့်တကွသော ဤလူ အပေါင်းကို။ ပဿ၊ ရှုလော့။ ဝါ၊ ကြည့်လော့။ နာမရူပသ္မိံ၊ နာမ်ရုပ် တရား၌။ နိဝိဋ္ဌံ၊ ငါ ငါ့ဥစ္စာ ငါ့ကိုယ်ဟူ၍ ဝိပ္ပလ္လာသ သုံးပါးဖြင့် သက်ဝင်နေ၏။ ဣဒံ၊ ဤငါ ငါ့ဥစ္စာ စသည်ဖြင့် အသိမှား အမှတ် မှားခြင်းကို၊ သစ္စန္တိ၊ မှန်၏ဟူ၍။ မညတိ၊ မှတ်ထင်၏၊

ဟိ၊မှန်၏။ ယာယံ၊အကြင်ပညာသည်၊ နိဗ္ဗေဝေါမိနီ၊ဝိပ္ပလ္လာ သတရားကိုကိုဖောက်ထွင်းသိတတ်၏၊ သာပညာ၊ ထိုဝိပဿနာပညာ သည်၊ သောကဿိ၊လောက၌။ သေဋ္ဌာ၊မြတ်၏၊ ယာယ၊ အကြင် ဝိပဿနာပညာဖြင့်၊ ဇာတိဘဝရေကိုကျွယံ၊ ပင့်သန္ဓေနေခြင်း ဟူသော ဘဝ၏ကုန်ခြင်းကို။ သမ္မာ၊ မဖောက်မပြန်ကောင်းစွာ။ ပဇာနာတိ၊ သိနိုင်၏။

ဤသာဓကကို ထောက်ထား၍ ဝိပဿနာပွားများသင့်၏။

## ၁၁၆။ သမိဒ္ဓိမထေရ်အား နတ်သမီးက ဖျားယောင်းပုံ

အရှင်သမိဒ္ဓိဟာ ရေချိုးပြီး ရေမှတက်လျက် သင်းပိုင်ကိုဝတ် ၍ ကိုယ်မှာ ရေခြောက်သွေ့အောင် ခေတ္တရပ်နေစဉ် နတ်ဘမီး တစ်ယောက်ကရောက်လာပြီး နုပျိုတဲ့အခါမျိုးမှာ ကာမဂုဏ်ခံစားဖို့ ကောင်းကြောင်း စသည်ဖြင့် ဖျားယောင်းပြောဆိုရာ အရှင်သမိဒ္ဓိက ကာမဂုဏ်ခံစားဖို့ နောက်ဘဝ နတ်သမီးဖို့ ရဟန်းပြုသည်မဟုတ်၊ ကာမဂုဏ်ဟာ အမှန်စင်စစ်တော့ ချမ်းသာမဟုတ်၊ ဆင်းရဲတုံးဆင်းရဲ ခဲကြီးတွေပဲလို့ ဘုရားရှင်ဟောတော်မူတယ်။

ဒါ့ကြောင့် ငါဟာ နောက်ရမည့် ကာမဂုဏ်ကို မတောင့်တဘူး ငါတောင့်တတာကတော့ လောကုတ္တရာတရားကို ကိုယ်တိုင် သိနိုင် ဖို့မဲ၊ လောကုတ္တရာတရားဟာ ကျင့်ကြံနိုင်လျှင် အမှန်ဘကယ်ကိုယ်တိုင် သိနိုင်တဲ့တရား ဖြစ်တယ်။ အခါမလင့် အကျိုးပေးတယ်၊ လာပါ ကြည့်ပါလို့ ခေါ်ဆောင်ပြထိုက်တဲ့တရားဖြစ်တယ်။

မိမိရဲ့သဏ္ဍာန်မှာ ဆောင်ထားထိုက်တယ်။ အရိယာပညာရသူ များ ကိုယ်စီကိုယ်ငှ သိထိုက်တဲ့တရား ဖြစ်တယ်လို့ ပြန်ပြောသတဲ့၊ အရှင်သမိဒ္ဓိရဲ့ တရားကို ကြားတော့ နတ်သမီးဟာ အံ့သြတဲ့မျက်နှာ နဲ့ အရှင်သမိဒ္ဓိကိုကြည့်ပြီးတော့ အရှင်ရဟန်း ဒီကာမဂုဏ်ငါးပါးထဲ မှာ ဘယ်လိုအပြစ်များရှိလို့ ဆင်းရဲတုံးဆင်းရဲခဲကြီးလို့ပြောလိုက်တာ လဲ၊ ဒီကာမဂုဏ်ငါးငါးထဲမှာဘာအပြစ်မှမရှိပါဘူး၊ သူ့ကိုခံစားသူ

တိုင်း ချမ်းသာသုခကို ရနိုင်တယ်မဟုတ်ပါလား။ ဒီသောက် ချမ်းသာမှုကိုဆောင်နိုင်ပါလျက် ဘာ့ကြောင့် ကာမဂုဏ်တရားကို ဆင်းရဲတုံး ဆင်းရဲခဲကြီးလို့ ပြောလိုက်တာလဲ။

ဘုရားရှင်ကတော့ နောက်ဖြစ်မည့် ကာမဂုဏ်ကို အဘယ်သို့သော ဆင်းရဲခြင်းမျိုး ပင်ပန်းခြင်းမျိုးများ ရှိတယ်လို့များ ဟောကြားတော်မူသွားပါသလဲ၊ လောကုတ္တရာကတော ဘယ်လို ကိုယ်စီကိုယ်ငှ သိနိုင်တာလဲ၊ ဘယ်လိုအခါမလင့် အကျိုးပေးတာလဲ လာပါ ရှုပါ ကျင့်ကြပါလို့ ဘယ်လိုဆောင်ပြထိုက်တာလဲ၊ ဘယ်လိုမိမိသန္တာန်မှာ ဆောင်ထားထိုက်တာလဲ၊ ပညာရှိသူများက ဘယ်လို ကိုယ်စီကိုယ်ငှ သိနိုင်တာလဲလို့မေးတယ်။

ဒီအခါ အရှင်သမိဒ္ဓိက နတ်သမီး ငါရဟန်းပြုခဲ့တာ မကြာသေးလို့ ဘုရားရှင်ရဲ့တရားတော်ကို အကျယ်မဟောပြနိုင်ဘူး။ ဘုရားရှင်ဟာ ဟောဟိုက ပေါဒါရုံကျောင်းတော်မှာ သီတင်းသုံးနေတယ်၊ အသင်ကိုယ်တိုင် ဘုရားရှင်ထံ သွားရောက်မေးလျှောက်လျှင်မကောင်းဘူးလားလို့ ပြန်ပြောတယ်။

နတ်သမီးက တန်ခိုးကြီးတဲ့ နတ်မင်းများ ယခုအခါ ဘုရားရှင်ရဲ့ အနီးမှာရှိနေတဲ့အတွက် ဘုရားရှင်ထံ ချဉ်းကပ်ရန် မလွယ်ပါဘူး၊ အရှင်ရဟန်းဟာ ဘုရားရှင်ထံတော်ပါးချဉ်းကပ်ပြီး ဒီပြဿနာကို မေးလျှောက်မည်ဆိုပါလျှင် တပည့်တော်မလည်း တရားနာရန် လာပါမည်လို့ ပြောသတဲ့။

အရှင်သမိဒ္ဓိက- နတ်သမီးကောင်းပြီး ယခုပင် ဒီပြဿနာကို ဘုရားရှင်ထံ ငါလျှောက်ကြားမယ်၊ အသင်လည်း တရားနာလိုက်ခဲ့ပေါ့လို့ ချက်ချင်း ဘုရားရှင်ထံ လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က နတ်သမီးကို ရည်ရွယ်ပြီး ဒီဂါထာ နှစ်ပုဒ်ကို ဟောတော်မူတယ်၊

(က) အက္ခေယျသညီနော သတ္တာ၊ အက္ခေယျသ္မိံ ပတိဋ္ဌိတာ၊
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော၊

(ခ) အကွေယျဋ္ဌပရိညာယ၊ အက္ခာတာရံနမညတိ၊
တံဟိတဿ န ဟောတီတိ၊ ယေနနံ့ဝဇ္ဇာ နတဿံအတ္တိ၊
(သဂါထာဝဂ္ဂသံ-ပါ-နန္ဒဝစ္စ-၁၁)

(အနက်) (က) အကွေယျ သညိနော၊ ခန္ဓာငါးပါးတို့၌ ငါ သူတစ်ပါးယောကျာ်း မိန်းမ စသည်ဖြင့် အမှတ်ရှိကုန်သော။ အကွေယျသို့၊ ခန္ဓာငါးပါး အပေါ်း၌။ ပတိဋ္ဌိတာ၊ ငါ သူတစ်ပါး ယောကျာ်း မိန်းမ စသည် စွဲလမ်းကုန် တည် ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်၊ အကွေယျံ၊ ခန္ဓာ ငါးပါး အပေါင်းကို၊ အပရိညာယ၊ အမှန်တကယ်မသိ ကြခြင်းကြောင့်။ မစ္စုနော၊ သေမင်း၏။ ယောဂံ၊ ပိုင် နက်သို့။ အာယန္တိ၊ ရောက်ကြရကုန်၏။

(ခ) အကွေယျဋ္ဌ၊ ခန္ဓာငါးပါးကိုလည်း။ ပရိညာယ၊ လူနတ် စသည်မဟုတ်၊ ရုပ်နာမ် ပိုင်းခြား၍ သိခြင်း ကြောင့်။ခီဏာသဝေါ၊ရဟန္တာပုဂ္ဂိုလ်သည်၊အက္ခာတာရံ ကြားအပ်သော ပညာတ်ကို၊ နမညတိ၊ မအောင်းမေ့၊ ဝါ မမှတ်။ ဟိ၊မှန်၏၊ တံ၊ ထိုကြားအပ်သော အမည် ပညာတ်သည်၊ တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား၊ နဟော တိ၊ မထင်၊ ယေန၊ အကြင်ရာဂရှိသော ပညာတ်ဖြင့် တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား၊ ဝဇ္ဇာ၊ အပြစ်သည်၊ နအတ္တိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်၊ ခီဏာသဝေါ၊ ရဟန္တာ ပုဂ္ဂိုလ်သည်၊ အက္ခာတာရံ၊ ကြားအပ်သော ပညာတ်ကို၊ နမညတိ၊ မအောင်းမေ့၊ ဝါ မမှတ်၊

ပုထုဇဉ် ပုဂ္ဂိုလ်ဟာ အမှန်တကယ်ရှိတဲ့ ရုပ်နာမ်တရား ခန္ဓာ ငါးပါးကို မမြင်တတ်ဘူး၊ ရုပ်နာမ်အပေါ် ချယ်လှယ်ထားတဲ့ ငါ သူတစ်ပါး ယောကျာ်း မိန်းမစတဲ့ ပညာတ်မျိုးကိုသာ အဟုတ်ရှိ အမှန်ရှိတရားဟု ထင်မှတ်နေတယ်၊ ဒီလိုအထင်အမြင်မှား နေသမျှ ကာလပတ်လုံး အမှန်တကယ်ရှိတဲ့ ရုပ်နာမ်တရားကို မမြင်ဘူး၊ ရုပ် နာမ်ကို မမြင်တဲ့အတွက် ရုပ်နာမ်ရဲ့ အဖြစ်အပျက် အနိစ္စအချက်ကို

လည်း မမြင်ဘူး၊ ရုပ်နာမ်ရဲ့ အဖြစ်အပျက် အနိစ္စအချက်ကို မမြင်သမျှ ရုပ်နာမ်ရဲ့ အဖြစ်ကိုလည်း မသိဘူး၊ ရုပ်နာမ်၏ အဖြစ်ကို မမြင်သမျှ နာမ်ရုပ်အပေါ် တပ်မက်တဲ့ တဏှာအဟုန် မသေဘူး၊ တဏှာအဟုန် မသေသေးသမျှ ဘဝမပျက်ဘူး။ ဘဝမပျက်သမျှ အသေမစဲဘူး ဒါကြောင့် ခန္ဓာငါးပါး အပေါင်းကို အမှန်တကယ် မသိကြခြင်းကြောင့် သေမင်းရဲ့ပိုင်နက်သို့ ရောက်ကြရတယ်။ ရဟန္တာပုဂ္ဂိုလ်ကတော့ ငါ့သူတစ်ပါးယောကျ်ား မိန်းမစသော ပညတ်ကို ဖောက်ထွင်းပြီး အမှန်တကယ်ရှိတဲ့ နာမ်ရုပ်တရားကို ပိုင်နိုင်စွာ သိပြီးပြီ။ လောကဝေါဟာရအားဖြင့် ငါ့သူတစ်ပါး ယောကျ်ား မိန်းမစတဲ့ ပညာတ်စကားတွေကို ကြားနေသော်လည်း ပြောသလို ကြားသလို ပညတ်ကိုမယူတော့ဘူး၊ ပညတ်အဖြစ် မထင်မှတ်တော့ဘူး။

ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဟာ သေမင်းရဲ့ပိုင်နက်ဖြစ်တဲ့နိုင်ငံက လွတ်မြောက်တော်မူတယ်လို့ ဟောတော်မူပါတယ်။ ဒါကြောင့် ဝိပဿနာအလုပ် တကယ်အားထုတ်မည့် ပုဂ္ဂိုလ်ဟာ အမှတ်ရှိတဲ့ ခန္ဓာငါးပါး နာမ်ရုပ်တရားကို ပိုင်းခြားတိတိမြင်သိဖို့ အလွန် အရေးကြီးပါတယ်။

## ၁၁၇။ ပညာတ်မှ ပရမတ်ထုတ်နည်း

ပညာတ်က အသီးထုတ်ပြီး နာမ်ရုပ်ကိုထင်မြင်အောင်လေ့လာတဲ့နည်းဟာ (၃)နည်းရှိပါတယ်။ သုံးနည်းဆိုတာက ခန္ဓာနည်း၊ အာယတနနည်း၊ ဓာတ်နည်းများ ဖြစ်ကြပါတယ်။ နည်းသုံးနည်းဆိုဟာကလဲ ပုဂ္ဂိုလ်သုံးမျိုးရှိလို့ပါတဲ့၊ ပုဂ္ဂိုလ်သုံးမျိုးဆိုတာကတော့ ဉာဏ်အားနည်းတဲ့ပုဂ္ဂိုလ်၊ ဉာဏ်အလယ်အလတ်ပုဂ္ဂိုလ်၊ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်ကတော့ ခန္ဓာကိုယ်ကို ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိဉာဏ်ဆိုတဲ့ ခန္ဓာငါးပါးနှင့် ခွဲလိုက်ရုံဖြင့် ပညာတ်ပျောက်ပြီးပရမတ်အမြင် ပေါက်ပါသတဲ့။

ဉာဏ်အလယ်အလတ်ပုဂ္ဂိုလ်ကတော့ ခန္ဓာငါးပါးဖြင့် ခွဲရုံနှင့် ပရမတ်အမြင်မပေါက်သေးတဲ့ အာယတန(၁၂)ပါးနှင့် ခွဲကြည့်မှ ပရမတ်အမြင်ပေါက်ပါသတဲ့။ ဉာဏ်အားနည်းတဲ့ ပုဂ္ဂိုလ်ကတော့ အာယတန (၁၂) ပါးဖြင့် ခွဲကြည့်ရုံမျှနှင့် ပရမတ်အမြင်မပေါက်သေးဘဲ ဓာတ်(၁၈)ပါးဖြင့် ခွဲကြည့်သောအခါမှ ပရမတ်အမြင်ပေါက်ပါသတဲ့။

ဒီလိုပုဂ္ဂိုလ်သုံးမျိုး ကွဲပြားခြားနားခြင်းရှိတဲ့အတွက် ပညာတ်က ပရမတ်ကို အသီးထုတ်ရမှာ နည်းသုံးပါးဖြင့် ဘုရားရှင် ဟောတော်မူတယ်လို့ ဆရာမြတ်တို့ မိန့်ဆိုတော်မူကြပါတယ်။ ပညာတ်က ပရမတ်ကို အသီးထုတ်ပြီး ပရမတ်ရုပ်နာမ်ကိုမြင်ဖို့အလုပ်ဟာ အခြား အလုပ်မဟုတ်ပါဘူး၊ သတိပဋ္ဌာန်အလုပ် ဖြစ်ပါတယ်။

သတိပဋ္ဌာန်တရားလေးပါးရှိရာမှာ ကာယာနုပဿနာ သတိပဋ္ဌာန်ဟာ ရူပက္ခန္ဓာကို မြင်အောင်ကြည့်တဲ့ အလုပ်ပါပဲ။ ကာယာနုပဿနာ ကမ္မဋ္ဌာန်းမှာ အပိုင်း(၁၄)ပိုင်းရှိသည့်အနက် တစ်ပိုင်းပိုင်းကိုမျှ အားမထုတ်ဘူးခဲ့သေးလျှင် ဝိပဿနာခွင်ဝင်တဲ့အခါမှာ ပရမတ်ရုပ်အစစ်ကို ဖမ်းလို့မမိတတ်ပါဘူး၊

ထို့အတူ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟာ ဝေဒနက္ခန္ဓာ အစစ်ကိုဖမ်းတဲ့ တရားပါပဲ ဝေဒနာနုပဿနာ သတိပဋ္ဌာန်အလုပ်ကို မလုပ်ဘူးသေးလျှင် ပရမတ်ဝေဒနာအစစ်ကို ဖမ်းလို့မမိတတ်ပါဘူး။ စိတ္တာနုပဿနာသတိပဋ္ဌာန်ကတော့ ဝိညာဏ်နက္ခန္ဓာကို ဖမ်းတဲ့တရားပါပဲ။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ကတော့ သင်္ခါရက္ခန္ဓာကို ဖမ်းတဲ့ တရားပါပဲ ဝိပဿနာခွင်ဝင်လိုတဲ့ ယောဂီဟာ သူပြောလူပြော ရုပ်နာမ်စကားမှန်သမျှနှင့် ဘယ်အလုပ်လုပ်လို့မရသေးပါဘူး။ ပရမတ် ရုပ်နာမ်အစစ်ကိုထင်မြင်အောင် သတိပဋ္ဌာန်ကို ဦးစွာလုပ်ရပါသေး တယ်။ အဲဒီအကြောင်းကို အချို့ပုဂ္ဂိုလ်များက သတိပဋ္ဌာန်ဆိုတာ ဟာ သမထအလုပ်ပါပဲ။ သမထအလုပ်ဆိုတာ သာသနာပအလုပ် ဖြစ်တယ်၊ ငါတို့သာသနာတွင်းအလုပ်ဖြစ်တဲ့ ဝိပဿနာအလုပ်မှ ကြိုက်တယ်လို့ အပြောများတတ်ကြသေးတယ်။

ဒါကြောင့် အမှန်တကယ် ကြိုးကြိုးစားစား ဝိပဿနာအလုပ်ကို အားထုတ်လိုတဲ့ပုဂ္ဂိုလ်ဟာ သူပြောလူပြော ရုပ်နာမ်စကားမျှနှင့် ငါတို့ရုပ်နာမ် ပိုင်ပြီလို့စိတ်ကြီးမဝင်ကြပဲ သတိပဋ္ဌာန်အလုပ်ကို အားထုတ်ပြီး ခန္ဓာနည်းအားဖြင့်လည်းကောင်း၊ အာယတနနည်းအားဖြင့်လည်းကောင်း၊ ဓာတ်နည်းအားဖြင့်လည်းကောင်း၊ ရုပ်နာမ်ကို အမှန်တကယ်သိအောင် အားထုတ်သင့်ကြပါတယ်။

သတိပဋ္ဌာန်နည်းအားဖြင့်အားထုတ်လို့ ဤသည်ကား ယောကျ်ား မိန်းမမဟုတ် လူမဟုတ် နတ်မဟုတ် ရုပ်နာမ်မျှသာတည်းလို့ ပိုင်နိုင်သွားခဲ့ပါလျှင် ဉာဏ်အမြင်စင်ကြယ်တဲ့အတွက် ဒိဋ္ဌိဝိသုဒ္ဓိလို့ခေါ်ရပါတယ်။

ဤဒိဋ္ဌိဝိသုဒ္ဓိကိုပင်လျှင် နာမ်ရုပ်(၂)ပါးတို့ကို ပိုင်းခြားသိတဲ့အတွက် နာမရူပဝဝတ္ထာနဉာဏ်လို့လဲ ခေါ်တယ်။ နာမရူပပရိစ္ဆေဒဉာဏ်လို့လဲ ခေါ်ပါသေးတယ်။

ဒီဉာဏ်ဟာ ဖော်ပြနေတဲ့ ရထဝိနီတသုတ္တန်အရ တတိယမြောက်။ ရထားပါပဲ တိတယရထားက ကူးပြောင်းလျှင် စတုတ္ထရထားကို ရောက်ပါလိမ့်မယ်။ စတုတ္ထရထားဆိုတာကတော့ သင်္ခါဝိတရဏ ဝိသုဒ္ဓိကိုဆိုလိုပါတယ်။

## ၁၁၈။ သင်္ခါဝိတရဏဝိသုဒ္ဓိ

ဒိဋ္ဌိဝိသုဒ္ဓိအဆင့်မှာ ယောဂီဟာ ရုပ်မှန်း နာမ်မှန်းသိသွားပါပြီ၊ သို့သော်လည်း ရုပ်နာမ်အပေါ်မှာ ယုံမှားခြင်း မကင်းသေးဘူး။

ပုထုဇဉ်များဟာ ရုပ်နာမ်အပေါ်မှာ အမြင်မှား(၂)ခု ရှိနေကြတယ်၊ အချို့က ရုပ်နာမ်ရဲ့ ဖြစ်စဉ်ကိုမမြင်ဘူး။ ဖြစ်စဉ်ကို မမြင်တော့ ရုပ်နာမ်ဆိုတာ အကြောင်းမရှိဘဲ သူ့ဖြစ်ခြင်သလို ဖြစ်ပေါ်နေတယ်လို့ အယူရှိကြတယ်။ အချို့ကတော့ ရုပ်နာမ်ဟာ သူဖြစ်ချင်သလို ဖြစ်တာမဟုတ်ဘူး ဖန်ဆင်းရှင်ရဲ့အလိုတော်အတိုင်း ဖြစ်ပေါ်လာရတယ်လို့ ယူဆကြပါတယ်။

ဒီအယူအဆ(၂)မျိုးဟာ တစ်မျိုးမှမမှန်ဘူး ရုပ်နာမ်ရဲ့ဖြစ်စဉ်ကို အမြင်မသိတဲ့အတွက် ထင်မိထင်ရာ ယူဆပြောလာကြတဲ့ အယူမှားများသာဖြစ်ကြတယ်။ အမှန်ကတော့ ဘယ်သူမှဖန်ဆင်းလို့ ဖြစ်ပေါ်လာတာမဟုတ်ဘူး၊ ရုပ်ခန္ဓာဟာ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းများကြောင့် ဖြစ်လာတယ်၊ နာမ်ခန္ဓာဟာဝတ္ထုအာရုံ မနသိကာရစသော အကြောင်းများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်တယ်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းတရားကို သိခဲ့ရင် ဒီရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေဟာ အကြောင်းကို အမှီပြုပြီး ဖြစ်ပေါ်လာတဲ့တရားတွေပဲ။ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အတွက် အကြောင်းချုပ်လျှင် ဒီရုပ်နာမ်ခန္ဓာတွေလဲ ချုပ်တော့တာပဲ။

ရုပ်နာမ်ခန္ဓာဆိုတာဟာ အမှန်စင်စစ်တော့ ဖြစ်ပျက်အစဉ်မျှသာတကား၊ ဖြစ်ပျက်အစဉ်ဖြစ်တဲ့ ရုပ်နာမ်တွေ ခန္ဓာတွေဟာ ရှေ့ကလည်း အကြောင်းအားလျော်စွာ ဖြစ်ပျက်ခဲ့ကြပြီး ယခုလဲ ဖြစ်ဆဲပျက်ဆဲ နောင်လည်း နိဗ္ဗာန်မဝင်သမျှ ဖြစ်ပျက်နေကြမှာပါတကားလို့ သဘောပေါက်သွားလျှင် ရုပ်နာမ်ရဲ့အတွင်းမှာ ဘယ်သူ ဘယ်နတ် ဘယ်အတ္တမျှ မပါဝင်တဲ့အတွက် ရှေ့က ငါဖြစ်ဘူးသလား၊ မဖြစ်ခဲ့ဘူးလားစသော အတိတ်ယုံမှားမှုတွေ ယခုဖြစ်ပျက်ခန္ဓာကို စွဲပြီး ငါဟုတ်မှဟုတ်ပါရဲ့လား ပစ္စုပ္ပန်ယုံမှားမှုတွေ၊ နောင် ငါဖြစ်ဦးမှာလား စသော အနာဂါတ် ယုံမှားမှုတွေဟာ ကင်းစင်သွားနိုင်ပါတယ်။

ဗုဒ္ဓရဲ့အပေါ် ဓမ္မရဲ့အပေါ် သံဃာ့အပေါ်ယုံမှား ဖြစ်နေတဲ့ သံသယစိတ်များကိုလည်း ကင်းစင်သွားစေနိုင်တယ်။ ဒီလို သံသယများ ကင်းစင်သွားစေနိုင်တဲ့အတွက် ဒီအဆင့်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်လို့ ဘုရားရှင်က ဟောတော်မူပါတယ်။

## စူဠသောတာပန်

ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်ထိအောင် ယောဂီပုဂ္ဂိုလ်ဟာ ဝိပဿနာခွင် မဝင်ရသေးပါဘူး၊ ဝိပဿနာခွင် မဝင်ရသေးလို့ ရုပ်

နာမ်ဘို့ရဲ့ဖြစ်ပျက်ကို အနုဗောဓအသိမျှနှင့်သာ သိသေးတယ်။ ပဋိဝေဓ အသိနှင့်မသိရသေးဘူး။ သို့သော်လည်း ဒိဋ္ဌိဝိသုဒ္ဓိအဆင့်မှ ရုပ်နာမ် မျှသာရှိတယ်။ ရုပ်နာမ်မှတစ်ပါး ငါ သူတစ်ပါး ယောကျ်ား မိန်းမ အတ္တဆိုဘာ မရှိဘူးလို့ လောကီဝိပဿနာဉာဏ်ဖြင့် အမှန်ကိုမြင်ခဲ့ပြီ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိကြပြန်တော့ ယုံမှားမှုဆိုတဲ့ ဝိစိကိစ္ဆာကို ပယ်ခွာ ပြန်ပြီး ဒိဋ္ဌိဖြင့် ဝိစိကိစ္ဆာကို ပယ်ခွာပြီးသော ပုဂ္ဂိုလ်ကို သင်္ဂြိုဟ် အကျယ်မှာ ဂျဆိုသည့်အတိုင်း သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်သင့် ပါတယ်။

သို့သော် ဒီအဆင့်မှာကလဲ ဝိပဿနာခွင်ကို မဝင်ရသေးတဲ့ အတွက် သောတာပတ္တိမဂ်ကို မပွားရသေးပါဘူး။ ဒါကြောင့် သောတာ ပန်အဆင့် မဟာသောတာပန်လို့တော့ မခေါ်နိုင်ဘူး။ သောတာပန် အငယ်စား စူဠသောတာပန်ဖြစ်ပြီလို့ ကျမ်းများမှာ ပြဆိုပါတယ်၊

စူဠသောတာပန်ပုဂ္ဂိုလ်ဟာ သီလဝိသုဒ္ဓိက လွတ်မြောက်လာ သူမို့ သမာဓိလဲအားကောင်းတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိက လွတ်မြောက်ခဲ့သူ ဖြစ်လို့ ဉာဏ်အမြင်လဲ မှန်ကန်တယ်၊

ဒါကြောင့် ဒီအဆင့်က လျောမကျပါလျှင် ဒုတိယ ဘဝမှာ အပါယ်မလားနိုင်ဘူး။ ဖြစ်ရာသုဂတိဘဝမှာ တရားသံကြားရုံမျှနှင့် မဂ်ပန်း ဖိုလ်ပန်း လွယ်လွယ်ပွင့်နိုင်မဲ့ အဆင့်မို့ ဒီအဆင့်လောက် ရောက်အောင်တော့ဖြင့် အားထုတ်သင့်ကြပါတယ်။ အားထုတ်နိုင် ကြပါစေသတည်း။ ။

## ၁။ ဥပါသကာဂုဏ်ရည်ကျမ်း၏ တိုက်တွန်းပုံ

## နိဒါန်း

ငါတို့ ဗုဒ္ဓဘာသာ လူမျိုးအားလုံးတို့မှာ လောက၌ အထွဋ်အထိပ် အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးကိုသာလျှင် အမြဲမပြတ်ဆည်းကပ် ကိုးကွယ်ကြလျက် လောကစီးပွား ဓမ္မစီးပွား နှစ်မျိုးစလုံး အားထုတ်ကြရစမြဲ အစဉ်အလာ ဓမ္မတာ ဖြစ်ပါပေသည်။ လောကစီးပွားအားထုတ်မှုကြောင့် ယခုဘဝ၌ပင်အနိဋ္ဌ အမင်္ဂလာတို့ကိုပယ်ခွာ၍ ဣဋ္ဌမင်္ဂလာ ကောင်းကျိုးအဖြာဖြာ တိုးပွားပြီး ကျက်သရေရှိသောလူရည်ချွန်များဖြစ်ကြ၍ သေလွန်ခါနီး ကာလ၌လည်း ကောင်းမှုဟူသော ရိက္ခာထုပ်ရပြီးသားပါသောကြောင့် မညှိုးငယ်ရ ဝမ်းမြောက်စွာဖြင့် ဘဝကူးကြရလေသည်၊ သကြားမင်းအလောင်း မာဃတို့ကဲ့သို့ နတ်ဖြစ်လျှင် နတ်ကောင်း၊ လူဖြစ်လျှင် လူကောင်း သူတော်ကောင်းအချင်းချင်း ရင်းရင်းနှီးနှီး ဘဝတိုင်း တွေ့ဆုံကြပြီးလျှင် သဒ္ဓါ သီလ သုတ စာဂ ပညာ ဤငါးပါးသော တရားများဖြင့် ကြီးပွားလာကြ၍ နောက်ဆုံးဘဝ ပစ္ဆိမကာလ၌ ဒုက္ခဇာတ်သိမ်း ချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြရလေသည်၊ ထို့ကြောင့် ယင်းအကျိုးတို့ကို ရရှိကြစေရန် စိတ်ရင်းသန်၍ ဥပသကာဂုဏ်ရည် အမည်တပ်လျက် ဓမ္မဒါန ဖြစ်စိမ့်သောငှာ အကျဉ်းချုပ်ဖြန့်ဝေလိုက်ပါသည်။ စေ့စေ့ငှငှကြည့်ရှုမှတ်သားကြလျက် ကျင့်သုံးနိုင်ကြပါစေသတည်း။

## ၂။ ဥပါသကာ မည်ပုံ

မေး -အဘယ်ကြောင့်ဥပါသကာမည်ပါသနည်း။

ဖြေ -မြတ်စွာဘုရားလျှင်ကိုးကွယ်ရာ၊ တရားတော်သာလျှင်ကိုးကွယ်ရာ၊ သံဃာလျှင်ကိုးကွယ်ရာ ဟူ၍ ကိုးကွယ်ရာ သုံးပါးထားလျက် ဆည်းကပ်တတ်သောကြောင့် ဥပါသကာ မည်ပါသည်။

## ၃။ အထူးမှတ်ဖွယ်

ကိုးကွယ်ဆိုသောစကား၏ အဓိပ္ပါယ်ကား ကြောက်လန့်ဖွယ်ဟူသမျှ ဒုက္ခတိဘေးဟူသမျှတို့ကို ပယ်ဖျောက်တတ်ပါပေသည်၊ စီးပွားချမ်းသာကို စီစဉ်ပေးတတ်ပါပေသည်ဟု ယုံကြည်သောအားဖြင့် ရတနာသုံးပါးအားဆည်းကပ်ခြင်းကို ကိုးကွယ်သည်ဟု ဆိုလိုသည်။

ကိုး–ဟူသောစကား၊ ကွယ်–ဟူသောစကားမှာ နတ်ကိုးသည်ဟူသောရှေ့စကားကိုလည်းကောင်း၊ ကာကွယ်သည် ဟူသော ရှေ့စကားကိုလည်းကောင်း၊ ထောက်ထား၍ စဉ်းစားကြပါ။

ဒါယကာကို - ဥပါသကာ

ဒါယိကာမကို- ဥပါသိကာမဟု ပါဠိဘာသာဖြင့်ခေါ်သည်။

## ၄။ ဥပါသကာအင်္ဂါ

မေး။ ။အဘယ်မျှလောက်သော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသောဥပါသကာသည် သီလရှိသော ဥပါသကာမည်ပါသနည်း။

ဖြေ။ ။သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ သူ့သားမယားကို လွန်ကျူးကျော်နင်းခြင်း၊ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၊ သေအရက်ကို သောက်စားခြင်း၊ ယင်းတို့မှကျဉ်ရှောင်သော ဥပါသကာသည် သီလရှိသော ဥပါသကာမည်ပါသည်။

အထူးမှတ်ရန်–ငါးပါးသီလ လုံခြုံသောသူသည် သီလရှိသူမည်၏ ဟု ဟောတော်မူသောကြောင့် ငါးပါးသီလမလုံခြုံသောသူသည် ဒုသီလမည်တော့၏။

(အင်္ဂုတ္တရနိပါတ်၊ မဟာနာမသုတ်၊ ပါ ၅၆)

## ၅။ ဥပါသကာတို့ မရောင်းဝယ်အပ်သော ကုန်သွယ်ခြင်းငါးမျိုး

(က) သတ္တဝါဏိဇ္ဇ-လက်နက်ပြုလုပ်၍ရောင်းခြင်း၊

(ခ) သတ္တဝါဏိဇ္ဇ-လူကိုရောင်းခြင်း၊

(ဂ) မံသဝါဏိဇ္ဇ-ကြက် ဝက်သား ငှက် စသည်တို့ကိုအသား တိုးအောင် မွေးမြူ၍ရောင်းခြင်း၊

(ဃ) မဇ္ဇဝါဏိဇ္ဇ-သေအရက်ကိုရောင်းခြင်း၊

(င) ဝိသဝါဏိဇ္ဇ-အဆိပ်ကိုဖော်စပ်၍ရောင်းခြင်းတို့ ဖြစ်ပါသည်။

**ဆောင်**-လက်နက်နှင့်လူ၊ အသားယူ၊ သေမူအရက်၊ အဆိပ်စွက်၊ ငါးချက်မိစ္ဆာ ပါဏိဇ္ဇာ။

ဤငါးမျိုးသောကုန်သွယ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါမူ မိစ္ဆာအာဇီဝ မကောင်းသော ဖြစ်တော့၏။ ထိုမိစ္ဆာအာဇီဝမှ ရှောင်ကြဉ်၍ ကောင်းသော အလုပ်ဖြင့် အသက်မွေးပါမူ သမ္မာအာဇီဝ ဖြစ်၏။ ကောင်းသောအသက်မွေးမှုမည်၏။

## ၆။ ဥပါသကာဂုဏ် ပျက်စီးပုံ

ဥပါသကာများသည် ငါးပါးသီလနှင့် အာဇီဝ ပျက်ခဲ့ပါမူ ဥပါသအာဂုဏ် ပျက်တော့၏၊ ဥပါသကာဂုဏ်မရှိတော့ပြီဟု ဆိုလိုပါသည်။

ဆိုခဲ့ပြီးသော အကြောင်း အင်္ဂါတို့မှတပါး ရတနာသုံးပါး၏ ဂုဏ်ကို မယုံကြည်ခြင်း စသော အကြောင်းအင်္ဂါမျိုးတို့နှင့် ပြည့်

စုံခဲ့ပါမူ ဥပသကာ စဏ္ဍာလဟူ၍ လည်းကောင်း၊ ဥပါသကာညစ်ဟူ၍ လည်းကောင်း၊ ဥပါသကာယုတ်ဟူ၍ လည်းကောင်း၊ ဆိုရတော့သည်။

## ၇။ ဥပသကာ ပျက်စီးပုံ အင်္ဂါငါးမျိုးကား

(က) ရတနာသုံးပါးကို မယုံကြည်ခြင်း။

(ခ) သီလမရှိခြင်း။

(ဂ) ကောတုဟလ မင်္ဂလာကို ယုံကြည်ခြင်း။

(ဃ) ကံကို မယုံကြည်ခြင်း။

(င) ဘုရားသာသနာပြင်ပဘာသာ အယူဝါဒ၌ အလှူခံပုဂ္ဂိုလ်ကို ရှာ၍ ထိုဘာသာခြား၌သာ ရှေ့ဦးစွာကောင်းမှုခြင်း၊ ဤငါးမျိုးတည်း။

## ဂ။ ထိုပြဆိုခဲ့ပြီးသော အကြောင်းငါးမျိုးတို့အကျယ်

တတိယအချက်အကြောင်း အင်္ဂါ၌ ကောတုဟလမင်္ဂလာကို ယုံကြည်ခြင်းဟူရာဝယ် ကောင်းသော အဆင်းသဏ္ဍာန်ကို မြင်တွေ့ပါက ကောင်းကျိုးရမည်ဟု ယုံကြည်ခြင်းသည် ဒိဋ္ဌမင်္ဂလာကို ယုံကြည်သူမည်၏။

နှစ်သက်ဖွယ်ကောင်းသော အသံကိုကြားရပါမူကောင်းကျိုးရမည်ဟု ယုံကြည်ခြင်းသည် သုတမင်္ဂလာကို ယုံကြည်သူမည်၏။

နှစ်သက်ဖွယ်ကောင်းသော အနံ့၊ အရသာ၊ အတွေ့တို့ကို နန်းရ၊ လျက်ရ၊ တွေ့ထိရပါမူ ကောင်းကျိုးရမည်ဟု ယုံကြည်ခြင်းသည် မုဘမင်္ဂလာကို ယုံကြည်သူမည်၏၊ ထိုဒိဋ္ဌမင်္ဂလာ သုတ မင်္ဂလာ မုတမင်္ဂလာ သုံးမျိုးကို ယုံကြည်ခြင်းသည် ကောတုဟလ မင်္ဂလာကို ယုံကြည်ခြင်းမည်၏။

အကျဉ်းချုပ်ကား။ ။ဒိဋ္ဌမင်္ဂလာဟူသည် - အမြင်ကိုစွဲယူသည်
သုတမင်္ဂလာဟူသည် - အကြားကိုစွဲယူသည်
မုတမင်္ဂလာဟူသည် - နှာခေါင်းဖြင့် နံ၊ လျှာဖြင့်လျက်၊ ကိုယ်ဖြစ် အထိအတွေ့မျိုးကို စွဲယူယူသည်။

ရှေးက အချို့လူများ ယုံကြည်ကြသည် နေမိတ္တက ဝိဇ္ဇာကျမ်း တိတ္ထုံကျမ်း၊ ပါရာယကြံ့ကျမ်း စသည်တို့သည် မိစ္ဆာအယူပင်တည်း၊

စတုတ္ထအချက် (က) အကြောင်းအင်္ဂါ၌ မင်္ဂလာကိုသာ အားကိုး၍ ကံတရားကို ပယ်ခြင်းကို ဆိုလိုသည်၊

## ၉။ ဥပါသကာဂုဏ်တိုးပွားပုံ

ဥပါသကာများမှာ ပြဆိုခဲ့ပြီးသော သီလအာဇီဝနှစ်ပါးနှင့် ပြည့်စုံခဲ့ပါက ဥပါသကာဂုဏ်ရှိသူမည်၏၊ ဂုဏ်ရှိသော ဥပါသကာမည်၏။ တစ်နည်းကား သဒ္ဓါစသော အကြောင်းအင်္ဂါ ငါးမျိုးနှင့် ပြည့်စုံသူ ဖြင်ပါမူကား ဥပါသကာမြတ်ဟူ၍ လည်းကောင်း၊ ဥပါသကာပဒုမ္မာဟူ၍ လည်းကောင်း၊ ဥပါသကာ ပုဏ္ဍရိတ်ဟူ၍ လည်းကောင်း ဆိုရတော့သည်၊

## ၁၀၊ ယင်းအင်္ဂါငါးမျိုးကား

(က) ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း၊

(ခ) သီလရှိခြင်း၊

(ဂ) ကောတုဟလမင်္ဂလာကို မယုံကြည်ခြင်း၊

(ဃ) မင်္ဂလာကို မယုံကြည် ကံကိုသာ ယုံကြည်ခြင်း၊

(င) ဘုရားသာသနာ ပြင်ပဘာသာ အယူဝါဒ၌ အလှူခံ ပုဂ္ဂိုလ်ကိုရှာ ဘုရားသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှု ပြုလုပ်ခြင်း ငါးမျိုးတည်း၊

အထူးသတိပြုရန်မှာ ဘုရားသာသနာတော်၌ ကောင်းမှု ပြုလုပ်ပြီးသည်နောက် အဖို့၌ ဘာသာခြားများ၌ လှူဒါန်းပေးကမ်းခြင်းစသော ကောင်းမှုပြုလိုပါက ပြုကောင်းပါ၏၊ ဘုရားရှင် အလိုတော် ဖြစ်၏၊

ဉပါသကာယုတ်လက္ခဏာ၊ ဉပါသကာမြတ်လက္ခဏာ များကို ထောက်ဆ၍ သိသင့်၏၊ ဤပြဆိုခဲ့ပြီးသော ဝါဏိဇ္ဇသုတ္တာန်၊ ဉပါသကာသုတ္တာန်တို့ကား ပဉ္စင်္ဂုတ္တရပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

## ၁၁။ ဉပါသကာဂုဏ်၏ အကျိုးကျေးဇူး (၁၀) ပါးရပုံ

### လင်္ကာဆောင်ပုဒ်

သံဃာတူထား၊ တရားကြီးပွားပြု၊ အားရှုစွန့်ကာ၊ သာသနာပွားရန် မြှောင့်မှန်အယူ၊ သက်မူစွန့်ထား၊ ဘုရားမြဲပေ၊ ကာယေဝါစာ၊ စောင့်စည်းပါလျှက်၊ ညီညွတ်ချက်ကို၊ နှစ်သက်စွဲမြဲ၊ စဉ်းလဲပယ်ခွာ၊ ရတနာသုံးရပ်၊ လွန်ဆည်းကပ်၊ ဉပါသကာမြင်၏ဂုဏ် ရည်တည်း၊

သဘောသရုပ်မှာ ဉပါသကာဟူသည်—

(က) သံဃာတော်များနှင့် ချမ်းအတူ ပူအမျှ ဖြစ်ရခြင်း၊ ချမ်း ဟူသည်မှာ ချမ်းသာကိုဆိုသည်၊ ပူ ဟူသည်မှာ ဆင်းရဲသည်း အတူတူဟု ဆိုသည်။ ဓမ္မ အဓိကစိတ်ထားရမည်၊ ပုဂ္ဂလ အဓိကစိတ် မထားရခြင်း ဖြစ်သည်၊

(ခ) သံဃာတော်များနှင့် စမ္မထံကျကျ ကြည်ညိုလှူဒါန်းရမည်၊ ပုဂ္ဂိုလ်စွဲ မထားရ။ ဒါနပြုသောအခါ၌ စမ္ဗဒိဋ္ဌာန်ထားပြီးလျှ အမြဲဆည်းကပ်ဩဝါဒခံယူရာ၌ကား သီလ သမာဓိ ပညာ စသော ဂုဏ်ရှိသည့် ပုဂ္ဂိုလ်ထံ ဆည်းကပ်ရမည်။

(ဂ) ပစ္စည်းအင်အားနှင့် သင့်လျော်လျောက်ပတ်ရုံသာ လှူဒါန်းရမည်။

(ဃ) သာသနာတော် ဆုတ်ယုတ်ဖို့ရန် အကြောင်းမြင်ခဲ့ပါမူ။ သာသနာ တိုးပွားအောင် အားထုတ်ရခြင်း၊ (ဗိဗ္ဗိသာရ မင်းကဲ့သို့ အားထုတ်ရမည်)။

(င) ဖြောင့်မှန်သော သမ္မာအယူရှိခြင်း (ကောတုဟလ မင်္ဂလာကို ယုံကြည်ခြင်းမှ ကင်းလွတ်၍ အလှူ၏ အကျိုးမရှိ တမလွန် လောကမရှိစသော (၁၀)ပါးသော မိစ္ဆာအယူ အကြောင်းတို့ကိုပယ်၍ အလှူအကျိုးရှိ၏၊ တမလွန် လောကရှိ၏။ အမိအဖတို့၌ ပြုစုလုပ်ကျွေးခြင်း၊ပြစ်မှားခြင်းဟူသော ကောင်းကျိုး ဆိုးကျိုးရှိ၏ စသော (၁၀) ပါးသော သမ္မာအယူအကြောင်းနှင့် ပြည့်စုံသည်)။

(စ) အသက် ဟူသော အကြောင်းကြောင့် သော်လည်း သဗ္ဗညု မြတ်စွာဘုရားကို မစွန့်ခြင်း တစ်စုံတစ်ယောက်သောသူက သဗ္ဗညုမြတ်စွာဘုရားကို စွန့်၍ တခြားဘာသာဘုရားကို ကိုးကွယ်ရမည်၊ မကိုးကွယ်ပါက သတ်မည်ဟု မားမိုးထားသော်လည်း မစွန့်တော့ပြီ။

(ဆ) ကိုယ်နှုတ်နှစ်ပါး စောင့်စည်းရခြင်း (ကိုယ်အမူအရာများ မကြမ်းတမ်းအောင် ထိန်းသိမ်းရမည်)။

(ဇ) ညီညွတ်မှုကိုသာ နှစ်သက်ခြင်း၊ (လူ ရှင် ရဟန်းအားလုံးတို့ ညီညွတ် စည်းလုံးအောင် အမြဲတစေ လိုလားသောစိတ်ဆန္ဒ ရှိရမည်)။

(ဈ) မနာလိုခြင်းကင်း၍ ကြွားဝါမှု ကင်းရမည်၊ (သူတစ်ပါးအား မနာလို မရှုစိမ့်၊ မဖြစ်စေဘဲ ဝါကြွားပလွှားခြင်း ကင်းရှင်းရမည်)။

(ည) ရတနာသုံးပါး ဆည်းကပ်ရခြင်း ဤ(၁၀)ပါးသော အကျိုးကျေးဇူးဂုဏ်တို့ကို ဥပါသကာများ လက်ဝယ်ပိုင်ပိုင် ရရှိကြရပေ၏။

(မိလိန္ဒပဉှာ-ပါ-၁၀၁)

## ၁၂။ ဘုရားရှင်ရှေ့တော်၌ဝပ်ချရှိခိုးပုံ

ဘုရားမျက်မှောက်တော်၌ ရှိသေစွာ လက်အုပ်ချီ၍ ထိုင်ပြီးလျှင် မဟာဗောဓိပင်အောက်၊ အပရာဇိတပလ္လင်တော်ဝယ် ဘုရားဖြစ်ခတော်မူစ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပုံကို လည်းကောင်း၊ ဘုရားရှင်၏ လက်ဝဲလက်ျာ(၂)ဖက်၌ ရဟန္တာအရှင်ကြီးများ ထိုင်နေတော်မူပုံကို လည်းကောင်း၊ ဘုရားနှင့် ရဟန္တာ အရှင်သူမြတ်တို့ သန္တာန်၌ တည်ရှိသော တရားရတနာကိုလည်း၊ အာရုံစိုက်ပြီးမှ-

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ ဟု ရွတ်ဆို၍ (၃)ကြိမ်ဦးချပါ၊

## ရှိခိုးပုံ–ဦးချပုံ

(ဆောင်ပုဒ်) လက်ထောက်၊ ဒူးချ၊ တတောင်ချ၊ နဖူးချကာ ဝပ်ချပါ။

## ၁၃။ ဘုရားပင့်ရန်

ဇိနောမေ ဠာတုသိသကေ (၃)ကြိမ်ဆိုပါ။

ဇိနော၊ငါးမာန်အောင်မြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊တပည့်တော်၏။ သီသကေ၊မြတ်ရာထားတင် ဦးထိပ်ပြင်၌၊ဠ္ ာတု ဤသတ္တဝါဆင်းရဲစွာကို ငါချွတ်မည် စိတ်တော်ရည်လျက် နေတန့် ရပ်တော်မူပါ၊ ရွှေဘုန်းတော်သခင် အရှင်သူမြတ်ကြီးဘုရား။

## ၁၄။ ရတနာ(၃)ပါးကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို၊ ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ၊ ရတနာအမြတ်သုံးပါးတို့အား အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

(ဆုတောင်းပုံ) ဤသို့ ကန်တော့ရသော ကုသိုလ်ကံ၏ အကျိုးအားဖြင့် အပါယ်လေးပါး ကပ်သုံးပါး အရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပ္ပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

## ၁၅။ သီလတောင်းရန်

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ
တတိယမ္ပိ အဟံဘန္တေ....ဟု ဆက်၍ဆိုပါ၊

(မြန်မာပြန်) အရှင်ဘုရား၊ တပည့်တော်သည်၊ သရဏဂုံ သုံးပါးနှင့်တကွ၊ ငါးပါးသီလတော်မြတ်ကို၊ တောင်းပါ၏၊ အရှင်ဘုရား တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသော သီလတော်မြတ်ကို၊ ပေးသနားတော်မူပါအရှင်ဘုရား။

(ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ တတိယမ္ပိ သုံးကြိမ်မြောက် ဟု ဆက်၍ဆိုပါ။

## ၁၆။ ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးကြိမ်ဆိုပါ)

(အနက်) အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန်သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင်သာ ခပ်သိမ်းသော တရားတို့ကို သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား၊ နမော၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ၁၇။ သရဏဂုံတည်ဆောက်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ ... ဒုတိယမ္ပိ .... တတိယမ္ပိ.. ဟု ဆက်၍ ဆိုပါ။

(အနက်) ဗုဒ္ဓံ၊ သဗ္ဗညုမြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် (၁၀) သောတရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား၊

သံဃာ၊ မဂ်ဉာဏ်လေးယောက် ဖလဉာဏ်လေးယောက်၊ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

(ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ တတိယမ္ပိ သုံးကြိမ်မြောက်လည်းဟု ဆိုပါ)

## ၁၈။ ငါးပါးသီလဆောက်တည်ရန်

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

## ၁၉။ ငါးပါးသီလအနက်

(၁) ပါဏာတိပါတာ၊ သူ့အသက်သတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ယောသိက္ခာပုဒ်ကို၊ သမာဒိကာမိ၊ ဆောက်တည်ပါ၏ အရှင်ဘုရား၊

(၂) အဒိန္နာဒါနာ၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်ဘည်ပါ၏ အရှင်ဘုရား။

(၃) ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်မှ။ ဝေရာမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏အရှင်ဘုရား၊

(၄) မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်သောသိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏ အရှင်ဘုရား။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးရစ်ခြင်းကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ၊ ဆောက်တည်ပါ၏ အရှင်ဘုရား။

ဤသို့ ပါဠိအနက်ရော၍ ဆောက်တည်နိုင်ပါမူ အလွန်ကောင်း၏။

## ၂၀။ ဘုရားဂုဏ်တော်ကိုးပါး

ဣတိပိသော ဘဂဝါ—

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ
၇။ သတ္ထာဒေဝမနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ။

## ၂၁။ တရားဂုဏ်တော် (၆) ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော

၄။ ဟေတုပစ္စယော
၅။ ဩပါနေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ၂၂။ သံဃာဂုဏ်တော် (၉) ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံစတ္တာရိ ပူရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော။
၅။ အာဟုနေယျော
၆။ ပါဟုနေယျော
၇။ ဒက္ခိဏေယျော
၈။ အဉ္ဇလီကရဏီယော
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ၂၃။ ဘုရားဂုဏ်တော် မြန်မာပြန်ရှိခိုးပုံ

၁။ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်သကတ်ကြောင့် အရဟံအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင် ဖြစ်တော်မူပါပေ၏။

ကိလေသာတို့မှ ကင်းဝေးတော်မူသော ဂုဏ်သကတ်ကြောင့် အရဟံအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။ ကိလေသာရန်သူတို့ကို သတ်ဖြတ်တော်မူအပ်သော ဂုဏ်သကတ်ကြောင့် အရဟံအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့် ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သော ဂုဏ်သကတ်ကြောင့် အရဟံဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင် ဖြစ်တော်မူပါပေ၏။

မကောင်းမှုပြုခြင်းငှာ စိတ်ကွယ်ရာအရပ်မရှိသော ဂုဏ်သကတ်ကြောင့် အရဟံအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၂။ မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တော်တိုင်သာ ခပ်သိမ်းသော တရားကိုကို သိတော်မူအပ်သော ဂုဏ်သကတ်ကြောင့် သမ္ဗုဒ္ဓအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ကိုယ်တော်မြတ် ဖြစ်တော်မူပါပေ၏။

၃။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ (၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော ဂုဏ်သကတ်ကြောင့် ဝိဇ္ဇာစရဏသမ္ပန္န အမည်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော ဂုဏ်သကတ်ကြောင့် သုဂတအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၅။ သင်္ခါရလောက သတ္တလောက ဩကာသလောက ဟူသော လောကသုံးပါးကို သိတော်မူသော ဂုဏ်သကတ်ကြောင့် လောကဝိဒူ အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၆။ မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို အတုမရှိယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဂုဏ်သကတ်ကြောင့် အနုတ္တရောပုရိသ ဓမ္မသာရထိ အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လွှင့်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၇။ လူနတ်ပြဟ္မာတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော ဂုဏ်သကတ်ကြောင့် သတ္ထာဒေဝမနုဿာန အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော ဘုရားရှင် ဖြစ်တော်မူပါပေ၏။

၈။ သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင်လည်းသိ၊ သူတစ်ပါးကိုလည်း သိစေတော်မူတတ်သော ဂုဏ်သကတ်ကြောင့် ဗုဒ္ဓဟူသောအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော ဘုရားရှင်ဖြစ်တော်မူပါပေ၏။

၉။ ဣဿရိယဓမ္မယသ၊ သိရီ၊ ကာမ၊ ပယတ္တ ဟူသောဘုန်းတော် (၆)ပါးနှင့် ပြည့်စုံတော်မူသော ဂုဏ်သကတ်ကြောင့် ဘဂဝါ အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော ဘုရားရှင် ဖြစ်တော်မူပါပေ၏။

အထူးမှတ်ချက်။ ။(အရဟံဂုဏ်တော်၌ သဒ္ဒါသုံးမျိုး အနက်ငါးမျိုးတို့ကို ကြည့်ညိုဖို့ရန် အလွန်ကောင်းမြတ်သဖြင့် စုံလင်အောင် ထည့်လိုက်ပါသည်၊)

## ၂၄။ သံသရာစက်၏အကန့်ဆိုရာ၌

ပဋိစ္စသမုပ္ပါဒ်တရား၌ သတ္တဝါတစ်ယောက်ယောက်၏ ဘဝသည် သံသရာမည်၏၊ အဲဒီသံသရာကို စက်ဟု တင်စားပြီး ခေါ်ပါသည်၊ စက်ဆိုတာ ဘီးကိုပင်ခေါ်သည်၊ လှည်းဘီး ရထားဘီးဟုဆိုလိုသည်၊ အဲဒီသံသရာတည်းဟူသော ဘီး၌ အဂ်ိဇ္ဇာကို (ပဒေါင်းဝါပုံး ဘောင်းဟူလို) ဇရာမရဏကို အကွပ်၊ ဝါ (ထပ်ကွပ်ထားတဲ့ သံပြားအဝိုင်း)ဟုလို၊ သင်္ခါရစသောတရားများကို အကန့်၊ ဝါ (ဒေါက်ဟုခေါ်ဆို၏)။ သင်္ခါရစသော ပဋိစ္စသမုပ္ပါဒ်တရားများကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးသည်ဟူလို၊

၂၅၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ဝိဇ္ဇာသုံးပါးဟူသည် အတိုချုပ် ပု-ဒိ-အာ ဖြစ်ပါသည်၊

(က) ပုအရ ပုဗ္ဗေနိဝါသဉာဏ် ရှေ့ဘဝက နေခဲ့ဘူးသော ခန္ဓာအစဉ်ကိုသိသော အသိဉာဉ်၊

(ခ) ဒိအရ၊ ဒိဗ္ဗစက္ခုဉာဏ် နတ်မျက်စိကဲ့သို့ မြင်နိုင်သော အသိဉာဉ်၊

(ဂ) အာအရ၊ အာသဝက္ခယဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊

၂၆။ ဝိဇ္ဇာ (၈)ပါးသရုပ်မှာ

ဆောင်ပုဒ်။ ဝိ မ စေ ဒိ၊ ပု ဒိ ဣဒ် အာ၊ ဝိဇ္ဇာ အဋ္ဌ၊

(က) ဝိ အရကား ဝိပဿနာဉာဏ် ဝါ ဝိပဿနာရှုသောဉာဏ်

(ခ) မ အရ မနောမယိဒ္ဓိဉာဏ် ဝါ စိတ်အလိုအတိုင်း ပြီးစီးသောဉာဏ်၊

(ဂ) စေ အရ စေတောပရိယဉာဏ် သူတစ်ပါးစိတ်ကို သိသော ဉာဏ်၊

(ဃ) ဒိ အရ ဒိဗ္ဗစက္ခုဉာဏ် နတ်မျက်စိကဲ့သို့မြင်သောဉာဏ်၊

(င) ပု အရ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရှေ့ဘဝကနေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိသောဉာဏ်၊

(စ) ဒိ အရ ဒိဗ္ဗသောတဉာဏ် နတ်နားကဲ့သို့ ကြားသော ဉာဏ်၊

(ဆ) ဣဒ် အရ ဣဒ္ဓိဝိဓဉာဏ် အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်၊

(ဇ) အာ အရ အာသဝက္ခယဉာဏ် အာသဝေါကုန်သော အရဟတ္တမဂ်ဉာဏ်၊

## ၂၇။ စရဏ (၁၅) ပါး သရုပ်ကား

(ဆောင်ပုဒ်) သီလွန် ဘောဇာ၊ သဒ္ဓမ္မာ၊ ရူပဈာန်လေးခု၊

(က) သီ အရ ပါတိမောက္ခသံဝရသီလ ဒွေးမာတိကာဟု ခေါ်ဝေါ်အပ်သော ပါတိမောက်သာမက ဝိနည်း ပါဠိတော်၌ ပညတ်အပ်သော သီလအားလုံးကို စောင့် ရှောက် ထိန်းသိမ်းခြင်း။

(ခ) လွန် အရ ဣန္ဒြိယသံဝရသီလ စက္ခုန္ဒြေစသော ဣန္ဒြေ (၆)ပါးကို အကုသိုလ် မဖြစ်အောင် စောင့်စည်းခြင်း။

(ဂ) ဘော အရ ဘောဇနမတ္တညုတာ ဘောဇဉ်စသော ပစ္စည်းလေးပါးတို့၌ အတိုင်းအတာ ပမာဏ သိတော် မူခြင်း။

(ဃ) ဇာ အရ ဇာဂရိယာ နုယောဂ နိုးကြားခြင်း၊ ညဉ် သုံးယံတွင် ပုရိမယံ မဇ္ဈိမယံတို့၌ တရား၊ဟော၍ ပစ္ဆိမယံ ၌ သုံးပုံ ပုံ၍ တစ်ပုံသာ ကြိမ်းစက်ခြင်း။

(င) သဒ္ဓမ္မာ အရ သဒ္ဓါဟိရိ ဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယ သတိ ပညာ ဟူသော သူတော်ကောင်းတရား (၇) ပါး။

(စ) ရူပဈာန် လေးခုအရ စတုက္ကနည်းဖြင့် ရူပါဝစရဈာန် လေးပါး အားဖြင့် စရဏ (၁၅)ပါးတည်း။

### တရားဂုဏ်တော် မြန်မာပြန်ရှိခိုးပုံ

မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ပရိယတ်နှင့်တကွ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်အားဖြင့် (၁၀)ပါးသော တရားတော် မြတ်သည် အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်း၊ အနက်နှင့် ပြည့်စုံခြင်း၊

သဒ္ဓါနှင့်ပြည့်စုံခြင်း၊ ထက်ဝန်းကျင်မှ စင်ကြယ်သော အကြွင်း မရှိ ထက်ဝန်းကျင် ပြည့်စုံသော သာသနာ ဗြဟ္မစရိယ မဂ္ဂ ဗြဟ္မစရိယ နှစ်ပါးကို ကောင်းစွာ ပြောကြားတတ်သော သွာက္ခာတ အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော် ကြားသော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

(၂) မျက်မှောက် ထင်ထင်တွေ့မြင်အပ်သော ဂုဏ်သကတ်ကြောင့် သန္ဒိဋ္ဌိက ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့် လျှိုင်ကျော်ကြားသော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

(၃) မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်ဖြစ်၍ ဆိုင်းငံ့အပ်သော ကာလမရှိသော ဂုဏ်သကတ်ကြောင့် အကာလိက ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

(၄) လာလှည့်ရှုလှည့် ဟူသော အစီအရင်ကို ခံတော်မူထိုက်သော ဂုဏ်သကတ်ကြောင့် ဧဟိပဿိက ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

(၅) ဘာဝနာ၏ အစွမ်းဖြင့် နိဗ္ဗာန်သို့ကပ်၍ ဆောင်တတ်သော ဂုဏ်သကတ်ကြောင့် ဩပနေယျိက ဟူသော အမည်တော် ဖြင့် ဘဝတိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော တရားတော် မြတ် ဖြစ်တော်မူပါပေ၏။

(၆) အရိယာပညာရှိတို့သည် အသီးအသီး မိမိစိတ်၌ သိအပ်ခံစား အပ်သော ဂုဏ်သကတ်ကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော် ကြားသော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

## ၂၉။ သံဃာဂုဏ်တော် မြန်မာပြန်ရှိခိုးပုံ

(၁) မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် နိဗ္ဗာန်အား လျော်စွာ မြတ်သော ဓမ္မာနုဓမ္မပဋိပါတ်ကို ကောင်းစွာ ကျင့်တော်မူတတ်သော ဂုဏ်သကတ်ကြောင့် သုပ္ပဋိပန္န ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၂) မဇ္ဈိမပဋိပတ် အလယ်အလတ်ဖြစ်သောအကျင့်မြတ်ဖြင့် ဖြောင့်မတ်စွာ ကျင့်တော်မူတတ်သော ဂုဏ်သကတ်ကြောင့် ဥဇုပ္ပဋိပန္န ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၃) မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်အားလျော်စွာ အသင့်အားဖြင့် ကျင့်တော်မူတတ်သော ဂုဏ်သကတ်ကြောင့် ဉာယပ္ပဋိပန္န ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၄) သူတပါးတို့သည် ကြည်ဖြူမြတ်နိုး လက်ပံ့မိုး၍ ရှိခိုးပူဇော်ခြင်းငှာ ထိုက်သော အကျင့်တို့ကို ကျင့်တော်မူတတ်သော ဂုဏ်သကတ်ကြောင့် သာမိစိပ္ပဋိပန္န ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

အစုံ အားဖြင့် လေးစုံပုဂ္ဂိုလ် အားဖြင့် ရှစ်ယောက်သော ယောကျ်ားမြတ် ဖြစ်သော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ တပည့်သား ဖြစ်တော်မူကုန်၏၊ ထိုရှစ်ယောက်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်-

(၅) အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူကို ခံယူတော်မူထိုက်သော ဂုဏ်သကတ်ကြောင့် အာဟုနေယျ ဟူသော အမည်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၆) ညှော်သည့်တို့ အလိုငှာ ထားအပ်သော လှူဖွယ် ဝတ္ထုကို ခံယူတော်မူထိုက်သော ဂုဏ်သကတ်ကြောင့် ပါဟုနေယျဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၇) ကံ ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်သော ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်သော ဂုဏ်သကတ်ကြောင့် ဒက္ခိဏေယျဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၈) လူနတ်ဗြဟ္မာ သတ္တဝါတို့၏ လက်အုပ်ချီမိုးရှိခိုးခြင်းငှာ ထိုက်သော ဂုဏ်သကတ်ကြောင့် အဉ္ဇလိကရဏီယ ဟူသောအမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင် ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

(၉) အတုမရှိ မြတ်သောကောင်းမှုတည်း ဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်တော်မူသော ဂုဏ်သကတ်ကြောင့် အနုတ္တရံ ပုညခေတ္တံ လောကဿ ဟူသော အမည်တော်ဖြင့် ဘဝဂ်တိုင်အောင် ပြန့်လျှိုင်ကျော်ကြားသော သံဃာတော်မြတ် ဖြစ်တော်မူပါပေ၏။

## ၃၀။ ဆုတောင်း

အဒ္ဓါ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊

ဇရာမရဏမှာ ပရိမုစ္စိဿာမိ၊

(အနက်) ဘန္တေ၊ အရှင်ဘုရား၊ အဟံ၊ တပည့်တော်သည်၊ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ လောကုတ္တရာ တရား (၉) ပါး အားလျော်သော ကျင့်ဝတ်ဟူသော ဤအကျင့်မြတ်ဖြင့်၊ ဇရာမရဏမှာ၊ အိုဘေးကြီး သေဘေးကြီးတို့မှ အဒ္ဓါ၊ မချွတ်ကေ၊ ပရိမုစ္စိဿာမိ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

## ၃၁။ ကုသိုလ်အဖို့မျှ ပေးဝေရန်

ဤသို့ ယခု အကျွန်ုပ်တို့ပြုသည့် ကောင်းမှုအဖို့ကို ဟာဝတိ သာ သိကြားမင်း အမှူးရှိသော မြတ်စွာဘုရား သာသနာတော်ကို ကောင်းမွန်စွာ စောင့်ရှောက်ကြပေကုန်သော။ သမ္မာဒေဝနတ် ဗြဟ္မာ အပေါင်းတို့အား လည်းကောင်း၊ မိဘဆရာ ညာတကာနှင့် သူတော် စွာ မိတ်အများတို့အား လည်းကောင်း၊ ကမ္ဘာလောက စောင့်ရှောက် ကြပေကုန်သော နတ်မင်းကြီးများနှင့် တကွ တောစောင့်နတ်၊ တောင် စောင့်နတ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့် နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ကွင်းပိုင်၊ နယ်ပိုင် တို့အား လည်းကောင်း၊ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သတ္တဝါတို့အား လည်းကောင်း၊ အမျှပေးဝေပါကုန်၏၊ အကျွန်ုပ် တို့နှင့် အတူတကွ အမျှရကြပါစေသော်ဝ်။

အားလုံး ကြားကြသမျှ အမျှ- အမျှ- အမျှ ယူတော်ကြပါ ကုန်လော၊

## ၃၂။ ဝဋ္ဋဝိဝဋ္ဋဒါန်--အကျိုး

အပ္ပမတ္တ ကမ္ပိဟိပဏ္ဏမုဋ္ဌိ မတ္တဒါန ကုသလံဝါ ဟောတု၊ မဟန္တံ ဝေလာမ ဒါနာဒိကုသလံဝါ သစေဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာဝဋ္ဋ နိဿိ တဝသေနမိစ္ဆာဒ္ဒဝိတံ၊ ဟောတိ၊ ဝဋ္ဋမေဝအာဟရိတုံသက္ကောတိ၊ နေဝ ဝိဝဋ္ဋံ၊ ဣဒံမေဒါနံ အာသဝက္ခယာ ဝဟံဟောတုတိ၊ ဝေံပနဝိဝဋ္ဋံ ပတ္ထေန္တေနဝိဝဋ္ဋဝသေန သမ္မာဋ္ဌ ပိတံအရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏံ မ္ပိ ဒါတုံသက္ကောဟိ ယေဝ၊န အရဟတ္တံအပ္ပတွာ ပရိယော သာနံဂစ္ဆတိ၊ (နိဒါနဝဂ္ဂ၊ သံ၊ ပဋ္ဋိပဒါသုတ်၊ ဋ္ဌ-၁၈)။

(အနက်) ဟိ၊ မှန်၏။ အပ္ပမက္ကကမ္ပိ၊ အနည်းငယ်မျှလောက် ဖြစ်သော ပဏ္ဏမုဋ္ဌိမတ္တဒါန ကုသလံဝါ၊ ဟင်းရွက်မျှလောက်သော ဒါနကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တံ၊ ကြီး ကြယ်သော။ ဝေလာမဒါနာဒိကုသလံဝါ၊ ဝေလာမပုဏ္ဏား၏ အလှူ စသော ကုသိုလ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊

လောကီစည်းစိမ် ဟူသော ဝဋ်၏ ပြည့်စုံခြင်းကို၊ ပတ္တေတွာ၊ တောင်းတ၍။ ဝဋ္ဋနိဿိတာဝသေန၊ ဝဋ်ကိုမှီခြင်း၏ အစွမ်းအားဖြင့်။ မိစ္ဆာ ဌပိတံ၊ မှားသောအားဖြင့် ဖြစ်စေအပ်သည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်ကိုသာလျှင်၊ အာဟရိတုံ၊ ဆောင်ခြင်းငှာ၊ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ န သက္ကောတိ၊ အစွမ်းနိုင်။

မေ၊ ငါ၏၊ ဣဒံဒါနံ၊ ဤအလှူသည်။ အာသဝက္ခယာဂတံ၊ အာသဝေါလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပါသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဣတိဝေံပန၊ ဤသို့ကား။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင်းတ၍ ဝိဝဋ္ဋဝသေန၊ နိဗ္ဗာန်နှင့် စပ်သဖြင့်၊ သမ္မာ ဌပိတံ၊ ကောင်းစွာ ဖြစ်စေအပ်သော ဒါနသည်။ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ကို လည်းကောင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း။ ဒါတုံ၊ ပေးခြင်းငှာ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပတွာ၊ မရောက်မူ၍။ ပရိသောသာနံ၊ အဆုံးသို့။ နဂစ္ဆတိ၊ မရောက်နိုင်။

## ၃၃။ လူကျင့်ဝတ်ကျင့်သူတို့၏ သွားရာလမ်း

ဂိဟိသာမိစိပဋိပဒံ၊ ပဋိပဇ္ဇန္တိပဏ္ဍိတာ၊
သမ္ပဂ္ဂတေသီလဝန္တေ၊ စီဝရေနုဥပဋ္ဌိတာ၊
ပိဏ္ဍပါတသယနေန၊ ဂိလာနပစ္စယေန စ၊
တေသံဒိဝါ စရတ္တော စ၊ သဒါပုညံပဝဍ္ဎတိ၊
သဂ္ဂဉ္စကမတိဌာနံ၊ ကမ္မံကတွာနဘဒ္ဒကန္တိ။

(အံ၊စတုက၊ပါ၊၃၇၆)

(မြန်မာပြန်) ပညာရှိတို့သည် ကိုယ်စိတ်ဖြင့် ညီညွတ်ခြင်းသို့ ရောက်ကုန် သီလရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့ကို သက်န်းဖြင့် လည်းကောင်း၊ ဆွမ်းကျောင်း အိပ်ရာနေရာတို့ဖြင့် လည်းကောင်း၊ သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ဖြင့် လည်းကောင်း၊ ရှေ့ရှုကပ်၍တည်သျက် လူတို့အားလျော်သော လူကျင့်ဝတ်ကို ကျင့်ကြကုန်၏၊ ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌ လည်းကောင်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွား၏၊ ထိုသူတို့သည် ကောင်းမြတ်သောအမှုကို ပြုပြီး၍ နတ်ပြည်သို့ ရောက်ရလေသတည်း၊

## ၃၄၊ လောက၌ ခဲယဉ်းစွာရအပ်သော တရားလေးပါး

စတ္တာရောမေ ဂဟပတိ၊ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ဒုလ္လဘာ လောကသ္မိံ၊ (အံ၊ပါ၊စတုတ္ထ ၃၇၇)

(မြန်မာပြန်) ဒါယကာ လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သောတရားတို့သည် ဤလေးမျိုးတို့တည်း။

(က) တရားသဖြင့် စည်းစိမ်ရခြင်း၊

(ခ) တရားသဖြင့်စည်းစိမ်ရပြီး၍ ဆွေမျိုးများ ဆရာများနှင့် အတူတကွ အခြံအရံ အကျော်အစောရခြင်း။

(ဂ) အခြံအရံရပြီး၍ အသက်ရှည်ရခြင်း၊

(ဃ) အသက်ရှည်ပြီး သုဂတိရောက်ရခြင်းဟူ၍ လေးပါး ဖြစ်ပါသည်။

## ၃၅၊ တစ်နည်းခဲယဉ်းစွာရအပ်သော တရားလေးပါး

ဣမေတံ ခေါ ဂဟပတိ စတုန္နံ ဓမ္မာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ဒုလ္လဘာနံ လောကသ္မိံ၊ စတ္တာရော ဓမ္မာ ပဋိလာဘာယ

သံဝတ္တန္တိ၊ ကတမေ စတ္တာရော သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ၊ ပညာသမ္ပဒါ။

(အပါ၊စတုတ္ထ ၃၇၇)

(က) ရတနာသုံးပါးနှင့်တကွ ကံကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါသမ္ပဒါ

(ခ) သီလနှင့်ပြည့်စုံခြင်း သီလသမ္ပဒါ

(ဂ) လှူဒါန်း ပေးကမ်းစွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်း စာဂသမ္ပဒါ

(ဃ) အသိဉာဏ်ပညာနှင့်ပြည့်စုံခြင်း ပညာသမ္ပဒါဖြစ်သည်။

## ၃၆။ လျော်ကန်ပတ်သော အမှုလေးမျိုး

သာခေါသော ဂဟပတိ အရိယသာဝကော ဥဋ္ဌာန ဝီရိယာဓိကတေဟိ ဘောဂေဟိ ဗာဟာဗလပရိ စိတေဟိသေ ဒါဝက္ခိတ္တေဟိ ဓမ္မိကေဟိ ဓမ္မလဒ္ဓေဟိ စတ္တာရိ ပတ္တာကမ္မာနိကတ္တာ ဟောတိ။

(အံပါ၊စတုက္က ၃၇၉)

(မြန်မာပြန်) ဒါယကာ အရိယာတပည့်သည် လက်ရုံးအားကို ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်ယှဉ်ကုန်သော တရားသဖြင့်ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် လျော်ကန်ပတ်သော အမှုလေးမျိုးတို့ကို ပြုတတ်၏။

(က) မိမိကိုယ်ကို ချမ်းသာစေခြင်း

(ခ) အမိအဘတို့ကို ချမ်းသာစေခြင်း

(ဂ) သားမယား ကျွန်အမှုလုပ်ယောကျ်ားတို့ကို ချမ်းသာစေခြင်း

(ဃ) ဆွေမျိုးခင်ပွန်းတို့ကို ချမ်းသာစေခြင်းတို့ ဖြစ်ကြ၏၊

## အကျင်းချုပ်မှတ်ဖွယ်

မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ၊ အမွေခံဆိုး၊ ဘေးရန်တို့ကို ကာကွယ်နိုင်၏။

## ၃၇။ ဗလိငါးမျိုး

(က) ဉာတိဗလိ- ဆွေမျိုးတို့အား ပေးကမ်းချီးမြှင့်ခြင်း၊

(ခ) အတိဋ္ဌိဗလိ- ဧည့်သည်တို့အား ကျွေးမွေးလှူဒါန်းခြင်း

(ဂ) ပုဗ္ဗပေတဗလိ- ကွယ်လွန်လေပြီးသော ဆွေမျိုးစသည်တို့အား ရည်မှန်း၍ လှူဒါန်းပေးကမ်းခြင်း၊

(ဃ) ရာဇဗလိ- မင်းအား အခွန်ဘဏ္ဍာပေးဆက်ခြင်း၊

(င) ဒေဝတာဗလိ- နတ်တို့အား ပူဇော်ခြင်းဟူ၍ ဗလိငါးမျိုးရှိပါသည်။

(အံ၊ပဉ္စကနိပါတ်၊ပါ ၃၉)

## ၃၈၊ ချမ်းသာခြင်းလေးမျိုး

(က) အတ္ထိသုခ- ရှိမှုချမ်းသာ

(ခ) ဘောဂသုခ- သုံးဆောင်မှုချမ်းသာ

(ဂ) အာနဏျသုခ- ကြွေးမြည်းမရှိမှုချမ်းသာ

(ဃ) အနဝဇ္ဇသုခ- အပြစ်မရှိမှုချမ်းသာဟူ၍ ချမ်းသာခြင်းလေးမျိုးရှိပါသည်။

(အံ-စတုက္ကနိပါတ်-ပါ ၃၈၀)

## ၃၉။ အကျိုးစီးပွား တိုးပွားကြောင်း (၆) ပါး

အရစတော်ပြန့်၊ လူဖြစ်မှန်သော်၊ လက်မွန်းဦးစွာ။

(က) ကင်းအနာနှင့်၊ ရောဂါမစပ်၊ မြတ်သောလက်ကို၊ လိုအပ်သည်သာ၊

(ခ) ထို့နောက်မှာလျှင်၊ ငါးဖြာပဉ္စသီ၊ ထိန်းစောင့် ညီလျက်၊

(ဂ) ထိုပြီးနောက်ထိ၊ ပညာရှိထံ၊ နည်းခံဆုံးမ

(ဃ) နောက်မှတစ်ပါး၊ မြင်ကြားရှာဖွေ၊

(င) နောက်ပေသုစရိုက် ကိုယ်၌မကွာ၊ တည်စေရာ၏၊

(စ) စာဖြာထိုမှ၊ ခနရှာခြင်း၊ မပျင်းလုံ့လ၊ ဝီရိယကို၊ ဖြစ်ထစေရာ၊ ဤ (၆) ဖြာကား၊ လူ့ရွာ၌မှီ၊ လူတူပြီတို့၊ လောကီ လောကုတ်၊ မထုတ်အကျိုး၊ မညှိုးစင်စစ်ပွားကြောင်းဖြစ်၏။

(ကေနိပါတ်အတ္ထသဒ္ဒါရဇာတ်၊ မဃဒေဝလက်ာ ၃၂၆)

## ၄၀။ အကျိုးစီးပွား ဆုတ်ယုတ်ကြောင်း (၆) ပါး

ဇေတဝန်ကျောင်း ပုဏ္ဏားတစ်ယောက် အကျိုးစီးပွားတိုးတက်ခြင်းကိုသာသိရ၍ ဆုတ်ယုတ်ကြောင်းတရားကို သိလိုပါ၏ဟု လျှောက်ထားရာတွင် ယင်းတရားကို ဘုရားက ပြန်လည်ဖြေဆို၍ ဟောတော်မူသည်။

(ဓမ္မပဒသာဟသဝဂ်၊ အနတ္တပုစ္ဆက ပုဏ္ဏားဝတ္ထု၊ ၅၀၄)

ယင်း (၆) ပါးမှာ

(က) မိုးသောက်နေပေါ်၊ ကျူးကျော်အိပ်ခြင်း၊

(ခ) ပျင်းရိ

(ဂ) ကြမ်းကျုတ်

(ဃ) သောက်ထုတ်သေရာ

(င) သွားလာကိုထူး

(စ) အိပ်ယာကြူးဟု
ခြောက်ဦးပုဂ္ဂိုလ် စည်းစိမ်ယို၍၊ ပျက်ပြိုနွမ်းညှိုး၊
ဖုံမတိုးဘူး၊

(မဒဃဒေဝလက်ာ ၂၄၂)

၄၁။ ဘုရားရှင်၏ စက္ခုတော် အဆင်းငါးပါး

မံသစက္ခုမှီဘဂဝတော ပဉ္စဝဏ္ဏာသံဝိဇ္ဇာန္တိ
နီလောစဝဏ္ဏော၊ ပီတကစဝဏ္ဏော၊ လောဟိတကောစဝဏ္ဏော
ကဏှောစဝဏ္ဏော၊ ဩဒါတောစဝဏ္ဏော၊

(က) မျက်ဘတောင်မွေး တည်ရာအရပ် အောင်မဲညို အပွင့်
အဆင်းကဲ့သို့ ညိုသော အဆင်း၊

(ခ) ယင်းအရပ်၏ ပြင်ပ၌ မဟာလှေကား ပွင့်ကဲ့သို့၊ ရွှေ
သောအဆင်း၊

(ဂ) နှစ်ဘက်သော မျက်စိတော်တို့သည် ပိုးစုန်းကြူးကဲ့သို့
နီသောအဆင်း၊

(ဃ) မျက်လုံးတော်တို့သည် ပုတီးနက်ကဲ့သို့ မည်းနက်သော
အဆင်း။

(င) ယင်း၏ ပြင်ပ၌ သောကြာကြယ်ကဲ့သို့ ဖြူဖွေးသော အဆင်း။

မြတ်စွာဘုရား၏ စကြံ့တော်သည် နေ့ညအခါ အထက် ဝန်းကျင် တစ်ယူဇနာ တိုင်တိုင် မြင်တော်မူ၏။

(စူဠနိဒ္ဒေသ၊ ပါ၊ ပါရာယနဝဂ်၊ ၁၇၃)

## ၄၂။ ဗလလေးပါး

(က) ပညာဗလ၊ ကုသိုလ် အကုသိုလ်ဟု သိခြင်း။

(ခ) ဝိရိယဗလ၊ အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ပွားအောင် အားထုတ်ခြင်း။

(ဂ) အနဝဇ္ဇဗလ၊ အပြစ်မရှိအောင် အားထုတ်ခြင်း၊

(ဃ) သင်္ဂဟဗလ၊ ဆက်ဆံရေး ကောင်းခြင်း။

ယင်းလေးပါးတို့တွင် (ဃ) သင်္ဂဟဗလ၌ ဒါန ပိယ ဝါစာ အတ္ထာစရိယ သမာနတ္တာ ဟူသော သင်္ဂဟတရား လေးပါး အကျုံး ဝင်သည်။

## ၄၃။ ဘေးငါးပါး

(က) အာဇီဝိကဘေး အသက်မွေးမှု ခက်ခဲခြင်း။

(ခ) အသိလောကဘေး၊ မကောင်းသတင်း ကျော်စောခြင်း။

(ဂ) ပရိသသာရဇ္ဇဘေး၊ ပရိသတ် ကြောက်ရွံ့ခြင်း၊

(ဃ) မရဏဘေး၊ သေခြင်း၊

(င) ဒုဂ္ဂတိဘေး၊ အပါယ်လားခြင်းဟု ငါးမျိုးရှိ၏။

## ၄၄။ ဒါနဆိုင်ရာမှတ်ဖွယ်

ယမာဟု ဒါနံပရမံ အနုတ္တရံ၊ ယံသံဝိဘာဂံ ဘဂဝါ အဝဏ္ဏယိ၊ အဂ္ဂ မှိခေတ္တမှိ ပသန္နစိတ္တော၊ ဝိညူပဇာနံကော နယဇေထ ကာလေ။

ယေစေဝဘာ သန္တိသုဏာန္တိစုဘာယံ၊ ပသန္နစိတ္တာ သုဂတဿသာသနေ၊ တေသံသောအတ္ထော ပရမော ဝိသုဇ္ဈတိ၊ ယေအပ္ပမတ္တာ သုဂတဿသာသနေ။

ယံဒါနံ၊ အကြင်အာမိသဒါန ဓမ္မဒါနကို။ ပရမံ၊ မြတ်၏ဟူ၍။ အနုတ္တရံ၊ အတုမရှိဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟု၊ ဟောတော်မူပြီ။ သံဝိဘာဂံ၊ ခွဲခြမ်းစိတ်ဖြာလျက်။ အဝဏ္ဏယိ၊ ချီးမွမ်းတော်မူပြီ။ အဂ္ဂမှိ၊ မြတ်သော။ ခေတ္တမှိ၊ ရတနာသုံးပါး ဟူသောလယ်ယာမြေ၌။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ ပဇာနံ၊ အပြားအားဖြင့်သိသော။ ဝိညူ၊ ပညာရှိသော။ ကော၊ အဘယ်သူသည်။ ကာလေ၊ လျှောက်ပတ်သောအခါ၌။ နယဇေထ၊ မလှူဒါန်း မပူဇော်ဘဲ ရှိရာအံ့နည်း။

သုဂတဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ် ရှိကြကုန်သော။ ယေ၊ အကြင်ရဟန်းရှင်လူတို့သည်။ ဥဘယံ၊ နှစ်ပါးစုံ။ ဘာသန္တိစေဝ၊ ပြောဟောလည်း ပြောဟောကြကုန်၏။ သုဏန္တိစ၊ နာကြားလည်းနာကြားကြကုန်၏။ ယေ၊ အကြင်ရဟန်းရှင် လူတို့သည်။ သုဂတဿ၊ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ အပ္ပမတ္တာ၊ မမေ့မလျော့ကြကုန်။ တေသံ၊ ထိုရဟန်းရှင်လူတို့အား။ ပရမော၊ မြတ်သော၊ သော-အတ္ထော၊ ထိုအကျိုးစီးပွားသည်။ ဝိသုဇ္ဈတိ၊ အထူးစင်ကြယ်၏။

(ဣတိဝုတ်ပါ၊ ဒါနသုတ်၊ ၂၆၁)

ဒါယကာများက သာသနာတော်ကြီး ကြည်ညိုစိတ်ဖြင့် ပစ္စည်းလေးပါးလှူ၊ ရဟန်းတော်များက ကျေးဇူးတုန့်ပြန်နိုင်ဘွာန်ရောက်

ကြောင်း ညွှန်ပြသဖြင့် ဒါယကာမျာ းမှာ ချမ်းသာသုံးတန်ခံ စံရဖို့ ဝမ်းမြောက်ပါ၊ ရဟန်းတော်များမှာလည်း အားသွန် ကျိုးပမ်းကြ သည့် အတွက် ဘုရားသာသနာတော်ကြီး ကြီးပွားထွန်းလင်းနိုင် ကြောင်း အကျယ်သိပါလေ။

## ၄၅၊ ဘုရားအဖြစ်ဝန်ခံပုံ

အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ၊
ပဟာတဗ္ဗံပဟီနံမေ၊ တသ္မာဗုဒ္ဓေါသ္မိဗြာဟ္မဏ။

မြန်မာပြန်။ ။ပုဏ္ဏား ငါသည် ထိုးထွင်း၍သိအပ်သောတရား တို့ကို ထိုးထွင်း၍ သိအပ်ပြီ၊ ပွားများထိုက်သော တရားတို့ကို ပွား များအပ်ပြီ၊ ပယ်ထိုက်သော တရားတို့ကို ပယ်အပ်ပြီ၊ ထို့ကြောင့် ငါသည် ဘုရားဖြစ်တော်မူ၏။ ဤဒေသနာအဆုံး၌ တပည့်သုံးရာနှင့် တကွ သေလပုဏ္ဏား အကျွတ်တရား ရရှိသွားလေသည်။

(သုတ္တနိပါတ်၊ သေလသုတ်၊ ပါ၊ ၃၆၈)

## ၄၆၊ ဒါနအကျိုးကြီးရန် အကြောင်း (၃) ပါး

(က) လွတ်လွတ်စွန့်ကြဲခြင်း အလောဘ

(ခ) မေတ္တာပွားခြင်း အဒေါသ

(ဂ) သံသရာ၏ ဆင်းရဲခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်၏ ချမ်းသာ ခြင်းတို့ကို ဆင်ခြင်သုံးသပ်ခြင်း အမောဟ၊ ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံအောင် နှလုံးသွင်း၍ လှူဒါန်းပါက အကျိုးကြီးစေရမည်ဟု မြတ်စွာဘုရားက မာဃလုလင် ကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဟော ကြားမိန့်တော်မူသည်။

(သုတ္တနိပါတ် မာဃသုတ်၊ ပါ၊ ၃၅၄)

## ၄၇။ သတ္တဝါတို့ထက် လွန်ကဲသော ပုဂ္ဂိုလ်ထူး

သဗ္ဗဓမ္မေသု အပ္ပဋိဃာယညာဏနိမိတ္တာ နုတ္တရပိမောက္ခာမိဂမ ပရိဘာဝိတံ၊
ခန္ဓသန္တာနံသဗ္ဗညုတညာဏ ပဒဋ္ဌာနံဝါသစ္စာဘိ သမ္ဗောဓိံ
ဥပါဒါယ ပညတ္တိကော သတ္တာတိသယောဗုဒ္ဓေါ။

သဗ္ဗဓမ္မေသု၊ အလုံးစုံသော တရားတို့၌။ အပရိတ ဏညာဏ နိမိတ္တာနုတ္တရာပိ မောက္ခာမိဂမပရိဘာဝိတံ၊ အပိတ်အပင် အဆီး အတားမရှိသော ဉာဏ်တော်တည်းဟူသော အကြောင်းကြောင့် ရအပ်သော မြတ်သော မဂ်ဖိုလ်တို့ဖြင့် ထုံအပ်သော။ ခန္ဓသန္တာနံ၊ခန္ဓာဆောင် အစဉ်ကို။ ဥပါဒါယ၊ စွဲ၍ ငါဟုနည်းကား။ သဗ္ဗညုတညာဏ ပဒဋ္ဌာနံ၊ သဗ္ဗညုတာဉာဏ်တော်လျှင် နီးစွာသော အကြောင်းရှိသော၊ သစ္စာဘိသမ္ဗောဓိံ၊ သစ္စာလေးပါးကိုသိသော အရဟတ္တမဂ်ဉာဏ်ကို။ ဥပါဒါယ၊ စွဲ၍။ ပညတ္တိကော၊ ပညာတ်အပ်သော၊ သတ္တာတိသယော သတ္တဝါအပေါင်းတို့ထက် လွန်ကဲသော ပုဂ္ဂိုလ်အထူးသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

(ဣတိဝုတ်၌၊ တတိယနိပါတ်ပုတ္တသုတ်၊ ၂၁၆)

## ၄၈။ ရတနာသုံးပါးသည်သာ ကိုးကွယ်ရာ

ဟိတေမဝတ္တနေန အဟိတာနိဝတ္တနေနစ သတ္တာနံဘယံဟိံ
သဟိတိဗုဒ္ဓေါ (သရဏံ)
ဘဝကန္တာရတော ဥတ္တာရဏေန အဿာသဒါနေနစဓမ္မော၊
အပ္ပကာနမ္ပိကာရာနံ ဝိပုလဖလပရိလာဘကရဏေနသံဃော၊

ဟိတေ၊ အစီးအပွားတို့ကို။ မဝတ္တနေနစ၊ ဖြစ်စေခြင်းကြောင့် လည်းကောင်း။ အဟိတာ၊ အစီးအပွားမဲ့မှ။ နိဝတ္တနေနစ၊ ဆုတ်နစ်စေခြင်းကြောင့် လည်းကောင်း။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘယံ၊ ဘေးကို။ ဟိံသတိ၊ ညှဉ်းဆဲဘတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဘုရားသည်၊ သရဏံ၊ ကိုးကွယ်ရာတည်း။

ဘဝကန္တာရတော၊ဘဝတည်းဟူသော ခရီးခဲမှ၊ ဥတ္တာရနေနေစ၊ ကယ်တင်ခြင်းကြောင့် လည်းကောင်း။ အဿာသဒါနေနေစ၊ သက်သာရာကိုပေးခြင်းကြောင့် လည်းကောင်း။ ဓမ္မော။ (၁၀) ပါးသော တရားတော်မြတ်သည်၊ သရဏံ၊ ကိုးကွယ်ရာတည်း၊

အပ္ပကာနမ္ဘိ၊ အနည်းငယ်မျှလည်း ဖြစ်ကုန်သော၊ ကာရာနံ၊ ကုသိုလ်ကောင်းမှု ပြုကုန်အပ်သော သူတို့အား။ ဝိပုလဖလပရိလာဘ ကရခေကန၊ ကြီးကျယ်များမြတ် ပြန့်ပြောသောအကျိုး ထိုရခြင်းကိုပြုခြင်းကြောင့်။ သံဃော၊ ရှစ်ယောက်သော အရိယာသံဃာတော်သည်၊ သရဏံ၊ ကိုးကွယ်ရာတည်း။

(ဣတိဝုတ်၊ ၄၊ တတိယနိပါတ်၊ ပုတ္တသုတ်၊ ၂၁၀)

### ၄၉။ အပြန်အလှန် ကျေးဇူးများပုံ

(က) ဗဟူပကာရာဘိက္ခဝေပြဟ္မဏာဂဟပတိကာတုမှာကံ တုမ္မေပိဘိက္ခဝေဗဟူပကာရာပြဟ္မဏာဂဟပတိကာနံ၊

(ဣတိတော်၊ ပါ၊ ၂၆၉)

(ခ) သာဂါရာအနာဂါရာစ၊ ဥဘောအညောညနိဿိတာ၊ အာရာဓယန္တိသဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ၊

(ဣတိဝုတ်၊ ပါ၊ ၂၇၀)

က— (အနက်) ဘိက္ခဝေ၊ ရဟန်းတို့၊ ပြဟ္မဏာဂဟပတိကာ၊ ပုဏ္ဏားသူကြွယ်တို့သည်။ တုမှာကံ၊ သင်တို့အား။ ဗဟူပကာရာ၊ များသောကျေးဇူး ရှိကြပေကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမ္မေပိ၊ သင်ချစ်သားတို့သည်လည်း၊ ပြဟ္မဏာဂဟပတိကာနံ၊ ပုဏ္ဏားသူကြွယ်တို့အား။ ဗဟူပကာရာ၊ များသောကျေးဇူး ရှိကြပေကုန်၏၊

ခ- (အနက်) သာဂါရာစ၊ အိမ်ယာတည်ထောင်လူတို့ ဘောင်၌နေသော လူတို့သည် လည်းကောင်း၊ အနာဂါရာစ၊ ရဟန်းဘောင်၌နေသော သူတို့သည် လည်းကောင်း၊ ဥဘော၊ နှစ်ဦးကုန်သော ရဟန်းနှင့် လူတို့သည်၊ အညောညနိဿိတာ၊ အချင်းချင်း မှီနေကြကုန်သည် ဖြစ်၍၊ အနုတ္တရံ၊ အတုမရှိသော၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော၊ သဒ္ဓမ္မံ၊ သာသနာတော်ကို၊ အရာဓယန္တိ၊ ပြီးစေနိုင်ကုန်၏။

## ၅၀၊ ဗုဒ္ဓ၏ ပသာဒနီယဂုဏ်

(က) သတသဟဿာ တေဝိဇ္ဇာ၊ ဆဠဘိညာမဟိဒ္ဓိကာ၊
ပရိဝါရေန္တိသမ္ဗုဒ္ဓံ၊ ကောဒိသွာနသီပ္ပဒတိ။

(ခ) ညာဏေဥပနိဓာယဿ၊ နဝိဇ္ဇာတိသဒေဝကေ၊
အနန္တညာဏံသမ္ဗုဒ္ဓံ၊ ကောဒိသွာနပ္ပသီဒတိ။

(ဂ) ဓမ္မကာယဥ္စ ဒီလန္တံ၊ ကေဝလံရတနာကရံ၊
ဝိကပ္ပေတုံနသက္ကောန္တိ၊ ကောဒိသွာနပ္ပသီဒတိ။

အနက် (က) တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော် မူကုန်သော၊ ဆဠဘိညာ၊ (၆) ပါးသော အဘိညာဏ်နှင့် ပြည့်စုံတော် မူကုန်သော၊ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကုန်သော၊ သတသဟဿာ၊ တစ်သိန်းသော ရဟန္တာတို့သည်၊ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ ပရိဝါရေန္တိ၊ ခြံရံတော် မူကြကုန်၏။ ကော၊ အဘယ်မည်သော သူသည်၊ ဒိသွာ၊ ဖူးမြင်ရသည်ရှိသော်၊ နပ္ပသီဒတိ မကြည်ညိုဘဲ ရှိတော့အံ့နည်း။

(ခ) ယဿ၊ အကြင်မြတ်စွာဘုရား၏၊ ဉာဏော၊ ဉာဏ်တော်တို့ကို၊ ဥပနိဓါ၊ နှိုင်းခိုင်းစရာ အထောက်အထားသည်။ သဒေဝကေ၊ နတ်နှင့်တကွသော လောက၌။ နဝိဇ္ဇတိ၊ မရှိ။ အနန္တဉာဏံ၊ အဆုံးအပိုင်းအခြားမရှိသော ဉာဏ်တော်ရှိတော်မူထသော။ တံသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို၊ ဒိသွာ၊ ဖူးမြင်ရသည်ရှိသော်။ ကော၊ အဘယ်မည်သောသူသည်။ နပ္ပသီဒတိ၊ မကြည်ညိုဘဲ ရှိတော့အံ့နည်း။

(ဂ) ဓမ္မကာယံ၊ တရားသဖြင့်ပြီးသော ကိုယ်တော်ကို။ ဒိပေန္တံ၊ ပြတော်မူသည်လည်း ဖြစ်သော၊ ကေဝလံ၊ သက်သက်၊ ရတနာကရံ၊ တရားရတနာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရားကို၊ ဝိကပ္ပေတုံ၊ ဘယ်ပုံ ဘယ်သဏ္ဌာန်တည်း ဟူ၍သော ကြံဆခြင်းငှာ။ နသက္ကောန္တိ၊ မစွမ်းနိုင်ကြကုန်၊ တံတာဒိသံ၊ ထိုသို့သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ဒိသွာ၊ ဖူးမြင်ရသည်ရှိသော်။ ကော၊ အဘယ်သို့သော သူသည်၊ နပ္ပသီဒတိ၊ မကြည်ညိုဘဲ ရှိတော့အံ့နည်း။
(ထေရအာပဒါန်၊ ပါ၊ ၁၈၅)

## ၅၁၊ ပတိပူဇိတာ၏ ဆုတောင်း

သာဝတ္ထိယံ ဝသိကာလေ ပရကုလံ ဂတာပိ၊ သဏှကဘတ္တ ပက္ခိကဘတ္တ ဝဿာဝါသိကာဒိနိ ဒတွာ အယံ မေ ဿာမိကာ ဿ သန္တိကေ နိဗ္ဗတ္တနတ္ထာယ ပစ္စယော ဟောတုတိ ဝဒတိ၊

(အနက်) သာ၊ ထိုသတို့သမီးငယ်သည်၊ သော ဠသဝဿကာလေ၊ (၁၆)နှစ်အရွယ်သို့ ရောက်သောအခါ၌၊ ပရကုလံ၊ လင်အိမ်သို့၊ ဂတာပိ၊ ရောက်သောကာလ၌လည်း။ သလာကဘတ္တ ပက္ခိကဘတ္တ ဝဿာဝါသိကာဒိနိ၊ စာရေးတံမဲချ၍ လှူဒါန်းခြင်းတည်း

ဟူသော သလာကဘက်ကို လည်းကောင်း။ ၁၄ ရက်၊ ၁၅ ရက် ပက္ခတိုင်း လှူဒါန်းခြင်းတည်း ဟူသော ပက္ခိက ဘက်ကို လည်းကောင်း၊ ဝါဆိုသင်္ကန်း စသည်တို့ကို လှူဒါန်းခြင်းတည်းဟူသော ဝဿဝါသိက ဘက်ကို လည်းကောင်း။ ဒတွာ၊ လှူဒါန်းပေးကမ်း၍။ (အယံမေသော မိကသာ သန္တိကေ နိဗ္ဗာနတ္ထာယ ပစ္စယော ဟောတု) ဟူသော ပါဠိဖြင့် ဆုတောင်းပတ္ထနာ ပြု၏။

မေ မမ၊ အကျွန်ုပ်၏။ အယံ၊ ဤကောင်းမှု အပေါင်းသည်။ သာမိကဿ၊ အရှင်ဖြစ်သော မာလာဘာရီ နတ်သား၏။ သန္တိကေ၊ အထံ၌။ နိဗ္ဗာနတ္ထာယ၊ ဖြစ်ပါရစေခြင်း အကျိုးငှာ။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(ဓမ္မပဒ၊ ဋ္ဌ၊ ပါ၊ ၂၄၀)။

## ၅၂။ သေမင်း၏အလိုသို့သာ

ပုပ္ဖါနိယေဝ ပစိနန္တံ၊ ဗျာသတ္တမနသံနရံ၊
သုတ္တံဂါမံ မဟောဃောဝ၊ မစ္စုအာဒါယဂစ္ဆတိ၊

(အနက်) ပုပ္ဖါနိ၊ ပန်းအများတို့ကို၊ ပစိနန္တောဣဝ၊ ရွေးချယ်သောသူကဲ့သို့၊ ပစိနန္တံ၊ အာသာမပြယ် ရွေးချယ်ထသော၊ ဗျာသတ္တမနသံ၊ လွန်စွာ ကပ်ငြိသောစိတ် ရှိထသော။ နရံ၊ ရဟန်း လူပါ သတ္တဝါကို။ မဟောဃော၊ ကြီးစွာသော ရေအယဉ်သည်။ သုတ္တံဂါမံ၊ ပျင်းပြအိပ်ရှာ လူမိုက်ရွာကို။ အာဒါယ၊ လုံးစုံများစွာ တိုက်ယူရှာ၍။ ဂစ္ဆတိဣဝ၊ သွားလေဘိသကဲ့သို့။ မစ္စု၊ အာသနား ကင်း ရှင်သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားလေ၏။

(ဓမ္မပဒ၊ ဋ္ဌ၊ ပါ၊ ဝိဋူဋ္ဌဘဝတ္ထု၊ ၂၂၈)

ပုပ္ဖါနိတေဝပစိန္တံ၊ ဗျာသတ္တမနသံနရံ၊

အတိတ္တံ ယေဝကာမေသု၊ အန္တကောကုရုတေဝသံ၊

(အနက်) ပုပ္ဖါနိ၊ မန်းအပေါင်းတို့ကို၊ ပစိနန္တောဝ၊ ဆွတ်ယူသောသူကဲ့သို့၊ ပစိန္တံ၊ အဖန်ဖန်ဆွတ်ထသော။ ဗျာသတ္တမနသံ၊ လွန်စွာကပ်ငြိသောစိတ်ရှိထသော၊ ကာမေသု၊ ဝတ္ထုကာမကိလေသာကာမတို့၌၊ အတိတ္တံယေဝ၊ မရောင့်ရဲသည်သာလျှင် ဖြစ်သော။ နရံ၊ သတ္တဝါကို၊ အန္တကော၊ သေမင်းမိုက်သည်။ ဝသံ၊ မိမိ၏အလိုကို။ ကုရုတေ၊ ပြုလေ၏။

(ဓမ္မပဒ၊ ၄၊ ပ၊ ပတိပူစိကာဝတ္ထု-၂၃၁)

## ၅၃၊ အသက်ရှည်ကြောင်း ကောင်းမှုများ

ပရိဿာဝနဒါနဥ္စ၊ အာဝါသဒါန နေဝစ၊
ဂိလာနဝတ္တဒါနဥ္စ၊ ဒါတဗ္ဗံမနုဇာဒီပ၊
ကာတဗ္ဗံသိက္ခာကာမါသ၊ ပဋိသန်ရ ထာကထာ၊
ပဥ္စသီလ သမာဒါနံ၊ ကတ္တဗ္ဗတံသာခုရက္ခိယံ၊
ဥပေါသထု ပဝါသာစ၊ ကာတဗ္ဗာ ပေါသလေက္ခတိ၊

(မဟာဝင်ဝဿာမင်း ဝတ္ထု၊ ၃၅၄)

(အနက်) မနုဇာဒီပ၊ လူတို့ကိုအစိုးရတော်မူသော မင်းကြီး။ ပရိဿာဝနဒါနဥ္စ၊ ရေစစ်အလှူကို လည်းကောင်း၊ အာဝါသဒါန မေဝစ၊ ကျောင်းကန်နေရာ အလှူကို လည်းကောင်း။ ဂိလာနဝတ္တဒါနဥ္စ၊ လူနာ ရဟန်းနာတို့အား ယာဂုဝတ် ဆေးဝတ်အလှူကို လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏၊

တထာ၊ ထိုမှတစ်ပါး၊ စိတ္တကာဝါသပဋိသင်္ခရဏံ၊ ဟောင်း မြင်း ဆွေးမြေ့သော ကျောင်းကန်နေရာ မွမ်းမံပြုပြင်ခြင်းကိုလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဉ္စသီလ သမာဒါနံ၊ ငါးပါးသီလပဉ္စသီလကို ဆောက်တည်ခံယူခြင်းကို။ ကတွာ၊ ပြု၍၊ တံ၊ ထိုငါးပါးသီလကို။ သာဓုရက္ခိယံ၊ ကောင်းစွာ စောင့်ရှောက်ရာ၏။

ဥပေါသထေ၊ ဥပုဒ်နေ့တိုင်း၌။ ဥပေါသထူပဝါသော စ၊ ဥပုဒ် ဆောက်တည်စောင့်သုံးခြင်းကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။

ဝသဘမင်းမြတ် ငါးပါးသီလဟူသော မဉ္စသိကို နေ့ညဉ့်မပြတ် အမြဲဆောက်တည်ထား၍ အကြားအကြား ဥပုဒ်နေ့၌၊ ရှစ်ပါး ဆယ် ပါးစသော ဥပုဒ်သီလ ဆောက်တည်ရာ၏။ ရေစစ် ကျောင်းကန်နေရာ ဂိလာန သူနာတို့ အလို့ငှာ ယာဂုဆေး စသည်ကိုလည်း ပေးလှူရာ၏။ ဆွေးမြေ့ ယိုယွင်း ဟောင်းမြင်းသော ကျောင်းကန်နေရာကိုလည်း ပြုပြင်ရာ၏ ဤသို့ပြုလျှင် အသက်ရှည်စွာ နေရရာသတည်းဟု ဟော တော်မူ၏။

## ၅၄။ မှတ်ဖွယ်ရာ ပန်းဘဲမောင်တိဿဝတ္ထု

သီဟိုဠ်ကျွန်း ဂင်္ဂါမြစ်အနီး မုဏ္ဍဂင်္ဂါမည်သော ရွာကြီး၌၊ တိဿမည်သော ပန်းပဲသမားရှိ၏။ သူ၏မယားကိုကား နာဂါဟု ခေါ်၏၊ ထိုဇနီးခင်ပွန်းတို့သည် လွန်ကဲသော သဒ္ဓါသီလနှင့် ပြည့်စုံကြခြင်းကြောင့် စားဖွယ် သောက်ဖွယ် ရသမျှ၌ ရှေးဦးစွာ မလှူဘဲ စားရိုးထုံးစံ မရှိကြပေ၊ သီတင်းနေ့အခါ၌လည်း ဥပုဒ်သီလ စောင့်ကြပေကုန်၏။ တရံသောအခါ မုဆိုးတစ်ဦးသည် တောဝက်ကို သတ်ပြီး ယူခဲ့၍ ပန်းပဲသမား တိဿအား လက်ခအလို့ငှာ ပေးလေ၏။ ပန်းပဲသမားလင်းမယား နှစ်ဦးတို့သည်လည်း ဤဝက်သားကို တရားနှင့်ညီစွာ ငါတို့ရပေသည်။ အလှူကောင်းမှု ပြုပြီးမှ အကြွင်းကိုသာ ငါတို့စားအံ့ဟု ကြံ၍ ကောင်းမွန်စွာ ချက်ပြုတ်လုပ်ကိုင်ထားပြီးမှ ညချမ်းသော အခါ မောင်တိဿသည် ဤသို့ ဘိတ်မာန္တက ပြု၏။ သီဟိုဠ်ကျွန်း၌

တန်ခိုးရှိကြကုန်သော ရဟန္တာတို့ဘွင် ရှစ်ပါးသော ရဟန္တာအရှင်မြတ်တို့သည် နက်ဖြန်နံနက် အခါ မိမိအိမ်သို့ ကြွလာ၍ ဆွမ်းအလှူကို ခံတော်မူပါကုန်လောဟု ကြွေးကြော်၏။

ထိုသို့ ကြွေးကြော်ပြီး ဇနီးမောင်နှံတို့သည် လှူဘွယ်ဝတ္ထုတို့ကို ပြုပြင်လျက် အိပ်ကုန်၏။ ညဥ့်အခါ မောင်တိဿအား မိုးပုံကြီး (၈) ပုံတို့ အိမ်သို့ ဝင်လာသည်ဟု အိမ်မက်မြင်မက်၏။ နိုးလေသော် ယနေ့ကား ငါ၏ နှစ်လုံးအလို ပြီးစီးလတံ့ဟု ဝမ်းမြောက်လျက် မယားဖြစ်သော နာဂါနှင့် တိုင်ပင်၍ အရှင်မြတ်တို့အား လျှောက်ပတ်စွာ နေရာခင်းခြင်းစသော ပရိကမ်တို့ကို စီမံပြုထားလျက် ကြွလာအံ့သည်ကို ကြည့်မျှော်ခါ နေလေ၏။ ထိုအခါ ဝိယင်္ဂကျွန်း ဝါလင်္ဂတိဿတောင် ကျောင်း၌ နေသော ဓမ္မဒိန္နမထေရ်သည် မောင်တိဿ၏ စိတ်အကြံကိုသိ၍ ထိုနေ့ပင် ဥပဇ္ဈာယ်ဖြစ်သော ဂေါမိယ မဟာတိဿ မထေရ်အား လျှောက်ကြား၍ နောက်နေ့၌ ရဟန္တာ (၈) ပါးတို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီး မောင်တိဿ အိမ်သို့ဝင်ကြလေသည်။ အိမ်သို့ ရောက်သောအခါ မောင်တိဿနှင့် ဇနီးမောင်နှံတို့သည် ရဟန္တာ မထေရ် (၈) ပါးတို့အား ခင်းထားသောနေရာတို့၌နေစေပြီးလျှင် ယာဂုကို လည်းကောင်း၊ ဆွမ်းခဲဘွယ်ကို လည်းကောင်း၊ ကပ်လှူပူဇော်လေ၏။

မောင်တိဿလည်း ထိုနေ့မှစ၍ သီလကို အားထုတ်လျက် အသက်တန်းစေ၍ စုတေသောအခါ ဒုဋ္ဌဂါမဏိမင်းကြီး၏ မိဖုရားကြီးဝမ်း၌ စွဲကပ်တည်နေလေ၏။ ထိုမင်းသား၏ အမည်ကို သာလိကုမာရ မင်းသားဟု မှည့်ခေါ်နေလေ၏။

တရံရောအခါ ထိုသာလိကုမာရ မင်းသားသည် ဥယျာဉ်သို့ ကစားခြင်းငှာ ထွက်သွားလေ၏။ ရှေ့ဘဝက ကောင်းမှုပြုဘက်ဖြစ်သော မိန်းမနာဂါသည် ဟလ္လောလရွာကို အစိုးရသော စဏ္ဍာလကြီး၏ သမီး ဒေဝီမည်သော သူငယ်မ ဖြစ်လေ၏၊ ဥယျာဉ်အတွင်းသို့ရောက်သောအခါအသောက ပန်းပင်၌ သူငယ်မ တက်၍နေသည်ကို မင်းသားမြင်လေလျှင် ပြုခဲ့ဘူးသော ကောင်းမှုကြောင့် လည်း

ကောင်း လျှပ်စစ်ရောင်ကဲ့သို့ လောင်ဘနန်းမျှ ထွန်းပသော အရောင် အဝါကြောင့် လည်းကောင်း၊ ချစ်မြတ်နိုးခြင်းရှိသည် ဖြစ်၍ သစ်ပင်မှ ဆင်းသက်စေ၍ အချင်းအရာကို မေးလေ၏။

ဤသို့ မေးသောအခါ ဒေဝီမည်သော သူငယ်မက နောက်ကြောင်းပြန်၍ ပြောကြားလေသည်။ ငါသည် ဆားလွန်းသဖြင့် မိဘတို့အရင် ယာဂုကို သောက်ရာ ဖိတ်၍ပေးသဖြင့် အမိဖြစ်သူက ဟဲ့- စဏ္ဍာလ အယုတ်မ အဘယ့်ကြောင့်အိမ်ကို စက်ဆုပ်ဘွယ် ဖြစ်အောင် ပြုဘိသနည်းဟု ဆဲရေး၍ ထိုအခါ ငါသည် ဒေါသထွက်သဖြင့် အမေသာ စဏ္ဍာလယုတ် ဖြစ်ပါ၏ ငါမဖြစ်ဟု မိခင်အား ပြန်လည်ဆဲရေးဘူးပါ၏၊ ဤသို့ ဆဲရေးဘူးသော အကြောင်းကြောင့် ပန်းဘဲမျိုး ဟူသော စဏ္ဍာလကြီး၏ သမီး ဖြစ်ရလေပုံကို ပြောတော်မူ၏။

## ၅၅။ ကလျာဏီတိဿမင်းအကြောင်း

ကလျာဏီတိဿ မင်းကြီးသည် အဘယမထေရ်ကို ရဟန္တာ ဟူသော အမှတ်ဖြင့် အလေးအမြတ် ပြုစုလုပ်ကျွေး၏။ ထိုမင်းအိမ်၌ အမြဲ ဆွမ်းဘုဉ်းပေးခြင်းငှာ ကြွလာရာ ထိုတိဿ မင်းကြီး၏ ညီဖြစ်သူ ဥတ္တိယ မင်းသားသည် မိဖုရားကြီး၌ ယင်ပါး ဆက်ဆန်းခြင်း ပြုမိသဖြင့် မင်းကြီး သိသောအခါ အပြစ်ကိုကြောက်သဖြင့် ရှောင်တိမ်းနေရ၍ ရဟန်းယောင် ဆောင်ပြီး အဘယ မထေရ်၏ ပရိသတ်အစွန်မှ လိုက်လာ၏။ အဘယမထေရ်လည်း မင်းကျွမ်းဝင်သော ရဟန်း ဖြစ်လတံ့ဟု မမေးဘဲ ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာပြု၍ နေရာမှ ထခဲ့၏။ မင်းကြီးသည် နန်းတွင်းသို့ ဝင်ခြင်းငှာ အားထုတ်၏၊ မိဖုရားသလျှင် အိုးခွက်တို့ကို သိမ်းဆည်းလေ၏။

ထိုအခါ ရဟန်းယောင်ဆောင်သော ဥတ္တိယသည်၊ စာခွေကိုချပြီး သံဃာနောက်သို့ လိုက်လေ၏၊ စာခွေချသံကို မင်းကြီးကြား၍ ဖတ်လေသော် ထိုရဟန်းယောင်ဆောင်သော ဥတ္တိယကို ခေါ်တော်မူပြီး အကျိုးအကြောင်း အဆိုးအကောင်း စစ်ဆေးလေ၏။ ထိုအခါ ရဟန်းယောင်က အဘယ မထေရ် စေခိုင်း၏ဟု ကြံဖန်ပြောလေ၏။ မင်းကြီးသည် အမြက်ထွက်သဖြင့် အဘယမထေရ်ကို ကြိုက်ကြိုက်ဆူသော ဆီပူအိုးကင်းဖြင့် ကြော်လေဟု အာဏာပေး၏။

အဘယမထေရ်လည်း သံအိုးကင်း၌ ဆင်းရခါနီး၌ပင် ကြီးစွာသော သံဝေဂကို ဖြစ်စေလျက် ဝိပဿနာကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏၊ အနီးရှိ ပရိသတ် လေးပါးတို့အား တရားသြဝါဒ ပြသတော်မူ၏။ ထိုအဘယမထေရ်သည်၊ ရှေ့ဘဝ နွားကျောင်းသား ဘူငယ်ဖြစ်စဉ် ကျိုက်ကျိုက်ဆူသော နို့ပူထဲသို့ ယင်ငယ်ကို ဖမ်း၍ ထည့်ဘူးသော အကုသိုလ်ကံကြွင်းကို ဆင်ခြင်လျက် ထိုအိုးတွင် အကြော်ခံ၍ ပရိနိဗ္ဗာန်ဝင်စံလေ၏၊

စာခွေချသော ရဟန်းယောင်ကိုလည်း သုံးပိုင်းဖြတ်၍ သမုဒ္ဒရာ၌ ပြစ်လေ၏။ (၁၂)အရွယ်ရှိ ဒေဝီမည်သော မင်းသမီးကို သမုဒ္ဒရာ၌ နတ်ပသသည် ဆို၍ ပင်လယ်၌ မျှော်လေ၏၊ မင်းနှင့်တကွ ပြည်သူပြည်သား တို့သည်လည်း ထိုနေရာ၌ပင် သမုဒ္ဒရာရေလွှမ်း၍ ပျက်စီးလေကုန်၏၊ ထိုမင်းသမီးကား ဝိဟာရဒေဝီပင်တည်း။

မဟာဂါမအနီး ယောဘကကျောင်းကြီးဆိပ်သို့ ရောက်လာပြီး ထို ဝိဟာရဒေဝီကို လူအများ ဆယ်ယူမွေးမြူလေ၏။ ကာကဝဏ္ဏတိဿမင်းကြီး ကြားလေလျှင် ဆောင်ယူ၍ မိဖုရား အရာ၌ ထားလေ၏။ ထိုအခါ ကောဋ္ဌိပဗ္ဗတကျောင်းနေ သာမဏေ၏ ဆုံးမစကားကို နားထောင်လျက် သီလကျင့်ဝတ် ဖြည့်ကျင့်၏။ သောက်ရေသုံးဆောင်ရေဝတ်တို့ကို မပြတ်ပြု၏၊ သေနာသနဝတ် စေတီယင်္ဂဏဝတ်စသည်ကို မပြတ်ပြု၏၊ ဘောင်ဘက်စေတီပြင်သို့ လူရဟန်းတို့ ချမ်းသာစွာ တက်စေခြင်းအကျိုးငှာ ကျောက်ကြီးသုံးချပ်ကိုလည်း ခင်းပေး၏။

တရံသောအခါ စေဒနာ နှိပ်စက်သည် ဖြစ်၍ ထမ်းစဉ်ဖြင့် ဆောင်ယူခဲ့ပြီး ကာဒကဝဏ္ဏ ကိဿမင်းသည် သူနာကို လုပ်ကျွေးခြင်းငှာ ဆောက်လုပ်ထားအပ်သော သီလပဗ္ဗတကျောင်း၌ ထား၍ လုပ်ကျွေး၏။ ဝိဟာရဒေဝီ မိဖုရားလည်း ညချမ်းအခါ လာ၍ လုပ်ကျွေးရာ မထေရ်ကြီး တရားဟောသဖြင့် ဝေဒနာ နှိပ်စက်သော သာမဏေ၏ အထံသို့သွား၍ ပဋ္ဌာန ပြုခိုင်းလေ၏။

(ဒုစဂါမဏိမင်း အလောင်းဝတ္ထု)

## ၅၆ မဟာစေတီတည်ဆောက်ရာ၌ အခကြေးငွေဖြင့် အလှူ့ သယ်သော မိန်းမ (၂)ဦး ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ပုံ

သူဆင်းရဲ မိန်းမတို့သည် အခဖြင့်ငှား၍ မဟာစေတီတော်၌ အုဋ္ဌသယ်ခြင်း အမှုကို ပြုကြကုန်၏။ ထိုမိန်းမ နှစ်ဦးတို့သည် စေတီပြီးစဉ်ပင် သေကြကုန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြကုန်၏။ မိမိတို့၏ ကောင်းမှုကို ဆင်ခြင်ကုန်လတ်သော် ဤစေတီတော်၏ ကျေးဇူးပေတကားဟု သိ၍ နတ်ပြည်မှ ပန်းနံ့သာ လက်စွဲကာ မဟာစေတီတော်သို့လာ၍ ဖူးကြလေကုန်သတည်း။

ထိုခဏ၌ ဘာတိဝက်၌ နေသော မဟာသိဝ မထေရ်သည် စေတီတော်ကို ရှိခိုးခြင်းငှာ၊ ညဦးအခါ၌ လာရာတွင် နတ်သမီးနှစ်ဦးကို မြင်တော်မူ၍ စေတီ၏ အနီး စရည်းပင်ကြီးသို့ ကပ်၍ ကိုယ်ကို ဝှက်ခါ ကြည့်နေပြီးမှ နတ်သမီးတို့ စေတီကို ပူဇော်ရှိခိုး၍ ပြီးဆုံးသောအခါ အနီးသို့ကပ်၍ လွန်မြတ်သော အဆင်းအရောင်ရှိသော ကိုယ်ဖြင့် သီဟိုဠ်ကျွန်း အားလုံးကို ဖုံးလွှမ်းတောက်ပ တင့်တယ်လှသော အိုနတ်သမီး သင်တို့သည် ဤလူ့ပြည်က အဘယ်ကောင်းမှုပြုခဲ့ဘူးသောကြောင့် ထူးမြတ်လှသော နတ်ပြည်စည်းစိမ် ချမ်းသာကို ရသနည်းဟု မေး၏။

နတ်သမီးတို့ကလည်း အရှင်ဘုရား အကျွန်ုပ်တို့သည် ဤမဟာစေတီ တည်ဆောက်သောအခါ၌ အခပင် ယူပါသော်လည်း ကြည်ညိုသောစိတ်ဖြင့် အုဌ်ကို သယ်ပိုးပါသည်၊ ထိုကောင်းမှုကြောင့် စုတေသောအခါ တာဝတိံသာ နတ်ချမ်းသာကို ရပေသတည်းဟု လျှောက်၏။

## ၅၇။ မဟာတိဿ အမတ် အကြောင်း

မဟာဂါမရွာစား မဟာတိဿ အမတ်သည် ထမင်းဦးကို လှူဒါန်းပြီးမှ စားလေ့ရှိရာ တစ်နေ့တွင် ကိစ္စများသောကြောင့် နေမွန်းလွဲမှ ထမင်းစားရသဖြင့် ရဟန်းတော်တို့အား လှူခွင့်မရချေ၊ သုသာန်၌ နေသော ပဏ္ဍုရင်္ဂပရိဗိုလ်အား လှူခိုင်း၏၊ ပဏ္ဍုရင်္ဂသည် သုသာန်အနီး ရေကန်၌ ငါးများနေလေသည်၊ ထမင်းလာလှူသော သူများကို မြင်သောအခါ ငါးများတံကို ရေ၌နှစ်၍ ခြေဖြင့်နင်းထားလိုက်လေသည်၊ ထမင်းပို့လာသူများသည် ပဏ္ဍုရင်္ဂ၏ အပြုအမူကို မြင်ကြသောအခါ ဤလဇ္ဇီအား လှူဒါန်း၍ အကျိုးမရှိဟု ဆိုကြပြီး ပြန်၍ ယူဆောင်သွားကြလေသည်။

ဤ အကြောင်းအရာကို မဟာတိဿအမတ် သိသောအခါ အချင်းတို့ ပဏ္ဍုရင်္ဂကို အလဇ္ဇီဟုမဆိုကြလင့်၊ သူသည် သင်တို့လာသည်ကို မြင်၍ ငါးများတံကိုရေ၌နှစ်၍ ခြေဖြင့်နင်းထားသည်မဟုတ်လော၊ ဤအပြုအမူသည် ဟိရိ ရှိသူတို့၏ အပြုအမူသာ ဖြစ်သည်၊ ဟိရိတရားသည် ဂုဏ်ကျေးဇူး ဖြစ်သည်၊ ထိုဂုဏ်ကျေးဇူးကို ရည်ရွယ်၍ စားဦးကို လှူကြလေလောဟု စေခိုင်း၏။ မဟာတိဿ အမတ်သည် များစွာသော ကုသိုလ်တရားများ ရှိပါသော်လည်း သေခါနီးအခါ ထိုဆွမ်းဦးအလှူက ကျေးဇူးပြုသောကြောင့် တန်ခိုးကြီးသော ဘုမ္မစိုဗ်းနတ် ဖြစ်ရသည်။ (မမူရသ ဝါတံနီဝတ္ထု)

## ၅၈။ ကံလေးမျိုး အခွဲ

(က) ကဏှ ကဏှဝိပါကကံ

ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဟူသော အကုသိုလ်ကံသည် ပင်ကိုသဘောအားဖြင့် မည်းညစ်သည်ဖြစ်၍ မည်းညစ်သော အကျိုးကို ပေးတတ်၏၊ (ငရဲသားတို့ကဲ့သို့သော သတ္တဝါမျိုးကို ယူပါ)

(ခ) သုက္က သုက္ကဝိပါကကံ

ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဟူသော ကုသိုလ်ကံသည် ပင်ကိုယ်သဘောအားဖြင့် ဖြူစင်သည်ဖြစ်၍ ဖြူစင်သော အကျိုးကိုသာ ပေးတတ်၏၊ (သုဘကိဏှာဗြဟ္မာ ကဲ့သို့သော သတ္တဝါမျိုးကို ယူပါ။)

(ဂ) ကဏှ ကဏှဝိပါကာ သုက္က သုက္ကဝိပါကာ ကံ

ဒုစရိုက် သုစရိုက် နှစ်မျိုးရသော အကုသိုလ်ကံ ကုသိုလ်ကံသည် မည်းညစ်သည်လည်းဖြစ် ဖြူစင်သည်လည်း ဖြစ်၍ မည်းညစ်သော အကျိုး ဖြူစင်သောအကျိုး နှစ်မျိုးလုံးကို ပေးတတ်၏။ (လူနှင့် အချို့သောနတ် အချို့သော ဝေမာနိကနတ် ထိုကဲ့သို့သော သတ္တဝါမျိုးကိုယူပါ)၊

(ဃ) အကဏှ အသုက္က အကဏှအသုက္က ဝိပါက ကံ

ဒုက္ခသစ္စာ၌ ပါဝင်သော လောကီကုသိုလ် အကုသိုလ်တို့ကို ကုန်ခမ်းစေတတ်သော ကံတည်း၊

## ၅၉။ တနည်းကံ အမျိုးအစား

သံသရာဝဋ် တရား အစုဘို့ကို ပယ်သတ်သော လောကုတ္တရာ ကုသိုလ်ကံပေတည်း။ ယင်းလောကုတ္တရာ ကံကား ငြင်ကိုယ်သဘော အားဖြင့် မည်းညစ်သည်လည်း မဆိုရ၊ ဖြူစင်သည်လည်း မဆိုရ၊ မည်းညစ်သော အကျိုးကို ပေးသည်လည်းမဟုတ် ဖြူစင်သောအကျိုး ကို ပေးသည်လည်း မဟုတ်သောဟူ၏။

### အဘိဓမ္မာပိဋကတ် အလို

လောကီနယ် လောကီတရား အစုကိုကား အယုတ်အမြတ် ခွဲခြားနိုင်သည်၊ ခွဲခြားထိုက်သည် ဖြေနိရသည်၊ လောကုတ္တရာနယ် လောကုတ္တရာအစုကိုမူကား အထွဋ်အမြတ်ဆုံး အကောင်းဆုံးဟူ၍ တစ်မျိုးသာရှိ၏။ အပြားမရှိ။

(မှတ်ချက်) မည်းညစ်သည်ဟူသော စကား၌ မခံသာတဲ့ သဘော၊ ဖြူစင်သည်ဟူသော စကား၌ ခံသာတဲ့ သဘော၊ ယင်း စကားနှစ်မျိုးကား အရိယာသစ္စာနယ်၌ ဒုက္ခအစေ် ဖြစ်ပေသည်။ (အင်္ဂုတ္တရနိကာယ် စတုတ္ထနိပါတ်၊ ပါဠိတော်၌ လာသော ကံလေး မျိုးတွင် ရှေ့ကသုံးမျိုးကား လောကီကုသိုလ်အကုသိုလ်ကံတို့သာ ဖြစ် ၏။ စတုတ္ထကံကား လောကုတ္တရာကုသိုလ်ကံဖြစ်၏။ ပုထုဇဉ်ပုဂ္ဂိုလ် တို့ သန္တာန်၌ လောကီကံသာ ဖြစ်ခွင့်ရှိ၏။ လောကုတ္တရာကံ ဖြစ်ခွင့် မရှိပါ၊ သို့ပါသော်လည်း လောကုတ္တရာ ကုသိုလ်ရခွင့်ရလမ်း အား ထုတ်ပြုလုပ်ပါမူ ပဏ္ဍုပနိဿယ စွည်းရ၍ပါရမီ ဓာတ်အားကောင်း သဒ္ဓိန္ဒြေ စသည်အားကောင်းလာပါက လောကုတ္တရာ ကုသိုလ်ကို မုချ ရနိုင်ပါ၏။ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်နိုင်ပါ၏။)

## ၆၀။ လောကုတ္တရာဟူသော အကကျ အသုက္ကက်ကို ပုထုဇဉ်တို့သည် မိမိတို့သန္တာန်၌ ရရှိအောင်အားထုတ်နည်း အကျဉ်းချုပ်ကား

(အမြန်နည်း) သံသရာဘေးကြီး လေးလှ၏ဟု အလွန်ကြောက်ရွံ့သဖြင့် ယခုဘဝ၌ပင် နိဗ္ဗာန်ကို အလိုရှိကြသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ကား ဝိပဿနာအလုပ် အားထုတ်ရာ၌ နှောင့်နှေးကြန့်ကြာအောင် ဒါနမှုကို များများ မပြုလုပ်မူ၍ လွှင်ပြင်ထွက်ပြီးလျှင် ဝိပဿနာအလုပ်ကိုသာ ကျိုးစားပါက နိစ္စနိမိတ်စသော ပညာတ်ခွာ၍ ဖြစ်ပျက်နေသော ရုပ်နာမ်ဟူသော သဘောသတ္တိ အမှုအရာကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍၊ အားသွန်ခွန်စိုက် အားထုတ်ပါ။

(ရာဟုလောဝါဒသုတ်၊ ပါ)

လွှင်ပြင်ထွက်ဆိုရာ၌ သီလကို စင်ကြယ်အောင် ထိန်းသိမ်း၍ မစွည်းနှင့် သားသမီးအမျိုးတို့၌ တွယ်တာသော နီဝရဏ စသည်ကို ပယ်ခွာရမည်ဟု ဆိုလိုသည်။

(ကိုယ်ပေါင်းစိတ်ခွာ ပြုပါ)

## ၆၁။ အလယ်အလတ်နည်း

မနှေးမမြန် နိဗ္ဗာန်ကို အလိုရှိကြသော ပုဂ္ဂိုလ်တို့ကား ပဋိသန္ဓေနေရတဲ့ ဘေးကြီးတွေ၊ အိုရတဲ့ဘေးကြီးတွေ၊ နာရတဲ့ဘေးကြီးတွေ၊ သေရတဲ့ ဘေးကြီးတွေ၊ စိုးရိမ်ရတဲ့ဘေးကြီးတွေ၊ အပါယ်ဆင်းရဲဘေးတွေက ဝေးဝေးပေါ်လာအောင် တွေးဆ မျှော်မြင်ခြင်းသို့ သုံးသပ်ပြီးနောက် ဝဋ္ဋဒုက္ခမှ ကင်းငြိမ်းရာနိဗ္ဗာန်ကို မျှော်မှန်း တမ်းတ၍ ဒါနမှုပြုပါ၊ သီလဆောက်တည်ပါ၊ ဝိပဿနာဘာဝနာမှု အားထုတ်ပါ။ (မူလပဏ္ဏာသ၊ ဌ၊ ပ၊ ၉၃)

ထိုဆိုခဲ့ပြီးသော နည်းဖြင့်၊ နိဗ္ဗိန္ဒဉာဏ်ရှေ့သွားပြု၍ ဒါနမှု သီလမှု ဘာဝနာမှု ပြုလုပ် အားထုတ်ရာ ကာလ၌ ဝိဝဋ္ဋပါမိကုသိုလ် ဇောတွေ အနုန္တဖြစ်ပေါ်ခိုက် သဟဇာတ စသော ပစ္စည်းအနေဖြင့် စေတနာဟူသော ကံနှင့်အတူတကွ သမ္မယုတ် ဖြစ်ကြသော လောကီကုသိုလ် မဂ္ဂင်ငါးပါး ရှစ်ပါးသည် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်ခဲ့သော လှေဖောင်ကြီးပင် ဖြစ်ပေသည်။

ကုလ္လုပမံ ဝေါဘိက္ခဝေ ဓမ္မံ ဒေဿိဿာမိ ဟူသော မူလပဏ္ဏာသ ပါဠိတော်နှင့် အညီ သံသရာဝဋ်၏ ဟိုဘက်ကမ်းတည်းဟူသော သန္တိသုခဓာတ်၊ နိဗ္ဗာန် ရွှေပြည်မြတ်သို့ ကူးခတ်နိုင်ပေ၏။ ထိုသို့ ကူးခတ် ထွက်မြောက်ပြီးသော ကာလ၌ တဖန် ပဋိသန္ဓေ နေခြင်းမရှိသောကြောင့်၊ လောကီ ကုသိုလ်ကံ ဟူသော အကြောင်းတရား အသုံးချစရာ မရှိတော့ပြီဖြစ်၍ ဟိုဘက်ကမ်းကူးပြီး သောသူသည် မိမိ အသုံးပြုလာသော လှေဖောင်ကို စွန့်ထားသကဲ့သို့ မှတ်ပါ။

(ဟနည်းကား) အိမ်ဆောက်လိုသောသူသည် အိမ်မဆောက်လုပ်မှီ ငြမ်းဆင်၍ ဆောက်လုပ်ပြီးသော ကာလ၌ ငြမ်းကို ဖျက်ဆီးပစ်သကဲ့သို့ လောကုတ္တရာ တရားမြတ်ကို အလိုရှိသော ပုဂ္ဂိုလ်ထူးသည် လောကီ ဝိဝဋ္ဋဂါမိ ကုသိုလ်ဟူသော ဒါနမှု သီလမှု ဘာဝနာမှုဟူသော ငြမ်းကို ဆင်ရပါသည်၊ ထိုငြမ်းဆင်ပြီးနောက် လောကုတ္တရာ ကုသိုလ်ဟူသော အထွဋ်ဆုံး အမြတ်ဆုံးကို မျက်မှောက်ပြု၍ ရရှိတဲ့အခါ ကြတော့ ငြမ်းနှင့်တူသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိ သင်္ခါရဟူသော ကုသိုလ် အကုသိုလ် ကံတို့ကို တွန်းလှန် ပယ်သတ်နိုင်ပေတော့သည်။

(အထူးကား) သုတ္တာန်ပိဋကတ်အလိုကား စေတနာကံနှင့် မဂ္ဂင်ဇောဈာင်၌ ပါသော သတိပညာ စသော တရားကို ကံ ဟု ဟောတော်မူ၏၊ အဘိဓမ္မာပိဋကတ်အလို စေတနာ သမ္မယုတ်တရားကို ကံ ဟု ခေါ်တော်မူ၏။ (အံ စတုတ္တ၊ ၄၊ သိက္ခာပဒ)

## ၆၂။ သံသရာစက် ပြတ်နည်းအတိုချုပ်

သဗ္ဗညုဘုရား ကိုယ်တော်တိုင် အနာထပိဏ် သူဌေးအား သူဌေးကြီး ငါတို့ကား ရဟန်းသံဃာတော်များကို ကျောင်းသင်္ကန်း ဆွမ်းဆေး ဟူသော ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေး လှူဒါန်းရလေပြီဟု ဤမျှလောက်ဖြင့် အားရ တင်းတိမ်ခြင်း အမှုမပြုလေနှင့် အဘယ်အချိန် အဘယ်အခါ အဘယ်အလို ဓမ္မဝိဟိ အရသာ ခံစားရမည်နည်းဟု ဆင်ခြင် စဉ်းစား၍ ဓမ္မပီတိ အရသာကို ခံစားနိုင်အောင် အားထုတ်ရမည်ဟု ဟောတော်မူသော ဒေသနာကို ထောက်ထား၍ ဘာဝနာမှု၌သာ မဟုတ်သေး ဒါနပြုသော ကာလ၊ သီလဆောက်တည်သော ကာလတို့၌လည်း ဘာဝနာပါအောင် အားထုတ်ပါဟု ဟောတော်မူ၏။ ။